ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာ့ရှေးဦးအရွယ်
# ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
# ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ



၂၀၁၄ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ

၂၀၁၄ ခုနှစ်



နိုင်ငံတော်သမ္မတ
အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်

# ဥယျောဇဉ်

**ဦးသိန်းစိန်**


နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မွေးစမှ ရှစ်နှစ်အရွယ်ကလေးငယ်များသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျ၍ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် အလွန်အရေးပါသော အခန်းကဏ္ဍ၌ပါဝင်သူများ ဖြစ်ကြပါသည်။ ယင်းတို့၏အနာဂတ်သည် နိုင်ငံတော်က ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အရေအတွက်သာမက အရည်အသွေးပါ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်မှုအပေါ်တွင် မူတည်နေပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေသော ဗဟိုချက်ဌာန ဖြစ်ပါသည်။ မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့က အပြည့်အဝ ပူးပေါင်းပါဝင်ရေးဆွဲခဲ့ကြပါသည်။

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်အတွက် ထိရောက်ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော်၏အနာဂတ်ကို ဖော်ဆောင်ပေးမည့် ကလေးများအားလုံးအတွက် ဤမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ထိထိရောက်ရောက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အနာဂတ်တွင် ကလေးများ၏ ဘဝကို ဆန်းသစ်လှပစွာ ဖော်ဆောင်ပေးနိုင်မည့် ဤမြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ နိုင်ငံသားများ၏ အဓိကလိုအပ်ချက်များ၊ မျှော်လင့်ချက်များ၊ မေတ္တာရပ်ခံချက်များနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထင်ဟပ်ပေါ်လွင်လျက်ရှိပါကြောင်းနှင့် ယုံကြည်မှုအပြည့်အဝဖြင့် အခိုင်အမာထောက်ခံကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း သိရှိစေအပ်ပါသည်။



နိုင်ငံတော်သမ္မတ

အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်

# ကျေးဇူးတင်လွှာ




အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီဒေါက်တာမြတ်မြတ်အုန်းခင်

ပြည်ထောင်စုဝန်ကြီး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန


မြန်မာနိုင်ငံကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ကိုယ်စား ကဏ္ဍပေါင်းစုံပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒကို မိတ်ဆက်တင်ပြခွင့်ရရှိ၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ဦးဆောင်မှု၊ သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုဖြင့် ဤမူဝါဒ ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

မူဝါဒ၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ မွေးကင်းစအရွယ်မှ ရှစ်နှစ်အရွယ်ကလေးများ အားလုံး၏ စွမ်းအားအပြည့်အဝဖွံ့ဖြိုးနိုင်ရန်အတွက် လိုအပ်သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဝန်ဆောင်မှုများကို ရရှိစေရန် ဖြစ်ပါသည်။ မိဘ၊ ပြုစုစောင့်ရှောက်သူများနှင့် ဝန်ဆောင်မှုပေးသူများမှ ယင်းတို့၏ကလေးများ ဘက်စုံဖွံ့ဖြိုးစေရန် အတွက် လိုအပ်သောဝန်ဆောင်မှုများကို တိုးမြှင့်ပြီး ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် ပံ့ပိုးကူညီ သွားရန်ဖြစ်ပါသည်။ ထို့ပြင် ဤမူဝါဒသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ပါ ကလေးသူငယ်အခွင့်အရေးများကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

ဤမူဝါဒသည် နှစ်စဉ် ကလေးဦးရေ (၈)သန်းခန့်ကို အကျိုးပြုမည်ဖြစ်ပြီး ကလေးများအား ဘက်စုံအခြေခံကောင်းများရရှိစေခြင်းဖြင့် ၎င်းတို့၏မိသားစု၊ ရပ်ရွာနှင့် တိုင်းပြည်အတွက် အပြုသဘောဆောင်သော အထောက်အကူများကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ကဏ္ဍပေါင်းစုံ ပါဝင်ပေါင်းစည်းထားသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများသည် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ အာဟာရ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ခွင့်ရရှိရေး စသည်များကို တိုးတက်စေမည်ဖြစ်ပါသည်။ ယင်းဝန်ဆောင်မှုများသည် ကလေးများကို ကျန်းမာ၊ ကြံ့ခိုင်ရေးနှင့် အာဟာရပြည့်ဝစွာစားသုံးတတ် ရေးသာမက တာဝန်ယူတတ်မှုနှင့် စိတ်ခံစားမှုတို့ကိုလည်း မျှတမှုရှိစွာ ကြီးပြင်းလာစေမည် ဖြစ်ပါသည်။ ထို့အပြင် ယင်းဝန်ဆောင်မှုများသည် ကလေးများကို ကျောင်းတက်နိုင်ရန် အဆင်သင့် ဖြစ်စေပြီး မူလတန်းပညာကို ပြီးဆုံးအောင်သင်ကြားနိုင်၍ အလယ်တန်းသို့ ဆက်လက်တက်ရောက် နိုင်ရန် ကူညီထောက်ပံ့ပေးမည် ဖြစ်ပါသည်။

အထူးအလေးပေးဖော်ပြလိုသည့်အချက်မှာ ဤမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များကို ရေးဆွဲပြုစုခဲ့ရာ၌ အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ခေါင်းဆောင်များ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် မိဘများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

နိဂုံးချုပ်ဆိုရသော် ဤမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များကို အပြည့်အဝ အကောင်အထည်ဖော်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ကလေးများအားလုံးအတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ရရှိစေမည့်အပြင် ပြောင်းလဲလာသည့် ခေတ်၊ စနစ်နှင့်အညီ မြန်မာနိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။



အဂ္ဂမဟာသိရီသုဓမ္မသင်္ဂဟဒေါက်တာမြတ်မြတ်အုန်းခင်

# မာတိကာ

## မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အကျဉ်းချုပ် | ၁ |
| ၁။ | နိဒါန်း | ၂၃ |
| ၂။ | ECCD အခြေအနေလေ့လာသုံးသပ်ချက် | ၃၇ |
| ၃။ | ECCD ဆိုင်ရာ အနာဂတ်မျှော်မှန်းချက်နှင့် တာဝန်ခံယူမှု | ၉၃ |
| ၄။ | မူဝါဒဆိုင်ရာ အခြေခံအယူအဆများ၊ ရည်မှန်းချက်များ၊ ဦးတည်ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများ | ၉၉ |
| ၅။ | မဟာဗျူဟာအသီးသီးအတွက်ဝန်ဆောင်မှုများနှင့် လုပ်ငန်းများ | ၁၁၅ |
| ၆။ | ECCD အတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် | ၂၀၇ |
| ၇။ | အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် ECCD ပေါင်းစပ်ညှိနှိုင်းမှုအစီအစဉ် | ၂၂၃ |
| ၈။ | နိဂုံး | ၂၂၇ |
| ၉။ | နောက်ဆက်တွဲ | |
| | – နောက်ဆက်တွဲ (၁) ရည်ညွှန်းကိုးကားချက် | ၂၃၁ |
| | – နောက်ဆက်တွဲ (၂) Acronyms | ၂၄၁ |
| | – နောက်ဆက်တွဲ (၃) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် | ၂၄၆ |
| | – နောက်ဆက်တွဲ (၄) ကဏ္ဍပေါင်းစုံပါဝင်သော ECCD မူဝါဒရေးဆွဲရေး ဦးဆောင်ကော်မတီ | ၂၄၉ |
| | – နောက်ဆက်တွဲ (၅) ကဏ္ဍပေါင်းစုံပါဝင်သော ECCD မူဝါဒရေးဆွဲရေး လုပ်ငန်းအဖွဲ့ | ၂၅၁ |

# အကျဉ်းချုပ်

## မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ဆိုင်ရာမူဝါဒ

မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒသည် ကလေးများနှင့် မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖော်ပြထားပါသည်။ သန္ဓေသားဘဝမှ ရှစ်နှစ်အရွယ်အထိ ကလေးများ၏ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကလေးငယ်များကို ကာကွယ်စောင့်ရှောက်ရေးတို့ကို မြန်မာနိုင်ငံအစိုးရက အလေးထားဦးစားပေးပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာအစီအစဉ်များက လာမည့် (၁၅)နှစ်မှ နှစ်(၂၀) အတွင်း ဤမူဝါဒကို အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းလမ်းညွှန် ဖြစ်ပါမည်။

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုကရရှိမည့် အကျိုးကျေးဇူးများ

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် မြန်မာနိုင်ငံသည် ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကလေးများကို ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ကုန်ကျစရိတ် လျော့နည်းသက်သာလာမည်ဖြစ်ပါသည်။ အထူးသဖြင့် အသက်လွန်မှ မူလတန်းကျောင်းဝင်မှု၊ အတန်းထပ်ကျော့မှုနှင့် အချိန်မတိုင်မီ ကျောင်းထွက်နှုန်းမြင့်မားမှု၊ အရည်အချင်းပြည့်ဝအောင် ပြန်လည်ဖြည့်ဆည်းကုစားပေးရမှု၊ အချိန်မီကျောင်းပြီးဆုံးနှုန်းနှင့် နောက်တစ်ဆင့်မြင့်သော ပညာရေးအဆင့်သို့ ကူးပြောင်းတက်ရောက်နှုန်းနိမ့်ကျမှု စသော ပညာရေးစွမ်းဆောင်ရည်မပြည့်ဝမှုများကြောင့် ဖြစ်ပေါ်လာသော မြင့်မားသည့် ပညာရေး ကုန်ကျစရိတ်များကို လျှော့ချနိုင်ပါမည်။ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် လိုက်ဖက်ကိုက်ညီသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများက တိုင်းရင်းသားမျိုးနွယ်စုများ အချင်းချင်းအတွင်း ငြိမ်းချမ်းသောဆက်သွယ်မှုများကိုဖြစ်စေပြီး တိုင်းရင်းသားမျိုးနွယ်စုများက ကလေးများ ကျောင်းတွင် အောင်မြင်မှုရနိုင်အောင် အထောက်အကူပြုပါမည်။ အရည်အသွေးပြည့်ဝသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း၏ ရေတို၊ ရေရှည်အကျိုးသက်ရောက်မှုများကြောင့် မြန်မာနိုင်ငံသည် အကျိုးရလဒ်နှုန်း မြင့်မားစွာ ခံစားရမည်ဖြစ်ပါသည်။ သုတေသနများစွာက ထောက်ပြထားသည့်အတိုင်း ယင်းအကျိုးကျေးဇူးများကြောင့် စရိတ်သက်သာမှုများမှာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး အခြေတည်စေရန်လည်းကောင်း၊ ထပ်မံတိုးပွားလာစေရန်နှင့် တိုးတက်လာစေရန်လည်းကောင်း ရင်းနှီးမြှုပ်နှံခဲ့ရသည့်

ပမာဏထက် သာလွန်ပါမည်။ ထို့ပြင် အမျိုးသားစီးပွားရေးထုတ်လုပ်မှုမှာလည်း များစွာတိုးတက်လာမည် ဖြစ်ပါသည်။

## ပူးပေါင်းပါဝင်ဆောင်ရွက်သော မူဝါဒဖော်ဆောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ ဖော်ဆောင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သော ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်များကို အသုံးပြုခဲ့ပါသည်။ မူဝါဒကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ကဏ္ဍပေါင်းစုံပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ ဦးဆောင်ကော်မတီကို ဖွဲ့စည်းကာ မူဝါဒဖော်ထုတ်ရေးဆွဲမှုလုပ်ငန်းများတွင် လမ်းညွှန်မှုပေးပါသည်။ ဤဦးဆောင်ကော်မတီတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ယူနီဆက်တို့က အပြည့်အဝပူးပေါင်းပါဝင်ကြပါသည်။ ကဏ္ဍပေါင်းစုံပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့က ဦးဆောင်ကော်မတီကို အကူအညီ ပေးပြီး ယင်းလုပ်ငန်းအဖွဲ့တွင် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေး အခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် အသင်းများက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ကျွမ်းကျင်တတ်သိသူများ ပါဝင်ပါသည်။

လုပ်ငန်းအဖွဲ့သည် ညှိနှိုင်းဆွေးနွေးပွဲများကို ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မွန်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ပြုလုပ်ခဲ့ရာ ရပ်ရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ဝန်ကြီးဌာနများက တာဝန်ရှိသူများ တက်ရောက်ကြပါသည်။ ထိုတက်ရောက်ကြသူများတွင် မိဘများ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ အစိုးရဌာနအသီးသီးမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ သတင်းမီဒီယာနှင့် ပုဂ္ဂလိကကဏ္ဍများက ကိုယ်စားလှယ်များ အပါအဝင် အခြားသောအဖွဲ့အစည်းများက ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲများသည် နိုင်ငံသားများအား ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ မူဝါဒဖော်ဆောင်ရေးကို အသိပေးသည်သာမက ထိုလုပ်ငန်းများဆိုင်ရာ အဓိကလိုအပ်ချက်များ၊ စိန်ခေါ်မှုများကို ဖော်ထုတ်သတ်မှတ်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ အနာဂတ်မျှော်မှန်းချက်၊ တာဝန်ယူဆောင်ရွက်

မှု၊ ဦးတည်ရည်ရွယ်ချက်များ၊ မဟာဗျူဟာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် တက်ရောက်လာသူများထံမှ ထောက်ခံအကြံပြုချက်များကိုလည်း ရယူခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်၊ အဆင့်မြင့်တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းပြီး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒအတွက် အကြံဉာဏ်များ ရယူခဲ့ပါသည်။ လက်ရှိမူဝါဒများ၊ အစီအစဉ်များ၊ သတင်းအချက်အလက်များ၊ လေ့လာချက်များ၊ အစီရင်ခံစာများနှင့် မှတ်တမ်းများအပေါ် အခြေခံလျက် အသေးစိတ်အခြေအနေလေ့လာသုံးသပ်မှုတစ်ခုကိုလည်း ပြုလုပ်ခဲ့ပါသည်။ အခြေအနေလေ့လာသုံးသပ်ချက်မှ အဓိကတွေ့ရှိချက်များကို ယခုမူဝါဒ၏ အခန်း(၂)တွင် ဖော်ပြထားပါသည်။

ညှိနှိုင်းဆွေးနွေးပွဲများ၊ လူတွေ့မေးမြန်းမှုများနှင့် အခြေအနေလေ့လာသုံးသပ်ချက်ရလဒ်များတွင် သဘောတူညီမှုများစွာရှိနေသည်ကို တွေ့ရပါသည်။ ကလေးငယ်များနှင့် မိသားစုများအတွက် အဓိကလိုအပ်ချက်များ၊ ယင်းလိုအပ်ချက်များပြည့်ဝအောင် လုပ်ဆောင်ရမည့် မဟာဗျူဟာများ၊ ဝန်ဆောင်မှုများနှင့် လုပ်ဆောင်မည့်လုပ်ငန်းများတွင် သဘောထားတူညီမှု များစွာရှိပါသည်။ ယင်းသဘောတူညီချက်များသည် ကဏ္ဍပေါင်းစုံပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့က ဖော်ဆောင်ရာတွင် လိုက်နာလုပ်ဆောင်ရမည့်သတ်မှတ်ချက်များ ဖြစ်လာပါသည်။

## မြန်မာနိုင်ငံ၏အားသာချက်များအပေါ် အခြေပြုထားခြင်း

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒသည် ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကလေးသူငယ်နှင့် လူမှုကာကွယ်ရေးကဏ္ဍများတွင် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်ခဲ့မှုများပေါ်တွင် အခြေပြုထားပါသည်။ မြန်မာနိုင်ငံ ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားမျိုးနွယ်စုများက မိဘများ၏ စိတ်အားထက်သန်စွာလုပ်ဆောင်မှုများ၊ အားစိုက်လုပ်ဆောင်မှုများကို ထင်ဟပ်ထားပါသည်။

မြန်မာနိုင်ငံရှိ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ကျွမ်းကျင်သူများသည် ၎င်းတို့၏ဘဝကို ကလေးငယ်များနှင့် မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်မြှုပ်လုပ်ကိုင်ခဲ့ကြပါသည်။ အရည်အသွေးမြင့်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအစီအစဉ်များရှိနေမှုက ၎င်းတို့၏ နှစ်မြှုပ်လုပ်ကိုင်မှုနှင့် စွမ်းဆောင်နိုင်မှုများကို သက်သေထူနေပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအတွက် ကောင်းသောအခြေခံဖြစ်ပြီး အနာဂတ်လုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် လမ်းပြမှတ်တိုင်များလည်း ဖြစ်ပါသည်။

## ကလေးများ၊ မိဘများ၏ အဓိကလိုအပ်ချက်များပြည့်ဝရေးနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ဝန်ဆောင်မှုလုပ်ငန်းများ

တွေ့ဆုံဆွေးနွေးပွဲများ၊ လူတွေ့မေးမြန်းမှုများနှင့် လေ့လာသုံးသပ်မှုများတွင် ကလေးများ၊ မိဘများ၏အဓိကလိုအပ်ချက်များနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ကိုင်ရမည့်လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ပေးခဲ့ပါသည်။ ယင်းတို့ကို ဤမူဝါဒ၏ဒုတိယအခန်းတွင် ဖော်ပြထားပါသည်။ အကျဉ်းအားဖြင့် အောက်ပါလိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်–

(က) ကလေးငယ်များနှင့် ၎င်းတို့၏မိဘအများစုသည် အခွင့်အလမ်းနည်းပါးပြီး ဝေးလံသောရပ်ရွာများတွင် နေထိုင်ကြပါသည်။ ယင်းဒေသများတွင် ကလေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် အခြေခံကျသော ဝန်ဆောင်မှုများ မရှိကြပါ။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝေးလံသောဒေသများသို့ ရောက်ရှိရန်နှင့် တိုးချဲ့ဆောင်ရွက်ရန် အရေးတကြီး အမြန်လိုအပ်နေပါသည်၊

(ခ) မိသားစုများစွာအတွက် သန္ဓေမတိုင်မီကာလ၊ ကိုယ်ဝန်ဆောင်ကာလ၊ ကလေးမွေးဖွားပြီး ကာလများနှင့်ပတ်သက်သော ပညာပေးလုပ်ငန်းအစီအစဉ်များ၊ ကျန်းမာရေး၊ အာဟာရ ဆိုင်ရာ ပံ့ပိုးစောင့်ရှောက်မှုပေးသည့်အစီအစဉ်များရှိသော်လည်း ပိုမိုလက်လှမ်းမီအောင် ဆောင်ရွက်ပေးရန် လိုအပ်နေပါသေးသည်။ မိခင်ရောကလေးပါ ကျန်းမာစွာ ဖွားမြင်နိုင်ရန် နှင့် မိခင်နှင့် ကလေး သေဆုံးမှု လျော့ကျရေးတို့အတွက် ယင်းဝန်ဆောင်မှုလုပ်ငန်းများကို များစွာတိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးရန် လိုပါသည်၊

(ဂ) မွေးစမှ သုံးနှစ်အရွယ်ကာလသည် ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါသောကာလဖြစ်ပါသည်။ သို့ရာတွင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုအစီအစဉ်ကို လက်လှမ်းမီသူမှာ လွန်စွာနည်းပါးပါသည်။ မိဘများကို အသိပညာပေးခြင်းနှင့် အထောက်အကူပြုဆွေးနွေးပွဲများ၊ မိခင်ဝိုင်းများ၊ မိသားစုများထံ သွားရောက်တွေ့ဆုံဆွေးနွေးမှုများ၊ အရည်အသွေးပြည့်ဝသောနေ့ကလေးထိန်းဌာနများကို လက်လှမ်း မီသူ နည်းပါးလှပါသည်။ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးလွှမ်းခြုံပြီး မိဘများကို အသိပညာပေးမှုနှင့် ပံ့ပိုးမှုစနစ် မရှိသေးပါ။ ယင်းဝန်ဆောင်မှုများသည် တစ်နိုင်ငံလုံးရှိ မိဘများ အကျိုးရှိစေရန်အတွက် သက်ဆိုင်ရာဒေသရှိ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ဆီလျော်ရန် လိုအပ်ပါသည်၊

(ဃ) ကလေးငယ်များတွင် ပုည့်ကြက်ခြင်းဖြစ်မှုနှုန်းမှာ ၃၅.၁ ရာခိုင်နှုန်း ရှိပါသည်။ အာဟာရ မပြည့်ဝမှုသည် ယင်းကလေးများ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ အချိန်မတိုင်မီ စောစီးစွာ ကျောင်းထွက်ခြင်းနှင့် ထုတ်လုပ်မှုစွမ်းဆောင်ရည် မပြည့်မီသူများ ဖြစ်လာစေပါသည်၊

(င) ဖွံ့ဖြိုးမှုနှေးကွေးသောကလေးများ၊ မသန်စွမ်းမှုများရှိသောကလေးများ၊ ပုံမှန် မဟုတ်သော အပြုအမူများရှိသော ကလေးများ၊ အာဟာရမပြည့်ဝသော ကလေးများ၊ နာတာရှည်ရောဂါ ခံစားနေရသောကလေးများသည်လည်း တစ်ဦးချင်းလိုအပ်ချက် အပေါ်မူတည်လျက် အထူးစစ်ဆေးပြီး ပြုစုစောင့်ရှောက်မှု မရကြသေးပါ။ ယင်းသို့ စောင့်ရှောက်မှုရမှသာ ၎င်းတို့၏ အစွမ်းအစများ အပြည့်အဝ ဖွံ့ဖြိုးခွင့်ရလာကြမည် ဖြစ်ပါသည်၊

(စ) မူကြိုအရွယ်ကလေးများ၏ ၂၂.၉ ရာခိုင်နှုန်းသည်သာ မူကြိုပညာရေးအစီအစဉ်များ ကို လက်လှမ်းမီကြပါသည်။ ထိုသို့ လက်လှမ်းမီသူအများစုမှာလည်း ဝင်ငွေအလယ် အလတ် နှင့် အထက်တန်းအဆင့်ရှိသောမိသားစုက ကလေးများဖြစ်ကြပါသည်။ ထို့ကြောင့် သုံးနှစ်နှင့် လေးနှစ်အရွယ်ကလေးများအတွက် မူကြိုပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ပြီး ဆောင်ရွက်ရန် အဓိကလိုအပ်ပါသည်။ အခွင့် အလမ်းနည်းပါးသော ကလေးများအတွက် အထူးအလေးပေးဆောင်ရွက်ရန်လည်း လိုပါသည်၊

(ဆ) ကလေးငယ်များသည် အိမ် သို့မဟုတ် မူကြိုကျောင်းမှ သူငယ်တန်းနှင့် မူလတန်း အောက်ဆင့်အတန်းများသို့ အကူးအပြောင်းတွင် အဆင်ပြေချောမွေ့စေရန်နှင့် ကျောင်းတွင် အောင်မြင်စွာသင်ယူလေ့လာနိုင်ရန် အကူးအပြောင်း ချောမွေ့ရေး အစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သင့်ပါသည်၊

(ဇ) မူလတန်းအောက်ဆင့် အတန်းအများစုတွင် အလွတ်ရအောင်တိုင်ပေးပြီး လိုက်ဆိုရ သော သင်ကြားနည်းကို ကျင့်သုံးဆဲဖြစ်ပါသည်။ ဆရာ၊ ဆရာမများသည် ကလေး ဗဟိုပြုသင်ကြားနည်း၊ မိသားစုအခြေပြုချဉ်းကပ်နည်းနှင့် ကလေးတို့၏ဖွံ့ဖြိုးမှု အဆင့်နှင့် ကိုက်ညီသော သင်နည်းများနှင့် အကြောင်းအရာများကို ဖန်တီးအသုံးပြု နိုင်သည့် ကျွမ်းကျင်မှုများရရှိအောင် လေ့လာရန်လိုပါသည်၊

(ဈ) သူငယ်တန်းအပါအဝင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်မှုရှိစေရန် မိခင်ဘာသာစကားကို အခြေခံ ပြီး သက်ဆိုင်ရာဒေသရှိ ယဉ်ကျေးမှု ဓလေ့တို့နှင့် ဆီလျော်ရန် လိုအပ်ပါသည်။ သူငယ်တန်းနှင့် မူလတန်းအောက်ဆင့်အတန်းငယ်များတွင်လည်း ဒေသခံပြည်သူ

များ၏ မေတ္တာရပ်ခံချက်နှင့်အညီ ဖြစ်နိုင်သည့် အတိုင်းအတာအထိ ဒေသသုံး ဘာသာစကားကိုသုံးခြင်းဖြင့် တိုင်းရင်းသားလူနည်းစုကလေးများ ကျောင်းတွင် အောင်မြင်စွာ လေ့လာသင်ယူနိုင်မှု ရှိစေရန် သေချာစွာစီစဉ်ပေးရန် လိုအပ်ပါသည်၊

(ည) မြန်မာနိုင်ငံရှိ အထူးလိုအပ်ချက်ရှိနေသော ကလေးများအဖို့ ၎င်းတို့နှင့်ကိုက်ညီသော ဝန်ဆောင်မှုများရရှိရန် လိုနေပါသည်။ အထူးလိုအပ်ချက်ရှိနေသော ကလေး အများစုမှာ ပြုစုစောင့်ရှောက်ရေးကျောင်း၊ ဂေဟာများတွင် နေရပြီး ကာကွယ် စောင့်ရှောက်ရေးဝန်ဆောင်မှုအစီအစဉ်များသည် အထူးလိုအပ်ချက်ရှိနေသော ကလေးများအနက် တချို့ကိုသာ စောင့်ရှောက်နိုင်ပါသည်။ ထို့ကြောင့် ကလေး များအား ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများအားလုံးကို ပေါင်းစည်း ဆောင်ရွက်သည့် အစီအစဉ်သစ်တစ်ရပ်ကို ဖော်ထုတ်ပြီး ယင်းကလေးများနှင့် ၎င်းတို့၏မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုပါသည်၊

(ဋ) မြန်မာနိုင်ငံတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်း၊ မူကြို ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သူငယ်တန်းဝန်ဆောင်မှုလုပ်ငန်း တို့တွင် ဆောင်ရွက် ပေးသူများအတွက် ပုံစံတကျသတ်မှတ်ထားသော လုပ်ငန်းခွင် အကြိုသင်တန်းများ မရှိသေးပါ။ လုပ်ငန်းခွင်သင်တန်းများမှာ အရည်အသွေး ကောင်းမွန်သော်လည်း ပုံမှန်ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် အထူးကျွမ်းကျင် သူများ၊ လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်မှုအဆင့်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ အတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် သင်တန်းများကို ပြည့်စုံစွာဆောင်ရွက် ရန် အမြန်လိုအပ်နေပါသည်၊

(ဌ) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ပတ်သက်သော သတင်းအချက် အလက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံသည့်စနစ်မှာ မရှိသေးပါ။ ထိရောက်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးတွင် တာဝန်ယူမှု ရှိရေး၊ အရည်အသွေးပြည့်ဝမှုထိန်းသိမ်းရေးနှင့် ထိရောက်သော အစီအစဉ်များ ရေးဆွဲရေးတို့အတွက် လုပ်ငန်းကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းများ ပြုလုပ်ရန် အခြေခံသတင်းအချက်အလက်များနှင့် လမ်းညွှန်မှုများမှာလည်း လိုအပ်နေပါသေး သည်၊

(ဍ) ဤရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိအောင် ဆောင်ရွက်ပေးသည့်စနစ်တစ်ခု လိုအပ်ပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုလုပ်ငန်း တိုးတက်ရေး အတွက် ပုံမှန်ဆက်သွယ်ဆောင်ရွက်မှုများလည်း လိုပါသည်။ မိဘများနှင့်

ရပ်ရွာအနှံ့သို့ သတင်းအချက်အလက်များ ရောက်ရှိအောင် လူထုဆက်သွယ်ရေး စနစ်အားလုံးကို အသုံးပြုရန်လည်း လိုပါသည်၊

(ပ) ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ထိရောက်သော ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများရှိလာစေရန်နှင့် နိုင်ငံတော်က ဦးဆောင်၍ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် အားကောင်းသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ဖွဲ့စည်းပုံစနစ်တစ်ရပ် ထူထောင်ရန် အမြန်လိုအပ်နေပါသည်။

## မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ အနာဂတ်မျှော်မှန်းချက်နှင့် တာဝန်ခံယူဆောင်ရွက်မှုထူထောင်ခြင်း

### အနာဂတ်မျှော်မှန်းချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မွေးကင်းစအရွယ်မှ အသက်ရှစ်နှစ်အထိ ကလေးအားလုံးသည် ၎င်းတို့၏မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် ဝန်ဆောင်မှုပေးသူများထံမှ ဘက်ပေါင်းစုံ လွှမ်းခြုံ၍ အရည်အသွေးပြည့်ဝသော ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော ပြုစုစောင့်ရှောက်မှုများကို ရရှိခြင်းအားဖြင့် လွတ်လပ်မှု၊ ညီမျှမှု၊ ဂုဏ်သိက္ခာရှိမှု အခြေအနေများတွင် ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ အာဟာရပြည့်ဝခြင်း၊ ပေါင်းသင်းဆက်ဆံရေး ကောင်းခြင်း၊ စိတ်ခံစားကြံ့ခိုင်ခြင်း၊ လုံခြုံမှုရရှိခြင်းနှင့် ပြည့်စုံပြီး ၎င်းတို့၏မိသားစုများ၊ ရပ်ရွာနှင့် နိုင်ငံကို အကျိုးပြုနိုင်သူများ ဖြစ်လာစေရန် မျှော်မှန်းပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တာဝန်ခံယူမှုအပိုင်းနှင့်ပတ်သက်ပြီး ဖော်ပြချက်သည် ကလေးသူငယ်များ၊ ၎င်းတို့မိဘများနှင့်ဆက်စပ်ပြီး အနာဂတ်မျှော်မှန်းချက်ကို ဖော်ဆောင်ရာတွင် မည်သို့မြှုပ်နှံလုပ်ကိုင်မည်ကို အသေအချာ အခိုင်အမာ ဖော်ပြထားပါသည်။

### တာဝန်ခံယူမှု

အရည်အသွေးပြည့်ဝသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ထူထောင်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်များ အဆင့်အသီးသီးတွင် ကဏ္ဍပေါင်းစုံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်မျှော်မှန်းချက်မှာ အကောင်အထည်ပေါ်လာမည် ဖြစ်ပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်း

များ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့အစည်းများ၊ အဆင့်မြင့် တက္ကသိုလ် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည်။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်များသည် သက်ဆိုင်ရာဒေသ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ဆီလျော်ညီညွတ်စေခြင်းဖြင့် သာတူ ညီမျှသော ဝန်ဆောင်မှုကို ရရှိစေရပါမည်။

မွေးစအရွယ်မှ ရှစ်နှစ်အရွယ်ကလေးအားလုံးသည် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်စီစဉ် အကောင်အထည်ဖော်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များတွင် ပါဝင်ခွင့်ရခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးမှုများ ရလာပါမည်။ သိမြင် နားလည်မှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှု နယ်ပယ်ဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှုနှင့် ဉာဏဖွံ့ဖြိုးမှုများ ရရှိလာပါမည်။ ကလေးသူငယ် များ ကျန်းမာစွာမွေးဖွားရှင်သန်စေရန် မိခင်လောင်း၊ ဖခင်လောင်းများ၊ ကိုယ်ဝန်ဆောင်မိခင် များနှင့် ၎င်းတို့၏ အိမ်ထောင်ဖက်များအတွက် ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများတွင် ကိုယ်ဝန်မဆောင်မီကာလ၊ ကိုယ်ဝန်ဆောင်စဉ် ကာလ၊ ကလေးမွေးဖွားပြီးစကာလ ပညာပေး မှု၊ ကျန်းမာရေးနှင့် အာဟာရပြုစုစောင့်ရှောက်ရေးအစီအစဉ်များ ပါဝင်ပါမည်။ မွေးစအရွယ်မှ သုံးနှစ်အထိ ကလေးများဖွံ့ဖြိုးမှု ပြည့်စုံကောင်းမွန်စေရေးအတွက် မိဘများကို အသိပညာ ပေးလုပ်ငန်း၊ မွေးစအရွယ်ကလေးသူငယ်များပြုစုရေးနှင့် ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် အာဟာရ ပြည့်ဝရေးဆိုင်ရာ ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးပါမည်။

ကလေးသူငယ်များ ဖွံ့ဖြိုးမှုတိုးတက်စေရန် မွေးစအရွယ်မှ ငါးနှစ်အရွယ်ကလေး သူငယ် များတွင် ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ပုံမှန်မဟုတ်သောအပြုအမူများရှိနေခြင်း၊ အာဟာရချို့တဲ့ခြင်း၊ မသန်စွမ်းမှုများရှိနေခြင်း သို့မဟုတ် နာတာရှည်ရောဂါများရှိခြင်းများကို စောစီးစွာသိနိုင်ရန် ဖွံ့ဖြိုးမှုစစ်ဆေးမှုများ ပြုလုပ်၍ ပံ့ပိုးမှုပေးခြင်း (ECI) ကို ဆောင်ရွက်ပေးပါမည်။ ကလေးများ မွေးဖွားစာရင်းမှတ်ပုံတင်ခြင်း၊ ကလေးများအတွက် အန္တရာယ်ကင်းသောပတ်ဝန်းကျင် ဖြစ်စေခြင်း၊ ကလေး၏ ဖြစ်စဉ်နှင့် ဖွံ့ဖြိုးမှုကို စောင့်ကြည့်စီမံခန့်ခွဲခြင်း စသည့်လုပ်ငန်းများကို အထူးအာရုံစိုက်၍ ဥပဒေအရလည်းကောင်း၊ လူမှုရေးနှင့် ကလေးသူငယ် ကာကွယ်စောင့် ရှောက်ရေးလုပ်ငန်းများမှ တစ်ဆင့်လည်းကောင်း မိဘများနှင့် ကလေးများ၏ ရပိုင်ခွင့်များကို အာမခံချက်ပေးပါမည်။ အသက်သုံးနှစ်မှ လေးနှစ်အရွယ် ကလေးတိုင်းအတွက် သူငယ်တန်း နှင့် မူလတန်းကျောင်းသို့ ကူးပြောင်းမှု လွယ်ကူစေရန် ပြင်ဆင်ပေးသော လုပ်ငန်းအစီအစဉ် များအပါအဝင် မည်သူမဆို တက်နိုင်သည့် မူကြိုပညာရေးကို စီစဉ်ပေးပါမည်။ အသက်ငါးနှစ် ပြည့်သော ကလေးများအတွက် လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းပညာရေး

ကို မသင်မနေရ အခမဲ့ သင်ကြားပေးပါမည်။ သူငယ်တန်းနှင့် မူလတန်းတွင် ကလေးများ တက်ကြွစွာ သင်ယူစေသောနည်းများ၊ ကလေးဗဟိုပြု သင်ယူမှုချဉ်းကပ်နည်းနှင့် ကလေးတို့၏ဖွံ့ဖြိုးမှုနှင့် ကိုက်ညီဆီလျော်သော ချဉ်းကပ်နည်းများကို ကျင့်သုံးပါမည်။ ကလေးများ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ဖွံ့ဖြိုးမှုအထောက်အကူဖြစ်စေရေးအတွက် သန့်ရှင်းသော သောက်သုံးရေ အလွယ်တကူရရှိနိုင်မှု၊ အိမ်၊ မူကြိုကျောင်း၊ သူငယ်တန်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အထူးအလေးထား ဆောင်ရွက်ပေးပါမည်။

အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်ကို တည်ဆောက်ပြီး အရည်အသွေးကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ပေးပါမည်။ နှစ်စဉ် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ငွေကြေးဘတ်ဂျက်လိုအပ်ချက် သတ်မှတ်ပြီးပြည့်စုံစေရန် ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုစံနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ တတ်ကျွမ်းသောပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်း၊ အကျိုးဆောင်များအတွက် အရည်အသွေးမြင့်သော လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ ပေးခြင်း၊ ပြီးပြည့်စုံသော ကြီးကြပ်ပံ့ပိုးမှုစနစ်ထူထောင်ခြင်း၊ မျှော်မှန်းရလဒ်များနှင့် တာဝန်ခံမှုအတွက် လုပ်ငန်းကြီးကြပ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပါမည်။ ပစ္စည်းများ အချိန်မီထောက်ပံ့ပေးခြင်း၊ အာဟာရကျွေးမွေးမှုနှင့် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ ပေးခြင်း၊ အရေးပေါ်အခြေအနေကြုံတွေ့နေရသော ကလေးသူငယ်များအတွက် လုပ်ဆောင်ပေးရမည့် လုပ်ငန်းအစီအစဉ်များ ဖော်ဆောင်အကောင်အထည်ဖော်ပေးခြင်းများ ပြုလုပ်ပါမည်။

## မူဝါဒဆိုင်ရာ မဟာဗျူဟာများ၊ လုပ်ဆောင်မှုများနှင့်ဝန်ဆောင်မှုများ ထူထောင်ခြင်း

အနာဂတ်မျှော်မှန်းချက်၊ တာဝန်ခံယူမှုဆိုင်ရာ ဖော်ပြချက်များနှင့်အညီ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ အခြေခံသဘောတရားမူဘောင်များ၊ ရည်မှန်းချက်ပန်းတိုင်များ၊ ဦးတည်ရည်ရွယ်ချက်များကိုလည်း ဖော်ပြထားပါသည်။ ဦးတည်ရည်ရွယ်ချက်များပေါ်တွင် မူတည်ပြီး အောက်ပါမဟာဗျူဟာ (၁၀)ခုကို ရွေးချယ်ထားပါသည်။ ယင်းမဟာဗျူဟာများနှင့်အညီ တိုးချဲ့တိုးမြှင့်ဆောင်ရွက်ရမည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို သတ်မှတ်ဖော်ထုတ်ထားပါသည်။

### မူဝါဒဆိုင်ရာ မဟာဗျူဟာ (၁)
### *ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားပြီးစဝန်ဆောင်မှုလုပ်ငန်းများ*

မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်မဆောင်မီစောင့်ရှောက်မှုပေးခြင်း၊ အိမ်တိုင်ရာရောက်သွားရောက်ခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် ကိုယ်ဝန်ဆောင်စဉ်

နှင့် မွေးဖွားပြီးပညာပေးခြင်း၊ မွေးဖွားပြီးစောင့်ရှောက်မှုပေးခြင်း၊ အာဟာရဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် ဆယ်ကျော်သက်များ၊ မိခင်လောင်း၊ ဖခင်လောင်းများကို အပြုသဘောဆောင်သော မိဘအပြုအမူများ ကျင့်သုံးနိုင်ရန် ကြိုတင်ပြင်ဆင်ပေးခြင်း။

မဟာဗျူဟာ(၁) သည် မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်း၊ ကိုယ်ဝန်မဆောင်မီကာလ၊ ကိုယ်ဝန်ဆောင်ကာလနှင့် မွေးဖွားပြီးကာလတို့နှင့်ပတ်သက်သည့် အသိပညာပေးခြင်း၊ ကျန်းမာရေးနှင့် အာဟာရဓာတ်ပြည့်ဝစေရေးအတွက် ပံ့ပိုးစောင့်ရှောက်မှုများပေးခြင်းစသည့် လုပ်ငန်းရပ်များ လက်လှမ်းမီစေရေးနှင့် ကျယ်ပြန့်စွာဆောင်ရွက်နိုင်မှုကို အဓိကထားသည်။ ရောဂါရှိသော (ဥပမာ–HIVရောဂါ) မိခင်များအတွက် မိခင်နှင့် ကလေးသို့ ကူးစက်မှုကို ကာကွယ်ခြင်း (PMCT)၊ မိခင်နှင့် ကလေးများအတွက် ART နည်းဖြင့် ကုသပေးခြင်းတို့ကို အထူးဖော်ပြထားပါသည်။ မွေးဖွားပြီးနောက်ပိုင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် အန္တရာယ်တွေ့ကြုံကျရောက်နိုင်သော မိခင်များနှင့် ကလေးများအတွက် အထူးဂရုစိုက် စောင့်ရှောက်ပေးခြင်းများ ပါဝင်ပါသည်။

## မူဝါဒဆိုင်ရာ မဟာဗျူဟာ (၂)
### *မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုများ*

မွေးစမှ သုံးနှစ်အရွယ်ကလေးများ၏ မိဘများအတွက် အိမ်တိုင်ရာရောက် မိဘအသိပညာပေးခြင်း၊ ကလေးသူငယ်ဖွံ့ဖြိုးရေးကျောင်းများမှတစ်ဆင့် မိဘအသိပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး၊ အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို ကလေးများနှင့် မိဘများအားလုံးအတွက် လက်လှမ်းမီရရှိစေခြင်း၊ အိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်နေရသော ကလေးမိခင်များအတွက် အရည်အသွေးမြင့်ပြီး ကလေး၏ ဖွံ့ဖြိုးမှုကို ကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်မည့် ဝန်ဆောင်မှုများ (နေ့ကလေးထိန်းကျောင်းများ၊ မိခင်ဝိုင်းများ)ကို ရရှိစေခြင်း။

မဟာဗျူဟာ (၂) တွင် ရှေးဦးအရွယ်မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာဖော်ထုတ်ခြင်း၊ မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဆောင်ရွက်ရမည့်ဝန်ဆောင်မှုနယ်ပယ်များ ဖော်ထုတ်ခြင်းနှင့် ယင်းဝန်ဆောင်မှုများကို လေ့လာသုံးသပ်ခြင်းတို့ ပါဝင်ပါသည်။ ကလေးတိုင်း မွေးစာရင်းမှတ်ပုံတင်ရေး၊ သက်ဆိုင်ရာလူမျိုးအလိုက် ယဉ်ကျေးမှု၊ ဘာသာစကားနှင့်ကိုက်ညီသော မိဘအသိပညာပေး အစီအစဉ်နှင့် လိုအပ်သောပံ့ပိုးမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖော်ဆောင်ရေး၊ မိခင်ဝိုင်းများနှင့် အခြားသော ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဌာန၊ ဂေဟာများအရေအတွက်သာမက အရည်အသွေးပါ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို အလေးပေးဖော်ပြထားပါသည်။ ထိခိုက်နစ်နာလွယ်သောကလေးများနှင့် မိသားစုများအတွက် အိမ်တိုင်ရာရောက်သွားရောက်ကူညီစောင့်ရှောက်ပေးရေး၊ ဝေးလံခေါင်းပါးသောဒေသများတွင် ကလေးသူငယ်ပြုစု

ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဂေဟာများဖွင့်လှစ်ခြင်းနှင့် နယ်လှည့်ကူညီစောင့်ရှောက်ရေးအဖွဲ့များက တစ်ဆင့် ကူညီပံ့ပိုးခြင်းများ ပြုလုပ်ရန်လည်း ဖော်ပြထားပါသည်။ မိခင်နှင့်ကလေး ကျန်းမာရေးနှင့် အာဟာရ ပြည့်ဝရေးအတွက် ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ် ဝန်ဆောင်မှုပြုရန်လည်း အလေးပေး ဖော်ပြ ထားပါသည်။ ၎င်းတို့အနက် မီးဖွားပြီးစအမျိုးသမီးများနှင့် မွေးကင်းစကလေးများ ပြုစု စောင့်ရှောက်ခြင်း၊ မိခင်များ အာဟာရပြည့်ဝရေး၊ ကလေးများကို မိခင်နို့တိုက်ကျွေးရေး၊ ကလေး ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးလုပ်ငန်းများ၊ HIV ရောဂါရှိနေသောမိဘများကြောင့် အကျိုး သက်ရောက်မှုခံနေရသော ကလေးများ၊ HIV ရောဂါခံစားနေရသော ကလေးများ၊ မူးယစ်ဆေးဝါး ၏ သားကောင် မိဘများက မွေးသောကလေးများ၊ အခြားသောပုံစံအမျိုးမျိုးဖြင့် လွဲမှားစွာ ပြုကျင့်ခံ နေရသော ကလေးများ၊ လျစ်လျူရှုမှုခံရသောကလေးများအတွက် ကျန်းမာရေးနှင့် အာဟာရ ပြည့်ဝရေးဆိုင်ရာ ဝန်ဆောင်မှုများပေးရန် အလေးပေးဖော်ပြထားပါသည်။

### မူဝါဒဆိုင်ရာ မဟာဗျူဟာ (၃)

### *မွေးစမှငါးနှစ်အရွယ်ကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ စစ်ဆေးပံ့ပိုးသည့် ဝန်ဆောင်မှုများ*

ကလေးငယ်တစ်ဦးချင်းစီတွင်ရှိနေသော ၎င်းတို့၏အစွမ်းအစ၊ အလားအလာများ ပြည့်ပြည့်ဝဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေး အခြေအနေကို တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (ECI) များကို စတင် ထူထောင်ပြီး တိုးချဲ့ဆောင်ရွက်ရန်နှင့် အထူးလိုအပ်ချက်များရှိနေသောကလေးများကို ခွဲခြား ဆက်ဆံမှုများနှင့် နှိမ့်ချဆက်ဆံမှုများ မရှိစေရန် တားဆီးကာကွယ်ပေးခြင်း။

မဟာဗျူဟာ (၃) သည် ဖွံ့ဖြိုးမှုနှေးကွေးနေသော၊ အာဟာရမပြည့်ဝသော၊ နာတာရှည် ရောဂါခံစားနေရသော၊ မသန်စွမ်းသော၊ ပုံမှန်မဟုတ်သောအပြုအမူများရှိနေသောကလေးများ၊ ဥပမာ–အော်တစ်ဇင် (Autism) ဖြစ်နေသောကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှု စစ်ဆေးပံ့ပိုးသည့်ဝန်ဆောင်မှုများကို မိတ်ဆက်ထားပါသည်။ ယင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ကဏ္ဍ ပေါင်းစုံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုပါသည်။ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများတွင် သက်ဆိုင်ရာဒေသများသို့ သွားရောက်ပြီး ဝန်ဆောင်မှုလိုအပ်နေသောကလေးများ သတ်မှတ် ဖော်ထုတ်ခြင်း၊ လိုအပ်သလို သက်ဆိုင်ရာသို့ လွှဲပြောင်းပို့ဆောင်ပေးခြင်း၊ စစ်ဆေးပံ့ပိုးမှုဆိုင်ရာ မူဝါဒများ၊ လုပ်နည်းလုပ်ဟန်များ၊ စံနှုန်းများ၊ ရွေးချယ်စစ်ဆေးတိုင်းတာမှုများ၊ ကလေးနှင့် မိသားစုတို့ လိုအပ်ချက်နှင့်အညီ တစ်ဦးချင်းအတွက် မိသားစု၊ အိမ်အခြေပြု သင့်လျော်သော ဝန်ဆောင်မှုပေးခြင်းများ ပါဝင်ပါသည်။ စစ်ဆေးပံ့ပိုးမှုဆိုင်ရာဝန်ဆောင်မှုများအတွက် လုပ်ငန်းခွင် အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများပေးခြင်း၊ ကြီးကြပ်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းများ စသည့်

လုပ်ငန်းများကို ကာလအပိုင်းအခြားအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ထူထောင်ရန်နှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အစီအစဉ်ရေးဆွဲခြင်းလည်း ပါဝင်ပါသည်။

**မူဝါဒဆိုင်ရာ မဟာဗျူဟာ (၄)**

***သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများအတွက် မူကြိုပညာရေး***

အရည်အသွေးမြင့်ပြီး သက်ဆိုင်ရာလူမျိုးအလိုက်ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုက်ညီလျက် လူတိုင်းအကျုံးဝင်သော မူကြိုပညာရေးကို အကောင်အထည်ဖော်ခြင်း၊ တိုးချဲ့ဆောင်ရွက်ခြင်း၊ မိဘအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိဘများပါဝင်ကူညီမှုပေးခြင်း၊ လူအများအတွင်း မူကြိုပညာရေး အရေးကြီးကြောင်းအသိအမြင်ပွင့်လာစေရန် လုပ်ငန်းဆွေးနွေးပွဲများကို ဗဟိုအဆင့်မှ ရပ်ရွာအဆင့်အထိ ကျင်းပပြုလုပ်ခြင်း။

မဟာဗျူဟာ (၄) သည် မူကြိုပညာရေးသင်ရိုးညွှန်းတမ်းများ တိုးတက်ကောင်းမွန်အောင်ပြုစုရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့်ဆီလျော်သော သင်ကြားနည်းများ၊ သင်ထောက်ကူများနှင့်ဆက်စပ်နေသော ဆရာဖြစ်သင်တန်းများ ဖန်တီးပေးရေးတို့ကို အလေးထားဖော်ပြထားပါသည်။ လူတိုင်းအကျုံးဝင်သော မူကြိုပညာရေးကို လူတိုင်းလက်လှမ်းမီရန်၊ လူတိုင်းတက်နိုင်ရန်၊ လက်ရှိအရင်းအမြစ်များကို အကောင်းဆုံးအကျိုးရှိစွာ အသုံးပြုပြီး မူကြိုပညာရေးကို တစ်နိုင်ငံလုံးတွင် တိုးချဲ့ရေးနှင့် အရည်အသွေးတိုးမြှင့်ရေးအတွက် အစီအစဉ်တစ်ခုရေးဆွဲရန် ဖော်ပြထားပါသည်။ မူကြိုပညာရေးတွင် နိုင်ငံတော်အစိုးရ၏ တိုးချဲ့ထောက်ပံ့မှု၊ ရပ်ရွာ၏ စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများနှင့်အတူ မိဘများ၏ပါဝင်မှု၊ လေ့လာသုံးသပ်အကြံပေးမှုများကိုလည်း အထူးအလေးပေးဖော်ပြထားပါသည်။ မူကြိုပညာရေးဆိုင်ရာ 'စံ'များ၊ လုပ်ထုံးလုပ်နည်းများကိုလည်း သတ်မှတ်ဖော်ထုတ်ပါမည်။ တစ်ချိန်တည်းမှာပင် မူကြိုကျောင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရကျွေးမွေးမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ကျန်းမာရေးနှင့်ညီညွတ်မှု၊ ကလေးဖွံ့ဖြိုးမှုနှင့်ကိုက်ညီသော ပရိဘောဂ၊ အားကစားကွင်း၊ စာကြည့်တိုက်၊ အရေးပေါ်အန္တရာယ်အခြေအနေအတွက် ကြိုတင်ကာကွယ်ရေးနှင့် အသင့်ပြင်ဆင်ရေးများရှိအောင် ဆောင်ရွက်ပေးပါမည်။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ စီစဉ်ပေးခြင်း၊ လုပ်ငန်းများကြီးကြပ်တည့်မတ်ပေးခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်အဖွဲ့များနှင့် ကွန်ရက်ထူထောင်ဆောင်ရွက်ခြင်းများကိုလည်း အလေးထားဖော်ပြထားပါသည်။

## မူဝါဒဆိုင်ရာ မဟာဗျူဟာ (၅)
## *ငါးနှစ်မှရှစ်နှစ်အရွယ်ကလေးများအတွက် အကူးအပြောင်း၊ သူငယ်တန်းနှင့် မူလတန်းအောက်ဆင့် ပညာရေးလုပ်ငန်းများ*

အသက်လေးနှစ်မှ ငါးနှစ်အရွယ်ကလေးများ အိမ်၊ မူကြိုကျောင်းမှ လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းသို့ ချောမွေ့စွာကူးပြောင်းနိုင်ရေးအတွက် အားကောင်းသော အကူးအပြောင်း အစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ခြင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မိဘများ တက်ကြွစွာပါဝင်ခြင်း၊ အခြေခံသဘောတရားများကို လေ့လာသင်ယူရာတွင် သက်ဆိုင်ရာ လူမျိုးအလိုက် တောင်းဆိုချက်ပေါ်မူတည်၍ ဖြစ်နိုင်သမျှ မိခင်ဘာသာစကားအသုံးပြုခြင်း၊ ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းများနှင့် ကလေးများသဘာဝနှင့်အညီ ၎င်းတို့ကိုယ်တိုင် တက်ကြွစွာ ပါဝင်သင်ယူသောနည်းများ၊ ကစားခြင်းဖြင့် သင်ယူနည်းများကို သုံးခြင်းနှင့် သင်ယူရန်နေရာများကို အသုံးပြုခြင်း။

မဟာဗျူဟာ (၅) သည် ကလေးများ ကျောင်းတက်ရန် အဆင်သင့်ဖြစ်ပြီး မူလတန်း အဆင့်ကို အောင်မြင်ပြီးဆုံးအောင် သင်ယူနိုင်ရေးအတွက် လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းပညာရေးတွင် ကလေးဗဟိုပြုသင်ကြားသင်ယူမှုလုပ်ငန်းများ အရေးပါပုံနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မူလတန်းကျောင်းသို့ ချောမွေ့စွာကူးပြောင်းရေးကို စီစဉ်ဆောင်ရွက်ရန် အရေးကြီးကြောင်း အလေးထားဖော်ပြထားပါသည်။ သူငယ်တန်းနှင့် မူလတန်းအောက်ဆင့်များ အတွက် သင်ယူမှုရလဒ်များနှင့် ကလေးဗဟိုပြုသင်ရိုးညွှန်းတမ်းများ၊ သင်နည်းများ၊ သင်တန်း လက်စွဲစာစောင်များဖော်ထုတ်ရန် လိုအပ်ကြောင်းကိုလည်း အလေးပေးဖော်ပြထားပါသည်။ ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ ကျောင်းကျန်းမာရေး၊ အာဟာရကျွေးမွေးရေး၊ ရေကောင်းရေသန့် ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကလေးဖွံ့ဖြိုးမှုနှင့်ကိုက်ညီသော ပရိဘောဂများ၊ ကစားကွင်းများနှင့် စာကြည့်တိုက်များရရှိရေးတို့အတွက် ဆောင်ရွက်ရာတွင် မိဘများ၏ ပူးပေါင်းပါဝင်မှုကို အလေးထားဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ လူအားလုံး၏ ပညာသင်ယူခွင့်ဆိုင်ရာ အခွင့်အရေးများကို လေးစားတန်ဖိုးထားသည့်အနေဖြင့် လူနည်းစုတိုင်းရင်း သားမျိုးနွယ်စုများ နေထိုင်ရာဒေသတွင် ကလေးများ၏ သင်ယူစွမ်းရည်ကို တိုးမြှင့်ပေးနိုင်အောင် ဆောင်ရွက်ရန် ဒေသခံများ၏ မေတ္တာရပ်ခံချက်နှင့်အညီ သက်ဆိုင်ရာလူမျိုးအလိုက် မိခင်ဘာသာ စကားဖြင့် ပညာသင်ယူခွင့်ကို တတ်နိုင်သမျှဖန်တီးပေးရန် လိုအပ်ပါသည်။ နောက်ဆုံးအနေဖြင့် ကျောင်းများ ကြီးကြပ်မှုလုပ်ငန်း တိုးတက်လာစေရန် သင်တန်းနှင့်ထောက်ပံ့မှုများလိုအပ်ကြောင်း အလေးထား ဖော်ပြထားပါသည်။

## မူဝါဒဆိုင်ရာ မဟာဗျူဟာ (၆)
## *အထူးလိုအပ်ချက်ရှိနေသောကလေးများ*

အထူးလိုအပ်ချက်ရှိနေသော ကလေးများ၏အခွင့်အရေးများကို ပြည့်ဝအောင် ဖြည့်ဆည်းပေးခြင်း၊ မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ မိသားစုနှင့်အတူ နေထိုင်နိုင်စေရန် စီစဉ်ဖန်တီးပေးခြင်းဖြင့် သင်တန်းကျောင်းတွင် ကလေးများစောင့်ရှောက်ထားရှိခြင်းကို လျော့ပါးစေခြင်း၊ လူတိုင်းအကျုံးဝင်သော မူကြိုကျောင်းများ၊ သူငယ်တန်းများနှင့် မူလတန်းကျောင်းများ ထူထောင်ခြင်း၊ မွေးစမှ ရှစ်နှစ်အရွယ်ကလေးများအား လွဲမှားစွာပြုကျင့်ခံရမှု၊ လျစ်လျူရှုခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးနိုင်ရန် အရည်အသွေးကောင်းသော ပြုစုစောင့်ရှောက်မှုရရှိအောင် ဆောင်ရွက်ခြင်း။

မဟာဗျူဟာ (၆) သည် ကလေးများ၏အခွင့်အရေးများကို လေးစားတန်ဖိုးထားပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို အရေအတွက်သာမက အရည်အသွေးပါ တိုးမြှင့်ဆောင်ရွက်ရန် အလေးပေးဖော်ပြထားပါသည်။ ကလေးများအပေါ် အကျိုးသက်ရောက်မှုရှိစေသော လုပ်ငန်းအစီအစဉ်များ ဖော်ထုတ်ရာတွင် ကလေးများကိုယ်တိုင် တတ်နိုင်သမျှ ပါဝင်ဖော်ထုတ်ခွင့် ရှိနေစေရန် အသေအချာ အလေးထားဆောင်ရွက်ပါမည်။ ကလေးနှင့်ပတ်သက်သည့် လက်ရှိဥပဒေများကိုလည်း ပြန်လည်သုံးသပ်ရေးနှင့် ထိုသို့သုံးသပ်ရာတွင် ပြုပြင်ရေးဆွဲထားသော ကလေးဥပဒေ၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒတို့နှင့် ညီညွတ်အောင်ဆောင်ရွက်ရန်လည်း တိုက်တွန်းထားပါသည်။ မွေးစမှ ရှစ်နှစ်အရွယ်ကလေးများ အတွက် အထူးအလေးပေးထားသည့် ဘက်စုံထောင့်စုံပါဝင်သော ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်ကိုလည်း ဖော်ထုတ်ပါမည်။ ဖွံ့ဖြိုးမှုနောက်ကျနေးကွေးသော ကလေးများ၊ မသန်စွမ်းသောကလေးများနှင့် ၎င်းတို့၏မိဘများအတွက် နိုင်ငံအဆင့်လုပ်ငန်း အစီအစဉ် အကောင်အထည်ဖော်ရေးကိုလည်း အလေးထားဆောင်ရွက်ပါမည်။ မူဝါဒတွင် မွေးစမှသုံးနှစ်အရွယ်ကလေးများကို ကလေးပြုစုပျိုးထောင်ရေးကျောင်း၊ ဂေဟာများတွင် စောင့်ရှောက်ထားရှိခြင်းကို တဖြည်းဖြည်းလျော့နည်းလာစေပြီး ပပျောက်သွားစေရန် တိုက်တွန်းထားပါသည်။ လက်ရှိ သင်တန်းကျောင်း၊ ဂေဟာများကို မှတ်ပုံတင်ရန်နှင့် အရည်အသွေးအဆင့်မြှင့်တင်ရန်ကိုလည်း တိုက်တွန်းထားပါသည်။ မသန်စွမ်းသော ကလေးသူငယ်များနှင့် ဖွံ့ဖြိုးမှုနောက်ကျသောကလေးများအတွက်သာမက အောက်ပါအုပ်စုများအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဦးတည်ဆောင်ရွက်ပေးရန် ဖော်ပြထားပါသည်။ လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုဝင်ကလေးများ၊ လွဲမှားစွာပြုကျင့်ခံနေရသောကလေးများ၊ လျစ်လျူရှုခံနေရသောကလေးများ သို့မဟုတ် ခေါင်းပုံဖြတ်ခံနေရသောကလေးများ၊ အကျဉ်းဦးစီးဌာန သို့မဟုတ် ပြန်လည်ပြုပြင်ရေးဌာနများတွင် ပြစ်ဒဏ်ကျခံနေသော မိဘများနှင့်အတူနေရသော ကလေးများ၊ ပြည်တွင်းတွင် နေရပ်စွန့်ခွာပြောင်းရွှေ့မှုဒုက္ခ ခံစားနေရသောကလေးများ၊ ဒုက္ခသည်ကလေးများ၊ အကြောင်းအမျိုးမျိုးကြောင့် လမ်းပေါ်ရောက်နေသောကလေးများ၊ အလုပ်လုပ်နေရသောကလေးများ၊

လွဲမှားစွာပြုကျင့်စေခိုင်းမှုခံနေရသည့်ကလေးများနှင့် HIV/AIDS ရောဂါ၏ သက်ရောက်မှုဒဏ် ခံစားနေရသောကလေးများလည်း ပါဝင်ပါသည်။

## မူဝါဒဆိုင်ရာ မဟာဗျူဟာ (၇)
## *လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ်*

အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများ၏ အရည်အသွေး စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ဘက်စုံလွှမ်းခြုံ၍ အရည်အသွေးမြင့်သော၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်သော၊ ရေရှည်တည်တံ့သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းခွင်အကြိုသင်တန်းပေးသည့်စနစ်ကို ထူထောင်ရန်၊ ကျွမ်းကျင်မှုအရ အသက် မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုအဖြစ် အဆင့်ဆင့်တိုးတက်နိုင်သောအခြေအနေ အခွင့် အလမ်းကို ဖန်တီးပေးခြင်း၊ လုပ်ငန်းခွင်အဆင့်တိုင်းတွင် ဝန်ထမ်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် စဉ်ဆက်မပြတ် သင်ယူလေ့လာနိုင်သော သင်တန်းများစီစဉ်ပေးခြင်း၊ ကျွမ်းကျင်သူများကို အရည်အသွေးအလိုက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ ပံ့ပိုးနှင့် သက်တမ်းတိုးပေးခြင်း။

မဟာဗျူဟာ (၇) တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အတွက် ပြီးပြည့်စုံသော လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ်တစ်ခုကို အကောင် အထည်ဖော်ဆောင်ရွက်ရန်၊ လိုအပ်သောကျွမ်းကျင်သူပညာရှင်နှင့် သင်တန်းလိုအပ်ချက်ဆန်းစစ်မှု များ ပြုလုပ်ရန် အလေးပေးဖော်ပြထားပါသည်။ အဓိကကျသောကဏ္ဍများမှာ တတ်ကျွမ်းမှုဆိုင်ရာ စဉ်ဆက် မပြတ် တိုးတက်မှုစနစ်ထူထောင်မှု၊ တာဝန်ရှိမှုအလိုက်စံများသတ်မှတ်မှု၊ တတ်ကျွမ်းမှု ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များနှင့် ထပ်ဆင့်အသိအမှတ်ပြုလက်မှတ်များပေးသည့်စနစ် ထူထောင်မှုများ ပါဝင်ပါမည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုလုပ်ငန်း တွင် ကျွမ်းကျင်သူများရရှိနိုင်ရေးအတွက် လုပ်ငန်းခွင်အကြိုသင်တန်းများကို ပညာရေး တက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် ဖွင့်လှစ်ပေးပါမည်။ အထူးသဖြင့် သင်တန်းဆရာ များ မွေးထုတ်ရေးနှင့် လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုများမှ ဆရာ၊ ဆရာမများကို လေ့ကျင့် သင်တန်းပေးခြင်းကို အလေးထားဆောင်ရွက်ပါမည်။ လုပ်ငန်းခွင်တွင် တာဝန်ကျေပွန်စွာ ဆောင်ရွက်နေကြသော်လည်း အသိအမှတ်ပြုလက်မှတ် မရရှိကြသေးသော မူကြိုဆရာ၊ ဆရာမ များ၊ သူငယ်တန်းဆရာ၊ ဆရာမများနှင့် မူလတန်းဆရာ၊ ဆရာမများအတွက် သီးသန့်သင်တန်းပေး နိုင်သည့်အစီအစဉ်တစ်ခုကို ဖော်ထုတ်ပါမည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အတတ်ပညာ ရှင်များ၊ လုပ်ငန်းကျွမ်းကျင်သူများ၊ စေတနာ့ဝန်ထမ်းများအတွက် ပံ့ပိုးလုပ်ငန်းခွင်သင်တန်းများကိုလည်း စီစဉ်ပေးပါမည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးလုပ်ငန်းနှင့် ကလေးများ ၏အခြေအနေကို စောစီးစွာသိအောင်စစ်ဆေးပြီး လိုအပ်သောစောင့်ရှောက်မှုပေးသည့် (ECI)

အစီအစဉ်များနှင့်ဆက်စပ်သည့် ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ၊ လုပ်ငန်းကြီးကြပ်သူများအတွက် အထူးသင်တန်း စီစဉ်ပေးပါမည်။ ထိုသင်တန်းတွင် လူတိုင်းအကျုံးဝင်သောပညာရေးကို အလေးထားဆွေးနွေးပါမည်။ ရှေးဦး အရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် နိုင်ငံအဆင့်အရင်းအမြစ်ဌာနတစ်ခုကို ထူထောင်ပါမည်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လိုအပ်သောလွှမ်းခြုံမှုရရှိရန်နှင့် အရည်အသွေးထိန်းသိမ်းနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်များတွင်လည်း စီစဉ်ပေးပါမည်။ ၎င်းအပြင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုကွန်ရက်နှင့် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်ကို မြှင့်တင်ပေးပါမည်။ သင်တန်းအစီအစဉ်များအားလုံးတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မှုအတွက် ပညာရေး၊ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အထူးဦးစားပေးထည့်သွင်းထားပါမည်။

## မူဝါဒဆိုင်ရာ မဟာဗျူဟာ (၈)

### *အရည်အသွေးထိန်းသိမ်းခြင်းနှင့် တာဝန်ခံခြင်းအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်*

ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲရေးစနစ်တစ်ခုထူထောင်ခြင်း၊ ယင်းသို့ ထူထောင်ရာတွင် တာဝန်ခံမှု၊ မကြာခဏပြန်လည်သုံးသပ်မှု၊ ကြီးကြပ်မှု၊ လုပ်ငန်းသုံးသပ် အကဲဖြတ်မှုနှင့် အစီရင်ခံမှုများ နှစ်စဉ် အဆင့်တိုင်းတွင် ပြုလုပ်ခြင်း။

မဟာဗျူဟာ (၈) သည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်ကို ထူထောင်ခြင်းအားဖြင့် အရည်အသွေးထိန်းသိမ်းမှု၊ တာဝန်ခံမှုရှိရန်နှင့် လုပ်ငန်းများ သုံးသပ်အကဲဖြတ်မှုများကို ပြုလုပ်ရန် အလေးပေးဖော်ပြထားပါသည်။ ၎င်းစနစ်တွင် လုပ်ငန်းကြီးကြပ်တည့်မတ်ပေးမှု၊ လုပ်ငန်းသုံးသပ်အကဲဖြတ်မှုဆိုင်ရာ လက်စွဲစာစောင်များ၊ သင်တန်းဆွေးနွေးပွဲများ၊ အသုံးပြုရမည့်လမ်းညွှန်များနှင့်ပုံစံများ ပါဝင်ပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးတစ်ဦးချင်းအခြေအနေကို မျက်ခြည်မပြတ် လေ့လာမှတ်တမ်းတင်သောစနစ်ဖြင့် ဆက်သွယ်ထားပါမည်။ ယင်းမှတ်တမ်းတွင် ကလေးများအတွက် မွေးစာရင်းမှတ်ပုံတင်ခြင်းမှအစ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုး ရေးဆိုင်ရာဝန်ဆောင်မှုမှတ်တမ်းများအားလုံး ပါဝင်ပါမည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်သည် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုစနစ်တစ်ခု အသေအချာဖြစ်လာစေရန် နည်းပညာ၊ အတတ်ပညာနှင့် စီမံခန့်ခွဲမှုအပိုင်းတို့တွင် ပံ့ပိုးမှုများပေးပါမည်။ ထို့ပြင် ဦးစားပေးဆောင်ရွက်ရမည့် သုတေသန လုပ်ငန်းစီမံချက်များ နှစ်စဉ်ချမှတ်ဆောင်ရွက်ပြီး ဘဏ္ဍာငွေထောက်ပံ့မှုများ ရရှိစေပါမည်။

## မူဝါဒဆိုင်ရာ မဟာဗျူဟာ (၉)
## *မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံမှုရရှိစေရန် ပြန်ကြားဆက်သွယ်ပညာပေးခြင်း*

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော နောက်ဆုံးရသတင်းအချက်အလက်များ၊ ယဉ်ကျေးမှုနှင့်ဆီလျော်ပြီး အပြည်ပြည်ဆိုင်ရာက ထောက်ခံအကြံပြုထားသော သတင်းအချက်အလက်များကို ဦးစီးဦးဆောင်ပြုသူများ၊ ဝန်ဆောင်မှုပေးသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများနှင့် ရပ်ရွာတာဝန်ရှိသူများ စသည်တို့ အပါအဝင် ဦးတည်အုပ်စုများထံ ရုပ်မြင်သံကြား၊ ရေဒီယို၊ စာအုပ်စာတမ်းများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခြင်း၊ အကျိုးခံစားခွင့်ရှိသူများအားလုံးထံရောက်အောင် ဖြန့်ဝေခြင်း။

မဟာဗျူဟာ(၉)တွင် မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံလာအောင် နှစ်စဉ်လုပ်ဆောင်မည့် ပြန်ကြား၊ ဆက်သွယ်၊ အမြင်ဖွင့်လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးပွဲများ၊ လုပ်ငန်းဆွေးနွေးပွဲများ၊ အသိအမြင်ပွင့်စေမည့် အထောက်အထားများဖြင့် လုပ်ဆောင်ရန် အလေးပေးဖော်ပြထားပါသည်။ ကနဦးပြုလုပ်မည့် အသိအမြင်ဖွင့်လုပ်ငန်းများတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဝေခြင်းနှင့် မိဘများနှင့် ရပ်ရွာနေပြည်သူများအတွက် အထူးပြုစုထားသောစာအုပ်ငယ်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေမှုများ ပါဝင်ပါမည်။ မူဝါဒအကောင်အထည်ဖော်ရေးကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာဖြန့်ဖြူးရန် နှစ်စဉ်ဆွေးနွေးပွဲကို တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတွင် ကျင်းပပြုလုပ်ပါမည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသူများအတွက် ဆက်သွယ်မှုကွန်ရက်ကိုလည်း ထူထောင်ပါမည်။ ကလေးများ၊ မိဘများနှင့် ရပ်ရွာနေပြည်သူများအတွက် အရေးကြီးသောသတင်းအချက်အလက် အနည်းဆုံး (၁၀)ခုကို ရွေးချယ်ပြီး ရုပ်မြင်သံကြားအစီအစဉ်၊ ပုံနှိပ်ထုတ်ဝေမှုအစီအစဉ်၊ အင်တာနက်၊ အက၊ အဆို၊ အငြိမ့်၊ ပြဇာတ်၊ ပိုစတာနှင့် အများမြင်သာသည့်စာတန်းများ စသည်တို့ကိုအသုံးပြု၍ နှစ်စဉ် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ဝေပါမည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့် သိရှိထောက်ခံမှုရစေရန် ပြန်ကြား ဆက်သွယ်ပညာပေးသီတင်းပတ်များနှင့် ပြန်ကြားဆက်သွယ်ပညာပေးမည့်လများကို သတ်မှတ်ကျင်းပပါမည်။

## မူဝါဒဆိုင်ရာ မဟာဗျူဟာ (၁၀)
## *ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးစနစ်ကို ဖွဲ့စည်းထူထောင်ခြင်း*

အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးကော်မတီ၊ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ကို ထူထောင်ခြင်း၊ မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ အကောင်အထည်ဖော်ရေးတို့တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချပြီး မိမိသက်ဆိုင်ရာဒေသ လိုအပ်ချက်နှင့်အညီ လုပ်ဆောင်နိုင်သောစနစ်ထူထောင်ခြင်း၊ ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့်တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် နှစ်စဉ်လုပ်ငန်းအစီအစဉ်များချမှတ်ခြင်း၊ ဘတ်ဂျက် တွက်ချက်တင်ပြခြင်း၊ နှစ်စဉ်အစီရင်ခံခြင်းများ ပြုလုပ်ခြင်း။

မဟာဗျူဟာ (၁၀) တွင် မြန်မာနိုင်ငံ၏ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုစနစ်အတွက် ဖွဲ့စည်းပုံကို ဖော်ပြထားပါသည်။ ယင်းဖွဲ့စည်းပုံတွင် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုကော်မတီက ဦးဆောင်ပါသည်။ ယင်း ကော်မတီသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုအတွက် အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီကိုလည်း ဦးဆောင်ပါမည်။ မူဝါဒကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ရေးအဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းပြီး ထိုအဖွဲ့သည် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုကော်မတီကို အထောက် အကူပေးပါမည်။ ထို့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးကော်မတီများနှင့် နီးကပ်စွာ ဆက်သွယ်ဆောင်ရွက်သည့် အပြင် သင်တန်းပေးခြင်းများတွင်လည်း ကူညီပါမည်။ မြို့နယ်အဆင့်ကော်မတီများက ရပ်ရွာ အဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်း ဆောင်ရွက်ပါမည်။ နိုင်ငံအဆင့် မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဖွဲ့စည်းပုံအရ ဆက်သွယ်ထားပြီး နှစ်စဉ် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ လုပ်ငန်းအစီအစဉ်အလိုက် ဘတ်ဂျက်လျာထားသတ်မှတ် ခြင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်ကို ထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် အရင်းအမြစ်ဌာနများ ထူထောင်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ မဟာဗျူဟာကျကျစီစဉ်ထားသော လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို သတ်မှတ်ချိန်အတွင်း အောင်မြင်ပြီးစီးရန် တာဝန်ယူကြီးကြပ် ဆောင်ရွက်ခြင်းများကို ပြုလုပ်ရပါမည်။ အထူးသဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစု

ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည့် ရပ်ရွာအဆင့် ကော်မတီများဖွဲ့စည်းပြီး ထိုကော်မတီများအား ထောက်ပံ့ကူညီရန်ကိစ္စကို အလေးထားဖော်ပြ ထားပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေးအတွက် အထောက်အကူဖြစ်သော လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ဥပဒေမူကြမ်းများ အဆိုပြုလွှာတင်သွင်းမှု များကိုဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ပါသည်။

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ

အခန်း(၆)သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုကို များစွာတိုးမြှင့်ရန်၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ဖော်ပြ ထားပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်ကို ဖော်ပြထား ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနတွင်လည်း ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်သင့်ကြောင်း ဖော်ပြထားပါသည်။ ရပ်ရွာအဆင့်တွင် ပြုလုပ်နေသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့နယ်များက ထည့်ဝင် ပေးသင့်သည့်လျာထားချက်ကိုလည်း ဖော်ပြထားပါသည်။ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ အတွက် မရှိမဖြစ် နှစ်စဉ်လိုအပ်သောဘတ်ဂျက်များကိုလည်း ဖော်ပြထားပါသည်။

ပြည်တွင်းနှင့်ပြည်ပထောက်ပံ့ကူညီမှုဖြင့် "မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး စုပေါင်းရန်ပုံငွေ" ကိုလည်း ဖန်တီးထူထောင်ပါမည်။ ထို့အတွက် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများမှ လစာပေါ်အခြေပြုထားသည့် အခွန် တစ်ရပ်ကိုထူထောင်ရန်နှင့် အကျိုးခံစားရသောအဖွဲ့အစည်းများကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဌာနများနှင့် ထိခိုက်နစ်နာလွယ်သောကလေးများနှင့် အခွင့်အလမ်း နည်းပါးသောကလေးများအတွက် အခြားသောဝန်ဆောင်မှုလုပ်ငန်းများကို ထောက်ပံ့ရန် တိုက်တွန်းခြင်းများ ပြုလုပ်သွားပါမည်။

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာမှုအပေါ် အခြေခံလျက် အပြည်ပြည် ဆိုင်ရာရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရရှိရန် ဆောင်ရွက်ပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ

အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် ကော်ပိုရေးရှင်းများထံက ထောက်ပံ့မှုများရရှိစေရန် ဆောင်ရွက်ပါမည်။ အဆင့်မြင့်နည်းပညာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုရှိအောင် အားထုတ်ခြင်းဖြင့် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများသည် ကမ္ဘာပေါ်တွင် အချိန်နှင့်အမျှ တိုးတက်နေသော တန်ဖိုးရှိသည့်လုပ်ဆောင်နည်းများက အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ရေး၊ အရည်အသွေးမြှင့်တင်ရေး၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ အရည်အသွေးပြည့်ဝမှုသေချာစေရေး၊ သာတူညီမျှခံစားခွင့်ရရှိစေရေး၊ လုပ်ငန်းအသစ်နှင့် ဝန်ဆောင်မှုအသစ်များ ဖော်ဆောင်နိုင်ရေးအတွက် ရေးဆွဲပြင်ဆင်ထားပါမည်။ ထိုအစီအစဉ်များတွင် ပြည်တွင်းပြည်ပအထောက်အပံ့များနှင့်အတူ လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးမျိုးနှင့် လုပ်ငန်းပမာဏ အလိုက် လိုအပ်သော ငွေကြေး၊ ပစ္စည်း၊ နည်းပညာ ထောက်ပံ့မှုများပါဝင်ပါမည်။ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီသည် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ဦးဆောင်သွားပါမည်။

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ငါးနှစ်တာမဟာဗျူဟာအစီအစဉ်များသည် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒတွင် ဖော်ပြထားသော လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းများ၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ မည်သို့လုပ်ဆောင်ရမည်ကိုလည်း အသေးစိတ်ဖော်ပြထားပါသည်။

# အခန်း (၁)
# နိဒါန်း



Photo by Myo Thame

# မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ

## အခန်း (၁)

## နိဒါန်း

၁။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး Early Childhood Care and Development (ECCD) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားရေးဦးစားပေး ရည်မှန်းချက်တစ်ရပ် ဖြစ်ပါသည်။ ကလေးများ၏အစွမ်းအစများ အပြည့်အဝဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ့အကျိုးပြုသူများဖြစ်လာစေရန်အတွက် ကလေးဘဝအစောပိုင်းကာလများမှာ အလွန်အရေးကြီး ပါသည်။ လူမှုရေး၊ စီးပွားရေး သာတူညီမျှမှုကို ပိုမိုဖြစ်ပေါ်လာစေရန်၊ လူသားစွမ်းရည်များ တိုးတက်ရန်နှင့် နိုင်ငံတကာနှင့်ယှဉ်ပြိုင်လုပ်ဆောင်နိုင်မှုစွမ်းရည် တိုးမြှင့်ရန်အတွက် ကလေးဖွံ့ဖြိုး ရေးလုပ်ငန်းတွင် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုများကို သိသိ သာသာ တိုးချဲ့ပြုလုပ်ရန် မဖြစ်မနေလိုအပ်ပါသည်။

၂။ မိခင်၊ ဖခင်ဘဝအတွက် ကြိုတင်ပြင်ဆင်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ကောင်းစွာ စောင့်ရှောက်ခြင်း၊ ပညာပေးခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုမြန်ဆန်စေရန်အတွက် ငယ်ရွယ်စဉ်ကာလမှစ၍ စောစီးစွာလှုံ့ဆော်ပေးခြင်း၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရ ဖြည့်ဆည်းပေးခြင်း၊ မိဘများကို အသိပညာပေးခြင်းနှင့် ECCD ဝန်ဆောင်မှု စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်း၊ အိမ်၊ မူကြိုကျောင်းနှင့် သူငယ်တန်းတို့တွင် လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သောပတ်ဝန်းကျင်ဖန်တီးပေးခြင်းတို့သည် ကလေးများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းနေပျော်၍ ဘက်စုံထူးချွန်သူများ၊ မူလတန်းကျောင်းတွင် အောင်မြင်သူများဖြစ်လာစေရန် ပြင်ဆင်ရေးအတွက် အရေးကြီးကြောင်း သုတေသနများစွာ၏ တွေ့ရှိဖော်ထုတ်ချက်များက ထောက် ပြထားပါသည်။ မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးမူဝါဒသည် မြန်မာနိုင်ငံတွင် နှစ်စဉ် မွေးစမှ ရှစ်နှစ်အရွယ် ကလေးဦးရေ အနည်းဆုံး ရှစ်သန်းခန့်ကို အကျိုး ခံစားရစေမည်ဟု မျှော်လင့်ပါသည်။

၃။ ECCD လုပ်ငန်းတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံသည်နှင့်အမျှ မြန်မာနိုင်ငံသည် ကလေးများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရဖြည့်ဆည်းပေးမှု၊ ကလေးများဘဝ သာယာ ချမ်းမြေ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ သက်သာလာစေနိုင်ပါမည်။ အထူးသဖြင့်ပညာရေးစွမ်းဆောင်ရည်အားနည်းမှုဖြစ်စေခြင်းကို လျော့နည်းစေပါမည်။ ဥပမာ–အသက်လွန်မှ မူလတန်းကျောင်းဝင်ခြင်း၊ အတန်းထပ်ကျော့နှုန်းနှင့်

ကျောင်းထွက်နှုန်း မြင့်မားခြင်း၊ သင်ယူမှုအတွက်အထူးပံ့ပိုးပေးရမှု၊ ကုစားပေးရမှု၊ ကျောင်းပြီးရမည့်အချိန်တွင် မပြီးဆုံးဘဲ အလယ်တန်း၊ အထက်တန်းအဆင့်များသို့ ဆက်လက်တက်ရောက်နိုင်မှုမရှိခြင်းတို့ကြောင့် လေလွင့်ကုန်ကျမည့်စရိတ်များကိုသက်သာစေပါသည်။ ဘာသာစကားအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း ဆီလျော်သည့် ECCD ဝန်ဆောင်မှုများသည် တိုင်းရင်းသားမျိုးနွယ်စုများအကြား ငြိမ်းချမ်းရေးတည်ဆောက်မှုကို ပံ့ပိုးပြီး တိုင်းရင်းသား မျိုးနွယ်စုဝင်ကလေးများ၏ ပညာရေးအောင်မြင်မှုကို ရရှိစေနိုင်ပါသည်။ ဖော်ပြခဲ့သော အရည်အသွေးရှိသည့် ECCD လုပ်ငန်းများဆောင်ရွက်ပေးသည့်အတွက် ရရှိလာမည့် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် အကျိုးကျေးဇူးများသည် မြန်မာနိုင်ငံအတွက် မြင့်မားသောအကျိုးရလဒ်များကို ပြန်လည်ရရှိလာစေပါမည်။ သုတေသနတွေ့ရှိချက်များက ထောက်ပြထားသည့်အတိုင်း ဖော်ပြပါ အကျိုးကျေးဇူးများကြောင့် ရရှိလာသောကုန်ကျစရိတ်သက်သာမှုများနှင့် အကျိုးရလဒ်များကို ချိန်ကြည့်လျှင် ECCD လုပ်ငန်းများတွင် မူလရင်းနှီးမြှုပ်နှံမှုထက်ပင် သာလွန်ပါသည်။

၄။ ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်သော မြန်မာနိုင်ငံ၏တတိယနှင့် စတုတ္ထအကြိမ်အစီရင်ခံစာအပေါ် နောက်ဆုံးတွေ့ရှိအကြံပြုချက်များတွင် မြန်မာနိုင်ငံအား ECCD မူဝါဒတစ်ရပ် ရေးဆွဲရန်နှင့် အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် လိုအပ်သော လူသား၊ နည်းပညာ၊ ငွေကြေးအရင်းအမြစ်များကို ဖော်ထုတ်ချမှတ်ရန် တိုက်တွန်းထားပါသည်။ မိဘများနှင့် သက်ဆိုင်ရာဌာနများ၏ အပြည့်အဝပါဝင်မှုကိုလည်း တိုက်တွန်းထားပါသည် (UN- ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ရက်)။ အာဆီယံအဖွဲ့ကလည်း ECCD မူဝါဒများချမှတ်ရန်နှင့် ECCD ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် အရေးကြီးသောလမ်းညွှန်မှုများ ချမှတ်ပေးထားပါသည်။ ယခု ECCD ဆိုင်ရာမူဝါဒသည် ဖော်ပြခဲ့သည့်အရေးကြီးသော ထောက်ခံအကြံပြုချက်များနှင့် ညီညွတ်ရန် ပထမခြေလှမ်းဖြစ်ပါသည်။

## ECCD ဆိုင်ရာမူဝါဒချမှတ်ရေးအတွက်ဆွေးနွေးညှိနှိုင်းသောချဉ်းကပ်နည်း

၅။ ECCD ဆိုင်ရာမူဝါဒသည် မိဘများ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ရန်ကုန်၊ နေပြည်တော်စသည့် နိုင်ငံအနှံ့ ညှိနှိုင်းဆွေးနွေးပွဲရလဒ်များအပေါ် အခြေခံထားပါသည်။ ပဏာမညှိနှိုင်းဆွေးနွေးပွဲကို ECCD မူဝါဒရေးဆွဲရေးလုပ်ငန်းအဖွဲ့နှင့် နေပြည်တော်တွင် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၅ မှ ၂၇ ရက်အထိ ပြုလုပ်ခဲ့ပါသည်။ ECCD အတွက် အလုပ်ရုံဆွေးနွေးပွဲများအစီအစဉ် (နောက်ဆက်တွဲ-၃)တွင် ဖော်ပြထားသည့် အတိုင်း ဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခုဖြစ်သော ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မွန်၊ ရှမ်း(တောင်)တို့တွင် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၈ ရက်မှ ၃၁ ရက်အထိ ပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲ၏အဓိကဦးတည်ချက်များမှာ ပြည်သူများအား ECCD ဆိုင်ရာမူဝါဒဖော်ဆောင်ရေးနှင့်ပတ်သက်၍ အသိပေးရန်၊ ECCD အတွက် အဓိကလိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို သတ်မှတ်ဖော်ထုတ်ရန်၊ ECCD လုပ်ငန်းအတွက် မြန်မာနိုင်ငံ၏မျှော်မှန်းချက်၊ အနာဂတ်

မျှော်မှန်းချက်နှင့် တာဝန်ခံယူဆောင်ရွက်မှုများအတွက် တက်ရောက်လာသော ကိုယ်စားလှယ်များ၏ ထောက်ခံအကြံပြုချက်များရယူရန်နှင့် ဦးစားပေးဆောင်ရွက်ရမည့် ဦးတည်ရည်ရွယ်ချက်များ၊ မဟာဗျူဟာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ရန် ဖြစ်ပါသည်။ ယင်းဆွေးနွေးညှိနှိုင်းပွဲများတွင်ဌာန (၂၉)ခု၊ အဖွဲ့အစည်း (၂၈)ခုက ကျား(၂၄၅)ဦး၊ မ(၃၃၈)ဦး စုစုပေါင်းကိုယ်စားလှယ် (၅၈၃)ဦး တက်ရောက်ခဲ့ပါသည်။ ယင်းကိုယ်စားလှယ်များမှာ ရပ်ရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမျိုးသားအဆင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်နေသူများဖြစ်ပါသည်။ မိဘများ၊ ဆရာများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ အခြားအစိုးရဌာနအသီးသီးမှဝန်ထမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့အစည်းများက ဦးဆောင်သူများနှင့် အထူးကျွမ်းကျင်သူများ၊ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူထုဆက်သွယ်ရေးကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်ပါသည်(သိန်းလွင်– ၂၀၁၂)။

၆။ ထို့အပြင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်မှ ဩဂုတ်လအတွင်း နိုင်ငံအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ် (၁၆)ဦးကို တစ်ဦးချင်းတွေ့ဆုံမေးမြန်းကာ ECCD ဆိုင်ရာမူဝါဒနှင့်ပတ်သက်ပြီး ၎င်းတို့၏ထင်မြင်ချက်များ၊ အကြံပြုချက်များ ရယူခဲ့ပါသည်။

၇။ ကလေးများနှင့် မိဘများ၏အခြေအနေလေ့လာသုံးသပ်မှုကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှ အောက်တိုဘာလအထိ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် (က) ကလေးနှင့် မိဘများ၏အခြေအနေနှင့် လိုအပ်ချက်များကို အကဲဖြတ်ရန်၊ (ခ) ECCD လုပ်ငန်းအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ လေ့ကျင့်သင်တန်းပေးမှုနှင့် လူသားစွမ်းရည်များအပါအဝင်ရှိနေသောအရင်းအမြစ်များကို သတ်မှတ်ဖော်ထုတ်ရန်နှင့် (ဂ) ECCD နှင့်ပတ်သက်သောမူများ၊ အစီအစဉ်များနှင့် ဥပဒေပြဋ္ဌာန်းမှုများကို သုံးသပ်ရန်တို့ ဖြစ်ပါသည်။ ဆွေးနွေးပွဲရလဒ်များ၊ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းမှုရလဒ်များနှင့် အခြေအနေသုံးသပ်မှုရလဒ်များက ဤ ECCD မူဝါဒကို ပုံဖော်ခဲ့ပါသည်။ ဤမူဝါဒဖြစ်ပေါ်လာရန် အားလုံးပြည့်ပြည့်ဝဝ ပူးပေါင်းပါဝင်ဖော်ဆောင်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့်ဤမူဝါဒသည် မြန်မာနိုင်ငံရှိ ကလေးများအရေးအတွက် စိတ်အားထက်သန်သောမိဘများ၊ ကဏ္ဍအသီးသီးက ဦးစီးဦးရွက်ပြုသူများနှင့် ကျွမ်းကျင်သူများ၏ ဦးစားပေးစဉ်းစားမှုများနှင့် အသိအမြင်များကို ကိုယ်စားပြုပါသည်။

## မြန်မာနိုင်ငံနှင့်ပတ်သက်သော အထွေထွေသတင်းအချက်အလက်များ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မြေပုံ

## မြန်မာနိုင်ငံဆိုင်ရာ ယေဘုယျအကြောင်းအချက်များ

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မြေဧရိယာ စတုရန်းကီလိုမီတာ (၆၇၆,၅၇၈) ရှိပြီး အရှေ့တောင်အာရှတွင် ဒုတိယအကျယ်ဝန်းဆုံးနိုင်ငံဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ တောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဘင်္ဂလားပင်လယ်အော်နှင့် မုတ္တမပင်လယ်ကွေ့တို့ တည်ရှိပါသည်။

၉။ အုပ်ချုပ်ရေးအရ ဖွဲ့စည်းထားရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄)ခု၊ ခရိုင် (၇၀)၊ မြို့နယ် (၃၃၀)၊ မြို့နယ်ခွဲ (၈၄)ခု၊ ရပ်ကွက် (၃,၀၆၃)ခု၊ ကျေးရွာအုပ်စု (၁၃,၆၁၈)အုပ်စုနှင့် ကျေးရွာပေါင်း (၆၄,၁၃၄)ရွာ ပါဝင်ပါသည်။ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် ဧရာဝတီနှင့် အလယ်ပိုင်း မြေနိမ့်မြေပြန့်ဒေသ၊ အနောက်ဘက်တောင်တန်းများ၊ ရှမ်းကုန်းပြင်မြင့်နှင့် တနင်္သာရီကုန်းမြင့်ဒေသတို့ဖြင့် ပိုင်းခြားထားပါသည်။

၁၀။ တောင်တန်းကြီး (၃)သွယ်၊ မြစ်ကြီး (၃)စင်းနှင့် မုတ်သုံရာသီ မကြာခဏ ကျရောက်မှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ကြုံတွေ့ရပါသည်။ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် အမျိုးသားစီးပွားရေးတိုးတက်မှုအတွက် အခက်အခဲများ ဖြစ်စေပါသည်။ သို့သော် မြန်မာနိုင်ငံသည် စိုက်ပျိုးမြေနှင့်သစ်တောများအပါအဝင် ရေသယံဇာတ၊ ရေအားလျှပ်စစ်စီမံကိန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ၊ ကျောက်မီးသွေးနှင့် အခြား ဓာတ်သတ္တုအရင်းအမြစ်များ၊ တန်ဖိုးကြီးသောကျောက်မျက်ရတနာများနှင့် ရေထွက်အရင်းအမြစ်များ ပေါကြွယ်ဝပါသည်။

၁၁။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူမှုကို ၁၉၇၃ နှင့် ၁၉၈၃ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူရန် ပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်နေပြီး ၂၀၁၅ ခုနှစ်တွင် လူဦးရေစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။ ယုံကြည်အားထားနိုင်သော လတ်တလော သန်းခေါင်စာရင်းအချက်အလက်များ မရှိသည့်အခြေအနေတွင် ၂၀၁၀ ပြည့်နှစ်တွင် လူဦးရေ(၄၇,၉၆၃,၀၀၀)ရှိသည်ဟု ယူနီဆက်က ခန့်မှန်းပါသည်။ ယင်းတွင်မွေးစအရွယ်မှ (၁၄)နှစ်ထိ ကလေးဦးရေမှာ ၃၇ ရာခိုင်နှုန်း (၁၇,၇၄၆,၃၁၀) ရှိပါသည်။[၁] ထိုခန့်မှန်းချက်ပေါ်မူတည်တွက်ဆလျှင် မွေးစအရွယ်မှ ရှစ်နှစ်အရွယ် ကလေးဦးရေ (၁၀)သန်းခန့်ရှိနိုင်ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ငါးနှစ်အောက်ကလေးဦးရေ (၃,၀၅၆,၀၀၀) ရှိသည်ဟု ယူနီဆက်ကခန့်မှန်းပါသည်။ ယင်းခန့်မှန်းချက်အရလည်း မွေးစအရွယ်မှ ရှစ်နှစ်အရွယ် ကလေးဦးရေ ရှစ်သန်းခန့်ရှိမည်ဟုမှန်းဆရပါသည်။ သို့သော် နှစ်စဉ်ကလေးမွေးဖွားသည့် အရေအတွက်ကို (၈၃၀,၀၀၀)ဟု ခန့်မှန်းရာ ယင်းခန့်မှန်းချက်အပေါ် မူတည်တွက်ချက်လျှင်

[၁] မြန်မာနိုင်ငံ၏လူဦးရေကို ၅၅.၄သန်းဟုလည်းကောင်း (၂၀၀၇ခုနှစ် အာဆီယံတွင် ပြောကြားသောမိန့်ခွန်း)၊ ၅၈.၃၈သန်း (မြန်မာ၊ ၂၀၁၂ခုနှစ်)ဟုလည်းကောင်း ခန့်မှန်းဖော်ပြထား၍ ရှစ်နှစ်အောက်ကလေးဦးရေမှာ သိသာစွာပိုလာနိုင်ပါသည်။ World Bank ၏ ခန့်မှန်းချက်ဖြစ်သည့် ၂၀၁၁ခုနှစ်ရှိ လူဦးရေ ၄၈.၃၃ သန်းမှာ UNICEF ၏ ခန့်မှန်းချက်နှင့် နီးစပ်မှုရှိပါသည်။

မွေးစမှ ရှစ်နှစ်အရွယ်ကလေးဦးရေ(၆.၆)သန်းခန့် ရှိနိုင်ပါသည်။ အချို့သောဒေသများတွင် ကလေးမွေးစာရင်းမှတ်ပုံတင်မှုမရှိသည့်အတွက် ကလေးဦးရေ ရေတွက်ရာတွင် အရေအတွက်နည်းခြင်း ဖြစ်နိုင်ပါသည်။ ယခု ECCD မူဝါဒအတွက် မွေးစမှရှစ်နှစ်အရွယ် ကလေးဦးရေကို ရှစ်သန်းဟု ခန့်မှန်းပြီး ၎င်းတို့၏မိဘများ၊ ပြုစုစောင့်ရှောက်သူများ၊ အုပ်ထိန်းသူများအတွက်ပါ အကျိုးဝင်စေရန် စဉ်းစားထားပါသည်။

၁၂။ မြန်မာနိုင်ငံတွင်တိုင်းရင်းသားမျိုးနွယ်စု အနည်းဆုံး(၁၃၅)စု စုပေါင်းနေထိုင်ပြီး ဘာသာစကားပေါင်း (၁၀၀)ကျော် ပြောဆိုကြပါသည်။ အဓိကမျိုးနွယ်စုများမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့ဖြစ်ကြပါသည်။ ၎င်းတို့အနက် တိုင်းရင်းသားမျိုးနွယ်စုအများစုမှာ နယ်စပ်ဒေသတွင်နေထိုင်ပြီး လက်ရှိအခြေအနေတွင် တိုင်းရင်းသားအများစုက ECCD ဝန်ဆောင်မှုများကို လက်လှမ်းမမီကြပါ။

၁၃။ လူဦးရေ၏၆၆.၁ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး အများစုမှာ အားထားနိုင်သော စီးပွားရေးအခွင့်အလမ်းများ မရှိကြပါ(WB ၂၀၁၁ခုနှစ်)။ ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့မှုများ ရပ်တန့်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရက ကျေးလက်ဖွံ့ဖြိုးရေးကို အဓိက အလေးထားဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံသည် အာဆီယံဒေသတွင် ဆန်ထုတ်လုပ်မှု အမြင့်မားဆုံးနိုင်ငံအဖြစ် ပြန်လည်ရောက်ရှိရန်အလားအလာရှိပါသည်။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အခြားသောသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။



Photo by Myo Thame

*နေရာဒေသလူမျိုးဘာသာမရွေး ကလေးသူငယ်အားလုံးဖွံ့ဖြိုးရေး*

၁၄။ လူဦးရေ၏ ၈၉.၄ ရာခိုင်နှုန်း နီးပါးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များနှင့် နတ်ကိုးကွယ်သူများလည်း နေထိုင်ကြပါသည် (MoH –၂၀၁၂ အေ)။

၁၅။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များ မကြာခဏ တွေ့ကြုံကျရောက်နိုင်သော အနေအထားတွင် ရှိပါသည်။ အထူးသဖြင့် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သစ်တောများမီးလောင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီရေလှိုင်းနှင့် ကမ်းရိုးတန်းမုန်တိုင်းများတိုက်ခတ်ခြင်းဒဏ် ခံရတတ်ပါသည်။ အထူးသဖြင့် ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကျရောက်ချိန်ကစ၍ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဒေသတိုင်းတွင် တိုးမြှင့်ဆောင်ရွက်နေပါသည်။ ***မြန်မာဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၀၉ –၂၀၁၅)*** (MAPDRR – ၂၀၀၉–၂၀၁၅) သည် ယင်းကိစ္စများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အားထုတ်လုပ်ဆောင်မှုများကို အလေးထားကြောင်း ပြသနေပါသည် (၂၀၀၉)။

၁၆။ မြန်မာနိုင်ငံသည် စာတတ်မြောက်မှုတွင် ကျား၊မ ညီမျှမှု ထင်ရှားစွာရှိပြီး စာတတ်မြောက်မှုနှုန်း မြင့်မားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အသက် ၁၅ နှစ် မှ ၂၄ နှစ်အတွင်း ကျား၊ မ စာတတ် မြောက်မှုနှုန်းသည် ၂၀၀၀ပြည့်နှစ်တွင် ၉၄.၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ပြည့်နှစ်တွင် ၉၅.၈ ရာခိုင်နှုန်းအထိ မြင့်တက်လာပါသည် (MDG အစီရင်ခံစာ –၂၀၁၂)။ ၂၀၀၀ ပြည့်နှစ်တွင် (အသက် ၁၅ မှ ၂၄ နှစ်အတွင်း) အမျိုးသမီးနှင့် အမျိုးသား စာတတ်မြောက်မှုအချိုးကိုကြည့်လျှင် ၀.၉၉ ဖြစ်သည့်အတွက် အမျိုးသားစာတတ်သူဦးရေ (၁၀၀)ရှိတိုင်း အမျိုးသမီး(၉၉)ဦး စာတတ်မြောက်မှု ရှိသည်ဟု တွေ့ရပါသည်။ မိဘအချို့တွင်မှ အသုံးချနိုင်သည့်အဆင့်ထိ စာတတ်မြောက်မှု မရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း လက်ရှိနိုင်ငံအဆင့် အစီရင်ခံစာများတွင် လုပ်ငန်းအခြေပြု စာတတ်မြောက်မှုနှုန်းနှင့်ပတ်သက်သည့်အခြေအနေများ မပါဝင်ပါ။

## အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

၁၇။ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ (၂၀၀၇–၂၀၀၈)တွင် ၅.၅ ရာခိုင်နှုန်း ခန့်မှန်းထားပြီး (၂၀၁၂–၂၀၁၃)တွင် ၆.၀ ရာခိုင်နှုန်း အထိ တိုးတက်မည်ဟု မျှော်မှန်းထားပါသည် (အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ဝန်ထမ်း၏ခန့်မှန်းချက်၊ ဦးစိုးသိန်း၏ အစီရင်ခံစာ– ၂၀၁၂)။ ကမ္ဘာ့ဘဏ်၏ ၂၀၁၀ ခန့်မှန်းချက်အရ တစ်ဦးကျ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁,၉၅၀ ဖြစ်ပြီး တစ်ဦးကျ နှစ်စဉ် ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတိုးတက်နှုန်းမှာ ၉.၆ ရာခိုင်နှုန်း ဖြစ်သည် (ကမ္ဘာ့ဘဏ်–၂၀၁၀)။ ၁၉၉၀ မှ ၂၀၁၀ ခုနှစ် အတွင်း တစ်ဦးကျ နှစ်စဉ်ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုပျမ်းမျှတိုးတက်နှုန်းကို ၈.၂ ရာခိုင်နှုန်း ရှိသည်ဟု ယူနီဆက်ကခန့်မှန်းခဲ့ရာ ယင်းခန့်မှန်းချက်သည် တစ်နှစ်လျှင် ၁.၄ ရာခိုင်နှုန်း သာရှိခဲ့သော ၁၉၇၀ မှ ၁၉၉၀ ပြည့်နှစ် အခြေအနေများထက်

သိသာသော တိုးတက်မှု ဖြစ်ပါသည်။ (၂၀၀၇–၂၀၀၈)ခုနှစ်တွင် ငွေဖောင်းပွမှုနှုန်းမှာ ၃၁.၉ ရာခိုင်နှုန်း ရှိခဲ့ပြီး (၂၀၁၂–၂၀၁၃)ခုနှစ်တွင် ၅.၈ ရာခိုင်နှုန်းသာ ရှိသည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါသည် (ဦးစိုးသိန်း–၂၀၁၂)။အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းများ ဝင်ရောက်လာခြင်း၊ သွင်းကုန်/ ပို့ကုန်များ တိုးမြှင့် လာခြင်းနှင့်အတူ ငွေဖောင်းပွမှုနှုန်း လည်း တိုးလာနိုင်ပါသည်။

၁၈။ စွမ်းအင်ရောင်းချမှုများ၊ စီးပွားရေးတိုးတက်မှုနှင့် အမြတ်ခွန်စနစ်ကို ပြုပြင်ခြင်းဖြင့် ပြည်တွင်းအခွန်များ လာမည့်နှစ်များအတွင်း အလျင်အမြန်တိုးတက်လာရန် မျှော်လင့်နိုင်ပါသည် (ဦးစိုးသိန်း –၂၀၁၂)။

၁၉။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ မြင့်မားပါသည်။ သို့သော် အမျိုးသားလူဦးရေ သန်းခေါင်စာရင်း တိတိကျကျမရှိမှုကြောင့် နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုစာရင်းဇယားများနှင့် ပတ်သက်သော ကိန်းဂဏန်းတိတိကျကျ မရရှိပါ။ ၂၀၀၅ ခုနှစ် အစီရင်ခံစာအရ ၃၁.၁ ရာခိုင်နှုန်း သော အလုပ်လုပ်သူများ၏တစ်နေ့ဝင်ငွေမှာ တစ်ဒေါ်လာအောက် ကျရောက်နေပါသည်။ ပျံ့ကျ ရပ်ကွက်များ၌နေသော လူဦးရေမှာမြင့်မားပြီး မြို့ပြလူဦးရေ၏၅၆.၆ ရာခိုင်နှုန်းရှိပါသည်။ ယင်းပျံ့ကျရပ်ကွက်နေ လူဦးရေမှာ (၆,၇၀၀,၈၈၅)ရှိပါသည် (MICS၂၀၀၀နှင့် ၂၀၀၅၊ MDG အစီရင်ခံစာ–၂၀၁၂)။ မြို့ပြ ပျံ့ကျရပ်ကွက်များတွင်နေထိုင်ရသောကလေးများသည် ဖွံ့ဖြိုးမှုတွင် စိုးရိမ်ဖွယ်ရာ အခြေအနေနှင့် ကြုံတွေ့နိုင်ရသည်ဟု ယူဆနိုင်ပါသည်။ အိမ်ထောင်စုအဆင့် လေ့လာမှုအရ ဆင်းရဲနွမ်းပါးမှုနှုန်းသည် (၂၀၀၅ –၂၀၀၆) တွင် ၃၆ ရာခိုင်နှုန်းရှိရာမှ (၂၀၀၉ – ၂၀၁၀)တွင် ၂၆ ရာခိုင်နှုန်းသို့ လျော့ကျလာပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အတော်များများ



Photo by Myo Thame

*အာဟာရချို့တဲ့သောကလေးများအတွက် ပြုစုပျိုးထောင်ရေးအစီအစဉ်များတိုးချဲ့ရန် အရေးကြီးသည်*

တွင် ဆင်းရဲနွမ်းပါးမှုအဆင့် သိသာစွာ လျော့ကျလာပါသည်။ အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပတ်ဝန်းကျင်ပြောင်းလဲမှု နှင့် သဘာဝဘေးအန္တရာယ်များကြောင့် တွေ့ကြုံရသော ယာယီဆင်းရဲမွဲတေမှုမှ ရုန်းထွက်နေရပါသည်။ ယင်းဒေသများမှာ ဧရာဝတီ၊ မန္တလေး၊ ရခိုင်၊ ရန်ကုန်နှင့် မကွေးတို့ ပါဝင်ပါသည် (Nishino, ၂၀၁၂)။ Nishino ၏ဖော်ပြချက်အရ ယာယီဆင်းရဲမွဲတေမှု ၂၈ ရာခိုင်နှုန်းသည် ရေရှည်ဆင်းရဲ နွမ်းပါးမှု ၁၀ ရာခိုင်နှုန်းထက် ပိုသည်ဟု ဖော်ပြပါသည်။

၂၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် (၂၀၁၂–၂၀၁၆)ခုနှစ်အတွက် ပဥ္စမအမျိုးသားဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းကို ရေးဆွဲပြင်ဆင်နေပါသည်။ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရင်း စီးပွားရေးတိုးချဲ့ခြင်း၊ အမျိုးသားထုတ်လုပ်မှုစွမ်းရည်နှင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်လုပ်ဆောင်နိုင်မှုစွမ်းရည် တိုးမြှင့်ရေးတို့ကို ဆောင်ရွက်နေပါသည်။ နှစ်စဉ် စီးပွားရေးတိုးတက်နှုန်းကို ၁၀.၅ ရာခိုင်နှုန်း ပြည့်မီစေရန် အစိုးရက စီးပွားရေးရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများကို အာရုံထားသည်သာမက ထိခိုက်နစ်နာလွယ်သော အုပ်စုများအတွက်လည်း လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေး မြှင့်တင်ဆောင်ရွက်နေပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းအားဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွံ့ဖြိုးမှုကွာဟချက်များကို ကျဉ်းမြောင်းသွားစေရန် ရည်ရွယ်ပါသည်။

၂၁။ ယခုလာမည့် အမျိုးသားဘက်စုံဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းသည် ထောင်စုနှစ်ရည်မှန်းချက်များတွင်ပါဝင်သော ဖွံ့ဖြိုးမှုဆိုင်ရာ အညွှန်းကိန်းလျာထားချက်များနှင့် ပြည့်မီစေရန် အလေးထားဆောင်ရွက်မည်ဟု မျှော်မှန်းရပါသည်။ ထောင်စုနှစ်ဖွံ့ဖြိုးမှုဆိုင်ရာရည်မှန်းချက် ရှစ်ခုအနက် ခုနစ်ခုမှာ ECCD နှင့် ဆက်စပ်နေသော အညွှန်းကိန်းများ ဖြစ်ပါသည်။ ယင်းရည်မှန်းချက်များကို လျင်မြန်စွာရရှိနိုင်ရန် နိုင်ငံတော်အစိုးရက အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် ECCD ၏ အခြေခံကျသောအခန်းကဏ္ဍကို အသိအမှတ်ပြုသည့် *လူသားဗဟိုပြု*သည့် ဖွံ့ဖြိုးရေးနည်းလမ်းကို ကျင့်သုံးရန် ရည်ရွယ်နေပါသည်။

၂၂။ လက်ရှိ အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း၏ အခြားသောလက္ခဏာများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် အားလုံးပါဝင်စေမှုတို့ ဖြစ်ပါသည်။ ပြည်သူပြည်သားများ၏ တောင်းဆိုသောလိုအပ်ချက်များကိုလည်း အလေးထားပါမည်။ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးချဲ့ပါမည်။ ဖြစ်ပေါ်လာသောလိုအပ်ချက်များကိုလည်း လျင်လျင်မြန်မြန်တုံ့ပြန်ဖြည့်ဆည်းမှုများ ဖြစ်စေပါမည်။ ယင်းရည်မှန်းချက်ပန်းတိုင်များရရှိရန် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအတွက် ဘတ်ဂျက်ကို လုံလောက်စွာတိုးမြှင့်ပါမည်။ ယင်းအစီအစဉ်သည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖွံ့ဖြိုးမှုကို အခြေခံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန် ရည်ရွယ်ထားပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီတွင်ရှိသော ဆင်းရဲနွမ်းပါးသည့်ဇုန်များကို ဦးတည်ပြီး

ဆင်းရဲနွမ်းပါးမှုကို တတ်နိုင်သမျှ လျင်မြန်စွာ ပပျောက်စေရန် ဆောင်ရွက်ပါမည်။ အခွန်ကောက်ခံမှုစနစ်သစ်ကို ထူထောင်ပြီး ဝင်ငွေပိုမိုရရှိနိုင်သောနည်းလမ်းသစ်များနှင့် ယှဉ်တွဲကျင့်သုံးရန် မျှော်မှန်းပါသည်။ ပြည်တွင်းဖက်စပ်လုပ်ငန်းများနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုမူဝါဒအသစ်ဖော်ဆောင်ခြင်းတို့ကို ပြုလုပ်နေပါသည်။

၂၃။ ဖွံ့ဖြိုးမှုကို ပြည့်ပြည့်ဝဝဖော်ဆောင်နိုင်ရေးနှင့် ပိုမိုတာဝန်ခံမှု၊ တာဝန်ယူမှုရှိစေရန် နိုင်ငံတော်အစိုးရက အရည်အသွေးပြည့်ဝသော စာရင်းအင်းစနစ်များထားရှိခြင်း၊ ကြိုးကြပ်ကွပ်ကဲခြင်း၊ လုပ်ငန်းသုံးသပ်အကဲဖြတ်ခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ ဝေဖန်သုံးသပ်ခြင်း စသည့်လုပ်ငန်းစဉ်များကို အရည်အသွေးတိုးတက်ကောင်းမွန်လာစေရန် ကြိုးစားဆောင်ရွက်နေပါသည်။

၂၄။ နိုင်ငံတော်အစိုးရသည် ငွေကြေးဘတ်ဂျက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချသောစနစ်(ဒေသအလိုက်စီမံခန့်ခွဲမှုစနစ်)ဖြစ်လာစေရန် ရည်ရွယ်ကြောင်းလည်း ဖော်ပြထားပါသည်။ သို့ရာတွင် ဤ ECCD ဆိုင်ရာမူဝါဒကို ပုံဖော်နေစဉ်ကာလတွင် အစိုးရဌာနဘတ်ဂျက်အများစုမှာ ဝန်ကြီးဌာနအတွင်း ဗဟိုကထိန်းချုပ်ပြီး စီမံခန့်ခွဲဆောင်ရွက်နေပါသည်။ ECCD လုပ်ငန်းများအတွက် အတော်အသင့်များပြားသော ပံ့ပိုးမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ရွာအဆင့်တို့တွင် တွေ့ရှိရပါသည်။ သို့သော်အဆင့်တိုင်းတွင်တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်ပတ်သက်ပြီး တိကျသောလမ်းညွှန်မှုများလိုအပ်နေပါသေးသည်။ ရန်ပုံငွေရရှိနိုင်မှုနည်းလမ်းများ၊ အဆင့်အလိုက်လျာထားချက်များကိုလည်းတိတိကျကျဖော်ပြရန် လိုအပ်နေပါသေးသည်။ အနာဂတ်တွင်ကျင့်သုံးမည့် ဗဟိုချုပ်ကိုင်မှုကိုလျှော့ချသော ဒေသအလိုက်လုပ်ငန်းစီမံခန့်ခွဲမှုအစီအစဉ်နှင့် လမ်းညွှန်မှုများတွင် ECCD လုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

၂၅။ ထို့ပြင် ECCD ဝန်ဆောင်မှုလုပ်ငန်းများကို မှတ်ပုံတင်ရေးအတွက် ECCD ဥပဒေကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေသည် ရှစ်နှစ်အောက်ကလေးသူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်တိုင်ဆောင်ရွက်သော ECCD ဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ပံ့ပိုးကူညီမှုရရှိထားသော ဝန်ဆောင်မှုလုပ်ငန်းများအပြင် အခြားသောအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂလိကမှ ဆောင်ရွက်နေသော ဝန်ဆောင်မှုများအတွက် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဤ ECCD မူဝါဒသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အထက်ဖော်ပြပါဝန်ဆောင်မှုများအပါအဝင် အခြားသောဝန်ကြီးဌာနများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနများ၏ အသက်ရှစ်နှစ်အောက် ကလေးသူငယ်များအတွက် ဝန်ဆောင်မှုလုပ်ငန်းအားလုံး အကျုံးဝင်သည့် မူဘောင်တစ်ခုဖြစ်သည်ကို အထူးသတိပြု မှတ်သားသင့်ပါသည်။

၂၆။ ယေဘုယျအားဖြင့် အစိုးရသည် ECCD၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေးလုပ်ငန်းများအပါအဝင်ဖြစ်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်းကို အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုတွင် အခြေခံအစိတ်အပိုင်းတစ်ခုအဖြစ် အားဖြည့်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

# အခန်း (၂)
# ECCD အခြေအနေ လေ့လာသုံးသပ်ချက်



Photo by Myo Thame

# အခန်း (၂)

# ECCD အခြေအနေ လေ့လာသုံးသပ်ချက်

၂၇။ မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်ပေါကြွယ်ဝခြင်း၊ ပညာတတ်လူဦးရေများပြားခြင်း၊ အလုပ်ကြိုးစားလုပ်ကိုင်သူ များစွာရှိနေခြင်းတို့သည် ကောင်းသောအလားအလာများ ဖြစ်ပါသည်။ သို့သော် မကြာသေးမီနှစ်များကမူ လူမှုရေး၊ စီးပွားရေး နိမ့်ကျမှုများကို တွေ့ကြုံခဲ့ရပါသည်။ *အာဆီယံဒေသဆိုင်ရာစီမံကိန်းအစီအစဉ်မူဘောင်*[၂] အတွင်းက မြန်မာနိုင်ငံသည် ကောင်းမွန်သော အုပ်ချုပ်မှု (Good Governance) နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော အရေးကြီးသည့် အစပျိုးလုပ်ဆောင်မှုများကို ပြုလုပ်ခဲ့ပါသည်။ မြန်မြန်နှင့် ရေရှည်တိုးတက်ရန်အတွက် ကလေးသူငယ်များ၏ အခြေခံအုတ်မြစ်တည်ဆောက်သည့် အစောပိုင်းနှစ်ကာလများတွင် ကလေးများနှင့် မိသားစုများအတွက်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ရေးနှင့် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် စီစဉ်ထားပါသည်။

၂၈။ အနာဂတ်တွင် ၎င်းဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်စွာ စီမံဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ၏ လက်ရှိကလေးများနှင့် ၎င်းတို့မိသားစုများ၏အနေအထားနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ရန် အထူးလိုပါသည်။ သို့သော် နိုင်ငံလုံးဆိုင်ရာ ကလေးနှင့် မိသားစုများအတွက် လိုအပ်သောသတင်းအချက်အလက်ကိန်းဂဏန်းများ ပြည့်စုံစွာမရှိခြင်းသည် ECCD ဆိုင်ရာ အခြေအနေကို သုံးသပ်ရန် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ လက်ရှိ နိုင်ငံတော်အဆင့် စာရင်းဇယားများမှာ ဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီသူများအပေါ်တွင်သာ အခြေခံထားပြီး လူဦးရေပေါ်တွင် အခြေခံထားခြင်းမရှိသဖြင့် ဝန်ဆောင်မှုကို လက်လှမ်းမမီသောသူများ၏ အခြေအနေကို ဖော်ပြနိုင်ခြင်းမရှိပါ။ နိုင်ငံတော်အစိုးရသည် ထိရောက်သော နိုင်ငံလုံးဆိုင်ရာ စာရင်းအင်းစနစ်သစ်တစ်ခုကိုထူထောင်နိုင်ရန်နှင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၄–၂၀၁၅ တွင် ပြုလုပ်ရန် အထူးအားထုတ်နေပါသည်။ ထိုသို့ ဆောင်ရွက်ဆဲကာလတွင် ဆောင်ရွက်ပြီးဖြစ်သည့် လေ့လာသုံးသပ်မှုအမျိုးမျိုး၊ နိုင်ငံခေါင်းဆောင်များ၏ မိန့်ခွန်းများနှင့် အခြားစစ်တမ်းများ ဥပမာ ၂၀၀၃ ခုနှစ်၊ ၂၀၀၉–၂၀၁၀ ခုနှစ်တို့တွင် ဆောင်ရွက်ခဲ့သည့် "*မြန်မာနိုင်ငံ အုပ်စုအလိုက်ဘက်စုံအညွှန်းကိန်းများပြုစုခြင်းဆိုင်ရာ စစ်တမ်းကောက်ယူမှု*[၃] *(MICS)*"ကို ရည်ညွှန်းကိုးကားမှု ပြုကြရပါသည်။ MICS သည် နမူနာအုပ်စုရွေးချယ်မှုတွင် အားနည်းချက်အချို့ရှိနေသော်လည်း ကလေးနှင့် မိသားစုများနှင့်ပတ်သက်ပြီး အသုံးဝင်သော၊ အရေးကြီးသော အချက်အလက်များကို ဖော်ပြနေပါသည်။ သို့သော် MICS တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်

[၂] Framework of ASEAN Regional Planning

[၃] Multiple Indicator Cluster Survey

သည့် အချက်အလက် ညွှန်းကိန်းအချို့ မပါဝင်ခဲ့ပါ။ အထူးသဖြင့် ကလေးအလုပ်သမား၊ မိသားစုတွင်း အကြမ်းဖက်မှု၊ ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်မှု၊ လမ်းပေါ်ရောက်ကလေးသူငယ်များ၏အခြေအနေ စသည်တို့ မပါရှိခဲ့၍ မြန်မာနိုင်ငံ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအခြေအနေကို အသေးစိတ်တင်ပြနိုင်ခြင်း မရှိခဲ့ပါ။ MICSအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် UNESCO Institute of Statistics (UIS) စသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ စာရင်းအချက်အလက်များကိုလည်း ရည်ညွှန်းကိုးကား အသုံးပြုထားပါသည်။

၂၉။ ECCDနှင့်ပတ်သက်၍ ပြဿနာအခက်အခဲများနှင့် လိုအပ်ချက်များအပြင် နိုင်ငံတော်၏စွမ်းအားများ၊ အားသာချက်များ၊ ရပ်ရွာများ၏ ထိရောက်သောအစဉ်အလာအရ ကိုယ်ထူကိုယ်ထဆောင်ရွက်မှုများ၊ အရည်အသွေးရှိသော ECCDလုပ်ငန်းများ၊ ထူးချွန်ထက်မြက်သည့် လေ့ကျင့်ထားသော လူသားအရင်းအမြစ်များကိုလည်း ဖော်ထုတ်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် ECCD လုပ်ငန်းကို ဆောင်ရွက်နေသောအဖွဲ့အစည်း အများအပြား ရှိပါသည်။ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အဆင့်မြင့်တက္ကသိုလ်များနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများတို့ ဖြစ်ပါသည်။

၃၀။ သို့ရာတွင် ECCD လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာကွက်လပ်များကို ဖြည့်ပေးရန်လိုပါသည်။ ထိုသို့ ဖြည့်ဆည်းရန်အတွက် လိုအပ်သော လူသားအရင်းအမြစ်များရရှိရန် လုပ်ငန်းခွင်အကြိုသင်တန်းနှင့် လုပ်ငန်းခွင်သင်တန်းများကို ပြုလုပ်ရန်လိုအပ်ပါသည်။ ထိုကဲ့သို့သော ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန် ကျေးလက်နှင့် မြို့ပြဒေသများတွင် အရည်အသွေးမြင့်သော၊ ဘက်စုံလွှမ်းခြုံသော၊ စဉ်ဆက်မပြတ်သော၊ သက်ဆိုင်ရာဒေသများရှိ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ ဘာသာစကားများနှင့် ဆီလျော်သော ECCD ဝန်ဆောင်မှုများရရှိစေရန် ငွေကြေးရင်းနှီးမြှုပ်နှံမှု များစွာလိုပါမည်။

၃၁။ နောက်ဆုံးအနေဖြင့် ဤအခြေအနေသုံးသပ်ချက်သည် ECCD နှင့် ဆက်စပ်နေသောလက်ရှိ အပြည်ပြည်ဆိုင်ရာနှင့် အမျိုးသားမူဝါဒများ၊ အစီအစဉ်များ၊ ဥပဒေပြဋ္ဌာန်းချက်များကို သုံးသပ်လေ့လာဖော်ပြပါမည်။ ECCDနှင့်ပတ်သက်သော အခြေအနေ၊ အသေးစိတ်လေ့လာချက်ကိုမူ သီးသန့်ထုတ်ဝေပါမည် (UNICEF – ၂၀၁၂ ဘီ)။

## ၂.၁။ မြန်မာနိုင်ငံရှိ ကလေးများနှင့် မိဘများ၏အခြေအနေနှင့် လိုအပ်ချက်များ

### ၂.၁.၁။ ပညာရေး

၃၂။ မြန်မာနိုင်ငံတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အသက်အုပ်စုအလိုက် စစ်ဆေးတိုင်းတာထားမှုများ မရှိသေးပါ။ ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် ကာလအပိုင်းအခြားများဖြစ်သည့် ကိုးလမှ ၁၂ လသားအရွယ်၊ ၂၄ လမှ  လ ၃၀ သားအရွယ်၊ ၃၆ လမှ ၄၂ လသားအရွယ်နှင့် သူငယ်တန်းစတက်သော ငါးနှစ် သို့မဟုတ် ၆၀ လသားအရွယ်တို့၏ အခြေ

အနေကို သိရှိရန်နှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်းကို ကာကွယ်ရန် ကလေးသူငယ်များ၏ဖွံ့ဖြိုးမှုကို တစ်နိုင်ငံလုံးအတိုင်းအတာအရ တိုင်းတာစစ်ဆေးမှုပြုလုပ်ထားရန် လိုပါသည်။

၃၃။ မွေးစအရွယ်မှ ၃၆ လအရွယ်အသက်အပိုင်းအခြားသည် ကလေးဖွံ့ဖြိုးမှုတွင် အလွန်အရေးကြီးပြီး နောင်အနာဂတ်သင်ယူမှုများအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ သို့သော် လက်ရှိအခြေအနေတွင် ၎င်းအရွယ်ကလေးများထဲမှ ECCD အစီအစဉ်များကို လက်လှမ်းမီသူ အလွန်နည်းပါသည်။ ကလေးငယ်များနှင့် လမ်းလျှောက်တတ်ခါစကလေးများအတွက် လက်ရှိဝန်ဆောင်မှုပေးနေခြင်းများနှင့်ပတ်သက်၍ စုဆောင်းမှတ်တမ်းတင်ထားသော အချက်အလက်များ အလွန်နည်းပါသည်။ ၎င်းအရွယ်များအတွက် ဝန်ဆောင်မှုများမှာ အများအားဖြင့် မိခင်ဝိုင်းများ၊ မြို့ပေါ်ရှိ နေ့ကလေးထိန်းကျောင်းများ၊ သို့မဟုတ် မိဘအသိပညာပေးလုပ်ငန်းအစီအစဉ်ငယ်များ ဖြစ်ကြပါသည်။ အလွန်အရေးကြီးသော ဤအသက်အပိုင်းအခြားရှိ ကလေးများအတွက် ဝန်ဆောင်မှုပေးနေခြင်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ မရရှိသည့်အတွက်ကြောင့် ECCD လုပ်ငန်းများကို အလေးထားမှု မလျော့နည်းစေသင့်ပါ။ ပိုမို၍ပင် အလေးထား ဦးစားပေးဆောင်ရွက်သင့်ပါသည်။

၃၄။ သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများ၏ ၂၂.၉ ရာခိုင်နှုန်းခန့်သာ မူကြိုကျောင်းဝန်ဆောင်မှုကို လက်လှမ်းမီရရှိနေပါသည် (MICS–၂၀၁၁ ဘီ)။ ***မြန်မာနိုင်ငံရှိ ECCDအခြေအနေလေ့လာသုံးသပ်ချက်*** ၌ ၂၀၁၁ ခုနှစ်တွင် ကလေးဦးရေ (၂၅၈,၂၃၅)ဦးသည်သာ ECCD သို့မဟုတ် မူကြိုဝန်ဆောင်မှုရနေပါသည် (UNICEF–၂၀၁၂ဘီ)။ ယောကျ်ားလေး (၁၀၉,၇၄၃)ဦးနှင့် မိန်းကလေး (၉၅,၀၀၆)ဦးဖြစ်သဖြင့် ကျား၊မ ညီမျှမှု မရရှိသေးပါ (MICS–၂၀၁၂ ဘီ)။



Photo by Myo Thame

*ဘေးကင်းလုံခြုံမှုမရှိသောအခြေအနေရှိကလေးများ အန္တရာယ်ကင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် မူကြိုဝန်ဆောင်မှုလုပ်ငန်းများလိုအပ်သည်*

သို့သော်လည်း ၂၀၁၀ ပြည့်နှစ်တွင် ကျား၊မ ညီမျှမှုမှာ မူလတန်းအဆင့်တွင် (၁,၀၀) ရှိခဲ့ပါသည် (MDGအစီရင်ခံစာ–၂၀၁၂)။ ထို့အပြင် မူကြိုကျောင်းတက်မှုတွင် မြို့ပြနှင့် ကျေးလက်၊ နယ်စပ်ဒေသ၊ ဝေးလံဒေသများအကြားတွင် ကွာဟမှုများစွာရှိပါသည်။ မြန်မာနိုင်ငံတွင် မူကြိုကျောင်းတက်မှုနှုန်း နိမ့်ကျနေချိန် အာဆီယံဒေသ၌ ပျမ်းမျှမူကြိုကျောင်းတက်မှုနှုန်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ၅၇ ရာခိုင်နှုန်း ရှိနေပါသည် (UIS–၂၀၁၂)။

၃၅။ အသက် ငါးနှစ်ပြည့်ချိန်တွင် သူငယ်တန်းသို့မဝင်ရောက်မီ မူကြိုပညာရေးအတွေ့အကြုံကို တစ်နှစ် သို့မဟုတ် နှစ်နှစ်ရရှိသည့် ကလေးဦးရေ ပိုမိုများပြားလာရေးအတွက် တိုးချဲ့ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက ရည်မှန်းချက်ထားရှိပါသည်။ ဆင်းရဲနွမ်းပါးသောမြို့နယ် (၂၅)မြို့နယ်တွင် မူလတန်းအဆင့်သို့ဝင်ရောက်လာသော ကျောင်းသားများ၏ ၁၈ ရာခိုင်နှုန်းခန့်မှာ ECCD အတွေ့အကြုံရှိသည်ဟု အစီရင်ခံထားပါသည် (MDEF၂၀၀၇–၂၀၁၁)။ ထိုအချက်အလက်များက မူကြိုပညာရေး တိုးချဲ့ဆောင်ရွက်ရန်နှင့် ဘက်ပေါင်းစုံမှ လွှမ်းခြုံသော ECCD ဆိုင်ရာ သတင်းအချက်အလက် အခြေခံစနစ်တစ်ခု (ECCD သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်) ထူထောင်ရန်လိုအပ်ကြောင်း ထောက်ပြနေပါသည်။ မည်သို့ဆိုစေ လာမည့်နှစ်များအတွင်း မူကြိုပညာရေးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် မြန်မြန်ဆန်ဆန်တိုးချဲ့ရန် လိုပါသည်။ သို့မှသာ မူကြိုပညာရေးနှင့် ပတ်သက်သော မိဘများ၏ လိုလားချက်များကိုလည်း ဖြည့်တင်းနိုင်မည့်အပြင် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သော လူတိုင်းအတွက်မူကြိုပညာရေးကို ရရှိစေမည်ဖြစ်ပါသည်။

၃၆။ မူလတန်းကျောင်းနေနှုန်းကြမ်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ၁၂၆ ရာခိုင်နှုန်း (WB Database–၂၀၁၂) ရှိရာ ထိုအခြေအနေမှာ သက်လွန်နှင့် သက်ငယ်ကျောင်းသားများ များပြားစွာပါဝင်နေသည်ကို ဖော်ပြနေပါသည်။[၆] မူလတန်းပညာရေး စွမ်းဆောင်ရည်ပြည့်ဝမှု ထိရောက်မှုမရှိသည်မှာ သိသာထင်ရှားပါသည်။ ပုံမှန်အားဖြင့် ကလေးတစ်ဦး မူလတန်းကျောင်းပြီးဆုံးရန် ကြာမြင့်ရမည့်အချိန်ကာလမှာ ငါးနှစ်ခန့်မျှသာဖြစ်သော်လည်း ၂၀၀၇ ခုနှစ်တွင် သာမန်ကလေးတစ်ဦး မူလတန်းကျောင်းပြီးဆုံးရန်အတွက် (၉.၄)နှစ် ကြာနေပါသည် (UIS Website–၂၀၁၂)။ အတန်း ထပ်ကျော့နှုန်းမှာ ၁ ရာခိုင်နှုန်း ရှိပါသည် (UIS Website–၂၀၁၂)။ လက်တွေ့တွင် ထို့ထက်ပို၍ မြင့်မားမည်ဟု ယူဆရပါသည်။ ၂၀၀၈ ခုနှစ်အတွင်း သူငယ်တန်းမှစပြီး မူလတန်းပညာအဆင့်နောက်ဆုံးတန်းသို့တိုင်အောင် တက်ရောက်ပညာသင်ယူကြသောကျောင်းသားရာနှုန်းမှာ ကျား၊မ စုစုပေါင်း ၇၄.၈ ရာခိုင်နှုန်း ရှိပါသည်။ ၂၀၀၀ ပြည့်နှစ်က ၅၅.၂ ရာခိုင်နှုန်း သာရှိသဖြင့် တိုးတက်လာပါသည် (MDG အစီရင်ခံစာ–၂၀၀၈)။ ၂၀၀၉ ခုနှစ်တွင် စတုတ္ထတန်းသို့တိုင်အောင်သင်ကြားသော မိန်းကလေး ၇၇.၅ ရာခိုင်နှုန်း ရှိပြီး ယောကျ်ားလေးများမှာ ၇၂.၂ ရာခိုင်နှုန်း ရှိ၍ မိန်းကလေးက ပို၍များကြောင်း တွေ့ရှိရပါ သည်။ မူလတန်းမှ အလယ်တန်းဆင့်သို့ကူးပြောင်းနှုန်းမှာ ၇၇ ရာခိုင်နှုန်း ဖြစ်ပါသည် (UIS Website–၂၀၁၂)။ ကလေးသူငယ်များကို ကျောင်းတွင်းသင်ယူမှုတွင် အောင်မြင်နိုင်စေရန် လိုအပ်သော အခြေခံကောင်းများ တည်ဆောက်ပေးရန်နှင့် ယင်းအညွှန်းကိန်း

[၆] အသားတင် မူလတန်းကျောင်းဝင်နှုန်းနှင့်ပတ်သက်၍ အချက်အလက်များကို မရရှိခဲ့ပါ။

ရလဒ်များ တိုးတက်လာအောင် ကြိုးစားလုပ်ဆောင်ရန် များစွာလိုအပ်ပါသည်။ ယင်းလုပ်ဆောင်မှုများတွင် ငါးနှစ်အောက်ကလေး များအတွက် ECCDဝန်ဆောင်မှုများ လျင်မြန်စွာတိုးချဲ့နိုင်ရေးအတွက် နိုင်ငံတော်အဆင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုပါသည်။

၃၇။ ကလေးများအတွက် အိမ် သို့မဟုတ် မူကြိုကျောင်းမှ သူငယ်တန်းနှင့် မူလတန်းကျောင်းသို့ ကူးပြောင်းမှု လွယ်ကူအဆင်ပြေစေရန် စီမံဆောင်ရွက်ပေးရေးသည် အလွန်အရေးကြီးပါသည်။ နိုင်ငံများစွာ၏ သုတေသနပြုချက်များက ကလေးများ၏ အစောပိုင်းစာသင်နှစ်များတွင် စွမ်းဆောင်နိုင်မှုသည် နောက်ပိုင်းကာလအောင်မြင်မှုများအတွက် အကျိုးသက်ရောက်မှုရှိကြောင်း ထောက်ပြထားပါသည်။ ထို့ကြောင့် သူငယ်တန်းနှင့် အစောပိုင်းစာသင်နှစ်များအတွက် ပိုမိုအလေးထားစဉ်းစားဆောင်ရွက်သင့်ပါသည်။ ကျောင်းအုပ်ဆရာ၊ ဆရာမများနှင့် ဆရာ၊ ဆရာမတို့က ကလေးသူငယ်များကို ပံ့ပိုးကူညီပေးရန် အဆင်သင့်ဖြစ်စေခြင်း၊ တက်ကြွသောသင်ယူမှုနှင့် ကလေးများကို အကောင်းဆုံးသင်ပေးနိုင်ရန် အဆင်သင့်ဖြစ်စေခြင်းတို့ကို အလေးထားဆောင်ရွက်ရပါမည်။ သုတေသနတွေ့ရှိချက်များက ကလေးသူငယ်များ မူလတန်းကျောင်းသို့ တက်ရောက်ရာတွင် မိဘများ၏ပံ့ပိုးကူညီမှုက ကလေးများအတွက် အစကောင်းရုံမျှမက အောင်မြင်သော သင်ယူမှုရလဒ်များကိုပါ ရရှိစေကြောင်း သက်သေပြခဲ့ပါသည်။

၃၈။ မြန်မာနိုင်ငံရှိ အကူးအပြောင်းဆိုင်ရာ ကိုးစားလောက်သောအစီအစဉ်တစ်ခုကို ဆန်းစစ်လေ့လာသုံးသပ်မှု ပြုလုပ်ထားပါသည် (သိန်းလွင်–၂၀၁၁)။ ထိုအစီအစဉ်သည် ကလေးသူငယ်များကို ကျောင်းတက်ရန်အဆင်သင့် ဖြစ်စေသည်။ ကျောင်းကလည်း ကလေးများကို လက်ခံ၍ ပံ့ပိုးပေးနိုင်ရေး အဆင်သင့်ဖြစ်စေသည်။ ကလေးများ၏ ပညာသင်ယူမှုအတွက် ပံ့ပိုးပေးနိုင်ရန် ရပ်ရွာ



Photo by Myo Thame

*ကလေးများအားလုံး ဘက်စုံဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်ကြပါစို့*



Photo by Myo Thame

*သင်ကြားသင်ယူမှုအတွက် အဆင်သင့်ဖြစ်စေခြင်း*

လူထုကိုလည်း အဆင်သင့်ဖြစ်စေသည်။ ဤအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ရပ်ရွာလူထု၊ ကလေးသူငယ်များ၊ မိဘများနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် ကလေးငယ်၏ အကူးအပြောင်းကို ချောမွေ့စေခြင်း၊ ကျောင်းတွင်းရှိ သင်ကြားသင်ယူမှုဆိုင်ရာ အခက်အခဲ၊ ပြဿနာများ၊ ဆရာ၊ ဆရာမများ၏ စာသင်ခန်းစီမံအုပ်ချုပ်မှု၊ ပြုမူဆက်ဆံသည့်အလေ့အထများနှင့် သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲရာတွင် ထိရောက်စေခြင်းကို သက်သေပြရန် ဖြစ်ပါသည်။ ဤလေ့လာဆန်းစစ်မှုတွင် အတန်းတစ်ခုမှ တစ်ခုသို့ ကူးပြောင်းသင်ယူမှုတွင် စီမံချက်မတိုင်မီအခြေအနေထက် ပိုမိုကောင်းမွန်သည်။ မူလတန်းနောက်ဆုံးဆင့်ကို ပြီးဆုံးအောင် သင်ယူမှုနှုန်းမှာ ၈၀.၅ ရာခိုင်နှုန်း မှ ၈၈.၁ ရာခိုင်နှုန်းထိ တိုးတက်လာ သည်။ ဤစီမံချက်သည် ကျောင်းမဝင်မီ ECCD အတွေ့အကြုံမရခဲ့သေးသော ကလေးသူငယ်များ အတွက် ကလေးပျော် သင်ယူမှုပတ်ဝန်းကျင်ဖန်တီးရာတွင် ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ် သည်ကို တွေ့ရှိရပါ သည် (သိန်းလွင်–၂၀၁၁)။ ဤအစီအစဉ်ကို စီမံချက်မြို့နယ် (၂၅) မြို့နယ်ရှိ ကျောင်းပေါင်း (၁,၉၉၁)ကျောင်းနှင့် ပညာရေးကောလိပ်များတွင် လက်ရှိအသုံးပြုနေပါသည်။

၃၉။ ပညာရေးစွမ်းဆောင်ရည်အားနည်းမှု၊ အဟောသိကံဖြစ်မှုများ၏အကြောင်းရင်းတစ်ခုမှာ အရည်အသွေးပြည့်ဝသော ECCD ဝန်ဆောင်မှုများ လုံလောက်စွာမရှိခြင်း၊ နေ့ကလေးထိန်းကျောင်းများနှင့် မူကြိုပညာရေးစနစ်များမရှိခြင်းကြောင့်ဖြစ်ပါသည်။ ကလေးများအနက် အတော်အတန်ပုညက်ခြင်းနှင့် အလွန်အမင်းပုညက်ခြင်းရာနှုန်းမှာ အလွန်မြင့်မားပြီး ၃၅.၁ ရာခိုင်နှုန်းရှိပါသည် (WHO ၂၀၀၉–၂၀၁၀)။ ဤဖွံ့ဖြိုးမှုနှေးကွေးခြင်းသည် ပညာရေးအဟောသိကံဖြစ်စေပါသည်။ အခြားသုတေသနတွေ့ရှိချက်များအရ အတော်အတန်နှင့် ဆိုးရွားသော အာဟာရမပြည့်ဝခြင်းက ကလေးများတွင် ဖွံ့ဖြိုးမှုနှေးကွေးခြင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဖြစ်နိုင်ပါသည် (Walker et al- ၂၀၀၇)။ ထိုကလေးများသည် ၎င်းတို့လိုအပ်သော အာဟာရပြန်လည်ပျိုးထောင်ပေးမှုနှင့် မိဘ၏ကောင်းစွာပြုစုစောင့်ရှောက်မှုများမရရှိပါက ဘဝတစ်လျှောက်လုံး ဖွံ့ဖြိုးမှုနှေးကွေးပြီး သင်ယူမှုတွင်လည်း အားနည်းလာနိုင်ခြေများပါသည်။ စောစီးစွာ ကျောင်းထွက်ရမှုကိုလည်း ဖြစ်စေ ပါလိမ့်မည်။ ယင်းသို့ဖြစ်ခြင်းသည် လူမှုအဖွဲ့အစည်းအတွက် ကုန်ကျစရိတ်မြင့်မားစေပါမည်။ အရည်အသွေးရှိသည့် မူကြိုပညာရေးကို အနည်းဆုံးနှစ်နှစ် ရရှိခဲ့သော ကလေးများသည် ထိုကဲ့သို့သော အခွင့်အရေးမရရှိခဲ့သည့်ကလေးများထက် ကျောင်းတွင် ပိုမိုလေ့လာသင်ယူနိုင်ကြောင်း သုတေသနများစွာက ထောက်ပြထားပါသည်။

## ၂.၁.၂။ ကျန်းမာရေး

၄၀။ ကျန်းမာရေးဝန်ကြီးဌာနသည် ***လူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှု*** (Universal Health Care) ရည်မှန်းချက်ပြည့်မီစေရန် မူဝါဒများ ချမှတ်ဆောင်ရွက်နေပါသည်။ ယခင်က ရရှိခဲ့သော ဘတ်ဂျက်အနည်းငယ်၊ ပြင်ပအကူအညီအနည်းငယ်ဖြင့်ပင် သိသာသောတိုးတက်မှုများ ရရှိခဲ့ပါသည်။ မြန်မာလူမျိုးတို့၏ပျမ်းမျှသက်တမ်းမှာ တဖြည်းဖြည်းချင်းတိုးနေပါသည်။ ၂၀၀၉ ခုနှစ်စာရင်းတွင် (၆၅.၅)နှစ် ဖြစ်ပါသည်။ သို့သော် ယင်းသည်ပင်လျှင် အခြားအရှေ့တောင် အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက နိမ့်ကျနေပါသေးသည်။ အရှေ့တောင်အာရှဒေသ၏ ပျမ်းမျှသက်တမ်းမှာ (၇၂)နှစ် ဖြစ်ပါသည် (MoH–၂၀၁၂အေ)။

၄၁။ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးအစီရင်ခံစာတွင်ဖော်ပြထားသော ဗဟိုစာရင်းရုံးမှ ပေးပို့ သည့် အချက်အလက်များအရ မြို့ပြတွင်မွေးသော (မွေးစမှ တစ်နှစ်အတွင်း) ကလေးများ၏ သေနှုန်းသည် ၁၉၉၉ ခုနှစ်၌ ကလေးအရှင်မွေး ၁,၀၀၀ လျှင် ၅၅.၁ မှ၂၀၀၉ ခုနှစ်တွင် ၂၅.၇ သို့ လည်းကောင်း၊ ကျေးလက်တွင်မွေးသော (မွေးစမှ တစ်နှစ်အတွင်း) ကလေးသေနှုန်းသည် ၁၉၉၉ ခုနှစ်တွင် ၆၂.၅ မှ ၂၀၀၉ ခုနှစ်တွင် ၂၇.၈ သို့လည်းကောင်း လျော့ချနိုင်ခဲ့ပါသည် (MoH–၂၀၁၂အေ)။ MICS တွေ့ရှိချက်အရ ကလေး၁,၀၀၀ အရှင်မွေးရာတွင် တစ်နှစ်အောက်ကလေး (၃၇.၅)ဦး သေဆုံးသဖြင့် ပို၍နည်းသောအခြေအနေကို ဖော်ပြနေပါသည် (MICSအစီရင်ခံစာ–၂၀၁၁ဘီ)။ သို့သော် တစ်ချိန်တည်းမှာပင် ကျေးလက်တွင် တစ်နှစ်အောက်ကလေး သေဆုံးမှုမှာ ကလေး ၁,၀၀၀ အရှင်မွေးလျှင် (၄၆.၁)ဦး သေဆုံးနေပါသည်။ တစ်နှစ်အောက်ကလေး သေဆုံးမှု ရာခိုင်နှုန်း လျော့နည်းလာသည့်သဘောကို တွေ့ရသော်လည်း လက်ရှိတွင် သေဆုံးမှုမြင့်မားဆဲပင် ဖြစ်ပါသည်။ ဤသို့ သေဆုံးမှုမြင့်မားရခြင်းမှာ အကြောင်းရင်းများစွာရှိပါသည်။ အထူးသဖြင့် ကျေးလက်ဒေသ၌ ဝမ်းပျက်ဝမ်းလျှောမှု၊ အခြားဖျားနာမှု၊ မွေးဖွားပြီးနောက် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု အချိန်မီ မရရှိမှုတို့ ပါဝင်ပါသည်။ MICSအစီရင်ခံစာအရ မိခင်များ အား လူတွေ့မေးမြန်းမှုမတိုင်မီ နှစ်ပတ်အချိန်အတွင်း၌ ငါးနှစ်အောက်ကလေးများ ဝမ်းပျက်ဝမ်း လျှောမှုနှုန်းမှာ ၆.၇ ရာခိုင်နှုန်း ရှိပါသည် (MICS–အစီရင်ခံစာ ၂၀၁၁ ဘီ)။ မကြာသေးမီ ကာလများအတွင်းတွင် ဖြစ်ပွားမှုမြင့်တက်လာသည်ဟု သိရသည် (MICS - အစီရင်ခံစာ ၂၀၁၁ ဘီ)။

၄၂။ မြန်မာနိုင်ငံသည် ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းလျော့ကျခြင်းကို သိသာစွာ ဆောင် ရွက်နိုင်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်က အရှင်မွေးကလေး ၁,၀၀၀ တွင် ငါးနှစ်အောက်ကလေး သေဆုံးမှု (၇၇.၇၇)ဦးရှိရာမှ ၂၀၀၉ ခုနှစ်တွင် (၃၆.၅၃)ဦးသို့ လျော့ချနိုင်ခဲ့ပါသည် (MoH–၂၀၁၂အေ)။ MICS အစီရင်ခံစာအရ အရှင်မွေးကလေး ၁,၀၀၀တွင် ငါးနှစ်အောက်ကလေး သေဆုံးမှုမှာ (၄၆.၁)ဦး ရှိသော်လည်း ဆင်းရဲလွန်းသောအိမ်ထောင်စုများတွင်မှ (၆၂.၄)ဦး ရှိနေပါသည် (MICS–၂၀၁၁ဘီ)။ သေဆုံးမှုအများစုမှာ မွေးပြီးပထမနှစ်အတွင်း ဖြစ်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသောမိသားစုများနှင့် ကျေးလက်ဒေသများတွင် မွေးဖွားပြီးကာလ ကလေးများ

သေနှုန်းကို သိသိသာသာ မလျှော့ချနိုင်သရွေ့ ကလေးသူငယ်သေနှုန်းမှာလည်း စိုးရိမ်ဖွယ် မြင့်မား နေမည်သာဖြစ်ပါသည်။

၄၃။ ဆယ်ကျော်သက်မိခင် မွေးဖွားမှုနှုန်း (Adolescent Birth rate)မှာ ၂၀၀၁ ခုနှစ်စာရင်းအရ အမျိုးသမီး ၁,၀၀၀ တွင် (၁၇.၄)ဦးရှိရာမှ ၂၀၀၇ ခုနှစ်တွင် (၁၆.၉)ဦးအထိ လျော့ကျခဲ့ပါသည် (မျိုးဆက်ပွားနိုင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း ၂၀၀၉)။ ယင်းအခြေအနေသည် ကလေး ငယ်များနှင့် ကလေးများ သေဆုံးမှုနှုန်းကျဆင်းရေးကို အထောက်အကူပြုနိုင်ဖွယ်ရှိပါသည်။

၄၄။ ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စွမ်းနှင့်ပတ်သက်၍ လွှမ်းခြုံ နိုင်မှုကို လေ့လာရာတွင်၂၀၀၅ ခုနှစ်တွင် ကိုယ်ဝန်ဆောင်များအနက် ၆၃.၁ ရာခိုင်နှုန်းမှာ ကျန်း မာရေး စောင့်ရှောက်မှုဌာနသို့ အနည်းဆုံးတစ်ကြိမ်လာရောက်ခဲ့သူများဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ၇၄.၃ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပါသည် (MoH HMIS -၂၀၁၁)။ (၄)ကြိမ်စလုံး အပြည့်အဝ စောင့်ရှောက်မှုခံယူခဲ့သည့် ကိုယ်ဝန်ဆောင်မိခင်များ၏ ရာခိုင်နှုန်းမှာ ၇၃.၄ ရာခိုင်နှုန်း ရှိပါသည် (MoIP - ၂၀၀၉)။ ကိုယ်ဝန်ဆောင်မိခင်တိုင်း ကျန်းမာရေးဌာနသို့ လေးကြိမ်လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရရှိကြစေရန် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းကို တိုးချဲ့ရန် လိုပါသည်။



Photo by Myo Thame

*ကျန်းမာသောကလေးများမွေးဖွားနိုင်ရန် ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အရေးကြီးသည်*

၄၅။ HMIS၏ ၂၀၁၁ ခုနှစ် အစီရင်ခံစာအရ ကလေးမွေးဖွားသောအခါ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများ၏အကူအညီဖြင့် မွေးဖွားခဲ့ကြသော မိခင်များ၏ ရာခိုင်နှုန်းသည် ၂၀၀၅ ခုနှစ်တွင် ၅၇.၉ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၁ ခုနှစ်တွင် ၆၇.၁ ရာခိုင်နှုန်းသို့ တိုးတက်လာသည်ဟု သိရပါသည်။ ယင်းအချက်က မြန်မာနိုင်ငံရှိ ကျန်းမာရေးဌာနများတွင် လေ့ကျင့်ထားသော ကျွမ်းကျင်သည့်ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ ခန့်ထားရန် အမြန်လိုအပ်နေကြောင်း ဖော်ပြနေ ပါသည်။



Photo by Myo Thame

*ကိုယ်ဝန်ဆောင်မိခင်များအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ*

၄၆။ မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် မိခင်သေဆုံးနှုန်းမှာ အရှင်မွေး (၁၀၀,၀၀၀)တွင် (၅၂၀) (UN ခန့်မှန်းချက် ၂၀၀၈) ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် မိခင်သေဆုံးမှုနှုန်းသည် အရှင်မွေး (၁၀၀,၀၀၀) တွင် (၂၀၀)ရှိသည် (UN ခန့်မှန်းချက် ၂၀၁၀)ဟု ဖော်ပြထားပါသည်။ သို့ဖြစ်၍ မိခင်သေဆုံးမှုလျော့ကျရေးအတွက် ကြိုးစားမှုများစွာကို ပြုလုပ်ခဲ့ပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို တိုးချဲ့ ဆောင်ရွက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်အားလုံးအတွက် ပညာပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ မွေးဖွားရန်ကြိုတင်ပြင်ဆင်ခြင်း၊ မိဘများကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစု စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးခြင်းဆိုင်ရာအသိပညာပေးခြင်းစသည့်လုပ်ငန်းများဆောင်ရွက်ခြင်းတို့ဖြင့် မိခင်သေဆုံးမှုနှုန်းနှင့် တစ်နှစ်အောက်ကလေးသေဆုံးမှုကို အလျင်အမြန်ကျဆင်းလာစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄၇။ တစ်နှစ်အောက်ကလေးများတွင် ကာကွယ်ဆေးလွှမ်းခြုံမှုနှင့်ပတ်သက်၍ ၂၀၁၀ ခုနှစ်တွင် ၈၈ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၈၈ ရာခိုင်နှုန်း နှင့် ၂၀၁၂ ခုနှစ်တွင် ၈၄ ရာခိုင်နှုန်း အသီးသီး ရရှိခဲ့၍ လွှမ်းခြုံမှု ကောင်းမွန်ခဲ့ပါသည်။ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)ဖြင့် အသက်ကိုးလမှ ငါးနှစ်အရွယ်ကလေး ၉၇.၅ ရာခိုင်နှုန်း ဝက်သက်ရောဂါကာကွယ်ဆေး လွှမ်းခြုံနိုင်ခဲ့ပါသည်။ မိခင်နှင့် ကလေးများအား ကာကွယ်ဆေးလွှမ်းခြုံမှု ဆက်လက်ထိန်းသိမ်းနိုင်ရန် လက်ရှိထိုးနှံလျက်ရှိသော ကာကွယ်ဆေးများ စဉ်ဆက်မပြတ်ရရှိရေးအတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် ထားရှိပါသည်။ ထို့အပြင် တိုးတက်ပြောင်းလဲလျက်ရှိသော ကမ္ဘာ့နိုင်ငံများနှင့် တန်းတူဖြစ်စေရန်လည်းကောင်း၊ ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများမှ ကလေးအားလုံး ကာကွယ်ပြီးဖြစ်စေရန်လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာနက

လိုအပ်သည့်ကာကွယ်ဆေးအသစ်များအား နှစ်စဉ် ထည့်သွင်းထိုးနှံနိုင်ရန် စီမံချက်ထားရှိပါသည် (MoH–၂၀၁၂အေ၊ MoH –၂၀၁၂စီ)။

၄၈။ မြန်မာနိုင်ငံတွင် ကလေးကျန်းမာရေးအတွက် ငှက်ဖျားရောဂါသည် အဓိကအန္တရာယ်တစ်ခု ဖြစ်နေပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် အသက်အရွယ်စုံ ငှက်ဖျားရောဂါရရှိခံစားကြရသူမှာ လူ(၁,၀၀၀) လျှင် (၁၁.၇)ဦး ရှိပါသည်။ ထိုအရေအတွက်တွင် အသက်ငါးနှစ်အောက်ကလေး (၁၁) ရာခိုင်နှုန်း ပါဝင်သည် (MoH–၂၀၁၁ စီ)။ ၂၀၁၁ ခုနှစ်တွင် ငှက်ဖျားရောဂါဖြင့် သေဆုံးသူ ဦးရေမှာ လူ (၁၀၀,၀၀၀)တွင် (၁.၂)ဦး ရှိပါသည်။ ထိုမြင့်မားသောသေနှုန်းနှင့် ရောဂါဝေဒနာ ခံစားရမှုများသည် ကလေးငယ်များနှင့် ကလေးများအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်ပါသည်။ ကလေးသူငယ်များသည် ငှက်ဖျားရောဂါကြောင့် တစ်သက်တာလုံး ကျန်းမာရေးပြဿနာ ကြုံနိုင်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဆေးယဉ်ပါးသောငှက်ဖျားရောဂါများလည်း ဖြစ်နေသည့်အတွက် အထူးစိုးရိမ်စရာဖြစ်ပါသည် (MoH –၂၀၁၂အေ)။




*ကလေးရောဂါမိခင်ပါကျန်းမာရေး ဆေးစိမ်ခြင်ထောင်သုံးစွဲပေး*

၄၉။ ၂၀၁၀ ပြည့်နှစ်တွင် အဆုတ်ရောဂါဝေဒနာခံစားရမှုမှာ လူ (၁၀၀,၀၀၀)လျှင် (၂၇၉)ဦး ရှိနေသည့်အတွက် အဆုတ်ရောဂါသည်လည်း အဓိကအန္တရာယ်တစ်ခုဖြစ်နေပါသေးသည် (MoH –၂၀၁၂အေ)။ အဆုတ်ရောဂါကြောင့် သေဆုံးမှုနှင့် ရောဂါဝေဒနာခံစားရမှုကို ၂၀၁၅ ခုနှစ်တွင် ၁၉၉၀ ပြည့်နှစ်ကရှိခဲ့သောအခြေအနေ၏ ထက်ဝက်သို့လျှော့ချရန် ကျန်းမာရေးဝန်ကြီးဌာနက နည်းလမ်းများရှာနေပါသည်။ ကလေးငယ်များတွင် အဆုတ်ရောဂါဖြစ်မှုနှင့်ပတ်သက်၍ အချက်အလက် မရရှိခဲ့ပါ။

၅၀။ အသက် ၁၅ မှ ၄၉ နှစ်ကြား HIV ပိုးကူးစက်ခံထားရသောသူ၊ AIDS ရောဂါရသူ (PLHA) လူဦးရေမှာ ၂၀၀၉ ခုနှစ်က ၀.၆၀ ရာခိုင်နှုန်း ရှိသည့်အတွက် ၁၉၉၀ ပြည့်နှစ်က ရှိနေသော ၀.၂၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် တိုးတက်များပြားလာခြင်းဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်၌ ရှိနေသည့် ၀.၈၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါလျှင် လျော့နည်းသွားခြင်းဖြစ်ပါသည် (MDG အစီရင်ခံစာ–၂၀၁၂)။ ယင်း AIDS ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၂၀၀၈ ခုနှစ်တွင် (၁၉,၀၀၀)ဦးနှင့် ၂၀၀၉ ခုနှစ်တွင် (၁၈,၀၀၀)ဦးဖြစ်ပါသည် (MDG အစီရင်ခံစာ–၂၀၁၂)။ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ၏ ကျန်းမာရေးအစီရင်ခံစာတွင် HIV ရောဂါကြောင့် သေဆုံးရသည့်ဦးရေမှာ သေဆုံးမှု စုစုပေါင်း၏ (၇.၀) ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံထားပါသည်။ သို့သော် HIV ရောဂါရှိနေသူများတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးဦးရေမှာ တစ် ရာခိုင်နှုန်းထက်ပင် နည်းပါးပါသည် (MoH–၂၀၁၂အေ)။ မြန်မာနိုင်ငံတွင် ဤရောဂါဖြစ်ပွားမှုမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် သိသာစွာနည်းသော်လည်း မိခင်၊ ဖခင်လောင်းများနှင့် HIV ရောဂါခံစားနေရသူ သို့မဟုတ် HIV ရောဂါ၏ အကျိုးဆက်ခံစားနေရသူကလေးများအတွက် ကာကွယ်ရေးနှင့် ကုသစောင့်ရှောက်မှုလုပ်ငန်းအစီအစဉ်များကို လာမည့်နှစ်များတွင် တိုးမြှင့်ဆောင်ရွက်ရန် အလွန်လိုအပ်ပါမည်။ ဤအစီအစဉ်မှာ အလွန်အရေးကြီးလှပါသည်။ အထူးသဖြင့် အသက် ၁၅ မှ ၄၅ နှစ်အတွင်း အိမ်ထောင်ရှင်အမျိုးသမီးများ၏ ၄၁ ရာခိုင်နှုန်း ကသာ ၂၀၀၇ ခုနှစ်တွင် သန္ဓေတားနည်း (မည်သည့်နည်းမဆို)ကို သုံးစွဲသဖြင့် သုံးစွဲမှုအလွန်နည်းပါသည်။ သို့သော် ယင်းနှုန်းသည် ၁၉၉၁ ခုနှစ်က အသုံးပြုနှုန်း ၁၆.၈ ရာခိုင်နှုန်းထက် တိုးတက်လာပါသည် (MDG အစီရင်ခံစာ–၂၀၁၂)။

၅၁။ စိုးရိမ်ပူပန်စရာအချက်တစ်ခုမှာ ၂၀၁၀ ပြည့်နှစ်တွင်အသက် ၁၅ နှစ် မှ ၂၄ နှစ်ကြား အမျိုးသမီးများအနက် ၃၁.၈ ရာခိုင်နှုန်း ကသာ HIV/AIDS နှင့်ပတ်သက်ပြီး မှန်ကန်ပြည့်စုံသော၊ အသိပညာရှိသည်ဆိုသောအချက် ဖြစ်ပါသည် (UN-MDG အစီရင်ခံစာ–၂၀၁၂)။ HIV ကူးစက်ခံရပြီး ရောဂါရင့်နေသူများအနက် ၂၄ ရာခိုင်နှုန်းသည်သာ ၂၀၁၀ ပြည့်နှစ်အတွင်း၌ လိုအပ်သော ကုသမှု (Anti-retroviral therapy) ရရှိနေသည်ဟု ခန့်မှန်းကြပါသည် (MDG အစီရင်ခံစာ–၂၀၁၂)။ သို့သော် မိခင်မှကလေးသို့ကူးစက်မှုကို လျှော့ချနိုင်ရန်အတွက် HIV ရောဂါရှိသူကိုယ်ဝန်ဆောင်အမျိုးသမီးများထဲမှ anti-retroviral ဆေးဝါးရရှိကြသူမှာ ၂၀၀၉ ခုနှစ်တွင် ၉၅ ရာခိုင်နှုန်း ရှိပါသည် (MDG အစီရင်ခံစာ–၂၀၁၂)။ ၎င်းတို့၏ မွေးစအရွယ်ကလေးငယ်များအတွက် ဂရုတစိုက်စောင့်ကြပ်ကုသစောင့်ရှောက်ပေးမှု၊ ARV ကုသပေးမှု၊ မိခင်နို့တိုက်ကျွေးမှု၊ ကလေးများ ကောင်းစွာဖွံ့ဖြိုးရန်အတွက် လုံလောက်သောလူ့ဆော်မှုများ ရရှိကြစေရန် ကလေးများကို ငယ်ရွယ်စဉ်တွင် စစ်ဆေးကြည့်မှု၊ ပံ့ပိုးမှု (ECI) ပြုလုပ်ရန် လိုအပ်ပါသည်။

၅၂။ အရေးကြီးဆုံးမှာ မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးမြှင့်တင်ရေးနှင့် တိုးချဲ့ရေးကို အထူးအာရုံစိုက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ မြို့နယ်အဆင့်နှင့် ကျေးလက်ဒေသအဆင့်တွင် အထူးအလေးပေးဆောင်ရွက်ရပါမည်။ ကာကွယ်ဆေးတိုက်ကျွေးထိုးနှံခြင်း သို့မဟုတ် အရေးကြီးသည့် အဏုအာဟာရ (Micronutrients) များ ဖြည့်ဆည်းပေးခြင်းတို့ကို

တစ်ကြိမ်တစ်ခါတည်း လူထုလှုပ်ရှားမှုအသွင်ဖြင့်ပြုလုပ်ခြင်းမျိုးထက် စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုမျိုးအဖြစ် ဆောင်ရွက်ပေးရန်လိုပါသည်။ ထိုသို့ ပြည့်စုံပြီး စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများကိုပေးနိုင်ရန် နိုင်ငံတော်ဘတ်ဂျက်မှ အချိုးတော်တော်များများ သုံးစွဲသင့်ပါသည်။ ဤသို့အားဖြင့် တိုးချဲ့ကာကွယ်ဆေးစီမံချက်၏ ၂၀၁၂–၂၀၁၆ ရည်မှန်းချက်များ ပြည့်ဝအောင် အစွမ်းကုန်ဆောင်ရွက်နိုင်ပါမည် (MoH –၂၀၁၂စီ)။ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်များတွင် ၎င်းတို့လိုအပ်ချက်နှင့်အညီ ၎င်းတို့ကိုယ်တိုင် ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ တိုးမြှင့်ရေးဆွဲရန်လည်း လိုအပ်ပါသည်။

## ၂.၁.၃။ အာဟာရ



Photo by Myo Thame

*အဏုအာဟာရကျွေးမွေးခြင်းဖြင့် အာဟာရချို့တဲ့မှု လျော့နည်းပပျောက်စေခြင်း*

၅၃။ ၂၀၀၉ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် မွေးဖွားစတွင် ကိုယ်အလေးချိန်မပြည့်သော ကလေး (ကိုယ်အလေးချိန် ၂,၅၀၀ ဂရမ်အောက်) မွေးဖွားမှုနှုန်းမှာ ၇.၉ ရာခိုင်နှုန်းသာ ဖြစ်ပြီး (NNC –၂၀၀၉) MICS ၂၀၁၀ အစီရင်ခံစာအရ ၈.၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ ထိုစာရင်းဇယားများ၌ အိမ်တွင်မွေးဖွားသော ကလေးများ မပါဝင်ပါ။ ထိုသို့ အိမ်တွင်မွေးဖွားသောကလေးများတွင်လည်း ကိုယ်အလေးချိန်လျော့နည်းနိုင်သော အလားအလာများစွာရှိပါသည်။ မွေးဖွားစတွင် ကိုယ်အလေးချိန်မပြည့်သောကလေးများနှင့် လမစေ့မီမွေးသောကလေးများအတွက် တစ်ဦးချင်း အထူးဂရုတစိုက် စစ်ဆေးစောင့်ရှောက်မှုများလိုအပ်ပါသည်။ သို့မှသာ ပုံမှန်ကိုယ်အလေးချိန်နှင့် ပုံမှန်ဖွံ့ဖြိုးမှုအဆင့်သို့ အမြန်ဆုံးပြန်ရောက်လာနိုင်မည် ဖြစ်ပါသည်။

၅၄။ မြန်မာနိုင်ငံတွင် ကလေးများအာဟာရမပြည့်ဝမှုနှုန်းမှာ မြင့်ပါသည်။ ၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း အသက် တစ်နှစ် မှ လေးနှစ်အရွယ်ကလေးများ အာဟာရမပြည့်ဝမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ လေ့လာချက်ရလဒ်များကို တစ်ဖက်ပါဇယားတွင် ဖော်ပြပါသည် (WHO Website-၂၀၁၂)[၅]။

[၅]ရှမ်း(တောင်)မှလွဲ၍ ပျမ်းမျှအဝလွန်မှုနှုန်း (၂.၆ ရာခိုင်နှုန်း) (WHO Website – ၂၀၁၂)




*အာဟာရပြည့်ဝစေခြင်းဖြင့် သင်ယူတတ်မြောက်မှုနှင့် ဖွံ့ဖြိုးမှုကို မြှင့်တင်ခြင်း*

**ကလေးများအာဟာရမပြည့်ဝခြင်း**

| ဇရိယာ | ကျား/မ | အသက် | နမူနာဦးရေ | ကိုယ်အလေးချိန် /အသက် | | အရပ်/အသက် | | ကိုယ်အလေးချိန်/အရပ် | |
|---|---|---|---|---|---|---|---|---|---|
| | | | | -3SD | -2SD | -3SD | -2SD | -3SD | -2SD |
| တစ်နိုင်ငံလုံး | | ၀–၅ | ၁၅၄၃၀ | ၅.၆ | ၂၂.၆ | ၁၂.၇ | ၃၅.၁ | ၂.၁ | ၇.၉ |
| မြို့ပြ | | ၀–၅ | ၄၅၄၅ | ၃.၇ | ၁၈.၇ | ၈.၁ | ၂၇.၂ | ၁.၈ | ၇.၆ |
| ကျေးလက် | | ၀–၅ | ၁၀၈၈၅ | ၆.၄ | ၂၄.၂ | ၁၄.၆ | ၃၈.၄ | ၂.၃ | ၈.၁ |
| | ကျား | ၀–၅ | ၇၉၂၃ | ၅.၆ | ၂၃.၀ | ၁၃.၂ | ၃၆.၇ | ၂.၄ | ၈.၇ |
| | မ | ၀–၅ | ၇၅၀၇ | ၅.၆ | ၂၂.၁ | ၁၂.၁ | ၃၃.၄ | ၁.၉ | ၇.၁ |

၅၅။ မြန်မာနိုင်ငံရှိကလေးများ အထူးသဖြင့် ကျေးလက်ဒေသနှင့် ယောကျ်ားလေးများတွင် အသက်အရွယ်အလိုက်ရှိသင့်သည့်အရပ်အမောင်း မရှိခြင်းအခြေအနေသည် ရေရှည်တွင် လူ့စွမ်းရည်နှင့် ထုတ်လုပ်နိုင်မှုစွမ်းအားကို ထိခိုက်ကျဆင်းစေပါသည်။ ကလေးသူငယ်ဘ၀ အစောပိုင်းလများနှင့် နှစ်များတွင် ကလေးနှင့်မိဘများကိုပါ အာဟာရပြည့်ဝရေး ပြန်လည်ပြုစုပျိုးထောင်ပေးခြင်းနှင့် တစ်ဦးချင်းအလိုက် လိုအပ်သောစောင့်ရှောက်ကုသမှုကို လုံလောက်ပြည့်ဝစွာပေးခြင်းတို့ကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ပါက အရပ်အမောင်း ပြန်လည်ဖွံ့ဖြိုးလာစေနိုင်ပါသည်။

၅၆။ MICS ၂၀၀၉–၂၀၁၀ အရ ကလေးမွေးဖွားပြီးတစ်နာရီအတွင်း မိခင်နို့တိုက်ကျွေးမှုမှာ ၇၅.၈ ရာခိုင်နှုန်း ရှိပါသည်။ သို့သော် ပထမ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသော နှုန်းမှာ ၂၃.၆ ရာခိုင်နှုန်း သာရှိပါသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထား

ပါသည် (WHO–၂၀၁၂)။မိခင်နို့ကို ၁၂ လမှ ၁၅ လအထိ ဆက်လက်တိုက်နှုန်းမှာ ၉၁ ရာခိုင်နှုန်း ရှိပြီး၊ လ ၂၀ မှ ၂၃ လအထိ ဆက်လက်တိုက်ကျွေးနှုန်းမှာ ၆၅.၄ ရာခိုင်နှုန်း ရှိပါသည်။ ၂၀၀၃ ခုနှစ်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ခဲ့သောကလေးများ၏ ၆၅ ရာခိုင်နှုန်းမှာ မိခင်နို့ ဆက်တိုက်ကျွေးခြင်းနှင့် ဓာတ်ဆားရည်တိုက်ပြီး ကုသမှုများ ရရှိခဲ့ပါသည်။ ကလေးများ၏အသက်များကို ကယ်တင်ရန် ဤနှုန်းများကို အလျင်အမြန် မြှင့်တင်ရန် လိုပါသည်။ မွေးဖွားပြီးတစ်နာရီအတွင်း ကလေးကို မိခင်နို့တိုက်ကျွေးရေး၊ ပထမ(၆)လ အထိ မိခင်နို့တစ်မျိုးတည်းကိုသာတိုက်ကျွေးရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်း သင့်ပါသည်။ အထူးသဖြင့် ရေကောင်းရေသန့် မရရှိနိုင်သော ကျေးလက်နေမိခင်များအတွက် ပိုမိုအလေးထားဆောင်ရွက်သင့်ပါသည်။

၅၇။ အဏုအာဟာရ (Micronutrients) နှင့်ပတ်သက်၍ ကလေးနှင့်မိခင်များတွင် သွေးအားနည်းမှု၊ မူကြိုကလေးများတွင် ဗီတာမင်အေချို့တဲ့မှု၊ အိုင်အိုဒင်းချို့တဲ့မှုအခြေအနေများကို မသိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အစီရင်ခံထားပါသည်။ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ပြုလုပ်သော အဏုအာဟာရများအကြောင်းလေ့လာမှုအရ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌ ဗီတာမင်အေချို့တဲ့မှု နှင့်ယှဉ်တွဲပြီး ကြက်မျက်သင့်ရောဂါ (nightblindness) ဖြစ်မှုသည် ၂၀၀၅ ခုနှစ်တွင် ၁.၁ ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြထားပါသည် (ဇင်၊ ၂၀၀၅)။ ထို့အပြင် ၂၀၀၆ ခုနှစ်တွင် အသက်ခြောက်နှစ်မှ ၁၁နှစ်အရွယ်ရှိကလေးများတွင် အိုင်အိုဒင်းရရှိမှုနှုန်းမှာ လုံလောက်သည်ကို တွေ့ရသည် (နိုင်–၂၀၀၆)။ ၂၀၀၇–၂၀၀၈ ခုနှစ်တွင် အိမ်ထောင်စုများ၏ အိုင်အိုဒင်းပါသောဆားစားသုံးမှုမှာ လုံလောက်မှုရှိပြီး တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၉၃ ရာခိုင်နှုန်း ရှိပါသည် (UNICEF Childinfo – ၂၀၁၀)။ ၂၀၀၇ ခုနှစ်တွင် ခြောက်လမှ ၅၉ လအရွယ် ကလေးများ၏ ၉၄ ရာခိုင်နှုန်း မှာ ဗီတာမင်အေ ဖြည့်စွက်တိုက်ကျွေးမှုကို ပထမအကြိမ်ရရှိပြီး ဒုတိယအကြိမ်ရရှိမှုမှာ ၉၃ ရာခိုင်နှုန်း ရှိပါသည် (UNICEF Childinfo – ၂၀၀၇)။ သွေးအားနည်းခြင်းနှင့်ပတ်သက်၍ ၂၀၀၃ ခုနှစ်တွင် ကိုယ်ဝန်ဆောင်မိခင်များ၏ ၇၁ ရာခိုင်နှုန်းမှာ သွေးအားနည်းသည်ကို တွေ့ရှိရပါသည်။ ၂၀၀၅ ခုနှစ် စာရင်းအရ ငါးနှစ်အောက်ကလေးများ၏ ၇၅ ရာခိုင်နှုန်းသည် သွေးအားနည်းသည်ကို တွေ့ရှိရပါသည် (MoH –၂၀၁၂အေ)။ သွေးအားနည်းခြင်းသည် ကလေးမွေးဖွားခြင်း၌ ရလဒ်ဆိုးများ ဖြစ်ပေါ်စေခြင်း၊ ကလေးများ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ မသန်စွမ်းမှုဖြစ်ခြင်းများကို ဖြစ်စေတတ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် သွေးအားနည်းသူများကို တိုက်ကျွေးသည့် Iron-folate ဖြည့်စွက်အားဆေးများကို ကိုယ်ဝန်ဆောင်မိခင်များနှင့် ပျိုဖော်ဝင်မိန်းကလေးများအား တိုက်ကျွေးသည်ကို တင်ပြထားပါသည်။ သို့သော် ကလေးငယ်များအား တိုက်ကျွေးမှုနှင့်ပတ်သက်၍ အစီရင်ခံထားမှု မရှိသေးပါ။ ကျန်းမာရေးဝန်ကြီးဌာနသည် အဏုအာဟာရများ ဖြည့်ဆည်းပေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ဗီတာမင် $B_1$ ချို့တဲ့ခြင်းသည် တစ်နှစ်အောက် ကလေးသေဆုံးမှုဖြစ်ရခြင်း၏ ပဥ္စမအကြောင်းရင်းဖြစ်ပြီး ဖြစ်ပွားနှုန်းမှာ ၇.၁ ရာခိုင်နှုန်း ရှိပါသည် (MoH –၂၀၁၂အေ)။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ကိုယ်ဝန်ဆောင်မိခင်များကို မမွေးဖွားမီ တစ်လနှင့်

မွေးဖွားပြီး သုံးလအထိ ဗီတာမင် $B_1$ ဖြည့်စွက်ဆေးများ တိုက်ကျွေးပြီး Beri Beri (ဗီတာမင် $B_1$ ချို့တဲ့ခြင်း)ရောဂါခံစားရသောကလေးများကို ဗီတာမင် $B_1$ ဆေးထိုးပေးခြင်းဖြင့် ကုသပေးပါသည်။

## ၂.၁.၄။ ပတ်ဝန်းကျင်သန့်ရှင်းရေး[၆]

၅၈။ မြန်မာနိုင်ငံတွင် ရေအရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး တိုးတက်ကောင်းမွန်လာစေရေးတို့အတွက် ဆောင်ရွက်ရာတွင် သိသာသောတိုးတက်မှုများ ရှိပါသည်။ ၁၉၉၀ ပြည့်နှစ်က လူဦးရေ၏ ၃၂ ရာခိုင်နှုန်း ကသာ သန့်ရှင်းသော သောက်သုံးရေကို အသုံးပြုခဲ့ကြပါသည်။ ၁၉၉၁ ခုနှစ်တွင် လူဦးရေ ၃၉ ရာခိုင်နှုန်းသည် ယင်လုံအိမ်သာ များကို အသုံးပြုကြပါသည် (JMP အစီရင်ခံစာ ၁၉၉၁)။ ၂၀၀၉ ခုနှစ်တွင် ကျေးလက်လူဦးရေ ၂၂.၄ ရာခိုင်နှုန်းသည် သန့်ရှင်းသောသောက်သုံးရေအရင်းအမြစ်ကို လက်လှမ်းမမီကြသေးပါ (MICS-၂၀၀၉)။ လူဦးရေ၏ ၈၄.၆ ရာခိုင်နှုန်းသည် ယင်လုံ အိမ်သာများသုံးစွဲကြပြီး ၈၂.၃ ရာခိုင်နှုန်းသည် သန့်ရှင်းသောသောက်သုံးရေကို ရရှိကြပါသည်။၂၀၀၉ ခုနှစ်တွင် ကျေးလက်လူဦးရေ၏ ၇၇.၆ ရာခိုင်နှုန်းနှင့် မြို့ပြလူဦးရေ၏ ၉၃.၂ ရာခိုင်နှုန်းတို့သည် သန့်ရှင်းသောသောက်သုံးရေအရင်းအမြစ်ကို အသုံးပြုခဲ့ကြပါသည်။ ကျေးလက်လူဦးရေ၏ ၈၀.၄ ရာခိုင်နှုန်း နှင့် မြို့ပြလူဦးရေ၏ ၉၄.၄ ရာခိုင်နှုန်း တို့သည် သန့်ရှင်းသော ယင်လုံ အိမ်သာများကို အသုံးပြုခဲ့ကြပါသည် (MICS –၂၀၀၉)။

၅၉။ သို့သော် တင်ပြခဲ့သောကိန်းဂဏန်းများသည် မသန့်ရှင်းသောရေအရင်းအမြစ်များနှင့် မသန့်ရှင်းသောရေအသုံးပြုမှုများ၊ စနစ်တကျဆောက်လုပ်ထိန်းသိမ်းထားခြင်းမရှိသော အိမ်သာများနှင့် အခြားသော အညစ်အကြေးစွန့်ပစ်ရေးဆိုင်ရာကိစ္စများ အထူးသဖြင့် ကျေးလက်ဒေသတွင် ရေကန်နှင့် မြစ်ချောင်းများအနီးတွင် စွန့်ပစ်ခြင်း စသည့်အခြေအနေများနှင့် ကွာခြားနေပါသည်။ ထိုသို့သော ပတ်ဝန်းကျင်သန့်ရှင်းမှုချို့တဲ့ခြင်းသည် ကလေးများတွင် ဖြစ်တတ်သော ဝမ်းလျှောခြင်း၊ သန်ကောင်နှင့် အခြားကပ်ပါးပိုးများကြောင့်ဖြစ်သောရောဂါများကို ဖြစ်စေပါသည်။ MICS ၂၀၀၃ စစ်တမ်းနှင့် ၂၀၁၀ စစ်တမ်းကို နှိုင်းယှဉ်လေ့လာရာတွင် ငါးနှစ်အောက်ကလေးတွင် ဝမ်းလျှောခြင်း ဖြစ်ပွားမှုနှုန်းမှာ ခုနစ်နှစ်အတွင်း ၆၀ ရာခိုင်နှုန်း ပို၍များလာသည်ကို တွေ့ရပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သောအလေ့အကျင့်များကို လိုက်နာကျင့်သုံးရန်၊ အညစ်အကြေးများ စနစ်တကျစွန့်ပစ်ရန်နှင့် ရေအရည်အသွေးပြည့်ဝမှုနှင့် အန္တရာယ်ကင်းမှုရှိစေရန်တို့အတွက် မိဘအသိပညာပေးလုပ်ငန်းများနှင့် လူထုအခြေပြု ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါသည်။ မူလတန်းအဆင့် ကျောင်းသင်ရိုးညွှန်းတမ်းတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာသင်ခန်းစာများပါဝင်ရမည်ဖြစ်ပြီး ကျောင်းများတွင် ကလေးသူငယ်များနှင့် သင့်လျော်သည့် ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ စီမံမှုများ ပြုလုပ်ပေးထားရပါမည် (UNICEF ၂၀၁၁ စီ၊ ၂၀၁၁ အီး)။

[၆] ဤမူဝါဒတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးဟုဆိုရာတွင် ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို ဆိုလိုပါသည်။

## ၂.၁.၅။ မသန်စွမ်းမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်းများ

၆၀။ မကြာမီကပြုလုပ်ခဲ့သောလေ့လာမှုအရ ငါးနှစ်အောက်ကလေး (၆၈,၅၂၂) ဦးမှာ မသန်စွမ်းသူများ ဖြစ်ပါသည် (MoSWRR၂၀၁၀ဘီ)။ မည်သည့်နိုင်ငံတွင်မဆို မသန်စွမ်းသော ကလေးအားလုံးကို ရှာဖွေဖော်ထုတ်ရန်မှာ အလွန်ခက်ခဲသဖြင့် ဤအရေအတွက်သည် အမှန်တကယ်ရှိဦးရေထက် လျော့နည်းနေသည်မှာ သံသယဖြစ်စရာမရှိပေ။ မြန်မာနိုင်ငံတွင် ကလေးအာဟာရချို့တဲ့နှုန်းမြင့်မားမှု၊ ရောဂါဘယဖြစ်ပွားနှုန်းမြင့်မားမှု၊ မိခင်များ ကိုယ်ဝန်ဆောင်ကာလနှင့် မွေးဖွားစဉ်ကာလတွင် ပြုစုစောင့်ရှောက်မှုအားနည်းမှုများအပေါ် အခြေခံလျှင် နို့စို့အရွယ်ကလေးငယ်များနှင့် (၁၄)နှစ်အောက်ကလေးများတွင် မသန်စွမ်းမှုမှာ တစ်ကမ္ဘာလုံး ပျမ်းမျှကလေးသူငယ်မသန်စွမ်းမှုနှုန်းဖြစ်သည့် ၅ ရာခိုင်နှုန်း ထက် ပိုနိုင်ခြေရှိပါသည် (WHO –၂၀၀၈ ဘီ)။ မြန်မာနိုင်ငံရှိ ကလေးများ၏ ၅ ရာခိုင်နှုန်း တွင် မသန်စွမ်းမှုရှိခဲ့မည်ဆိုပါက ထိုအရေအတွက်သည် ကလေး လေးသိန်း နီးပါးမျှရှိမည် ဖြစ်ပါမည်။

၆၁။ မြန်မာနိုင်ငံတွင် တစ်နှစ်အောက်ကလေးများအပါအဝင် ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုနှေးကွေးခြင်းဆိုင်ရာအခြေအနေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လေ့လာဆန်းစစ်မှု မပြုလုပ်ရသေး၍ ဆန်းစစ်မှုပြုလုပ်ရန် လိုအပ်နေပါသည်။ သို့ဖြစ်၍ကလေးများ အတော်အသင့်မှ ဆိုးရွားစွာအရပ်ပုခြင်းနှုန်း ၃၅.၁ ရာခိုင်နှုန်း (WHO၂၀၀၉–၂၀၁၂)ကို ဖွံ့ဖြိုးမှုနောက်ကျခြင်းအခြေအနေပြအညွှန်း ကိန်းတစ်ခုအဖြစ် အစားထိုးယူဆနိုင်ပါသည် (Grantham McGregor etal, ၂၀၀၇)။ အရပ်ပုသော ကလေးတိုင်းတွင် အများအားဖြင့် ဖွံ့ဖြိုးမှုနောက်ကျခြင်းတစ်မျိုး၊ သို့မဟုတ် တစ်မျိုးထက်ပို၍ ဖြစ်လေ့ရှိပါသည်။ ထိုအချက်ကို ထည့်သွင်းတွက်ချက်လိုက်လျှင် မြန်မာနိုင်ငံရှိ ကလေးငယ်များ၏ မသန်စွမ်းမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျမှုနှုန်းသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်း ရှိနိုင်ပါသည်။ ထိုကလေးများ ပုံမှန်ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ ဖွံ့ဖြိုးမှုနောက်ကျခြင်းကို စောစီးစွာသိရှိပြီး၊ တစ်ဦးချင်းစီအတွက် စနစ်တကျ ပံ့ပိုးကူညီမှုများ Early Childhood Intervention (ECI) ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၆၂။ လက်ရှိတွင် မသန်စွမ်းကလေးအနည်းငယ်သာ ECCD ဝန်ဆောင်မှုများကို ရနေပါသည်။ သို့သော် တစ်ဦးချင်းအတွက် စနစ်တကျပံ့ပိုးကူညီသော ဝန်ဆောင်မှု (ECI) များကို မည်သူမျှ မရရှိခဲ့ကြပါ။ ထိုဝန်ဆောင်မှုများရှိခဲ့ပါလျှင် ထိုကလေးများအဖို့ အရေးကြီးသောအစောပိုင်းကာလ မွေးစအရွယ်မှ ၃၆ လအတွင်း ဖွံ့ဖြိုးမှုကို များစွာတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ပေးနိုင်ပါသည်။ The Leprosy Mission International (Myanmar) ကလည်း မသန်စွမ်းကလေးများအတွက် ဝန်ဆောင်မှုများကို ပြုလုပ်ပေးနေပါသည်။ ၎င်းတို့အဖွဲ့အစည်းအနေဖြင့် ၂၀၁၀–၂၀၁၁ ခုနှစ်အတွင်း အသက် တစ်နှစ်အရွယ်မှ (၁၈)နှစ်အကြား မသန်စွမ်းသောကလေးဦးရေ (၁,၉၇၈)ဦးကိုသာ ဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့အနက် (၉၇၇)ဦးသာလျှင် လိုအပ်သောဝန်ဆောင်ပေးမှုများ ရရှိခဲ့သည်ဟု အစီရင်ခံထားပါသည်။ ထိုကလေးများအနက် ၁၅ ရာခိုင်နှုန်းသာလျှင် ကျောင်းပညာရေးကို လက်လှမ်းမီပါသည် (၂၀၁၁ခုနှစ်)။ မြန်မာနိုင်ငံရှိကလေးများ၏သုံးပုံတစ်ပုံကျော်၏

ဖွံ့ဖြိုးမှုအတွက် ဖွံ့ဖြိုးမှုနောက်ကျသော ကလေးများနှင့် မသန်စွမ်းသောကလေးများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ရန် လိုနေပါသည်။

## ၂.၁.၆။ မွေးစာရင်းမှတ်ပုံတင်ခြင်း

၆၃။ မွေးစာရင်းမှတ်ပုံတင်ခြင်းသည် သိသာစွာနည်းနေပါသည်။ ရာခိုင်နှုန်းအားဖြင့် ၇၂.၄ ရာခိုင်နှုန်းသာရှိပါသည်။ မြို့ပြတွင် ၉၃.၅ ရာခိုင်နှုန်း ရှိ၍ ကျေးလက်တွင် ၆၃.၅ ရာခိုင်နှုန်း ရှိပြီး အထူးသဖြင့် ဝေးလံခေါင်းပါးသောဒေသများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသများတွင် နိမ့်ကျပါသည် (MICS၂၀၁၁ ဘီ)။ မွေးစာရင်းမှတ်ပုံတင်မှုနှုန်းတိုးအောင် ကြိုးစားဆောင်ရွက်လျက်ရှိနေပါသည်။ သို့သော် ထပ်မံဆောင်ရွက်စရာများ ရှိနေပါသေးသည်။ မိဘများကို အသိပညာပေးခြင်း၊ လုပ်နည်းလုပ်ဟန်အသစ်များဖော်ထုတ်ခြင်းနှင့် မွေးစာရင်းမှတ်ပုံတင်မှုကို လက်လှမ်းမီရန် ပြုပြင်ဆောင်ရွက်မှုများပြုလုပ်ပေးရန် လိုပါမည်။ အထူးသဖြင့် မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ အခကြေးငွေတောင်းခံမှုမပြုခြင်းတို့ဖြင့် မွေးဖွားသောကလေးတိုင်း မှတ်ပုံတင်ခွင့်ရရှိရေးကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ၂.၁.၇။ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး

၆၄။ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှုကို ဦးတည်လုပ်ဆောင်မှုများရှိသော်လည်း ကလေးများစွာတို့မှာ လုံလောက်သောကာကွယ်စောင့်ရှောက်မှု မရရှိခဲ့ကြပါ။ လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသောကလေးများ၊ ပြစ်မှုကျူးလွန်သောမိဘနှင့်အတူ အကျဉ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဌာနထဲတွင် နေထိုင်ရသောကလေးများ၊ အကြမ်းဖက်မှု

Photo by Myo Thame



*ကလေးများအားလုံး ပညာသင်ခွင့်ရရှိရန် မိသားစုပံ့ပိုးမှုအစီအစဉ်များ မြှင့်တင်ရန်အရေးကြီးသည်*

ခံကြရသောကလေး၊ လွဲမှားစွာပြုကျင့်ခံနေရသော၊ အတင်းအကြပ်အလုပ်ခိုင်းစေခြင်းခံနေရသော ကလေးအလုပ်သမားများနှင့်ပတ်သက်သောအချက်အလက်များမှာ ပြည့်စုံမှုမရှိသေးပေ။ ထိုသို့သော ကလေးအများစုကို သတိပြုမိခြင်းမရှိကြဘဲ လိုအပ်သောနှစ်သိမ့်ဆွေးနွေးအကြံပြုမှု၊ သို့မဟုတ် ထောက်ပံ့မှုမှာလည်း အလွန်နည်းပါးပါသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု အစပျိုးအစီအစဉ်အပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည် (UNICEF–၂၀၁၁အေ)။

၆၅။ ၂၀၀၈–၂၀၀၉ ခုနှစ်မှစ၍ လူမှုဝန်ထမ်းဦးစီးဌာနသည် မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများကို အားဖြည့်ဆောင်ရွက်နေပါသည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ သက်ဆိုင်ရာသို့ရည်ညွှန်းပေးပို့သောစနစ်တို့ကိုလည်း ထူထောင်ထားပါသည်။ ကလေးသူငယ်အခွင့်အရေးများ၊ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေး၊ ကလေးများအား လွဲမှားစွာပြုကျင့်မှုများမဖြစ်အောင် တားဆီးကာကွယ်ရေးနှင့် မြို့နယ်အဆင့် ဆောင်ရွက်ပေးနိုင်သောကိစ္စများကို ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူလူထုကို အသိအမြင်ဖွင့်ပေးရန် အထောက်အကူပြုအဖွဲ့(၃၀၀)ကျော်ကို ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ထို့အပြင် အမျိုးသားအဆင့် ခုခံအားကျဆင်းမှု ကာကွယ်ရေးမဟာဗျူဟာအစီအစဉ် (၂၀၁၁–၂၀၁၅)တွင်လည်း ကလေးများကို ကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာကို ထည့်သွင်းထားပါသည် (MoH–၂၀၁၀အေ)။

၆၆။ ကာကွယ်စောင့်ရှောက်မှုအလိုအပ်ဆုံးဖြစ်သောကလေးများတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဂေဟာနှင့် သင်တန်းကျောင်းများရှိကလေးများလည်း အကျုံးဝင်ပါသည်။ ၂၀၁၃ ခုနှစ်တွင် တရားဝင်မှတ်ပုံတင်ထားသော သင်တန်းကျောင်း (၁၀)ကျောင်းနှင့် ဂေဟာ (၂၁၇)ခုတွင် ကလေးဦးရေ (၁၈,၁၁၃)ဦးရှိပြီး (MoSWRR–၂၀၁၃) ထိုထက်ပိုများသောကလေးများမှာ တရားဝင်မှတ်ပုံတင်မထားသောဂေဟာများတွင် ရှိနေပါသည်။ မှတ်ပုံတင်ထားသောသင်တန်းကျောင်းနှင့် ဂေဟာများတွင် မွေးစအရွယ်မှ ငါးနှစ်အရွယ်အထိ ကလေးဦးရေ(၆၀၃)ဦးရှိရာ ထိုနှုန်းမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် မမြင့်မားပေ။ မွေးစအရွယ်မှ (၃၆)လအတွင်း သင်တန်းကျောင်းနှင့် ဂေဟာများတွင်ထားသောကလေးများသည် ဖွံ့ဖြိုးမှုနောက်ကျကြောင်း သုတေသနများက ထောက်ပြထားပါသည်။ ထို့ကြောင့် ကမ္ဘာ့လူမှုအဖွဲ့အစည်းက ကလေးများကို မိသားစုနှင့်အတူ ပြုစုစောင့်ရှောက်ထားရှိမှုကို အားပေးပြီး သင်တန်းကျောင်း၊ ဂေဟာများတွင် ထားရှိမှုကို တားမြစ်ကြပါသည်။

၆၇။ ဤကလေးများအနက် အများစု (၇၂.၇ ရာခိုင်နှုန်း)မှာ လူမှုရေးအခြေအနေအရ မိဘမဲ့ဖြစ်နေသူများ ဖြစ်ကြပါသည်။ အချို့မှာ မိဘနှစ်ဦးစလုံး၊ သို့မဟုတ် တစ်ဦးမှာ အသက်ရှင်နေထိုင်လျက်ရှိပါသည် (MoSWRR–၂၀၁၁အေ)။ သင်တန်းကျောင်းနှင့် ပြုစုစောင့်ရှောက်သောဂေဟာ

များတွင် ကလေးများကို စောင့်ရှောက်မှုနှုန်းမှာ မြင့်မားလျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးခြင်းကြောင့်သော်လည်းကောင်း၊ သားသမီးတို့ အစာရေစာ ဝလင်စွာစားသောက်ရစေရန်နှင့် ပညာသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေလိုသောဆန္ဒကြောင့်သော်လည်းကောင်း မိဘများကိုယ်တိုင်က သင်တန်းကျောင်းနှင့် ဂေဟာများသို့ပို့လွှတ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားပါသည်။ ဆင်းရဲနွမ်းပါးသောမိဘများအား အခြေအနေပေါ်မှာမူတည်၍ သင့်တင့်သော ငွေကြေးထောက်ပံ့မှုများပေးခြင်းဖြင့် မိဘများက သားသမီးများကို ၎င်းတို့နှင့်အတူထား၍ စောင့်ရှောက်ပေးနိုင်ပါမည်။ ထိုအစီအစဉ်ကို ဆောင်ရွက်နိုင်လျှင် နိုင်ငံတော်အစိုးရအတွက် စုစုပေါင်းကုန်ကျစရိတ်သက်သာ နိုင်ပါမည်။ အကြောင်းမှာ သင်တန်းကျောင်း၊ ဂေဟာများတွင်ထားခြင်းသည် မိသားစုဘဝ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းနှင့် မိသားစုများအား ထောက်ပံ့ခြင်းလုပ်ငန်းများထက် စရိတ် ပိုကုန်ကျသောကြောင့်ဖြစ်ပါသည်။

## ၂.၂ ။ ECCD ဆိုင်ရာအရင်းအမြစ်များ

### ၂.၂.၁။ ECCD ဆိုင်ရာ ဝန်ဆောင်မှုများနှင့် အဖွဲ့အစည်းဌာနများ

၆၈။ ကဏ္ဍအားလုံးတွင် မြို့ပြနှင့် ကျေးလက်လူထုအကြား ကွာခြားမှု၊ တိုင်းဒေသကြီးများနှင့်ပြည်နယ်များအကြား ကွာခြားမှု၊ တိုင်းရင်းသားလူမျိုးစုများအကြားနှင့် ကျား၊မ အရ ကွာခြားမှုစသည်ဖြင့် ကွာခြားမှုများစွာ တွေ့ရှိရပါသည်။ အလွန်ဆင်းရဲမှု၊ မတည်ငြိမ်မှုများရှိသည့် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ နယ်စပ်ဒေသများ၌ ECCD ဆိုင်ရာဝန်ဆောင်မှု အနိမ့်ဆုံး ဖြစ်ပါသည်။ သို့သော် တစ်နိုင်ငံလုံးနှင့်ခြုံ၍ ပျမ်းမျှဝန်ဆောင်မှုပေးနှုန်းများကို တင်ပြသောအခါ ယင်းကွဲပြားခြားနားမှုများမှာ ပေါ်လွင်မှုမရှိဘဲ တိမ်မြုပ်သွားရပါသည်။



Photo by Myo Thame

*သင်္ချာအခြေခံနားလည်မှုအစ မူကြိုက*

၆၉။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနတို့သည် ECCD နှင့် မူကြိုပညာရေးဝန်ဆောင်မှုများကို ပြုလုပ်ပေးနေပါသည်။ ယင်း ဝန်ဆောင်မှုများသည် လက်ရှိအနေအထားတွင် တစ်ခုနှင့်တစ်ခု ထပ်နေခြင်းမရှိဘဲ အပြန်အလှန် အထောက်အကူပြုနေကြပါသည်။ သို့သော် ကောင်းစွာစီမံပေါင်းစပ်ညှိနိုင်းမှု မရှိပါက ရေရှည်တွင် မလိုလားအပ်သော ဝန်ဆောင်မှုထပ်တူဖြစ်နေခြင်းများ ဖြစ်လာနိုင်ပါသည်။ ထိုကဏ္ဍတစ်ခုချင်းရှိ ECCD အစီအစဉ်များ၏ အားသာချက်ပေါ်တွင်အခြေခံ၍ ထိုဝန်ဆောင်မှုနှစ်မျိုးစလုံးကို များစွာ တိုးချဲ့ရန် လိုအပ်ပါသည်။

၇၀။ မြန်မာနိုင်ငံတွင်ရှိသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု အဖွဲ့ အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိကျွမ်းကျင်သူအဖွဲ့များနှင့် ဖောင်ဒေးရှင်းများ တို့က ဆောင်ရွက်ပေးနေသော ECCD ဆိုင်ရာဝန်ဆောင်မှုများနှင့်ပတ်သက်၍ အသေးစိတ်အချက် အလက်များကို မြန်မာနိုင်ငံ ECCD အခြေအနေလေ့လာသုံးသပ်ချက်တွင် ဖော်ပြထားပါသည် (UNICEF–၂၀၁၂ဘီ)။ ဤအဖွဲ့အစည်းများ၏ပါဝင်ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် အခြေခံကျပြီး အရေးပါပါသည်။ ECCD ဆိုင်ရာဝန်ဆောင်မှုများ ပေးရာတွင် ယင်းအဖွဲ့များ၏အခန်းကဏ္ဍမှာ ဆက်လက်အရေးပါနေမည်ဖြစ်ပြီး အချိန်နှင့်အမျှ ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

## သုံးနှစ်အရွယ်မှ လေးနှစ်၊ ငါးနှစ်အရွယ်ကလေးများအတွက် မူကြိုပညာရေးနှင့် နေ့ကလေးထိန်းဌာနများ

၇၁။ လက်ရှိအခြေအနေတွင် လူမှုဝန်ထမ်းဦးစီးဌာနသည် မိခင်ဝိုင်းများ အာဟာရဖြည့်ဆည်း ပေးရေးလုပ်ငန်းနှင့် မူကြိုလုပ်ငန်းတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သတ်မှတ်နယ်မြေ များတွင် အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်ပေးလျက်ရှိနေပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ရပ်ရွာအဆင့်အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်း များနှင့် လက်တွဲဆောင်ရွက်နေပါသည်။ လက်ရှိအခြေအနေတွင် လူမှုဝန်ထမ်းဦးစီးဌာန၏ လွှမ်းခြုံ မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် (MoSWRR–၂၀၁၃)။

*လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်လှစ်ထားရှိမှုမှာ–*

(က) မူလတန်းကြိုကျောင်း (လူဦးရေ ၃၅၀ ဆံ့) – ၂၀ ကျောင်း

(ခ) မူလတန်းကြိုကျောင်း (လူဦးရေ ၁၀၀ ဆံ့) – ၄၆ ကျောင်း

*ရပ်ရွာအဆင့်အဖွဲ့အစည်း၊အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဘာသာရေးအခြေပြု အဖွဲ့အစည်းများက ဖွင့်လှစ်ထားရှိမှုမှာ–*

(က) ရပ်ရွာအခြေပြု မူလတန်းကြိုကျောင်းပေါင်း – ၆၄၇၇ ကျောင်း

(ခ) လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့မှုရရှိနေသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း[၇] – ၈၅၀ ကျောင်း

## ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ

၇၂။ ပညာရေးဝန်ကြီးဌာနသည် အချို့မူလတန်းကျောင်းများတွင် မူကြိုတန်းများကို တွဲဖက်ဖွင့်လှစ် ခဲ့ပါသည်။ ECCD အခြေအနေလေ့လာသုံးသပ်ချက်အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည့် မြို့နယ် ၁၅ ခုတွင် ၂၀၁၂ ခုနှစ်ကပြုလုပ်ခဲ့သော အခြေခံလေ့လာမှုအရ ကျောင်းအခြေပြု ECCD မူကြိုကျောင်း(၁၈၁)ခု၏ အရည်အသွေးဆိုင်ရာအခြေအနေကို အောက်တွင်ဖော်ပြထားပါသည် (UNICEF–၂၀၁၂ဘီ)။ ယင်းတွေ့ရှိချက်အရ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန် လိုအပ်နေသောဇာတိန်ခေါ်မှုများကို ညွှန်းပြနေပါသည်–

(က) အဓိကအရည်အသွေးအညွှန်းကိန်း ၁၅ ခုကို ပြည့်မီသောကျောင်းမှာ ၂ ရာခိုင်နှုန်းသာ ရှိပါသည်၊

(ခ) ၅၄ ရာခိုင်နှုန်းမှာ အရေးပေါ်အာရုံစိုက်ကြီးကြပ်မှုပေးရမည့်အနေအထား ရှိနေပါသည်၊

(ဂ) ယင်းကျောင်းများရှိ ECCD ဆရာ (၃၁၀)ဦးအနက် (၇၅)ဦး (၂၄ ရာခိုင်နှုန်း)မှာ သင်တန်း မတက်ရောက်ရသေးပါ၊

(ဃ) မူကြိုကျောင်းများအနက် သုံးပုံ တစ်ပုံထက် လျော့သောအရေအတွက်၊ တစ်နည်းအားဖြင့် (၃၁ ရာခိုင်နှုန်း)တွင်သာ လုံလောက်သောကလေးကစားစရာများရှိပါသည်၊

(င) ဆရာ ငါးဦးလျှင် တစ်ဦးသာလျှင် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မှတ်တမ်းတင်ထား ရှိပါသည်၊

(စ) ကျေးရွာများအနက် တစ်ဝက်ခန့် (၅၁ ရာခိုင်နှုန်း)တွင် မိဘများပါဝင်မှုကို တွေ့ရှိရပါသည်၊

(ဆ) မိခင်ဝိုင်း ငါးခုလျှင် သုံးခုအောက်၊ တစ်နည်းအားဖြင့် (၅၆ ရာခိုင်နှုန်း)ကသာလျှင် တက်ကြွစွာ လုပ်ငန်းဆောင်ရွက်နေပါသည်။

ဤလေ့လာချက်ရလဒ်များသည် ကျောင်းအခြေပြုမူကြိုတန်းများတွင် ပြုပြင်စရာများများစွာ ရှိနေသည်ကို ဖော်ပြနေပါသည်။

[၇] တာဝန်ခံနှင့် ဆရာမလစာ ပံ့ပိုးမှု

၇၃။ ထို့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအချို့တွင်လည်း မူကြိုပညာရေးဝန်ဆောင်မှုများ ပါဝင်ပါသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ကလေးသူငယ်များအတွက် သင်ကြားမှုနှင့်ပတ်သက်၍ သင်ခန်းစာ၊ သင်ကြားနည်းနှင့် သင်ကြားမှုရလဒ်များနှင့်ပတ်သက်၍ လေ့လာမှုပြုရန် လိုနေပါသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ကလေးသူငယ်များ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်လှုပ်ရှားမှုနှင့် လူမှုဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှုများကို အာရုံစိုက်၍ လေ့လာရန်လိုပါသည်။

၇၄။ ပညာရေးနှင့်ပတ်သက်၍ ရှေ့ပိုင်းတွင်တင်ပြခဲ့သည့်အတိုင်း မူလတန်းပညာရေးသည် စွမ်းရည်ပြည့်မှုနှုန်းထားများ နိမ့်ကျနေသည်ကို တွေ့ရပါသည်။ ယင်းသို့ဖြစ်ရသည့်အကြောင်းများ အနက် တစ်ခုမှာ အရည်အသွေးပြည့်ဝသော ECCD နှင့် မူကြိုပညာရေးဝန်ဆောင်မှုများ အလုံအလောက်မရှိခဲ့သောကြောင့် ဖြစ်ပါသည်။ ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်သော မြန်မာနိုင်ငံ၏ တတိယနှင့် စတုတ္ထအကြိမ်အစီရင်ခံစာအပေါ် နောက်ဆုံးတွေ့ရှိအကြံပြုချက်များ[၈] တွင် ဖြည့်ဆည်းရန်လိုအပ်သောအခြေအနေများနှင့်ပတ်သက်၍ မူလတန်းကျောင်းနေနှုန်း နိမ့်ခြင်း၊ မြန်မာနိုင်ငံ ပညာရေးစနစ်၏ အစောပိုင်းကာလ၌ ကျောင်းသားများ အတန်းထပ်ကျော့နှုန်းနှင့် ကျောင်းထွက် နှုန်းမြင့်မားခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ပညာရေးကိုလက်လှမ်းမီမှု ကွာခြားခြင်း၊ အခမဲ့ပညာရေးဟုဆိုသော်လည်း မိသားစုများကပေးဆောင်နေရသည့် သွယ်ဝိုက်ကုန်ကျစရိတ်များရှိခြင်း၊ ဆရာများလစာနည်းခြင်း၊ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသော နေရာဒေသများ နှင့် ကျေးလက်ဒေသများတွင် ဆရာများနှင့် ကျောင်းများ လုံလောက်မှုမရှိခြင်း၊ မြန်မာဘာသာစကားမှလွဲ၍ အခြားဘာသာစကားဖြင့် သင်ကြားပေးမှုမရှိခြင်းစသည်တို့ကို ထောက်ပြထားပါသည် (UN -၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ရက်)။

## ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ

၇၅။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လျင်မြန်စွာ တိုးချဲ့ဆောင်ရွက်နေသော်လည်း (အထူးသဖြင့် ကျေးလက်နှင့် ဝေးလံဒေသများရှိ) ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးအချို့သည် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကိုရရှိရန် လိုအပ်နေပါသေးသည်။ တိုင်းရင်းသားမျိုးနွယ်စုများနှင့် တိုင်းရင်းသားဘာသာစကားပြောသောလူနည်းစုများသည် ကျန်းမာရေးဝန်ဆောင်မှုရရှိမှု နည်းပါးပါသည်။ ထို့ကြောင့် အမျိုးသားပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ကို တိုးချဲ့ရန် အလွန်လိုအပ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်သော မြန်မာနိုင်ငံ၏ တတိယနှင့် စတုတ္ထအကြိမ်အစီရင်ခံစာအပေါ် နောက်ဆုံးတွေ့ရှိအကြံပြုချက်များတွင် ၂၀၁၀–၂၀၁၄ ခုနှစ်အထိအကျုံးဝင်သော ကလေးသူငယ်ဆိုင်ရာ ကျန်းမာရေးမဟာဗျူဟာအစီအစဉ်ကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ရန်အတွက် လုံလောက်သောအရင်းအမြစ်များပံ့ပိုးရန် အကြံပြုထားပါသည်။ အထူးသဖြင့် မိခင်နှင့် မွေးစ

[၈] Concluding Observations on Myanmar's Report On the Rights of the Child

ကလေးများအား ပြုစုစောင့်ရှောက်မှု၊ အဖြစ်များသောရောဂါ (အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ၊ အဆုတ်ရောင်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ငှက်ဖျားရောဂါ)များကို ဂရုပြုကုသမှုပြုလုပ်ခြင်းဖြင့် မွေးကင်းစကလေးများနှင့် ကလေးငယ်များ သေဆုံးမှုလျှော့ချရေးတို့ကို အကြံပြုထားပါသည်။ ထို့အပြင် မျိုးဆက်ပွားကျန်းမာရေး လုပ်ငန်းဆိုင်ရာအရင်းအမြစ်များ တိုးမြှင့်ပေးခြင်း၊ အရေးပေါ်ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု လက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံတွင် ဝေးလံဒေသများအပါအဝင် နေရာဒေသအားလုံး၌ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို အခမဲ့ပေးခြင်းနှင့် ညီတူညီမျှလက်လှမ်းမီအောင် ဆောင်ရွက်ပေးခြင်း တို့ လုပ်ဆောင်ရန်လည်း တိုက်တွန်းထားပါသည် (UN -၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ရက်)။



Photo by Myo Thame

*ပုံမှန်တိုင်းတာစစ်ဆေးခြင်းဖြင့် စောစီးစွာပံ့ပိုးကူညီခြင်း*

## အာဟာရဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ

၇၆။ အရပ်အမောင်းစံမမီခြင်း၊ အာဟာရမပြည့်ဝသည့်အခြားပုံစံအမျိုးမျိုးများပြားခြင်း၊ အာဟာရဖွံ့ဖြိုးရေး ပြန်လည်ပြုစုပျိုးထောင်ပေးမှုနည်းပါးခြင်းနှင့် ECCD ဌာနများနှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးမှုအစီအစဉ် အပြည့်အဝမရှိခြင်းတို့မှာ မြန်မာနိုင်ငံတွင် အာဟာရဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများစွာ တိုးချဲ့ဆောင်ရွက်ရန်အရေးကြီးကြောင်း ပြသနေပါသည်။ အာဟာရ ဆိုင်ရာပညာပေးခြင်း မိခင်နို့တိုက်ကျွေးခြင်း၊ ဖြည့်စွက်စာကျွေးခြင်းအပြင် ကျွေးမွေးပြုစု စောင့်ရှောက်ခြင်းကိုပါ အထူးအလေးထားဆောင်ရွက်ရန် လိုအပ်နေပါသည်။

၇၇။ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်သော မြန်မာနိုင်ငံ၏ တတိယနှင့် စတုတ္ထ အကြိမ်အစီရင်ခံစာအပေါ် နောက်ဆုံးတွေ့ရှိအကြံပြုချက်များမှာ ကလေးများအာဟာရချို့တဲ့မှုကို လျှော့ချ ပြီး တဖြည်းဖြည်းချင်း ပပျောက်သွားအောင်ဆောင်ရွက်ရန်နှင့် မွေးစအရွယ်မှ ခြောက်လ အထိ မိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးခြင်း၏ အရေးကြီးပုံကို ကျန်းမာရေးဝန်ထမ်းများနှင့် အများပြည်သူတို့ကို အသိပညာပေးခြင်းဖြင့် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးမှု အစီအစဉ်ကို မြှင့်တင်ဆောင်ရွက်ရန်လည်း တိုက်တွန်းထားပါသည် (UN -၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ ရက်)။

## ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

၇၈။ အထက်တွင်တင်ပြခဲ့သည့်အတိုင်း တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း၊ သောက်သုံးရန် မသင့်တော်သောရေနှင့် အညစ်အကြေးစွန့်ပစ်သောစနစ်အားနည်းမှုများသည် ကလေးများ ဝမ်းပျက် ဝမ်းလျှောဖြစ်မှုနှင့် သေဆုံးမှုများကို မြင့်မားစေသောအကြောင်းရင်းများဖြစ်ပါသည်။ အိမ်၌ လည်းကောင်း၊ ECCD အတွက် ဝန်ဆောင်မှုပေးနေသောနေရာများ၌လည်းကောင်း သန့်ရှင်းသောရေနှင့် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို အဓိကထား ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက် သော မြန်မာနိုင်ငံ၏ တတိယနှင့် စတုတ္ထအကြိမ်အစီရင်ခံစာအပေါ် နောက်ဆုံးတွေ့ရှိ အကြံပြုချက် များတွင်လည်း အန္တရာယ်ကင်းသောသောက်သုံးရေရရှိရေးနှင့် သန့်ရှင်းသောပတ်ဝန်းကျင် ဖြစ်စေ ရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် ထောက်ခံအကြံပြုထားပါသည် (UN -၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ ရက်)။

## လူမှုဝန်ထမ်းဦးစီးဌာန၏ ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ

### မွေးဖွားစမှ ရှစ်နှစ်အထိ မိဘမဲ့ကလေးများနှင့် စွန့်ပစ်ခံကလေးများအတွက် ကလေးပြုစုရေးဌာနများ

၇၉။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးပြုစုရေးဌာနများ၊ မူကြိုပညာရေးအစီအစဉ်၊ ကျန်းမာ ရေးနှင့် အာဟာရဖြည့်ပေးရေးအစီအစဉ်နှင့် ကိတ္တိမအကက်ဥပဒေအရ ကလေးများအားမွေးစားခြင်း စသည့် အရေးကြီးသည့် ကလေးသူငယ်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ကလေးများအတွက် ဆောင်ရွက်ပေးပါသည်။ ယင်းကလေးပြုစုရေးဌာနများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့၊ ကျိုင်းတုံမြို့နှင့် မော်လမြိုင်မြို့တို့တွင် တစ်ကျောင်းစီ အသီးသီးတည်ရှိပါသည် (MoSWRR Website–၂၀၁၂)။

၈၀။ လက်ရှိအနေအထားတွင် မွေးစအရွယ်မှ (၁၈)နှစ်အထိ မသန်စွမ်းကလေးများအပါအဝင် မိဘမဲ့ကလေးနှင့် လူမှုရေးကြောင့်မိဘမဲ့ဖြစ်နေသောကလေး (၁၈,၀၀၀)ခန့်မှာ မသန်စွမ်းပြုစု စောင့်ရှောက်ရေးဌာန၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဂေဟာနှင့် ကလေးပြုစုရေးဌာနများတွင် ရှိနေ သည်ဟု ခန့်မှန်းရပါသည်။

### ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျနေသောကလေးများနှင့် မသန်စွမ်းသောကလေးများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ

၈၁။ ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျနေသောကလေးများနှင့် မသန်စွမ်းသောကလေးများအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် သင်တန်းကျောင်းအရေအတွက်မှာ အလွန် နည်းပါးပါသည်။ ထို့ပြင် ထိုကျောင်းများသည် များသောအားဖြင့် အသက်ခြောက်နှစ်နှင့်အထက် ကလေးများကိုသာ လက်ခံပါသည်။ The Leprosy Mission International (Myanmar) နှင့်

အခြားအဖွဲ့အစည်းများကလည်း မသန်စွမ်းသောကလေးတချို့အတွက် ဝန်ဆောင်မှုများကို ပြုလုပ်ပေးပါသည်။ သို့သော် ထိုအဖွဲ့အစည်းများကလည်း အသက်ကြီးသောကလေးများအတွက်သာ အလေးထားဆောင်ရွက်ပေးပါသည်။

၈၂။ မွေးပြီးလျှင်ပြီးချင်း သို့မဟုတ် မွေးပြီးမကြာမီအချိန်တွင် မသန်စွမ်းမှုရှိသောကလေးများ၊ ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျသောကလေးများကို စိစစ်အကဲဖြတ်ခြင်း၊ မိသားစုတစ်စုချင်းအလိုက် ပံ့ပိုးရန်စီစဉ်ခြင်း၊ အိမ်တိုင်ရာရောက်ကြည့်ရှုစောင့်ရှောက်ပေးခြင်း၊ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပို့ဆောင်ပေးခြင်းနှင့် ယင်းကလေးများ၏အခြေအနေကို ခြေရာခံပေးခြင်းစသည့် ECI ဝန်ဆောင်မှုများမှာ မြန်မာနိုင်ငံတွင် မရှိသေးပါ။ အကယ်၍ ထိုသို့သောအစီအစဉ်များသာရှိပါက လိုအပ်သောလှုံ့ဆော်မှုလုပ်ငန်းများကို စောစီးစွာလုပ်ဆောင်ပေးခြင်းအားဖြင့် ကလေးများ၏ဖွံ့ဖြိုးမှုနှေးကွေးမှု၊ နောက်ကျမှုများကို ကုစားပြုပြင်ပေးနိုင်မည်ဖြစ်ပါသည်။

၈၃။ ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်သော မြန်မာနိုင်ငံ၏ တတိယနှင့် စတုတ္ထအကြိမ်အစီရင်ခံစာအပေါ် နောက်ဆုံးတွေ့ရှိအကြံပြုချက်များတွင်လည်း မသန်စွမ်းသောကလေးများအတွက် လူတိုင်းအကျုံးဝင်သောပညာရေးဖွံ့ဖြိုးမှုအစီအစဉ်များကို လက်လှမ်းမီစေရန် လုံလောက်သောစွမ်းအားအရင်းအမြစ်များ ဆောင်ရွက်ပေးရန် ထောက်ခံအကြံပြုထားပါသည် (UN -၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ရက်)။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း

၈၄။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကလေးများ၏ အထူးလိုအပ်ချက်ကိုလိုက်ပြီး ပိုင်းခြားဆောင်ရွက်ထားပါသည်။ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်သော မြန်မာနိုင်ငံ၏ တတိယနှင့် စတုတ္ထအကြိမ်အစီရင်ခံစာအပေါ် နောက်ဆုံးတွေ့ရှိ အကြံပြုချက်များတွင် ကလေးများ မွေးစာရင်းမှတ်ပုံတင်ခြင်းဆိုင်ရာလမ်းညွှန်ချက်များနှင့် မှတ်ပုံတင်သည့်လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်၊ ကလေးတိုင်းအတွက် မွေးစာရင်းလက်မှတ်ထုတ်ပေးရန်နှင့် မှတ်ပုံတင်ခြင်းကို အလျင်အမြန်ဆောင်ရွက်ပေးရန် ထောက်ခံအကြံပြုထားပါသည်။ ကလေးမှတ်ပုံတင်မှုလမ်းညွှန်ချက်နှင့် လုပ်ငန်းစဉ်ကို သတ်မှတ်ဖော်ထုတ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အကြံပြုထားပါသည်။ ထိုနောက်ဆုံးတွေ့ရှိအကြံပြုချက်များ၌ အောက်ပါအချက်များကို ဆောင်ရွက်ရန်လည်း မြန်မာနိုင်ငံကို တိုက်တွန်းထားပါသည်–

(က) စာသင်ကျောင်းများနှင့် အခြားသင်တန်းကျောင်းများတွင် ကလေးများကို ရိုက်နှက်ခြင်းမပြုရန်၊

(ခ) ကလေးများကို သင်တန်းကျောင်း၊ ပြုစုစောင့်ရှောက်ပေးသည့် ဂေဟာများတွင်ထားခြင်းထက် ၎င်းတို့၏မိဘရင်းချာများနှင့် ပြန်လည်ပေါင်းဆုံပေးခြင်း သို့မဟုတ်

၎င်းတို့ကို မွေးစားစောင့်ရှောက်မည့်သူများနှင့် ပေါင်းစည်းထားပေးသည့် မဟာဗျူဟာကို ချမှတ် ဆောင်ရွက်ရန်၊

(ဂ) သင်တန်းကျောင်းနှင့် ဂေဟာများ၏ အရည်အသွေးကို တိုးမြှင့်ပေးရန်၊

(ဃ) ကလေးများအပေါ် အကြမ်းဖက်မှုများမှကာကွယ်သည့် အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် ချမှတ်ရန်၊

(င) အကျဉ်းထောင်များအတွင်း အကျဉ်းကျခံနေရသည့်မိဘနှင့် အတူနေရသော ကလေးများအတွက် လုံလောက်သောအစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးအခွင့်အလမ်းများပေးရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်နိုင်အောင် ဆောင်ရွက်ပေးရန်၊

(စ) ပဋိပက္ခကြုံရသောကလေးများ၊ ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းဒုက္ခ ခံစားနေရသောမိဘများ၏ကလေးများကို လုံလောက်သောထောက်ပံ့မှုများပေးရန်၊

(ဆ) "လက်မခံနိုင်သောအခြေအနေများတွင် ကလေးများကို ခိုင်းစေခြင်း"များ ပပျောက်အောင် ဆောင်ရွက်ပေးရန်၊

(ဇ) ကလေးများ လမ်းပေါ်ရောက်မှုမရှိအောင် အကာအကွယ်ပေးရန်နှင့် လမ်းပေါ်ရောက်နေသောကလေးများအတွက် လိုအပ်သောကာကွယ်စောင့်ရှောက်မှု၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အခြားလူမှုရေးဆိုင်ရာဝန်ဆောင်မှုများကို ပေးရန်၊

(ဈ) ကလေးသူငယ်များအတွက် အကောင်းဆုံးအနေအထားကိုဖြစ်စေခြင်းငှာ ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းရေးအစီအစဉ်များ ဆောင်ရွက်ရန်၊

(ည) ကလေးများအပေါ် လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်းများက ကာကွယ်ပေးမည့် ကလေးသူငယ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ချမှတ်ရန်၊

(ဋ) လွှဲမှားစွာပြုကျင့်ခံနေရသောကလေးများနှင့် ခေါင်းပုံဖြတ်ခံနေရသောကလေးများကို ဥပဒေအရ အကာအကွယ်ပေးရန်နှင့် ဥပဒေပြဋ္ဌာန်းချက်ကို ခိုင်မာစေရန်၊

(ဌ) ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကလေးများလူကုန်ကူးမှုကို တိုက်ဖျက်ရန်၊

(ဍ) ကလေးများကို အကာအကွယ်ပေးရေးဆိုင်ရာ အခြားသောအချက်များကိုလည်း ဆောင်ရွက်ရန် (UN-၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ ရက်)။

## ၂.၂.၂။ လူသားအရင်းအမြစ်များ

### ပညာရေး

၈၅။ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများသည် ECCD လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် (အမျိုးသား ၄၀ဦးနှင့် အမျိုးသမီး ၁၇,၂၁၉ ဦး) စုစုပေါင်း မူကြိုဆရာ/ဆရာမပေါင်း (၁၇,၂၅၉)ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ထိုသင်တန်းအများစုမှာ တစ်လမှ သုံးလအထိကြာပြီး လုပ်ငန်းခွင်သင်တန်းများလည်း ပါဝင်ပါသည် (MDEF၂၀၀၇-၂၀၁၁)။ မူကြိုကျောင်းများစီမံခန့်ခွဲရေးကော်မတီများတွင် (အမျိုးသား ၆,၆၁၅ ဦးနှင့် အမျိုးသမီး ၂၅,၅၆၇ ဦး) အပါအဝင် ကော်မတီဝင် (၃၂,၁၈၂)ဦးတို့ ပါဝင်ဆောင်ရွက်နေကြပါသည်။ ယင်းကော်မတီများက ရပ်ရွာအခြေပြု ကလေးသူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်နိုင်အောင် ကူညီနေကြောင်း အစီရင်ခံထားပါသည်။ ထို့ပြင် မိဘများကိုအသိပညာပေးခြင်းလုပ်ငန်းတွင် ကူညီပံ့ပိုးပေးသည့် သင်တန်းရရှိထားသူဦးရေမှာ (၆,၉၈၂)ဦး အမျိုးသား ၆၈၃ ဦးနှင့် အမျိုးသမီး ၆,၂၉၉ ဦး ရှိပါသည်။ ၎င်းတို့က (ကျား ၂၄,၇၅၂ ဦး နှင့် မ ၁၀၄,၅၀၃ ဦး) အပါအဝင် မိဘ (၁၂၉,၂၅၅)ဦးတို့အတွက် မိဘအသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးနေကြပါသည်။ တင်ပြထားသောကိန်းဂဏန်းများမှာ ကောင်းသောရလဒ်များဖြစ်သော်လည်း ကလေးအားလုံးအတွက် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့က တိုးချဲ့ဆောင်ရွက်ပေးနေသောမူကြိုပညာရေးကို အထောက်အပံ့ဖြစ်စေရန် ထောင်ပေါင်းများစွာသော မူကြိုဆရာမများနှင့် မိဘအသိပညာပေးလုပ်ငန်းတွင် ကူညီပံ့ပိုးပေးသူများကို လေ့ကျင့်သင်တန်းပေးရန် လိုနေပါသေးသည်။



Photo by Myo Thame

*ပုံမှန်ကာကွယ်ဆေးထိုးခြင်းဖြင့် ကျန်းမာရေးမြှင့်တင်ခြင်း*

၈၆။ ပညာရေးဝန်ကြီးဌာနတွင်တာဝန်ယူနေသော ရပ်ရွာခန့်နှင့် အစိုးရခန့် မူကြိုဆရာမများသည် မူလတန်းဆရာဖြစ်သင်တန်းရခဲ့ပြီး မူကြိုပညာရေးနှင့်ပတ်သက်၍ ရက်တိုသင်တန်းသာ ရခဲ့ပါသည်။ ယခုအချိန်ထိ ၎င်းတို့အတွက် အလုပ်ခွင်မွမ်းမံသင်တန်းပေးနိုင်မှုမှာ အလွန်နည်းပါသည်။ သို့ဖြစ်၍ အရည်အသွေးရှိသော ECCD ဝန်ဆောင်မှုစနစ်ကို တစ်နိုင်ငံလုံး ကျယ်ပြန့်စွာ တိုးချဲ့ ဆောင်ရွက်ရန် ထောင်ပေါင်းများစွာသောမူကြိုဆရာမများကို အလျင်အမြန် လေ့ကျင့်သင်တန်းပေး ရန် လိုပါသည်။ ထို့အပြင် ဆီလျော်သောပညာရေးအထောက်အကူပြုပစ္စည်းများ၊ သင်နည်းများ၊ သူငယ်တန်းစံနှုန်းများနှင့်ကိုက်ညီသော သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ကိုပြုစုရန် လိုအပ်သကဲ့သို့ သူငယ်တန်းဆရာများအတွက် အရည်အသွေးရှိသောလုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ လိုအပ်ပါသည်။

## ကျန်းမာရေး

၈၇။ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးအခြေအနေ (Health in Myanmar) အစီရင်ခံစာအရ ၂၀၁၁–၂၀၁၂ ခုနှစ်တွင် ဆရာဝန်ဦးရေမှာ (၂၈,၀၇၇)ဦးရှိပြီး (၁၁,၄၆၀)ဦးမှာ အစိုးရခန့် ဆရာဝန်များဖြစ်ပြီး (၁၆,၆၁၇)ဦးမှာ ပုဂ္ဂလိကနှင့် သမဝါယမလုပ်ငန်းများမှခန့်ထားသူများ ဖြစ်ပါသည် (MoH –၂၀၁၂အေ)။ သူနာပြုဦးရေမှာ (၂၆,၉၂၈)ဦးဖြစ်ပြီး သားဖွားဆရာမဦးရေမှာ (၂၀,၀၄၄)ဦး ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင်တာဝန်ယူဆောင်ရွက်မည့် သားဖွားဆရာမများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်နေပါသေးသည်။ ကျန်းမာရေးအရာရှိများနှင့် ကျန်းမာရေးကြီးကြပ်သူများလည်း ထပ်မံလိုအပ်နေပါသည်။

၈၈။ မိခင်များ၊ မွေးကင်းစကလေးများနှင့် ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကဆောင်ရွက်ပေးနေသူများမှာ သားဖွားဆရာမနှင့် အရန်သားဖွားဆရာမများ ဖြစ်ပါသည်။ သားဖွားဆရာမသင်တန်းကျောင်းသည် သားဖွားဆရာမများအတွက် လုပ်ငန်းခွင် အကြိုသင်တန်းကို (၂၄)လ ပို့ချပေးပြီး အောင်လက်မှတ်ပေးအပ်ပါသည်။ အရန်သားဖွားဆရာမများမှာ ခြောက်လမျှသာသင်တန်းရရှိသည့်အတွက် ကျွမ်းကျင်မှုအဆင့်မြင့်လှသည်ဟု မယူဆနိုင်ပါ။ သားဖွားဆရာမများ ထပ်မံ၍ လိုအပ်နေပါသေးသည်။

၈၉။ ကျန်းမာရေးလိုအပ်ချက်များကို ကြည့်ရှုဆောင်ရွက်နိုင်ရန် လေ့ကျင့်ထားသောသူနာပြုနှင့် သားဖွားဆရာမအရေအတွက်သည် လူဦးရေ ၁၀,၀၀၀ တွင် ရှစ်ဦးသာ ရှိပါသည် (WHO–၂၀၀၈)။ မြန်မာနိုင်ငံသည် ကာကွယ်ဆေးထိုးနှံခြင်းနှင့် အဏုအာဟာရဖြည့်ဆည်းပေးမှုလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပါသည်။ သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မွေးကင်းစကလေးများ၊ ကလေးသူငယ်များနှင့်မိခင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များကို ပြည့်မီရန် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို တိုးချဲ့ဆောင်ရွက်ရန် လိုအပ်နေပါသေးသည် (MoH–၂၀၁၂အေ, MoH–၂၀၁၂စီ)။ ကျေးလက်နေပြည်သူလူထုအတွက် ထိုသို့ဆောင်ရွက်ရန် ပို၍လိုအပ်ပါသည်။ အပြည့်ပြည့်ဆိုင်ရာ စံသတ်မှတ်ထားခြင်းမရှိသော်လည်း လူတစ်သောင်းတွင်

ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော (သမားတော်၊ သူနာပြုနှင့် သားဖွားဆရာမများသာ အကျုံးဝင်သည့်) ကျွမ်းကျင်သူ ၂၅ ဦးထက်နည်းသောနိုင်ငံများသည် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များတွင် ဦးစားပေးဖော်ပြထားသော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို လုံလောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားပါသည် (WHO, Global Health Observatory – ၂၀၁၂)။ အပြည့်ပြည့်ဆိုင်ရာအဆင့်အတန်းကိုမီရန် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို တိုးချဲ့၊ တိုးမြှင့်ရန် လိုအပ်နေပါသည်။

## အာဟာရ

၉၀။ မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်သင်တန်းလေ့ကျင့်မှုရရှိထားသော အာဟာရဆရာဝန်နှင့် အာဟာရဝန်ထမ်းများသည် တိုင်းဒေသကြီး၊ ပြည်နယ် (၁၅)ခု၊ ကျန်းမာရေးဦးစီးဌာနများရှိ အာဟာရအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ လက်ရှိအခြေအနေအရ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကျန်းမာရေးဦးစီးဌာနများတွင် အာဟာရဝန်ထမ်းများ ထပ်မံတိုးမြှင့်ခန့်ထားရန်နှင့် လေ့ကျင့်သင်တန်းများပေးရန် လိုအပ်ပါသည်။

## ပတ်ဝန်းကျင်သန့်ရှင်းရေး

၉၁။ မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကောင်းစွာလေ့ကျင့်မှုရထားသော အင်ဂျင်နီယာများ ရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အဆင့်များတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ကျွမ်းကျင်သူများ ထပ်မံတိုးမြှင့်ပေးရန် လိုအပ်နေပါသည်။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

၉၂။ မြန်မာနိုင်ငံတွင် လူမှုရေးပညာကျွမ်းကျင်သူများနှင့် စိတ်ပညာရှင်များ အတန်အသင့်ရှိပါသည်။ သို့သော် ယင်းပုဂ္ဂိုလ်များနှင့် အခြားကျွမ်းကျင်သူများ မည်မျှလိုအပ်သည်ဆိုသော အချက်ကိုမူ မသိရပါ။ ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနတွင် လူမှုရေးပညာနှင့်ပတ်သက်သော ဒီပလိုမာသင်တန်းဖွင့်လှစ်လျက်ရှိပြီး ဘွဲ့လွန်သင်ရိုးညွှန်းတမ်းများကိုလည်း ပြုစုထားပါသည်။ လက်ရှိအချိန်အထိ လူမှုရေးပညာဒီပလိုမာသင်တန်းသား (၅၁၈)ဦး လေ့ကျင့်မွေးထုတ်ပေးပြီး ဒီပလိုမာသင်တန်းတက်နေသူ (၁၈၀)ဦး ရှိနေပါသည်။ ထို့အပြင် ကလေးများကို ကာကွယ်စောင့်ရှောက်ရေးနှင့်သက်ဆိုင်သော တရားစီရင်ရေးအရာရှိများ၊ ရဲအရာရှိများနှင့် ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာအခြားဝန်ထမ်းများကို လိုအပ်သောသင်တန်းများပေးရန် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၉၃။ အထက်တွင်ဖော်ပြခဲ့သော ECCD လုပ်ငန်းနှင့်ပတ်သက်သည့် လူသားအရင်းအမြစ်များကို ကြည့်လျှင် ECCD ကဏ္ဍအစုံတွင် ယခုနှင့် နောင်ကာလများအတွက် လေ့ကျင့်ထားသော အထူးတတ်ကျွမ်းသူပညာရှင်များနှင့် အခြားကျွမ်းကျင်သူပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ လိုအပ်ချက်မည်မျှရှိသည်ကိုသိရန် လေ့လာမှုတစ်ရပ် အမြန်လိုအပ်နေပါသည်။ သို့မှသာလျှင် ECCD

ဝန်ဆောင်မှုများအတွက် လူသားအရင်းအမြစ်လိုအပ်မှုနှင့် သင်တန်းလိုအပ်ချက်များကို ကြိုတင်တွက်ချက် ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။

## ၂.၂.၃။ လုပ်ငန်းခွင်အကြိုနှင့်လုပ်ငန်းခွင်သင်တန်းဆိုင်ရာအရင်းအမြစ်များ

### ပညာရေး

၉၄။ လက်ရှိအခြေအနေတွင် ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး ECE၊ သို့မဟုတ် ECCD အတွက် တတ်ကျွမ်းမှုဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်းမျိုးကို တက္ကသိုလ်အဆင့်၊ သို့မဟုတ် ကောလိပ်အဆင့်များတွင် ဖွင့်လှစ်ပို့ချပေးခြင်း မရှိသေးပါ။ ထို့ကြောင့် ECCD နှင့် ECE နှင့် ပတ်သက်၍ လုပ်ငန်းခွင်အကြိုသင်တန်းအတွက် စနစ်သစ်တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်နေပါသည်။ ဤစနစ်သည် နောက်ပိုင်းတွင်ပြုစုဖော်ထုတ်မည့် ECCD မူဝါဒဆိုင်ရာ လမ်းညွှန်မှု၊ ECCD/ECE သင်ရိုးညွှန်းတမ်း၊ သင်တန်းသုံးလက်စွဲ၊ ပညာရေးအထောက်အကူပြုပစ္စည်းများ၊ သင်နည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ စံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို အသုံးပြုသင့်ပါသည်။

၉၅။ လက်ရှိတွင် ရက်တိုလုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းအချို့ရှိပါသည်။ ယင်းသင်တန်းများကို အောက်ပါအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက ဆောင်ရွက်ပေးနေပါသည်။ ထိုအဖွဲ့အစည်းများသည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ အထောက်အပံ့များ ရရှိနေကြပါသည်။ ၎င်းတို့မှာ–

### ဝန်ကြီးဌာနများ

(က) ပညာရေးဝန်ကြီးဌာန

(ခ) ကျန်းမာရေးဝန်ကြီးဌာန

(ဂ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) နယ်စပ်ရေးရာဝန်ကြီးဌာန

### အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အတတ်ပညာရှင်အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ

(က) ပညာတန်ဆောင်အဖွဲ့

(ခ) မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့

(ဂ) မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဃ) မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း

(င) ရင်သွေးဖောင်ဒေးရှင်း

(စ) CARITAS

(ဆ) Catholic Relief Services (CRS)

(ဇ) Kachin Baptist Convention

(ဈ) Karen Baptist Convention

(ည) Karuna Myanmar Social Serivces

(ဋ) Myanmar Baptist Convention

(ဌ) Save the Children

(ဍ) World Vision

၉၆။ လုပ်ငန်းခွင်သင်တန်းမှာ တချို့သော ECCD ဆောင်ရွက်သူများအတွက် ပုံမှန်မဟုတ်သော လုပ်ငန်းခွင်အကြိုသင်တန်းမျိုး ဖြစ်နေတတ်ပါသည်။ သင်တန်းဖွင့်လှစ်ရန် ပံ့ပိုးငွေရရှိလာသော အခါမျိုးတွင် အချို့သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ သို့သော်လည်း လူမှုဝန်ထမ်းဦးစီးဌာနသည် ၎င်း၏မူကြိုကျောင်းများအတွက် လုပ်ငန်းခွင်သင်တန်းများကို ကြိုးပမ်းဆောင်ရွက်နေပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့်သော်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သော်လည်းကောင်း ECCD ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးအတွက် စနစ်တကျနှင့် ပုံမှန်စဉ်ဆက် မပြတ် ဖွင့်လှစ်သင်ကြားပေးနေသော လုပ်ငန်းခွင်သင်တန်းစနစ် မရှိသေးပါ။ စနစ်တကျနှင့် ပုံမှန် စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနေသော လုပ်ငန်းခွင်သင်တန်းတစ်ခုမှာ အလွန်လိုအပ် နေပါသည်။



Photo by Myo Thame

*ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းဖြင့် ကျန်းမာရေးမြှင့်တင်ခြင်း*

## ကျန်းမာရေး

၉၇။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်နှင့် အခြားမိတ်ဖက်တက္ကသိုလ် (၁၄)ခုနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (၄၆)ကျောင်းတို့တွင် ဆေးပညာနှင့် ကျန်းမာရေးဆိုင်ရာ တတ်သိပညာရှင်များကို သင်ကြားပို့ချပေးလျက်ရှိပါသည် (MoH –၂၀၁၂အေ)။ ထို့အပြင် ဆေးသိပ္ပံပညာဌာနမှ ပါရဂူဘွဲ့အစီအစဉ် (၃၆)ခု၊ Ph.D အစီအစဉ် ရှစ်ခု၊ ဘွဲ့လွန်သင်တန်း (၂၉)ခု၊ ဒီပလိုမာသင်တန်း ခြောက်ခုတို့ကိုလည်း သင်ကြားပို့ချပေးလျက် ရှိပါသည် (MoH –၂၀၁၂အေ)။ မြန်မာနိုင်ငံတွင် ဆရာဝန်အများအပြားရှိနေသော်လည်း ကျေးလက်ဒေသများတွင် တာဝန်ယူဆောင်ရွက်ရန်အတွက် ဆရာဝန်များစွာ လိုအပ်နေပါသေးသည်။ အထူးပြုလေ့ကျင့်ထားသော သူနာပြုများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကျန်းမာရေးအရာရှိများနှင့် ကြီးကြပ်သူများ မွေးထုတ်ရန်အတွက် တက္ကသိုလ်အဆင့်သင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ကျန်းမာရေးဆိုင်ရာတတ်ကျွမ်းသူများအတွက် လုပ်ငန်းခွင်သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ထားသော်လည်း သူနာပြုများ၊ သားဖွားဆရာမများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ တို့ရဲ့ အသုံးပြုနိုင်ရေးအတွက် သင်တန်းများကို ဦးစားပေးချဲ့ထွင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## အာဟာရ

၉၈။ မြန်မာနိုင်ငံတွင် အခြေခံကျန်းမာရေးတက္ကသိုလ်များ၊ သင်တန်းကျောင်းများနှင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်များတွင် အာဟာရဘာသာရပ်ကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားနေပါသည်။ နိုင်ငံရပ်ခြားတွင် အာဟာရဘွဲ့လွန်သင်တန်းများ သွားရောက်သင်ကြားပြီး၊ သင်ကြားဆဲ ပညာရှင်အနည်းစုသာ ရှိပါသည်။ မြန်မာနိုင်ငံ၏ အာဟာရအခြေအနေ ပိုမိုတိုးတက်လာစေရေးအတွက် လုပ်ငန်းခွင်သင်တန်းရရှိပြီးသော လက်ရှိအာဟာရဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ပေးရန် အရေးကြီးသကဲ့သို့ ပြည်တွင်းတွင် အာဟာရသင်တန်း၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် အာဟာရပညာရှင်များမွေးထုတ်ရန် အရေးတကြီး လိုအပ်လျက် ရှိပါသည်။

## ပတ်ဝန်းကျင်သန့်ရှင်းရေး

၉၉။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ပတ်သက်သော အင်ဂျင်နီယာများကို မြန်မာနိုင်ငံတွင် တက္ကသိုလ်အဆင့်၌ လေ့ကျင့်သင်ကြားပေးပါသည်။ သို့သော်လည်း ရပ်ရွာသန့်ရှင်းရေးအတွက် လုပ်ဆောင်နိုင်သူများ အလုံအလောက်ရရှိရန် လုပ်ငန်းခွင်သင်တန်းများနှင့် လုပ်ငန်းခွင်အကြို သင်တန်းများပေးရန် များစွာလိုအပ်နေပါသည်။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

၁၀၀။ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး၊ ECCD နှင့် ပတ်သက်သောကိစ္စများ၊ ဖွံ့ဖြိုးမှုဆိုင်ရာလိုအပ်ချက်ရှိသောကလေးငယ်များကို စောစီးစွာ တစ်ဦးချင်းပံ့ပိုးမှုပေးသည့် ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် လူမှုရေးပညာကျွမ်းကျင်သူများနှင့် စိတ်ပညာရှင်များကို တက္ကသိုလ်အဆင့်တွင် လေ့ကျင့်ပေးရန် အရေးပေါ်လိုအပ်နေပါသည်။ ကလေးသူငယ်နှင့် မိဘများ၏ အခွင့်အရေးများကို ဦးစားပေးလေ့လာဆောင်ရွက်သော အထူးတရားစီရင်မှုဆောင်ရွက်မည့် တရားသူကြီးများ၊ ရဲဝန်ထမ်းများနှင့် တရားရေးဆိုင်ရာပုဂ္ဂိုလ်များလည်း လိုအပ်ပါသည်။

## လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများအပေါ် အထွေထွေသုံးသပ်ချက်

၁၀၁။ အထက်ပါတွေ့ရှိချက်များအပေါ်အခြေခံကြည့်လျှင် ECCD အတွက် လိုအပ်သော ကျွမ်းကျင်သူအရေအတွက် သိရှိရန်နှင့် ECCD နယ်ပယ်အားလုံးတွင် လေ့ကျင့်သင်တန်းပေးနိုင်သူ အင်အားကိုလည်း စိစစ်တွက်ချက်ရန် အရေးတကြီးလိုအပ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံတွင် စွမ်းရည်မြှင့်သင်တန်းများ တိုးချဲ့ခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းတို့အတွက်လိုအပ်ချက်ကို တိတိကျကျသိလာမည် ဖြစ်ပါသည်။ လာမည့် ၁၅ နှစ်၊ အနှစ် ၂၀အတွင်း လိုအပ်သော ကျွမ်းကျင်သူအင်အားနှင့် ထိုအရေအတွက်ရရှိလာအောင် လေ့ကျင့်သင်တန်းပေးရေးတို့အတွက် နှစ်ကာလ အပိုင်းအခြားအလိုက် လေ့လာမှုများပြုလုပ်ရန် လိုအပ်ပါသည်။ သို့မှသာ ECCD ဆိုင်ရာ အဓိက နယ်ပယ်များတွင် တဖြည်းဖြည်းချင်း တိုးတက်ပြောင်းလဲလာသော ကျွမ်းကျင်သူလိုအပ်ချက်များကို ပြည့်မီနိုင်မည်ဖြစ်ပါသည်။

### ၂.၂.၄။ ဘဏ္ဍာအရင်းအမြစ်များ

၁၀၂။ နိုင်ငံအများတွင် ECCD လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို သီးသန့်သတ်မှတ်ထားမှု မရှိကြခြင်း သို့မဟုတ် ဝန်ကြီးဌာနတစ်ခု သို့မဟုတ် ဝန်ကြီးဌာနများတွင် ဖြန့်ဝေသုံးစွဲခဲ့သည့် အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ECCD လုပ်ငန်းတွင် ဘဏ္ဍာငွေ မည်မျှသုံးစွဲထားသည်ကို တိတိကျကျဖော်ပြရန်မှာ စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူဖြစ်ပါသည်။ ထို့ကြောင့် လူမှုရေးကဏ္ဍတွင်ပါဝင်သော ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ECCD လုပ်ငန်းများအတွက် အဓိကရင်းနှီးမြှုပ်နှံမှု မည်မျှရှိသည်ကို ဖော်ထုတ်မှတ်တမ်းတင်ရန်လိုပါသည်။

၁၀၃။ ထို့အပြင် ECCD အဓိကလုပ်ငန်းအစီအစဉ်များအလိုက် ကုန်ကျငွေများနှင့် စပ်လျဉ်း၍ ကလေးတစ်ဦးချင်းအလိုက် ကုန်ကျမှု၊ အကျိုးခံစားရသည့်မိသားစုအလိုက် ကုန်ကျမှု၊ ဝန်ဆောင်မှု တစ်ခုချင်းအလိုက် ကုန်ကျမှု၊ လုပ်ငန်းနေရာတစ်ခုချင်းစီအလိုက် ကုန်ကျမှု စသည်များကို လေ့လာမှုပြုရန် အရေးတကြီး လိုအပ်ပါသည်။ ကျေးလက်များနှင့် အဖွဲ့အစည်းများတွင် အချိန်ပြည့် တာဝန်ယူမည့် လေ့ကျင့်သင်တန်းဆင်းပြီးသော ECCD ဆိုင်ရာ ဆရာများအတွက် ထိုက်သင့်သော လစာရရှိရေးကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ လိုအပ်သော လုပ်ငန်းအစီအစဉ်များအားလုံး

အတွက် ပြင်ဆင်ခြင်း၊ ခန့်မှန်းခြင်းတို့ကို ဆောင်ရွက်ရန်၊ ကလေးများနှင့် ၎င်းတို့၏မိသားစုများအတွက် ဆောင်ရွက်ပေးသော လုပ်ငန်းအစီအစဉ်များကို တာဝန်ရှိရှိနှင့် တာဝန်ယူဆောင်ရွက်နိုင်ရန် ယင်းကုန်ကျစရိတ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ လိုအပ်ပါသည်။

၁၀၄။ စီမံကိန်းဌာန၏အစီရင်ခံချက်တွင် ၂၀၀၉–၂၀၁၀ ခုနှစ်တွင် အစိုးရဘဏ္ဍာငွေအရ အသုံးဘတ်ဂျက်မှ ပညာရေးဝန်ကြီးဌာနသည် ၇.၈ ရာခိုင်နှုန်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ၂ ရာခိုင်နှုန်း နှင့် လူမှုဝန်ထမ်းဦးစီးဌာနသည် ၀.၂ ရာခိုင်နှုန်း မျှသာရရှိကြောင်း ဖော်ပြထားပါသည် (Nishino ၂၀၁၂)။ လူသားစွမ်းရည်ဖွံ့ဖြိုးမှုနှင့် စီးပွားရေးထုတ်လုပ်မှုစွမ်းအားလက်ခံနိုင်သောအတိုင်းအတာတစ်ရပ် အထိ ရရှိလာရန်အတွက် လူမှုရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများစွာ တိုးချဲ့လုပ်ဆောင်ရန် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။

၁၀၅။ နိုင်ငံ့ခေါင်းဆောင်များသည် လူမှုရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရည်ရွယ်စိတ်ကူးထားမှုများကို အတိအလင်းဖော်ပြခဲ့ပြီး ထိုရင်းနှီးမြှုပ်နှံမှုများကို ၂၀၁၁–၂၀၁၂ ခုနှစ်နှင့် ၂၀၁၂–၂၀၁၃ ခုနှစ် ဘဏ္ဍာငွေအရ အသုံးစာရင်း (ဘတ်ဂျက်)တွင် စတင်ခဲ့ပါသည်။ တိုးမြှင့်ပေးသောဘတ်ဂျက်များကို ရည်ရွယ်ချက်နှင့် ကောင်းစွာကိုက်ညီသော အကောင်အထည်ဖော်ဆောင်ရွက်မှုပြုရန် လိုအပ်ပါသည်။ ထိုဘတ်ဂျက်များကို တာဝန်ခံနိုင်စေရန်နှင့် လာမည့်ကာလများအတွက် ကြိုတင်ပြင်ဆင်နိုင်စေရန် စီမံကိန်းအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စများ၊ တာဝန်ရှိစွာလုပ်ငန်းအကောင်အထည်ဖော်ရေး၊ လုပ်ငန်းကြီးကြပ်ရေးနှင့် အကဲဖြတ်သုံးသပ်ရေးဆိုင်ရာ ကျွမ်းကျင်မှုများရှိလာစေရန် လူမှုရေးကဏ္ဍနှင့်ပတ်သက်သော ဝန်ကြီးဌာနများ၏စွမ်းရည်ကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။



Photo by Myo Thame

*ကလေးဗဟိုပြု သင်ကြားသင်ယူမှု*

## ပညာရေးကဏ္ဍ

၁၀၆။ လူမှုရေးကဏ္ဍတွင် ပညာရေးသည် ဘတ်ဂျက်အများဆုံးရသောကဏ္ဍ ဖြစ်ပါသည်။ သို့သော် နိုင်ငံ၏ပညာရေးလိုအပ်ချက်နှင့်နှိုင်းစာလျှင် ရရှိသောဘတ်ဂျက်သည် အလွန်နည်းပါသည်။

၁၀၇။ ၂၀၀၇ ခုနှစ်က ပညာရေးအသုံးစရိတ်မှာ ဂျီဒီပီ၏ ၀.၇ ရာခိုင်နှုန်းသာရှိပြီး ၂၀၁၂–၂၀၁၃ ခုနှစ်တွင် ၁.၅ ရာခိုင်နှုန်း ရှိပါသည် (Nishino ၂၀၁၂၊ ဘဏ္ဍာရေးဝန်ကြီးဌာန အချက်အလက်များကို အသုံးပြုထားပါသည်)။ ဖော်ပြပါ အသုံးစရိတ်တိုးမြှင့်ခြင်းသည် နိုင်ငံတော်အစိုးရ၏ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့လိုကြောင်းကို ထင်ရှားစွာဖော်ပြနေပါသည်။ သို့သော်လည်း ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံတို့တွင် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုအဆင့်သို့ ရောက်ရန်ပင် ကွာလှမ်းနေပါသေးသည် (Nishino ၂၀၁၂၊ MoF အချက်အလက်)။

၁၀၈။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အထိ မြန်မာနိုင်ငံဗဟိုအစိုးရ၏ ပညာရေးအသုံးစရိတ်မှာ နိုင်ငံတော်အစိုးရဘတ်ဂျက်တစ်ခုလုံး၏ ၁၃ ရာခိုင်နှုန်း သာရှိသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေ အဖွဲ့၏အင်တာနက်စာမျက်နှာတွင် ဖော်ပြထားပါသည် (UNICEF– ၂၀၁၂အေ)။ ၂၀၁၂–၂၀၁၃ ခုနှစ်တွင် ပညာရေးအသုံးစရိတ်အတွက် ငွေကျပ်သန်းပေါင်း ၄၅၀,၀၀၀ နီးပါးကို လျာထားခဲ့ပါသည်။ ယင်းဘတ်ဂျက်မှာ ၂၀၁၁–၂၀၁၂ ခုနှစ်က ခွင့်ပြုခဲ့သောဘတ်ဂျက် ငွေကျပ် သန်း ၂၃၀,၀၀၀ ထက် သိသာစွာ တိုးလာသည်ကိုတွေ့ရပါသည် (ဆွေ၊ သိန်း–၂၀၁၂)။ ပညာရေးဘတ်ဂျက်၏ ၉၀ ရာခိုင်နှုန်းကို ဆရာများလစာအတွက်အသုံးပြုပြီး ကျန် ရာခိုင်နှုန်းကို သင်တန်းပေးခြင်း၊ ကျောင်းသုံးစာအုပ်နှင့် သင်ထောက်ကူပစ္စည်း၊ ကျောင်းအဆောက်အအုံ ပြုပြင် ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းတို့အတွက် အသုံးပြုပါသည် (ဆွေ၊ သိန်း–၂၀၁၂)။

၁၀၉။ လက်ရှိအခြေအနေတွင် ပညာရေးဝန်ကြီးဌာန၌ ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးအတွက် သီးသန့်ဘတ်ဂျက် မရှိပါ။ သို့သော်လည်း ECCD အတွက် သတ်မှတ်အသုံးပြုသောရန်ပုံငွေမှာ အလွန်နည်းကြောင်း ထင်ရှားပါသည်။ မွေးစမှ မူလတန်းကျောင်းတက်ရောက်သည်အထိ ကလေးများအတွက် ECCD ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကြီးကြပ်ထိန်းသိမ်းမှုဆောင်ရွက်ပေးနိုင်ရန် သီးသန့်ဘတ်ဂျက် ထူထောင်ရန်လိုပါသည်။

၁၁၀။ ယင်းကိစ္စနှင့်ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်သော မြန်မာနိုင်ငံ၏ တတိယနှင့် စတုတ္ထအကြိမ် အစီရင်ခံစာအပေါ် နောက်ဆုံးတွေ့ရှိအကြံပြုချက်များတွင် အောက်ပါအချက်များကို ထောက်ခံအကြံပြုထားပါသည်–

(က) အာဆီယံဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာစံများနှင့် တူညီသော ပညာရေး အသုံးစရိတ်သို့ တိုးမြှင့်ပေးရန်၊

(ခ) ပညာရေးကဏ္ဍအနေဖြင့်ဦးဆောင်နိုင်ရန် ပညာရေးဌာနသို့ ရန်ပုံငွေ လုံလောက်စွာ ချပေးရန်၊ ဗဟိုချုပ်ကိုင်မှုကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ဗျူရိုကရေစီ ကြိုးနီစနစ် မရှိစေရန်၊

(ဂ) မသင်မနေရပညာရေးကို ၁၆နှစ်အရွယ်ကလေးများအထိတိုးမြှင့်ပြီး ဆောင်ရွက်ရန်နှင့် ကလေးများ မူလတန်းကျောင်းဝင်ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ပြီးဆုံးသည်အထိသင်ကြားရန်၊ ယင်းသို့ဆောင်ရွက်ရာတွင် နယ်စပ်နှင့် ဝေးလံဒေသရှိကလေးများပါအကျုံးဝင်၍ သေချာစွာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(ဃ) မူလတန်းပညာသည် အားလုံးအတွက် အခမဲ့ဖြစ်ရန်၊ မိသားစုများအတွက် အခြားသောပညာရေးဆိုင်ရာကုန်ကျမှုများ မရှိစေရေးအတွက် အသေအချာ ဆောင်ရွက်ရန်၊

(င) ဆရာများ၏သင်ကြားမှုထိရောက်စေရန် ထိုက်သင့်လုံလောက်သောလစာကို ပေးခြင်း၊ ပညာရေးတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များပါဝင်လျက် သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းများကို ပြန်လည်သုံးသပ်ပြုပြင်ပြီး အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုနှင့် သင်ထောက်ကူပစ္စည်းများကို ပံ့ပိုးခြင်း၊

(စ) အထူးသဖြင့် ဝေးလံဒေသများတွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်၊

(ဆ) ကျောင်းသင်ရိုးညွှန်းတမ်းများကို သက်ဆိုင်ရာဒေသအခြေအနေလိုအပ်ချက်များနှင့် ကိုက်ညီအောင်ပြုပြင်ခြင်း၊ ဘာသာစကားအခက်အခဲကြုံနေရသောကလေးများကို အထောက်အကူဖြစ်စေရန် ဒေသခံဆရာများကို ခန့်အပ်အသုံးပြုခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာစံနှုန်းများကို ထင်ဟပ်စေရန် ကျောင်းသုံးဘာသာစကားဆိုင်ရာမူဝါဒကို ပြန်လည်သုံးသပ်ခြင်း ပြုရန် (UN - ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ ရက်)။

၁၁၁။ ပညာရေးဝန်ကြီးဌာန၏ဘတ်ဂျက်နှင့်ပတ်သက်၍ ရရှိသောအချက်အလက်အပေါ် သုံးသပ်ကြည့်ရာ မွေးစအရွယ်မှ မူလတန်းကျောင်းဝင်ရောက်သည်အထိ ECCD လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်မှုနှင့် နှိုင်းယှဉ်ကြည့်လျှင် ရရှိသောဘတ်ဂျက်မှာ လွန်စွာနည်းကြောင်း တွေ့ရပါသည်။ ECCD ဆိုင်ရာမူဝါဒတွင်ဖော်ပြသော အဓိကရည်မှန်းချက်ပန်းတိုင်များနှင့် ဦးတည်ရည်ရွယ်ချက်များပြည့်ဝစေရန် အသုံးစရိတ်ဘတ်ဂျက်ကို လျင်မြန်စွာ တိုးမြှင့်ပေးရန် လိုအပ်ပါသည်။

## ကျန်းမာရေးကဏ္ဍ

၁၁၂။ ကျန်းမာရေးကဏ္ဍအတွက် ၂၀၁၂-၂၀၁၃ ခုနှစ် ဘတ်ဂျက်မှာ ငွေကျပ်သန်းပေါင်း ၁၅၀,၀၀၀ သာ ဖြစ်ပါသည်။ ယင်းဘတ်ဂျက်သည် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက်ချပေးသော

ကျန်းမာရေး ဘတ်ဂျက် ငွေကျပ်သန်းပေါင်း (၅၅,၀၀၀) ထက် တိုးမြှင့်ချမှတ်ထားသောဘတ်ဂျက် ဖြစ်ပါသည် (ဆွေ၊ သိန်း ၂၀၁၂)။ ကျန်းမာရေးအသုံးစရိတ်နှင့်ပတ်သက်၍ အစိုးရကျန်းမာရေး အသုံးစရိတ်မှာ ၁၉၈၈–၈၉ ခုနှစ်တွင် (၄၆၄.၁)သန်းကျော်မှ ၂၀၁၀–၂၀၁၁ ခုနှစ်တွင် (၈၆,၅၄၇)သန်းသို့ တိုးမြှင့်ခဲ့ပါသည် (MoH –၂၀၁၂အေ)။ ၂၀၀၉–၂၀၁၀ ခုနှစ်တွင် အသုံးစရိတ်၏ ၆၇.၉ ရာခိုင်နှုန်း မှာ ဆေးရုံများ၏ အသုံးစရိတ် ဖြစ်ပါသည် (MoH –၂၀၁၂အေ)။

၁၁၃။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ကျန်းမာရေးအတွက် စုစုပေါင်းအသုံးစရိတ်မှာ ဗဟိုအစိုးရအသုံးစရိတ်၏ ၃ ရာခိုင်နှုန်းသာရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အင်တာနက် စာမျက်နှာတွင် ဖော်ပြထားပါသည် (UNICEF Website၂၀၁၂)။ ယခုအခါတွင် အစိုးရဘတ်ဂျက်၏ ၂ ရာခိုင်နှုန်း မျှသာ တွက်ချက်ထားကြောင်း မှတ်သားရပါသည် (Nishino, ၂၀၁၂)။ ထိုသို့သော အခြေအနေကြောင့် မြန်မာနိုင်ငံ၌ ကျန်းမာရေးအသုံးစရိတ်၏အများစုကို မိသားစုများက ကျခံနေရပါသည် (Nishino, ၂၀၁၂)။ "ကျန်းမာရေးအသုံးစရိတ်အားလုံးနီးပါးကို မိသားစုများက ကျခံနေရ၍ ဆင်းရဲသောမိသားစုများအတွက် ဘေးဒုက္ခကြုံတွေ့နိုင်ပါသည်။ အစိုးရက ကျန်းမာရေးအတွက် ပို၍ရင်းနှီးမြှုပ်နှံထားသော်လည်း တိုးပွားလာသောလူဦးရေ၏ ကျန်းမာရေးလိုအပ်ချက်များ၊ အသုံးစရိတ်များကို ကာမိနိုင်ခြင်းမရှိပါ။ ကျန်းမာရေးအသုံးစရိတ်မှာ ဆေးရုံများအတွက်သုံးစွဲသော ကုသရေးဆိုင်ရာစရိတ်က ပို၍များသည်ကို တွေ့ရပါသည်"ဟု ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်သော Universal Health Care အစည်းအဝေးအစီရင်ခံစာတွင် ဖော်ပြထားပါသည် (MoH –၂၀၁၂ ဇူလိုင်လ)။

၁၁၄။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကထုတ်ပြန်သော တစ်ကမ္ဘာလုံးအတိုင်းအတာ ကျန်းမာရေး အပေါ် လေ့လာမှုအစီရင်ခံစာ (Global Health Observatory Reports) တွင် ၂၀၁၀ ပြည့်နှစ် အတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက်ရင်းနှီးမြှုပ်နှံမှုမှာ အစိုးရစရိတ်စုစုပေါင်း၏ ၁ ရာခိုင်နှုန်းသာ ရှိပြီး ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြထားပါသည် (WHO-၂၀၁၀)။ လူတစ်ဦးချင်းအတွက် စုစုပေါင်း ကျန်းမာရေး အသုံးစရိတ်မှာ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၃၄ မျှသာ ရှိပါသည် (WHO-၂၀၁၀)။ ထို့ကြောင့် မိခင်များ၊ ကလေးများနှင့် အခြားလူများ၏ အရေးပေါ် လိုအပ်ချက်များကိုပြည့်မီရန် ကျန်းမာရေး ဝန်ဆောင်မှုများအတွက် ရင်းနှီးမြှုပ်နှံသော အသုံးစရိတ်သည် အလွန်ပင်နည်းနေပါသည်။ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်



Photo by Myo Thame

သန်ချဆေးတိုက်ကျွေးခြင်းဖြင့် အာဟာရချို့တဲ့မှု ကာကွယ်ခြင်း

ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့ အပါအဝင် အပြည်ပြည်ဆိုင်ရာ အလှူရှင်များကလည်း ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနေသော်လည်း မြန်မာနိုင်ငံကဲ့သို့ အလားတူစိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည့်နိုင်ငံများအတွက် ရရှိသော ပံ့ပိုးမှုနှင့်နှိုင်းယှဉ်လျှင် နည်းပါးသည်ကို တွေ့ရှိရပါသည်။

၁၁၅။ အနာဂတ်ကျန်းမာရေးအသုံးစရိတ်နှင့်ပတ်သက်၍ Universal Health Coverage ရရှိမှုကို နိုးဆော်၊ ကြီးကြပ်၊ သုံးသပ်ရန်၊ မိသားစုမှထည့်ဝင်မှုကို ကျန်းမာရေးအသုံးစရိတ်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း–၄၀ ရာခိုင်နှုန်းထက် မပိုစေရန်၊ GDP ၏ ၄ ရာခိုင်နှုန်း–၅ ရာခိုင်နှုန်းကို ကျန်းမာရေးအတွက်သုံးစွဲရန်၊ လူဦးရေ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းအတွက် ကြိုတင်ပေးစနစ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန်၊ ထိခိုက် နစ်နာလွယ်သောအုပ်စုများ၏ ရာနှုန်းပြည့် နီးပါးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များဆောင်ရွက်ရန် ရည်မှန်းထားပါသည် (MoH – ၂၀၁၂ဇူလိုင်လ)။

၁၁၆။ လက်ရှိအနေအထားတွင် မိခင်များ၊ မွေးကင်းစကလေးများနှင့် ကလေးသူငယ်ကျန်းမာရေး အတွက် ကျန်းမာရေးဝန်ကြီးဌာနတွင် သီးသန့်ဘတ်ဂျက် ရှိပါသည်။ ၂၀၀၈–၂၀၀၉ ခုနှစ်တွင် ကျပ်သန်းပေါင်း ၃,၆၃၄ သန်းကို ကျန်းမာရေးဝန်ကြီးဌာနမှလည်းကောင်း၊ ကျပ်သန်းပေါင်း ၂,၇၆၇ သန်းကို လူမှုကူညီရေးအဖွဲ့အစည်းများမှလည်းကောင်း ရရှိခဲ့ပြီး စုစုပေါင်း ၆,၄၀၁ သန်းဖြင့် မိသားစုများကို စောင့်ရှောက်မှုပေးခဲ့ပါသည်။ ဤမိခင်များ၊ မွေးကင်းစကလေးများနှင့် ကလေး သူငယ်ကျန်းမာရေးအတွက် သီးသန့်ဘတ်ဂျက်ကို ထပ်မံတိုးမြှင့်ပေးခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် အရေးကြီးသော ဤကဏ္ဍအတွက် လုံလောက်သောရန်ပုံငွေ ဖြည့်ဆည်းပေး နိုင်ပါမည်။ ကျန်းမာရေးဝန်ကြီးဌာန၏ဘတ်ဂျက်တွင် မိခင်နှင့်ကလေးများအတွက် အသုံးစရိတ် များကို အခြားကဏ္ဍများတွင်လည်း ထည့်သွင်းထားသကဲ့သို့ အခြားဝန်ကြီးဌာနများ၊ အစိုးရမဟုတ် သော ပြည်တွင်းအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင်လည်း ထည့်သွင်း ထားသည်ကို တွေ့ရှိရပါသည်။ သို့သော် မိခင်နှင့်ကလေး ကျန်းမာရေးနှင့်ပတ်သက်၍ သတ်သတ် မှတ်မှတ် ခွဲခြားဖော်ပြခြင်းမရှိသောကြောင့် ကလေးသူငယ်များနှင့် မိခင်တို့အတွက် နိုင်ငံအဆင့် ကျန်းမာရေးရင်းနှီးမြှုပ်နှံမှုကို ဆန်းစစ်သုံးသပ်ရန် ခက်ခဲနေပါသည်။

## ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ

၁၁၇။ လက်ရှိတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍအတွက်သုံးသောဘတ်ဂျက်နှင့်ပတ်သက်သည့် အချက်အလက်များ မရှိပါ။ သို့သော် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ပတ်ဝန်းကျင် သန့်ရှင်းရေးဌာန၊ ဗဟိုကျန်းမာရေးပညာပေးဗျူရိုနှင့် လုပ်ငန်းခွင်ကျန်းမာရေးဌာနတို့သည် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနနှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များသည်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန လက် အောက်ရှိ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့သည်လည်းကောင်း ရေနှင့်ပတ်ဝန်းကျင်

သန့်ရှင်းရေးဆိုင်ရာဝန်ဆောင်မှုပေးနေသော ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်နေပါသည်။ ECCD မူဝါဒတွင်ပါဝင်သော ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျန်းမာရေးနှင့် ပတ်သက်သည့် WASH လုပ်ငန်းများကို အဆင့်တိုင်းတွင် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ ဘတ်ဂျက်အခြေအနေ မည်သို့ပင်ရှိစေကာမူ လက်ရှိ အနေအထားအရ ပတ်ဝန်း ကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေးလိုအပ်ချက်များကြောင့် WASH ဆိုင်ရာ လုပ်ငန်း များကို အိမ်များ၊ ECCD သို့မဟုတ် မူကြိုကျောင်းများ၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် များစွာ တိုးမြှင့်ဆောင်ရွက်ရန် လိုပါသည်။

## လူမှုဝန်ထမ်းနှင့် လူမှုရေးအရကာကွယ်စောင့်ရှောက်ရေးကဏ္ဍ

၁၁၈။ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့်နှိုင်းယှဉ်ကြည့်လျှင် လူမှုဝန်ထမ်းကဏ္ဍသည် နှစ်စဉ် ထောက်ပံ့မှု အလွန်နည်းပါးစွာရပါသည်။ ၂၀၁၂–၂၀၁၃ ခုနှစ်တွင် ကျပ်သန်းပေါင်း ၃,၅၀၀ မျှသာရခဲ့ပါသည် (ဆွေ၊ သိန်း–၂၀၁၂)။ ထိခိုက်နစ်နာလွယ်သော ကလေးသူငယ်သန်းပေါင်းများစွာ နှင့် ၎င်းတို့၏မိသားစုများအတွက် လိုအပ်ချက်များစွာရှိနေရာ ထိုဘတ်ဂျက်ကို များစွာတိုးပေးရန် အမြန်လိုအပ်နေပါသည်။

၁၁၉။ ကဏ္ဍတစ်ခုလုံးအတွက် ရရှိသောဘတ်ဂျက်ကိုကြည့်ခြင်းဖြင့် လက်ရှိသုံးနေသော စုစုပေါင်း ဘတ်ဂျက်မှာ အရည်အသွေးပြည့်ဝသော ECCD လုပ်ငန်းတိုးချဲ့မှုနှင့်လိုအပ်ချက်ကို ပြည့်မီရန် မဖြစ်နိုင်သည်မှာ ထင်ရှားနေပါသည်။ လက်ရှိဆောင်ရွက်နေသော ECCD လုပ်ငန်းများအတွက် ထောက်ပံ့မှုများဖြစ်သည့် ဆရာလစာများ၊ သင်တန်းများ၊ သင်ထောက်ကူပစ္စည်းများအတွက် ထပ်မံ လိုအပ်နေသည့်နည်းတူ လူမှုဝန်ထမ်းဦးစီးဌာနကတိုးချဲ့ဆောင်ရွက်မည့် မိဘအသိပညာပေး လုပ်ငန်းများ၊ မိခင်ဝိုင်းများနှင့် မူကြိုပညာရေးလုပ်ငန်းများအတွက်လည်း ထောက်ပံ့မှုများ ထပ်မံ လိုအပ်ပါသည်။

## အပြည်ပြည်ဆိုင်ရာအထောက်အပံ့များ

၁၂၀။ ECCD လုပ်ငန်းအတွက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များက အကန့်အသတ်ရှိသော်လည်း အရေးပါသည့်နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများ ပေးခဲ့ပါ သည်။ ထိုထောက်ပံ့မှုများကြောင့် မြန်မာကျွမ်းကျင်သူများက ECCD အတွက် အလွန်ကောင်းမွန် သောဝန်ဆောင်မှုအစီအစဉ်များကို လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ရာတွင် ထိုဝန်ဆောင်မှုလုပ်ငန်းများမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ဒေသခွဲအဆင့်တွင် ရှေ့ပြေးစီမံကိန်းလုပ်ငန်းအသွင်ဖြင့်သာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များ မဟုတ်ခဲ့ပါ။ သို့သော် HIV/AIDS၊ အဆုတ်ရောဂါနှင့် ငှက်ဖျားရောဂါဟူသော ရောဂါ သုံးမျိုးတို့ကိုတိုက်ဖျက်ရန်အတွက် ထောက်ပံ့ သောငွေ (3Diseases Fund) မှာ ခြွင်းချက်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအတွက် ဖြစ်ခဲ့ပါ

သည်။ ECCD စနစ်တစ်ရပ်ထူထောင်ရန်နှင့် သင်ထောက်ကူပြုပစ္စည်းများထုတ်လုပ်ရေး၊ သင်တန်းများစီစဉ်ရေးနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရမည့် အဓိကကျသောဝန်ဆောင်မှုလုပ်ငန်းများအတွက် အနာဂတ်ကာလတွင်မူ ကြီးမားသောအထောက်အပံ့ပမာဏဖြင့် စနစ်တကျ ရင်းနှီးမြှုပ်နှံရန် အလွန်အရေးကြီးပါသည်။ ၎င်းအပြင် နှစ်စဉ် ထပ်ခါတလဲလဲကုန်ကျသော ECCD လုပ်ငန်းများအားလုံး၏ စရိတ်များအတွက်မူ နိုင်ငံတွင်းမှထောက်ပံ့မှုဖြင့်သာ ရေရှည်တည်တံ့အောင် ကြိုးပမ်းနိုင်ပါမည်။ ECCD စနစ် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး ရေရှည်တည်တံ့စေရန်နှင့် ECCD လုပ်ငန်းဆိုင်ရာဆန်းသစ်တီထွင်မှုများ၊ သင်ထောက်ကူပစ္စည်းများထုတ်လုပ်ရေး၊ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ၊ လုပ်ငန်းကြီးကြပ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့အတွက်လည်း အပြည်ပြည်ဆိုင်ရာကူညီပံ့ပိုးမှုများ လိုပါသည်။

## ၂.၃။ ECCD လုပ်ငန်းနှင့် ဆက်စပ်နေသောမူဝါဒများနှင့် အခြားတရားဝင် အထောက်အထားများ

၁၂၁။ ECCD လုပ်ငန်းနှင့်ဆက်စပ်နေသော အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ ဥပဒေပြဋ္ဌာန်းသတ်မှတ်ချက်များစွာကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားပါသည်။ ယင်းတို့နှင့် ပတ်သက်သည့် အကျဉ်းချုပ်သုံးသပ်ချက်ကို အောက်တွင်ဖော်ပြထားပါသည်။

### ၂.၃.၁။ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် အခြားဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ

၁၂၂။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CRC) ကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်က လက်မှတ်ရေးထိုးအတည်ပြုခဲ့ပါသည် (CRC ၁၉၈၉)။ ECCD အခွင့်အရေး အကောင်အထည်ဖော်ရေးနှင့်သက်ဆိုင်ပြီး ကလေးသူငယ်များ အခွင့်အရေးပြည့်ဝစွာရရှိရေးအတွက် CRC ၏ အထွေထွေသုံးသပ်ချက် အမှတ်စဉ်(၇)သည် နိုင်ငံများက ဆောင်ရွက်ပေးရမည့်လိုအပ်ချက်များကို အလေးထားဖော်ပြပါသည် (UN-၂၀၀၆, Bernard Van Leer ၂၀၀၆)။ ယင်းပြဋ္ဌာန်းမှုများက ECCD အတွက် ပြည့်ဝသောဝန်ဆောင်မှုများ ရနိုင်ခွင့်ရှိကြောင်း ညွှန်းဆိုထားပါသည်။ မြန်မာနိုင်ငံ၏ ECCD မူဝါဒသည် CRC နှင့် အထွေထွေ သုံးသပ်ချက်အမှတ်စဉ်(၇) ညွှန်းဆိုထားသော ကလေးသူငယ်အခွင့်အရေးများအားလုံး ပြည့်ဝစွာရရှိစေရန် ပြုလုပ်မည်ဟု ကတိကဝတ်ပြုမှုကို အခြေခံထားပါသည်။

၁၂၃။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် CRC ၏ ကလေးသူငယ်များကိုရောင်းချခြင်း၊ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်စေခြင်းနှင့် ညစ်ညမ်းဓာတ်ပုံများရိုက်ရာတွင် အသုံးပြုခြင်းဆိုင်ရာ နောက်ဆက်တွဲသဘောတူစာချုပ် (Optional Protocol)ကို လက်မှတ်ရေးထိုးထားပါသည်။ ထို့အပြင် အထူးအားဖြင့် အမျိုးသမီးများနှင့်ကလေးများအား လူကုန်ကူးမှုကို တားဆီးကာကွယ်ခြင်း၊ နှိမ်နင်းခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲသဘောတူစာချုပ်ကိုလည်းကောင်း၊ နယ်စပ်ဖြတ်ကျော်မှုခင်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် ကုန်းလမ်း၊

ရေလမ်း၊ လေကြောင်းလမ်းများဖြင့် ရွှေ့ပြောင်းသွားလာသူများအား လူမှောင်ခိုကူးမှုကို ဆန့်ကျင်ခြင်းဆိုင်ရာ နောက်ဆက်တွဲသဘောတူစာချုပ်ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။

၁၂၄။ ၂၀၀၂ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ အထူးအစည်းအဝေးတွင် လက်ခံအတည်ပြုခဲ့သည့် A World Fit for Children ဟူသော ထုတ်ပြန်ကြေညာချက်ကိုလည်း မြန်မာနိုင်ငံက သဘောတူလက်ခံခဲ့ပါသည်။ ယင်းထုတ်ပြန်ကြေညာချက်တွင် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုစနစ်ကို မြှင့်တင်ပေးရန်နှင့် ရှေးဦးအရွယ်ကလေးသူငယ်အရွယ်မှစ၍ ကလေးတိုင်းအတွက် အရည်အသွေးမြင့်မားသောပညာရေးစနစ်ကို ဖော်ဆောင်ပေးရန်တို့ကို ဦးစားပေးဖော်ပြခဲ့ပါသည်။

၁၂၅။ ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့သော ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၈၉)နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်များ၌ ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှု၊ ရောဂါဘယဖြစ်မှုများနှင့် စာမတတ်မှုများကို ၂၀၁၅ ခုနှစ်တွင် လျှော့ပါးသွားနိုင်စေရန် တိုင်းတာနိုင်သော ရည်မှန်းချက်ပန်းတိုင်များကို သတ်မှတ်ချက်ကာလနှင့်တကွ ချမှတ်ပေးထားပါသည်။ မြန်မာနိုင်ငံ၏ ECCD ဆိုင်ရာမူဝါဒသည် အဆိုပါကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက် ရှစ်ခုအနက် ခုနစ်ခုကို အကောင်အထည်ဖော်ရေးအတွက် အထောက်အကူပြုနေပါသည်။ တစ်ဖန် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးလွန်းကဲမှု လျှော့နည်းပပျောက်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း ECCD မူဝါဒသည် အခြေခံအုတ်မြစ်ဖြစ်ပေသည်။

၁၂၆။ ၂၀၀၀ ခုနှစ်တွင် မြန်မာနိုင်ငံက ***"လူတိုင်းအတွက်ပညာရေး"*** ဆိုင်ရာ ဒါကာလုပ်ငန်းလမ်းညွှန်မူဘောင်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုလမ်းညွှန်မူဘောင်တွင် ECCD နှင့် မိဘအသိပညာပေးလုပ်ငန်းကို အထူးအလေးပေးဖော်ပြထားရာ ယခု ECCD မူဝါဒသည် လူတိုင်းအတွက် ပညာရေးရည်မှန်းချက် (၁)ဖြစ်သည့် ထိခိုက်နစ်နာလွယ်၍ အခွင့်အရေးအနည်းပါးဆုံးသော ကလေးသူငယ်များကို ဦးတည်ပြီး ကလေးအားလုံးအတွက် ပြည့်ဝသော ECCD နှင့် ပညာရေးလုပ်ငန်းကို မြှင့်တင်တိုးချဲ့ပေးရေးလုပ်ငန်းကို မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ ECCD ဆိုင်ရာမူဝါဒသည် ရှေးဦးအရွယ်ကလေးများသင်ယူမှုတွင် အရည်အသွေးမြှင့်တင်ရေး၊ ဝန်ဆောင်မှုလစ်လပ်နေသောနေရာများတွင် ဖြည့်ဆည်းရေးနှင့် ECCD လုပ်ငန်းများကို တတ်နိုင်သမျှ လျင်မြန်စွာတိုးချဲ့ရေးတို့ကို အလေးထားပါသည်။

၁၂၇။ Salamanca ထုတ်ပြန်ကြေညာချက် (UNESCO ၁၉၉၄)တွင် သမားရိုးကျကျောင်းပညာရေးကို တာဝန်ယူဆောင်ရွက်နေသောဌာနများသည် ဖွံ့ဖြိုးမှုနှေးကွေးခြင်းနှင့် မသန်စွမ်းမှုရှိနေသော ကလေးများအပါအဝင် အားလုံးသောကလေးများကို မူကြိုအရွယ်မှစတင်ကာ ပညာသင်ပေးနိုင်ရေးအတွက် နည်းလမ်းများရှာကြံရန် တိုက်တွန်းထားပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CRPD) ကို လက်မှတ်ရေးထိုးအတည်ပြုခဲ့ပါသည်။ သို့သော် ဆက်နွှယ်နေသော နောက်ဆက်တွဲ

သဘောတူစာချုပ် (Optional Protocol)များကိုမူ လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးကိုဖော်ဆောင်ရန်ဆန္ဒရှိပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနှေးကွေးနေသောကလေးများနှင့် မသန်စွမ်းသောကလေးများကို အကျိုးပြုရန်ရည်ရွယ်ပါသည်။ မွေးစအရွယ်မှစ၍ ကလေးများတွင်ဖြစ်နိုင်သောမသန်စွမ်းမှုများကို ဖော်ထုတ်ပြီး ပုံမှန်ဖွံ့ဖြိုးရေးအတွက်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံသည် ECI လုပ်ငန်းများ လုပ်ဆောင်ကြိုးပမ်းမှုပြုလုပ်ရန်သာမက အထူးလိုအပ်ချက်ရှိနေသောကလေးများအတွက် မူကြိုပညာရေး၊ သူငယ်တန်း၊ မူလတန်းပညာရေးနှင့် အထက်တန်းအဆင့်ပညာရေးများကို ရရှိစေရန်လည်း ဆောင်ရွက်မည်ဟု ခံယူထားပါသည်။

၁၂၈။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ၊ ၂၂ရက်နေ့တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် (CEDAW)ကို အပိုဒ်–၂၉ (စာချုပ်ဝင်နိုင်ငံများအကြား ညှိနှိုင်းဖြေရှင်းမရသည့်အငြင်းပွားမှု Arbitration)ကို ခြွင်းချက်ထား၍ လက်မှတ်ရေးထိုးအတည်ပြုခဲ့ပါသည်။ CEDAW တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မိခင်များကိုအကာအကွယ်ပေးရေးနှင့် ကလေးသူငယ်များနှင့် ၎င်းတို့မိဘများ၏အခွင့်အရေးများဆိုင်ရာမူဝါဒများဖော်ထုတ်ရန်အရေးပါမှုများ ပါဝင်ပါသည်။ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ မိခင်များနှင့် မိန်းကလေးငယ်များ၏အခွင့်အရေးများကို ECCD ဆိုင်ရာမူဝါဒအားဖြင့် ခိုင်မာစွာမြှင့်တင်ဆောင်ရွက်ပေးထားပါသည်။

၁၂၉။ လူ့အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် ***'အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ပဋိညာဉ်စာတမ်း'***ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

၁၃၀။ မြန်မာနိုင်ငံသည် ၁၉၉၃ ခုနှစ် လူ့အခွင့်အရေးများဆိုင်ရာကမ္ဘာ့ညီလာခံတွင် ဗီယင်နာကြေညာချက်နှင့် လုပ်ငန်းအစီအစဉ်ကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ် လူမျိုးခွဲခြားမှုဆန့်ကျင်ရေးကမ္ဘာ့ညီလာခံကပြုလုပ်ခဲ့သော ဒါဗင်(Durban)ကြေညာချက်နှင့် လုပ်ငန်းအစီအစဉ်ကိုလည်းကောင်း၊ ၁၉၇၄ ခုနှစ်က ပြုလုပ်ခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာညီလာခံ၏ ငတ်မွတ်ခေါင်းပါးမှုနှင့်အာဟာရချို့တဲ့မှုပပျောက်ရေး အပြည်ပြည်ဆိုင်ရာ ကြေညာစာတမ်းကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထူးညီလာခံ၌ HIV/AIDS ရောဂါ တိုက်ဖျက်ရေးကြေညာစာတမ်းကိုလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ပါသည်။

၁၃၁။ သို့ရာတွင် ကလေးသူငယ်များနှင့် မိသားစုများဆိုင်ရာ အောက်ပါသဘောတူစာချုပ်များကိုလက်မှတ်ရေးထိုးအတည်ပြုထားခြင်း မရှိသေးပါ–

(က) လက်နက်ကိုင်ပဋိပက္ခဖြစ်မှုများတွင် ကလေးငယ်များ ပါဝင်နေမှုဆိုင်ရာ CRC နှင့်ဆက်နွှယ်နေသော နောက်ဆက်တွဲသဘောတူစာချုပ် (Optional Protocol)၊

(ခ) နည်းမျိုးစုံဖြင့် လူမျိုးရေးခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူညီချက်၊

(ဂ) စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများနှင့်ဆက်စပ်နေသော၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်ဆက်စပ်နေသော နောက်ဆက်တွဲ သဘောတူစာချုပ်၊

(ဃ) နိုင်ငံသားဖြစ်မှုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် များနှင့် ဆက်စပ်နေသော နောက်ဆက်တွဲသဘောတူစာချုပ်များ၊

(င) CEDAW နှင့်ဆက်စပ်နေသော နောက်ဆက်တွဲသဘောတူစာချုပ်၊

(စ) ညှဉ်းပန်းနှိပ်စက်မှုနှင့် ရက်စက်ပြီးလူမဆန်သော သို့မဟုတ် နှိမ့်ချသောဆက်ဆံမှု၊ သို့မဟုတ် အပြစ်ပေးမှုဆိုင်ရာသဘောတူညီချက်နှင့်ဆက်စပ်နေသော နောက်ဆက် တွဲ သဘောတူစာချုပ်၊

(ဆ) ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏အခွင့်အရေးများကို ကာကွယ်ရေးဆိုင်ရာသဘောတူညီချက်၊

(ဇ) မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာသဘောတူညီချက်နှင့်ဆက်စပ်နေသော နောက်ဆက်တွဲသဘောတူစာချုပ်၊

(ဈ) လူများကို ပျောက်ကွယ်အောင် အဓမ္မလုပ်ဆောင်မှုဆန့်ကျင်ရေးဆိုင်ရာ သဘောတူ ညီချက်၊

(ည) တာဝန်ယူမှုကိုဆက်လက်ထိန်းသိမ်းခြင်းနှင့်ပတ်သက်သောဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အားဖြည့်ခြင်းဆိုင်ရာသဘောတူညီချက်များနှင့် ယင်းတို့နှင့် သက်ဆိုင်သောဥပဒေများ၊

(ဋ) မိဘများ၏တာဝန်ဝတ္တရားများနှင့် ကလေးများအား ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းများကို အသိအမှတ်ပြုခြင်း၊ အားဖြည့်ဆောင်ရွက်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့်ဆက်စပ်နေသောဥပဒေများ၊ တရားစီရင်ရေးဆိုင်ရာသဘော တူညီချက်။

## ၂.၃.၂။ အမျိုးသားအဆင့်မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များနှင့် ဥပဒေများ

၁၃၂။ ECCD ကဏ္ဍများနှင့်ပတ်သက်သော အမျိုးသားအဆင့်မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ နှင့် ဥပဒေများမှာ အရေအတွက်အားဖြင့် နည်းပါးပါသည်။ ရှိပြီးဖြစ်သောကဏ္ဍတစ်ခုချင်းစီနှင့် ကဏ္ဍပေါင်းစုံ၊ လုပ်ငန်းအစီအစဉ်များကလည်း ကလေးသူငယ်များနှင့် ၎င်းတို့မိဘများ၏လိုအပ် ချက်များ၊ ထိုကလေးများအတွက်လိုအပ်သော ECCD ဆိုင်ရာဝန်ဆောင်မှုများကို ထည့်သွင်း

စဉ်းစားမထားပါ။ အနာဂတ်တွင် မူဝါဒပြဋ္ဌာန်းချက်အသစ်များသည် ECCD မူဝါဒနှင့်ညီညွတ်အောင်ဆောင်ရွက်ရန် လိုပါသည်။

၁၃၃။ လက်ရှိကျင့်သုံးနေသောမူဝါဒပြဋ္ဌာန်းချက်များမှာ ယခုအချိန်ထိ ကောင်းစွာအကောင်အထည်ဖော်ဆောင်မှု မရှိသေးသဖြင့် ၎င်းတို့ကို ပြန်လည်သုံးသပ်ပြီးလက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ပြုပြင်ရန် လိုအပ်ပါသည်။ အခြားသောမူဝါဒများကိုလည်းရေးဆွဲရန် ပြင်ဆင်မှုများပြုလုပ်နေပါသည်။ ဥပမာ– ကဏ္ဍပေါင်းစုံကိုလွှမ်းခြုံသော မြန်မာနိုင်ငံအတွက် *"အမျိုးသားဖွံ့ဖြိုးမှုအစီအစဉ်"* မှာ လောလောဆယ်တွင် မူကြမ်းရေးဆွဲပြီးဖြစ်ပါသည်။ ယင်းအစီအစဉ်တွင် လူမှုရေးကဏ္ဍနှင့်ပတ်သက်၍ အားကောင်းသောအခန်းကဏ္ဍများ ပါဝင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကဏ္ဍများသည် လျင်မြန်ပြီးရေရှည်တည်တံ့နိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးလိုအပ်သောကြောင့်ဖြစ်ပါသည်။ ဤ ECCD ဆိုင်ရာမူဝါဒသည် *"အမျိုးသားဖွံ့ဖြိုးမှုအစီအစဉ်"* နှင့် နောင်အနာဂတ်တွင်ရှိလာမည့်ကဏ္ဍအလိုက်နှင့် ကဏ္ဍပေါင်းစုံဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာအစီအစဉ်များ၊ လုပ်ငန်းအစီအစဉ်များနှင့်ဥပဒေများအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

၁၃၄။ မြန်မာနိုင်ငံတွင် ဘေးဖယ်ထားခံရသောမိသားစုများနှင့်ကလေးများကို အလေးထားသည့် ဘက်စုံလွှမ်းခြုံသော ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့် ကလေးသူငယ်ဆိုင်ရာမူဝါဒများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒများ ECCD မူဝါဒနယ်ပယ်တွင် လိုအပ်နေပါသည်။ လက်ရှိပညာရေးဝန်ကြီးဌာနတွင် ECCD နှင့် မူကြိုပညာရေးအတွက် မဟာဗျူဟာအစီအစဉ် လိုနေပါသည်။ ၎င်းမဟာဗျူဟာအစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နီးကပ်စွာပေါင်းစပ်ညှိနှိုင်း၍ဖော်ထုတ်ရန်နှင့် သက်ဆိုင်သောကဏ္ဍများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဖော်ထုတ်ရန်ဖြစ်သည်။ ထို့အပြင် လက်ရှိပညာရေးကဏ္ဍ ပြန်လည်သုံးသပ်ချက်ရလဒ်များကို ထင်ဟပ်ပြီး ရေရှည်ပညာရေးမူဝါဒအသစ်တစ်ခု ချမှတ်ရန် လိုပါသည်။ ဤမူဝါဒများအားလုံးတွင် ကလေးသူငယ်များ၏လိုအပ်ချက်များနှင့် ECCD အတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးရပါမည်။

၁၃၅။ အမျိုးသားအဆင့်မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဖော်ဆောင်ရာတွင် အားလုံးပါဝင်ပြီး အောက်ခြေ၏ဆန္ဒကို အလေးပေးဖော်ထုတ်သည့်နည်းနှင့်ညီညွတ်စွာ ECCD ဆိုင်ရာမူဝါဒကို ဖော်ထုတ်ရေးဆွဲပြင်ဆင်ထားပါသည်။ ဤမူဝါဒရေးဆွဲနိုင်ရန်အတွက် ဆွေးနွေးပွဲများကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခြင်း၊ နိုင်ငံတော်အကြီးအကဲခေါင်းဆောင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ရှိထားပြီးသော လေ့လာမှုများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် စုဆောင်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ နောင်တွင်ပြုလုပ်မည့်လူမှုရေးကဏ္ဍအတွက် မူဝါဒဆိုင်ရာအစီအစဉ်များနှင့် လုပ်ငန်းစဉ်များကိုလည်း အားလုံးပါဝင်နိုင်သောနည်းဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၃၆။ ၂၀၀၈ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကလေးနှင့် မိခင်များအတွက် ရည်ညွှန်းထားမှု အနည်းငယ်သာတွေ့ရှိရပါသည်။ "*မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်*"။ "*နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်*"ဟု ဖော်ပြထားပါသည်။

၁၃၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပညာရေး၊ ကျန်းမာရေးတို့နှင့်စပ်လျဉ်း၍ "*နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ–(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်*"။ "*နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူပိုင်ခွင့်ရှိသည်*"။ "*နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ ယင်းတို့၏အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်*"။ "*နိုင်ငံတော်သည် (က)ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်၊ (ခ)ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်၊ (ဂ)အခမဲ့ မသင်မနေရမူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်၊ (ဃ)ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး*



Photo by Myo Thame

*အန္တရာယ်ကင်းစွာဖွံ့ဖြိုးနိုင်သောပတ်ဝန်းကျင်များ ဖန်တီးရန်လိုအပ်နေပါသည်*

*နိုင်ငံတော်တည်ဆောက်ရေးအတွက်အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်*"။ နောက်ဆုံးအနေဖြင့် "*နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်*"ဟု ဖော်ပြထားပါသည်။

၁၃၈။ ECCD လုပ်ငန်းများနှင့်ပတ်သက်ပြီး တိကျသောရည်ညွှန်းချက်များ မပါရှိသော်လည်း ဖော်ပြခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များသည် ကလေးသူငယ်များ၊ မိခင်များနှင့် လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုဝင်များ၏ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို အခမဲ့ရရှိရန်အခွင့်အရေးများကို အလေးထားတင်ပြထားပါသည်။ ဖော်ပြခဲ့သောဝန်ဆောင်မှု လုပ်ငန်းများမှာ အကန့်အသတ်ရှိနေသေးသည့်အတွက် ယင်းအခွင့်အရေးများကို ပြည့်ဝစေရန် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း နောင်ဖြစ်လာမည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ကောင်းကို တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

## ကလေးများအားလုံးနှင့် ယေဘုယျပတ်သက်သောမူဝါဒများ

### မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေ

၁၃၉။ "*ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်*"Convention on the Rights of the Child (CRC) နှင့်လျော်ညီစွာ ၁၉၉၃ ခုနှစ်က မြန်မာကလေးသူငယ်ဥပဒေကို ဖော်ထုတ်ခဲ့ပါသည်။ ပထမပြဋ္ဌာန်းခဲ့ပြီးသော ကလေးသူငယ်ဥပဒေ၏ဟာကွက်များ၊ အားနည်းချက်များကို ဖြည့်ဆည်းပြင်ဆင်ရန်ရည်ရွယ်ပြီး၊ CRCနှင့်ဆက်နွယ်နေသော အခြားသော သဘောတူညီချက်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လေ့လာသုံးသပ် အကြံပြုချက်များနှင့်အညီ ကလေးသူငယ်ဥပဒေကို ပြုပြင်ရန် ကြိုးစားအားထုတ်နေပါသည်။

### မြန်မာနိုင်ငံကလေးသူငယ်များဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်(၂၀၀၆–၂၀၁၅)

၁၄၀။ "*မြန်မာနိုင်ငံကလေးသူငယ်များဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်*"တွင် မွေးစမှ ငါးနှစ်အရွယ်ကလေးများ၏အစွမ်းအစများ၊ အလားအလာများ ပြည့်ဝစွာဖွံ့ဖြိုးတိုးတက်ရန် မဟာဗျူဟာတစ်ရပ်ကို တင်ပြထားပါသည်။ ယင်းလုပ်ငန်းအစီအစဉ်တွင် အောက်ပါလုပ်ငန်းများ ပါဝင်ပါသည်–

(က) ECCDနှင့်ပတ်သက်သော မူဝါဒဘောင်တစ်ရပ်ကိုရေးဆွဲပြီး နိုင်ငံတော်တွင် တာဝန်အရှိဆုံး၊ အမြင့်ဆုံးအဆင့်အထိ တင်ပြကာ သဘောတူအားပေးမှုရယူရန်၊

(ခ) 'ပြန်ကြား၊ ဆက်သွယ်၊ ပညာပေး' လုပ်ငန်းများမှတစ်ဆင့် ECCD လုပ်ငန်းကို လူထုသိမြင် နားလည်လာအောင် ထိထိရောက်ရောက် ဆောင်ရွက်ပေးရန်၊

(ဂ) အိမ်အခြေပြုနှင့် မိသားစုအခြေပြု ECCD လုပ်ငန်းအစီအစဉ်များ တိုးချဲ့ရန်နှင့် မိဘ အသိပညာပေးလုပ်ငန်းအပါအဝင် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ပြုလုပ်ရန်၊

(ဃ) သင်တန်း၊ ငွေကြေး၊ ပစ္စည်းအထောက်အပံ့များရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် အရည်အသွေးရှိသော ECCD ဌာန၊ ကျောင်းများ တိုးချဲ့ဖြစ်ပေါ်လာရေးကို အားပေးထောက်ပံ့ရန်၊

(င) မိတ်ဖက်အဖွဲ့များ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုဖြင့် ECCD ဆိုင်ရာ သတင်းအချက်အလက်စနစ်တစ်ခုနှင့် ECCD ကွန်ရက်တစ်ခုကို ထူထောင်ရန်၊

(စ) မူကြိုပညာရေးနှင့် ECCD ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော အစိုးရဌာနများအား လိုအပ်သောဘတ်ဂျက် တိုးမြှင့်ပေးရန်၊

(ဆ) ကလေးများ အာဟာရပြည့်ဝရေးကို ဖြည့်ဆည်းပေးပြီး အခြားသောလူမှုရေးအခြေခံလုပ်ငန်းများနှင့် လုံလောက်သောပြုစုစောင့်ရှောက်မှုများရရှိရေး ဆောင်ရွက်ရန်၊

(ဇ) ကလေးများ၏ ကာယ၊ စိတ္တနှင့် စိတ်လှုပ်ရှားခံစားနိုင်မှုဆိုင်ရာ ကျန်းမာရေးအခြေအနေများကို တိုးမြှင့်ပေးရန်၊

(ဈ) ECCD လုပ်ငန်းအစီအစဉ်များတွင် ပါဝင်နေသော ကျွမ်းကျင်သူများ၊ မူဝါဒ ချမှတ်သူများ ပါဝင်သည့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းရန်။

ဤ ECCD ဆိုင်ရာမူဝါဒသည် အထက်ဖော်ပြပါလိုအပ်ချက်များထဲကတစ်ခုကို ဖြည့်ဆည်းပေးရာရောက်ပါသည်။ ဤမူဝါဒတွင် အထက်ဖော်ပြခဲ့သောအချက်များ အကျုံးဝင်သည်သာမက မူဝါဒချမှတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲလုပ်ငန်းစဉ်များတွင် သတ်မှတ်ဖော်ထုတ်ခဲ့သော အခြား လုပ်ငန်းများလည်း ပါဝင်ပါသည်။



Photo by Myo Thame

*ကလေးများအားလုံး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ ရရှိရမည်*

## ပညာရေးကဏ္ဍမူဝါဒများ

၁၄၁။ လက်ရှိအခြေအနေတွင် အမျိုးသားပညာရေးမူဝါဒတစ်ခုချမှတ်ရန် အထူးလိုအပ်နေပါသည်။ လက်ရှိပြုလုပ်နေသော ပညာရေးကဏ္ဍ ပြန်လည်သုံးသပ်မှုအပေါ်အခြေခံ၍ ပြည့်စုံသော ရေရှည်ပညာရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာမူဝါဒတစ်ရပ်ကို ချမှတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

၁၄၂။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတက ပညာရေးမူဝါဒပြင်ဆင်မှုအတွက် အောက်ပါလမ်းညွှန်ချက် (၁၀)ချက် ထုတ်ပြန်ခဲ့ပါသည်–

၁။ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ရေး၊

၂။ အခြေခံပညာကျောင်းသားကျောင်းသူများ၏ ကျောင်းတက်ရောက်နှုန်းမြင့်မားရေး၊

၃။ မျိုးဆက်သစ် လူစွမ်းအားအရင်းအမြစ်များကို အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် လေ့ကျင့်မွေးထုတ်ပေးရေး၊

၄။ အဆင့်မြင့်ပညာနှင့် အခြေခံပညာဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေး၊

၅။ သင်ထောက်ကူပစ္စည်းများကို ပိုမိုထိရောက်စွာအသုံးပြုသင်ကြားရေး၊

၆။ ပညာရေးဝန်ထမ်းများ၏အရည်အချင်းနှင့် လူမှုစီးပွားရေးအဆင့်အတန်း မြင့်မားရေး၊

၇။ နိုင်ငံတကာပညာသင်ဆုများ၊ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရေး၊

၈။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းဆောင်ရွက်ရေး၊

၉။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

၁၀။ နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားရေး။

၁၄၃။ တင်ပြခဲ့သည့်အတိုင်း ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သည် မွေးစမှ ရှစ်နှစ်အရွယ်ကလေးများအတွက် ECCD နှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာ (Early & Preschool Education Strategy) ကို ဖော်ထုတ်ခြင်း မပြုရသေးပါ။ ယင်းမဟာဗျူဟာအတွက် လိုအပ်သောအချက်အလက်များစွာကို ECCD မူဝါဒနှင့် မဟာဗျူဟာအစီအစဉ်တွင် ဖော်ပြထားပါသည်။ ၂၀၁၂–၂၀၁၄ တွင် ပြုလုပ်နေသော ဘက်စုံ

လွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု (CESR) ရလဒ်များကလည်း ECCD နှင့် မူကြိုပညာရေးမဟာဗျူဟာအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

၁၄၄။ *"၂၀၀၁–၂၀၃၁ အခြေခံပညာနှစ် (၃၀) နှစ်ရှည်စီမံကိန်း"* တွင် အောက်ပါအချက်များကို အလေးထားဖော်ပြထားပါသည်–

(က) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုသည့်ပညာရေးစနစ် ဖြစ်ထွန်းရေး၊

(ခ) နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေး၊

(ဂ) အခြေခံပညာရေးအရည်အသွေး မြင့်မားရေး၊

(ဃ) အခြေခံပညာအဆင့်အလိုက် အကြိုသက်မွေးနှင့် အသက်မွေးပညာများ သင်ယူခွင့်ရရှိရေး၊

(င) အီလက်ထရောနစ်ပညာရေးနှင့် ခေတ်မီဆက်သွယ်ပို့ချနည်းပညာများ ဖွံ့ဖြိုးရေး အတွက် လိုအပ်သော အထောက်အကူပစ္စည်းများ ဖြည့်ဆည်းပေးရေး၊

(စ) ဘက်စုံပညာပြည့်ဝသည့်နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ရေး၊

(ဆ) ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည် မြင့်မားရေး၊

(ဇ) မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရေး၊

(ဈ) ကျောင်းပြင်ပပညာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊

(ည) ပညာရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး။

၁၄၅။ *"လူတိုင်းအတွက်ပညာရေး အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၀၃–၂၀၁၅)"* ကို ၂၀၀၃ ခုနှစ်က ချမှတ်ခဲ့ပါသည်။ ထိုလုပ်ငန်းအစီအစဉ်တွင် ECCD နှင့်ပတ်သက်သော ကဏ္ဍ တစ်ခုပါဝင်သော်လည်း လုပ်ငန်းအစီအစဉ်ဆိုင်ရာလမ်းညွှန်မှုဘောင်ကျက်နှင့် ဦးတည်ချက်များနှင့် စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိပါ။

၁၄၆။ *"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးလုပ်ငန်းအစီအစဉ် (၂၀၁၁–၂၀၁၅)"* (Framework of Rural Development and Poverty Alleviation Plan) တွင် ပညာရေး လုပ်ငန်းများကို ထည့်သွင်းဖော်ပြထားပါသည်။ ECCD လုပ်ငန်းသည် ဆင်းရဲနွမ်းပါးမှုသံသရာကို ဖြတ်တောက်ရန်နှင့် ပပျောက်ရန်အတွက် အရေးကြီးသော်လည်း ယင်းကဏ္ဍတွင် ECCD နှင့် မူကြိုပညာရေးအကြောင်း ရည်ညွှန်းဖော်ပြထားခြင်းမရှိပါ။

၁၄၇။ ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးစနစ်၊ ပညာရေးဆိုင်ရာစံနှုန်းများ၊ လမ်းညွှန်ချက်များနှင့် လုပ်နည်းလုပ်ဟန်များကို ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများကို စတင်ပြုလုပ်နေပါသည်။ ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အချို့သောလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်လိုပါသည်။ ECCD နှင့်ပတ်သက်သောစံနှုန်းများ၊ လမ်းညွှန်ချက်များ၊ လုပ်နည်းလုပ်ဟန်များ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ အာဟာရဖြည့်ဆည်းရေးများနှင့်ပတ်သက်၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၄၈။ ECCD အတွက် လွှတ်တော်တွင် ကနဦးဆွေးနွေးလုပ်ဆောင်မှုများရှိလာမည်ဟုလည်း မျှော်လင့်ပါသည်။ ECCD ဆိုင်ရာမူဝါဒတွင်ပါဝင်သောလုပ်ငန်းများဖြစ်သည့် ဥပဒေပြုရေး၊ တာဝန်ခံဆောင်ရွက်မှုရှိလာရေး၊ ကြည့်ရှုလေ့လာသုံးသပ်ရေး၊ အားဖြည့်ပေးရေးနှင့် ပုံမှန်အစီရင်ခံရေးတို့တွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စိတ်ဝင်စားမှုရှိလာမည်ဟု မျှော်လင့်ရပါသည်။

## ကျန်းမာရေးကဏ္ဍဆိုင်ရာမူဝါဒများ

၁၄၉။ ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ အစီအစဉ်များ၊ လုပ်နည်းလုပ်ဟန်များ (Protocols) နှင့် ဥပဒေများကို ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ ယင်းတို့တွင် ၁၉၉၃ ခုနှစ်ကပြဋ္ဌာန်းခဲ့သော *"အားလုံးအတွက် ကျန်းမာရေးဆိုင်ရာ အမျိုးသားကျန်းမာရေးမူဝါဒ"*၊ သို့မဟုတ် *"ကျန်းမာရေးမူဝါဒနှင့်လမ်းညွှန်များ (၁၉၉၃)"* (National Health Policy)၊ ၂၀၀၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော *"မြန်မာ့မျိုးပွားကျန်းမာရေး မူဝါဒ"* နှင့် *"မြန်မာ့ကျန်းမာရေးမျှော်မှန်းချက်(၂၀၃၀)"* တို့ ပါဝင်ပါသည်။ *"အမျိုးသားကျန်းမာရေး စီမံချက် (၂၀၁၁–၂၀၁၆)"* အပြင် *"ကလေးသူငယ် ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၀–၂၀၁၄)"*၊ *"မျိုးဆက်ပွားကျန်းမာရေး (၂၀၀၉ မှ ၂၀၁၃)"* နှင့် *"အမျိုးသားခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးအစီအစဉ် (၂၀၁၁–၂၀၁၅)"* *"တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်း နှစ်ရှည်စီမံကိန်း(၂၀၁၂–၂၀၁၆)"* တို့ကိုလည်း ရေးဆွဲထားပြီးဖြစ်ပါသည်။ *"တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်း နှစ်ရှည်စီမံကိန်း(၂၀၁၂–၂၀၁၆)"* ကို ကာကွယ်ဆေးအသစ်များ ထည့်သွင်းထိုးနှံမည့် အခါအားလျော်စွာ ဆန်းသစ်ပြင်ဆင်သွားမည်ဖြစ်ပါသည်။ *"ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ငါးနှစ်တာမဟာဗျူဟာ(၂၀၁၂–၂၀၁၆)"* ကို ရေးဆွဲထားပါသည်။ *"မြန်မာနိုင်ငံ အစားအစာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၁၁–၂၀၁၅)"* ကို ပြင်ဆင်ထားပြီးဖြစ်ပါသည်။

၁၅၀။ ကျန်းမာရေးနှင့်ဆက်စပ်နေသော သီးသန့်ဥပဒေများတွင် ၁၉၇၂ ခုနှစ်ကပြဋ္ဌာန်းသော ပြည်သူ့ကျန်းမာရေးဥပဒေ၊ ၂၀၀၇ ခုနှစ်ကပြဋ္ဌာန်းခဲ့သော ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု ဥပဒေ၊ ၁၉၉၅ ခုနှစ်ကပြဋ္ဌာန်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သော ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးဥပဒေ၊ ၁၉၉၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သော သူနာပြုနှင့် သားဖွားဆရာမဥပဒေ၊ ၁၉၉၇ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အမျိုးသားအဆင့် အစားအစာနှင့် ပတ်သက်သောဥပဒေ၊ ၂၀၀၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သော မြန်မာဆေးကောင်စီ

ဥပဒေနှင့် တိုင်းရင်းဆေးကောင်စီဥပဒေ၊ ၁၉၉၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အမျိုးသားအဆင့် မူးယစ်ဆေးဝါးဥပဒေနှင့် ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော တိုင်းရင်းဆေးဥပဒေ၊ ၁၉၉၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံအဆင့် အစိုးရမဟုတ်သောအဖွဲ့အစည်းအဖြစ် ပြန်လည် ပြင်ဆင်ခဲ့သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေတို့ ပါဝင်ပါသည်။ ကလေးများတွင် HIV ကူးစက်မှုနှင့်ပတ်သက်၍ ဆေးကုသခံယူမှုဆိုင်ရာ စီမံခန့်ခွဲမှုလမ်းညွှန်ကို လည်း ၂၀၀၄ ခုနှစ်က ဖော်ထုတ်ခဲ့ပြီး၊ ၂၀၀၆ ခုနှစ်တွင် ပြန်လည်သုံးသပ်ပြင်ဆင်ပေးခဲ့ပါသည်။ ၁၉၉၈ ခုနှစ်က ကလေးသူငယ်များတွင် အဖြစ်များသောရောဂါများကုသခြင်းဆိုင်ရာလမ်းညွှန်ကို ထုတ်ပြန်ခဲ့ပါသည်။ မိခင်နို့အစားထိုးပစ္စည်းများ ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားခြင်းနှင့် ပတ်သက်၍လည်း အပြည်ပြည်ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်၊ ပြဋ္ဌာန်းချက်မှာ အဆုံးသတ်ရေးဆွဲ သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

## လူမှုဝန်ထမ်းဆိုင်ရာမူဝါဒများ၊ အထွေထွေနှင့်အထူးပြုအကြောင်းအရာများ

၁၅၁။ ၁၉၇၅ ခုနှစ်က ချမှတ်ခဲ့သော *"လူမှုဝန်ထမ်းမူဝါဒ"*ကို ယခုအခါ ပြန်လည် သုံးသပ်နေပါသည်။ ကလေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် အထူးရဲတပ်ဖွဲ့ကို ဖွဲ့စည်းရန် ပြင်ဆင်နေပါသည်။ အလုပ်လုပ်သောကလေးများကို ကာကွယ်စောင့်ရှောက်ရန် အမျိုးသားအဆင့် အနိမ့်ဆုံး စံ သတ်မှတ်ချက်များကိုလည်း ပြန်လည် ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်နေပါသည်။ သင်တန်းကျောင်းများတွင်ထားရှိသော ကလေးများအတွက် ကာကွယ်စောင့် ရှောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံသတ်မှတ်ချက်များကိုလည်း ၂၀၀၈ ခုနှစ်ကစ၍ ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည် (MoSWRR – ၂၀၁၁ဘီ)။



Photo by Myo Thame

*ကလေးလုပ်အားအပေါ် ခေါင်းပုံဖြတ်ခြင်း ကင်းဝေးရမည်*

၁၅၂။ မသန်စွမ်းကလေးများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသည် မသန်စွမ်းသူများအတွက် '*'အမျိုးသားလုပ်ငန်းအစီအစဉ် (၂၀၁၀–၂၀၁၂)"*ကို ရေးဆွဲပြီးခဲ့ပါသည် (MoSWRR – ၂၀၁၁စီ)။ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ရည်ရွယ်ရေးဆွဲသော ဤလုပ်ငန်း အစီအစဉ်သည် အရွယ်ရောက်ပြီးသူများနှင့် ကျောင်းနေအရွယ်ကလေးများ၏ လိုအပ်ချက်ကို

ဖြည့်ဆည်းပေးရန် အဓိကဦးတည်ပါသည်။ နောင်ချမှတ်မည့် လုပ်ငန်းအစီအစဉ်တွင် ECCD ဆိုင်ရာမူဝါဒနှင့် ငါးနှစ်တာမဟာဗျူဟာအစီအစဉ် (၂၀၁၄–၂၀၁၈)တို့တွင် တင်ပြထားသော မသန်စွမ်းမှုများမဖြစ်ရန် ကြိုတင်ကာကွယ်ခြင်း၊ စောစီးစွာအခြေအနေစစ်ဆေးတိုင်းတာပံ့ပိုးခြင်းနှင့် အားလုံးအကျုံးဝင်သော မူကြိုပညာရေးနှင့် သူငယ်တန်းပညာရေးဆိုင်ရာဝန်ဆောင်မှုများကိုလည်း ထည့်သွင်းသင့်ပါသည်။ လက်ရှိအခြေအနေတွင် မသန်စွမ်းသူများကို အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို အကြမ်းရေးဆွဲနေပါ သည်။ ယင်းဥပဒေတွင်လည်း ECCD ဆိုင်ရာမူဝါဒနှင့် ကလေးများအတွက် ဖွံ့ဖြိုးရေးဝန်ဆောင်မှု များ ပါဝင်သင့်ပါသည်။

၁၅၃။ အစိုးရက *"လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ (၂၀၀၅)"*ကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် *"လူကုန်ကူးမှုနှိမ်နင်းရေးဗဟိုအဖွဲ့"*တစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ *"လူကုန်ကူးမှု တိုက်ဖျက်ရေး၊ နိုင်ငံအဆင့်လုပ်ငန်းအစီအစဉ် (၂၀၀၇–၂၀၁၁)"*ကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ *"ကလေးများအား အဓမ္မစေခိုင်းမှုပပျောက်ရေးလုပ်ငန်းအစီအစဉ်"* တစ်ရပ်ကို ၂၀၁၂ ခုနှစ်က ချမှတ်ခဲ့ပြီး ကလေးများအား အဓမ္မစေခိုင်းမှုကို ၂၀၁၅ ခုနှစ်တွင် ရပ်တန့်သွားရန် ယင်းအစီအစဉ်ကို ကြေညာပေးခဲ့ပါသည်။ ထို့ပြင် ကလေးများနှင့်ကိုက်ညီသော ရဲရေးရာ လုပ်ထုံး လုပ်နည်းများနှင့်ပတ်သက်၍ ညွှန်ကြားချက်ကို ၂၀၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ထားပါသည်။ ကလေးများနှင့် ကိုက်ညီသော တရားရုံးလုပ်နည်းလုပ်ဟန်များနှင့်ပတ်သက်သည့်ညွှန်ကြားချက်ကို ၂၀၁၂ ခုနှစ်တွင် တရားရုံးချုပ်က ထုတ်ဝေထားခဲ့ပါသည်။

၁၅၄။ သင်တန်းကျောင်းများတွင် ကလေးသူငယ်များအားစောင့်ရှောက်ထားမှုနှင့်ပတ်သက်ပြီး အောက်ပါမူဝါဒဆိုင်ရာပြဋ္ဌာန်းချက်များ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ကလေးများအား ဘေးကင်းလုံခြုံစေရေးဆိုင်ရာလိုက်နာရမည့်ဝန်ထမ်းကျင့်ဝတ်နှင့် သင်တန်းကျောင်းများတွင် ကလေးများကိုစောင့်ရှောက်ရာတွင် အနိမ့်ဆုံးအဆင့်အားဖြင့်လိုက်နာရန်စံများကို သတ်မှတ်ပေးခဲ့ပါသည် (MoSWRR –၂၀၁၁)။ အခြားပြင်ဆင်နေမှုများလည်းရှိကြောင်း သိရှိရပါသည်။

၁၅၅။ အခြားတရားဝင်ထုတ်ပြန်ထားသောစာရွက်စာတမ်းအထောက်အထားများမှာ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေး၊ အန္တရာယ်လျော့ချရေးတို့နှင့် သက်ဆိုင်ပါသည်။ ယင်းအစီအစဉ်များတွင် ကလေးနှင့် မိခင်များကို ထည့်သွင်းဖော်ပြသော်လည်း နောင်ပြုလုပ်မည့် အစီအစဉ်များနှင့် ဝန်ဆောင်မှုများတွင် ၎င်းတို့၏ လိုအပ်မှုများကို အလေးပေးဖော်ပြသင့်ပါသည်။ ထိုအထောက်အထားများမှာ–

(က) မြန်မာဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းစီမံချက် MAPDRR (၂၀၀၉–၂၀၁၅)၊

(ခ) အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဗဟိုကော်မတီ၊

(ဂ) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအတွက်ထုတ်ပြန်ထားသောတည်ဆဲဥပဒေ (၂၀၀၉ ခုနှစ် ဇန်နဝါရီလ)၊

(ဃ) နာဂစ်မုန်တိုင်းဒဏ်ခံစားရသောကလေးသူငယ်များအတွက် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အရေးပေါ်လုပ်ငန်းစီမံချက်၊

(င) အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများအတွက် ဆောင်ရွက်ရန်လုပ်ငန်း အစီအစဉ်များ (၂၀၁၀-၂၀၁၃)။

## အနာဂတ်တွင် ကဏ္ဍပေါင်းစုံ မူဝါဒရေးရာစီစဉ်ရေးဆွဲရေးနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး

၁၅၆။ မူဝါဒရေးရာအစီအစဉ်များ ရေးဆွဲရေးအတွက် ပညာရေးဝန်ကြီးဌာနတွင် ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိပြီး ကျန်းမာရေးဝန်ကြီးဌာနတွင် ကျန်းမာရေးစီမံကိန်းဦးစီး ဌာန ရှိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင်မူ အစီအစဉ်ရေးဆွဲရေးကို သီးသန့်တာဝန်ယူလုပ်ဆောင်သောဌာနမရှိသဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ထိုတာဝန်ကို ဆောင်ရွက်နေကြရပါသည်။

၁၅၇။ ဖော်ပြပါအစိုးရဌာနများသည် ကဏ္ဍပေါင်းစုံညှိနှိုင်းပေါင်းစပ်ခြင်းနှင့် အချင်းချင်း ပူးပေါင်း ပြီး အစီအစဉ်ရေးဆွဲခဲ့သည့် အစဉ်အလာကောင်းများ ရှိပါသည်။ အမျိုးသားစီမံကိန်းရေးဆွဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ ပါသည်။ ကလေးများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့မြှင့်တင်ရေးကို မြှုပ်နှံလုပ်ကိုင်ကြ မည်ဟု သန္နိဋ္ဌာန်ချမှတ်ခြင်းက ECCD ဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာအစီအစဉ်နှင့် လုပ်ငန်း အစီအစဉ်များကို အပြည့်အဝအကောင်အထည်ဖော်မှုကို ဖြစ်စေပါသည်။ နောင်အနာဂတ်တွင် အမျိုးသားဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်၊ အခြားကဏ္ဍပေါင်းစုံအစီအစဉ်များနှင့် ဌာနအလိုက် ပြင်ဆင် သောအစီအစဉ်များတွင် ECCD မူဝါဒဆိုင်ရာအစီအစဉ်များပါဝင်လာရန်မှာ လွန်စွာအရေးကြီးပါ သည်။

၁၅၈။ မူဝါဒရေးရာပြင်ဆင်ရေးလုပ်ငန်းစဉ်များနှင့် အစီအစဉ်များပြုလုပ်ရာတွင် အောက်ခြေမှစ၍ အကြံဉာဏ်ရယူတင်ပြဆွေးနွေးသောလုပ်ငန်းစဉ်မျိုးကို ထူထောင်ထားပါသည်။ အစီအစဉ်ရေးဆွဲမှု တွင် မြို့နယ်အဆင့်မှ ဦးစားပေးအစီအစဉ်များကိုစုစည်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်က အမျိုးသားအဆင့်ထိ ဆက်လက်ဆွေးနွေးသုံးသပ် အကဲဖြတ်ကြပါသည်။

# အခန်း (၃)
# ECCD ဆိုင်ရာ အနာဂတ်မျှော်မှန်းချက်နှင့် တာဝန်ခံယူမှု



Photo by Myo Thame

အခန်း (၃)

# ECCD ဆိုင်ရာ အနာဂတ်မျှော်မှန်းချက်နှင့် တာဝန်ခံယူမှု

၁၅၉။ ECCD ဆိုင်ရာမူဝါဒနှင့်ပတ်သက်သော အနာဂတ်မျှော်မှန်းချက်မှာ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဗဟိုအဆင့်ဆင့်တို့တွင်ပြုလုပ်ခဲ့သော ညှိနှိုင်းဆွေးနွေးပွဲများက ရလဒ်များ၊ နိုင်ငံ အကြီးအကဲခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းချက်ရလဒ်များ၊ ကလေးသူငယ်များနှင့် ၎င်းတို့ မိသားစုများ၏အခြေအနေများနှင့် ECCD လုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းမူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များကို လေ့လာသုံးသပ်ချက်များပေါ်တွင် အခြေခံထားပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများ ကွဲပြားသော်လည်း ကလေးသူငယ်များ၊ မိဘများနှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍မူ အနာဂတ်မျှော်မှန်းချက်မှာ တူညီသော အမြင်များစွာ ရှိနေသည်ကို အထူးမှတ်သားရပါသည်။

**အနာဂတ်မျှော်မှန်းချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မွေးကင်းစအရွယ်မှ အသက်ရှစ်နှစ်အထိ ကလေးအားလုံးသည် ၎င်းတို့၏မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် ဝန်ဆောင်မှုပေးသူများထံမှ ဘက်ပေါင်းစုံလွှမ်းခြုံ၍ အရည်အသွေးပြည့်ဝသောဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော ပြုစုစောင့်ရှောက်မှုများ ရရှိခြင်းအားဖြင့် လွတ်လပ်မှု၊ ညီမျှမှု၊ ဂုဏ်သိက္ခာရှိမှု အခြေအနေများတွင် ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ အာဟာရပြည့်ဝခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းခြင်း၊ စိတ်ခတ်ကြံ့ခိုင်ခြင်း၊ လုံခြုံမှုရှိခြင်းနှင့်ပြည့်စုံပြီး ၎င်းတို့၏မိသားစုများ၊ ရပ်ရွာနှင့် နိုင်ငံကို အကျိုးပြုနိုင်သူများ ဖြစ်လာစေရန် မျှော်မှန်းပါသည်။

၁၆၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တာဝန်ခံယူမှုအပိုင်းနှင့်ပတ်သက်ပြီး ဖော်ပြချက်သည် ကလေးသူငယ်များ၊ ၎င်းတို့မိဘများနှင့်ဆက်စပ်ပြီး အနာဂတ်မျှော်မှန်းချက်ကို ဖော်ဆောင်ရာတွင် မည်သို့မြှုပ်နှံလုပ်ကိုင်မည်ကို အသေအချာအခိုင်အမာ ဖော်ပြထားပါသည်။

**တာဝန်ခံယူမှု**

အရည်အသွေးပြည့်ဝသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ထူထောင်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနယ်ပယ်များအဆင့်အသီးသီးတွင် ကဏ္ဍပေါင်းစုံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်မျှော်မှန်းချက်မှာ အကောင်ထည်ပေါ်လာမည် ဖြစ်ပါသည်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်း

၃

များ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့အစည်းများ၊ အဆင့်မြင့် တက္ကသိုလ် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည်။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်များသည် သက်ဆိုင်ရာဒေသ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ဆီလျော်ညီညွတ်စေခြင်းဖြင့် သာတူညီမျှသောဝန်ဆောင်မှုကို ရရှိစေရပါမည်။

မွေးစအရွယ်မှ ရှစ်နှစ်အရွယ်ကလေးအားလုံးသည် ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်စီစဉ် အကောင်အထည်ဖော်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များတွင် ပါဝင်ခွင့်ရခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးမှုများ ရလာပါမည်။ သိမြင် နားလည်မှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုနယ်ပယ် ဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှုနှင့် ဉာဏဖွံ့ဖြိုးမှုများ ရရှိလာပါမည်။ ကလေးသူငယ်များ ကျန်းမာစွာ မွေးဖွားရှင်သန်စေရန် မိခင်လောင်း၊ ဖခင်လောင်းများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့၏အိမ်ထောင်ဖက်များအတွက်ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများတွင် ကိုယ်ဝန်မဆောင်မီကာလ၊ ကိုယ်ဝန်ဆောင်စဉ်ကာလ၊ ကလေးမွေးဖွား ပြီးစကာလ ပညာပေးမှု၊ ကျန်းမာရေးနှင့် အာဟာရပြုစုစောင့်ရှောက်ရေးအစီအစဉ်များ ပါဝင်ပါမည်။ မွေးစအရွယ်မှ သုံးနှစ်အထိ ကလေးများဖွံ့ဖြိုးမှုပြည့်စုံကောင်းမွန်စေရေး အတွက် မိဘများကို အသိပညာပေးလုပ်ငန်း၊ မွေးစအရွယ်ကလေးသူငယ်များပြုစုရေးနှင့် ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးပါမည်။

ကလေးသူငယ်များဖွံ့ဖြိုးမှုတိုးတက်စေရန် မွေးစအရွယ်မှ ငါးနှစ်အရွယ်ကလေးသူငယ် များတွင် ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ပုံမှန်မဟုတ်သော အပြုအမူများရှိနေခြင်း၊ အာဟာရချို့တဲ့ခြင်း၊ မသန်စွမ်းမှုများရှိနေခြင်း၊ သို့မဟုတ် နာတာရှည်ရောဂါများရှိခြင်းများကို စောစီးစွာသိနိုင်ရန် ဖွံ့ဖြိုးမှုစစ်ဆေးမှုများပြုလုပ်၍ ပံ့ပိုးမှုပေးခြင်း ECI ကို ဆောင်ရွက်ပေးပါမည်။ ကလေးများ မွေးဖွားစာရင်းမှတ်ပုံတင်ခြင်း၊ ကလေးများအတွက် အန္တရာယ်ကင်းသောပတ်ဝန်းကျင်ဖြစ်စေ ခြင်း၊ ကလေး၏ဖြစ်စဉ်နှင့် ဖွံ့ဖြိုးမှုကို စောင့်ကြည့်စီမံခန့်ခွဲခြင်း စသည့်လုပ်ငန်းများကို အထူး အာရုံစိုက်၍ ဥပဒေအရလည်းကောင်း၊ လူမှုရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများမှတစ်ဆင့်လည်းကောင်း၊ မိဘများနှင့် ကလေးများ၏ရပိုင်ခွင့်များကို အာမခံချက် ပေးပါမည်။ အသက်သုံးနှစ်မှ လေးနှစ်အရွယ်ကလေးတိုင်းအတွက် သူငယ်တန်းနှင့် မူလတန်း ကျောင်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် ပြင်ဆင်ပေးသောလုပ်ငန်းအစီအစဉ်များအပါအဝင် မည်သူမဆိုတက်နိုင်သည့် မူကြိုပညာရေးကို စီစဉ်ပေးပါမည်။ အသက်ငါးနှစ်ပြည့်သော ကလေးများအတွက် လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းပညာရေးကို မသင်

မနေရ အခမဲ့သင်ကြားပေးပါမည်။ သူငယ်တန်းနှင့် မူလတန်းတွင် ကလေးများတက်ကြွစွာ သင်ယူစေသောနည်းများ၊ ကလေး ဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းနှင့် ကလေးတို့၏ဖွံ့ဖြိုးမှုနှင့် ကိုက်ညီဆီလျော်သော ချဉ်းကပ် နည်းများကို ကျင့်သုံးပါမည်။ ကလေးများ၏ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေရေးအတွက် သန့်ရှင်းသောသောက်သုံးရေ အလွယ်တကူရရှိနိုင်မှု၊ အိမ်၊ မူကြိုကျောင်း၊ သူငယ်တန်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးတို့ကို အထူးအလေးထားဆောင်ရွက်ပေးပါမည်။

အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးစနစ်ကို တည်ဆောက်ပြီး အရည်အသွေးကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ပေးပါမည်။ နှစ်စဉ်လုပ်ငန်း အစီအစဉ်များ ရေးဆွဲခြင်း၊ ငွေကြေးဘတ်ဂျက်လိုအပ်ချက်သတ်မှတ်ပြီး ပြည့်စုံစေရန် ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုစံနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ တတ်ကျွမ်းသော ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်း၊ အကျိုးဆောင်များအတွက် အရည်အသွေး မြင့်သော လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများပေးခြင်း၊ ပြီးပြည့်စုံသော ကြီးကြပ်ပံ့ပိုးမှုစနစ် ထူထောင်ခြင်း၊ မျှော်မှန်းရလဒ်များနှင့်တာဝန်ခံမှုအတွက် လုပ်ငန်းကြီးကြပ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ပါမည်။ ပစ္စည်းများ အချိန်မီထောက်ပံ့ပေးခြင်း၊ အာဟာရကျွေးမွေးမှုနှင့်ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ ပေးခြင်း၊ အရေးပေါ်အခြေအနေ ကြုံတွေ့နေရသောကလေးသူငယ်များအတွက် လုပ်ဆောင်ပေးမည့် လုပ်ငန်းအစီအစဉ်များ ဖော်ဆောင်အကောင်အထည်ဖော်ပေးခြင်းများ ပြုလုပ်ပါမည်။

# အခန်း (၄)

# မူဝါဒဆိုင်ရာအခြေခံအယူအဆများ၊ ရည်မှန်းချက်များ၊ ဦးတည်ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများ



Photo by Myo Thame

# အခန်း (၄)

# မူဝါဒဆိုင်ရာအခြေခံအယူအဆများ၊ ရည်မှန်းချက်များ၊ ဦးတည်ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများ

၁၆၁။ အောက်ပါအခြေခံအယူအဆများသည် ECCD ဆိုင်ရာမူဝါဒပြင်ဆင်ရာတွင် လမ်းညွှန်မှု ပေးပါသည်–

## ၄.၁။ ECCD ဆိုင်ရာမူဝါဒအတွက် အခြေခံအယူအဆများ

### *ECCD အတွက် အယူအဆသဘောတရားဆိုင်ရာချဉ်းကပ်မှု*

၁၆၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မိဘများ[၆]နှင့် မွေးစအရွယ်မှ ရှစ်နှစ်အရွယ် ကလေးအားလုံးကို ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့်ဆီလျော်ပြီး ကုန်ကျသလောက်အကျိုးရှိသည့် အရည်အသွေးမြင့်ပြီး ဘက်စုံခြုံငုံမိသော ECCD ဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီ ပါဝင် နိုင်အောင် အသေအချာဆောင်ရွက်ပါမည်။ နိုင်ငံရှိ ထိခိုက်နစ်နာလွယ်မှုအများဆုံးရှိသော ကလေး များနှင့် မိသားစုများကို ဦးစားပေးအဖြစ် ဆောင်ရွက်ပါမည်။

၁၆၃။ ကလေးသူငယ်နှင့်ဆက်စပ်ပြီး CRC၊ CRC ၏ အထွေထွေသုံးသပ်ချက်အမှတ်စဉ်(၇)တွင် မီးမောင်းထိုးထားသော ကလေးသူငယ်အခွင့်အရေးများအပြင် မြန်မာနိုင်ငံသည် CEDAW သဘောတူညီချက်ပါ ကျား၊ မ ခွဲခြားဆက်ဆံမှုပပျောက်အောင် ဆောင်ရွက်ရေး၊ CRPD ပါ မသန်စွမ်းမှုများကို ခွဲခြားဆက်ဆံမှုများပပျောက်အောင် ဆောင်ရွက်ရေးတို့အတွက်လည်း ပြုလုပ်မည်ဟု ခံယူဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

### မြန်မာနိုင်ငံသည် အရေးပါသော ECCD ဆိုင်ရာ အောက်ပါအယူအဆများကို လက်ခံ ကျင့်သုံးပါသည်–

**ECCD ဝန်ဆောင်မှုလုပ်ငန်းများတွင် ဘက်စုံလွှမ်းခြုံနိုင်ပြီး ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး**

(က) မြန်မာကလေးများ ကျန်းမာ၍ အာဟာရပြည့်ဝပြီး ကောင်းစွာဖွံ့ဖြိုးလျက် ကျောင်းနေချိန် ကာလနှင့် ဘဝတစ်လျှောက်လုံးတွင် အောင်မြင်မှုများ ရရှိစေရန် ECCD လုပ်ငန်းသည် အခြေခံကျပါသည်၊

---

[၆] ဤ ECCD မူဝါဒတွင် မိဘဟုဆိုရာ၌ အဘိုးအဘွား၊ မွေးစားမိဘများ၊ ဥပဒေကြောင်းအရ အုပ်ထိန်းသူများပါ အကျုံး ဝင်ပါသည်။

(ခ) ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများသည် သိမြင်နားလည်မှု ဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှု နယ်ပယ်ဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှုနှင့် ဉာဏဖွံ့ဖြိုးမှု၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်မှုတို့ အပါအဝင် နယ်ပယ်ကဏ္ဍအစုံတွင် မျှမျှတတဖွံ့ဖြိုးအောင်ကူညီပေးပါသည်၊

(ဂ) ECCD အတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ရာတွင် ကျန်းမာရေး၊ အာဟာရ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပညာရေးနှင့် ကာကွယ် စောင့်ရှောက်ရေးကဏ္ဍများ ပါဝင်ပါသည်။ အခြားဆက်စပ်နေသော ကဏ္ဍများဖြစ်သည့် တရားရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ မြို့နယ်အုပ်ချုပ်ရေး၊ နယ်စပ်ဒေသဝန်ဆောင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းများကိုလည်း လိုအပ်သလို အလေးထားညှိနှိုင်းဆောင်ရွက်ပါမည်၊

(ဃ) ဘက်စုံသော ECCD ဆိုင်ရာဝန်ဆောင်မှုများကို အားလုံးလက်လှမ်းမီစေရန်၊ အရည်အသွေးမြင့်မားစေရေး၊ စဉ်ဆက်မပြတ်လည်ပတ်နိုင်စေရေးသက်ဆိုင်ရာဒေသ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့်ဆီလျော်မှုရှိစေရေးတို့ကို ဆောင်ရွက်ပါမည်၊

(င) မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆင့်ရှိအစိုးရဌာန၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများသည် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်သော ECCD အစီအစဉ်ကို အသုံးပြုပါမည်။ ဤနည်းဖြင့် ရှိနေသော လူသားနှင့် ပစ္စည်းအရင်းအမြစ်များကို အများဆုံး အကျိုးရှိစွာသုံးရာရောက်ပါမည်။ ကုန်ကျမှုအနည်းဆုံးနှင့် အရည်အသွေးအမြင့်မားဆုံး ဝန်ဆောင်မှုကို ကလေးနှင့် မိသားစုအရေအတွက် အများဆုံးရအောင် ဆောင်ရွက်ပေးနိုင်ပါမည်၊

(စ) ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် အမျိုးသားအဆင့်များတွင် အထက်နှင့်အောက်ကိုလည်းကောင်း၊ အဆင့်တူချင်းကိုလည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆက်သွယ်လျက် ကွန်ရက်များဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သောဝန်ဆောင်မှုကိုပေးပါမည်။

### ထိခိုက်နစ်နာလွယ်မှုအများဆုံးနှင့် ပစ်ပယ်ထားခံရသောကလေးများကို ဦးစားပေးခြင်းနှင့် သာတူညီမျှမှု (Equity)

(က) မွေးစအရွယ်မှ ရှစ်နှစ်အရွယ်အထိ ကလေးသူငယ်အားလုံးသည် ဤမူဝါဒတွင် ဖော်ပြထားသော ECCD ဝန်ဆောင်မှုများကို ခံယူပိုင်ခွင့်ရှိပါသည်။ ဆင်းရဲနွမ်းပါး နေသောကလေးများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်များမှ ကလေးများ၊ ဖွံ့ဖြိုးမှု နောက်ကျသော၊ အာဟာရမပြည့်ဝသော၊ နာတာရှည်ရောဂါ ခံစားနေရသော၊ မသန်စွမ်းသောကလေးများ၊ အခြားသော ထိခိုက်နစ်နာလွယ်သော ကလေးများနှင့် ပစ်ပယ်ထားခြင်းခံရသောကလေးများကို ဦးစားပေးပါမည်၊

(ခ) တိုင်းရင်းသားမျိုးနွယ်စုဝင်များကို လေးစားတန်ဖိုးထားခြင်းသည် ECCD ဝန်ဆောင်မှုလုပ်ငန်း၏ အဓိက လက္ခဏာ ဖြစ်ပါသည်။ ရပ်ရွာအခြေပြုနှင့် အိမ်အခြေပြု ကလေးသူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ထိုတိုင်းရင်းသားလူမျိုးနွယ်စုဝင်ကလေးများ အကျိုးဝင်အောင် အလေးထားဆောင်ရွက်ပါမည်၊



Photo by Myo Thame

*ပံ့ပိုးမှုလိုအပ်သော ကလေးများအတွက် အားလုံးအကျုံးဝင်သော မူကြိုဝန်ဆောင်မှု*

(ဂ) အားလုံးသော ECCD ဆိုင်ရာ ဝန်ဆောင်မှုများကို မိခင်နှင့် ကလေးများ ကောင်းစွာ နားလည်ပြီး အကျိုးခံစားရစေရန် အိမ်သုံးဘာသာစကား (ထိုမိခင်နှင့် ကလေးများ ပြောသောဘာသာစကား)ဖြင့် ဆောင်ရွက်ပါမည်၊

(ဃ) ECCDဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းအားလုံးတွင် ကလေးသူငယ်များနှင့် မိဘများပါ ကျား၊ မ တန်းတူညီမျှမှုရှိစေပါမည်။

### ကလေးဗဟိုပြုနှင့် မိသားစုကို အလေးထားဦးတည်ဆောင်ရွက်သည့် ဝန်ဆောင်မှု လုပ်ငန်းများ

(က) ECCDဝန်ဆောင်မှုများတွင် ကလေးကို ဗဟိုပြုထားပါမည်။ ကလေးတစ်ဦးချင်း၏ အခြေအနေနှင့် လိုအပ်ချက်များ၊ ကလေးများ၏ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ကာကွယ်ပေးရေးတို့ကို ပါဝင်စေပါမည်၊

(ခ) ECCDဆိုင်ရာဝန်ဆောင်မှုများသည် မိသားစုကို အလေးထားဦးတည် ဆောင်ရွက်ပါမည်။ မိဘများနှင့် ကလေးများနှင့်ပတ်သက်၍ ဝန်ဆောင်မှုလုပ်ငန်းများ စီစဉ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ခြုံငုံရှုမြင်သုံးသပ်မှု များတွင် မိဘနှစ်ဦးစလုံး အပြည့်အဝပါဝင်လာစေရန် သေချာစွာဆောင်ရွက်ပါမည်၊

(ဂ) ကလေးများနှင့် လူငယ်များကိုပင်လျှင် သူတို့ကိုယ်တိုင်နှင့် သူတို့၏ညီငယ်၊ ညီမငယ်များ အပေါ် အကျိုးသက်ရောက်စေသည့် ECCDဆိုင်ရာဝန်ဆောင်မှုများကို စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လေ့လာသုံးသပ်ခြင်းများတွင် ပါဝင်စေပါမည်။

## ကလေးနှင့် မိဘများ၏အခွင့်အရေးများနှင့် အားလုံးပါဝင်ခံစားခွင့်ရှိရေး

(က) မိဘရင်းချာများ၊ အုပ်ထိန်းစောင့်ရှောက်သူများနှင့် မွေးစားမိဘများသည် ၎င်းတို့ ကလေးများအတွက် ဦးစွာပထမ အရေးကြီးဆုံးသော ပြုစုစောင့်ရှောက်သူနှင့် လက်ဦးဆရာအဖြစ် အဓိကတာဝန်ရှိပါသည်၊

(ခ) ECCD ဆိုင်ရာဝန်ဆောင်မှုများပေးသည့်အစီအစဉ်ကို မိဘများကို ပြည့်ပြည့်စုံစုံ အသိပေးပါမည်။ ယင်းဝန်ဆောင်မှုများမပေးမီ မိဘများ၏သဘောတူညီချက် ရယူပါမည်၊

(ဂ) မိဘများနှင့် ECCD ဆိုင်ရာဝန်ဆောင်မှုများအကြား အားကောင်းပြီး ရေရှည်တည်တံ့သော ဆက်ဆံရေးမျိုးကို တည်ထောင်ပါမည်၊

(ဃ) ECCDဝန်ဆောင်မှုလုပ်ငန်းများတွင် ကလေးအားလုံး အကျုံးဝင်ပါမည်။ မသန်စွမ်းသော ကလေးများနှင့် ဖွံ့ဖြိုးမှုနောက်ကျသောကလေးများကိုလည်း လက်ခံပါမည်။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

(က) ကလေးနှင့် မိဘအားလုံးအတွက် တရားဥပဒေအရ ကာကွယ်စောင့်ရှောက်မှုကို ဆောင်ရွက်ပေးပါမည်၊

(ခ) ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများကို ကလေးအားလုံးအတွက် ဆောင်ရွက်ပေးပါမည်။ မြန်မာနိုင်ငံရှိ အများဆုံးထိခိုက်နစ်နာလွယ်သော ကလေးများကို အထူးအလေးပေးပါမည်၊

(ဂ) ငွေကြေးပံ့ပိုးမှု သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငွေကြေးထောက်ပံ့မှုအပါအဝင် လူမှုရေးကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဝန်ဆောင်မှုများကို ခက်ခဲသော အခြေ

အနေများတွင် နေထိုင်ကြသည့် မွေးစမှ ရှစ်နှစ်အရွယ်ကလေးများအတွက် ဦးစားပေး ဆောင်ရွက်ပေးပါမည်။

## ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများတွင် ရပ်ရွာပါဝင်မှု

(က) ဒေသဆိုင်ရာ ECCD လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် လေ့လာသုံးသပ်ခြင်းလုပ်ငန်းများတွင်အသုံးပြုရန် ခရိုင်၊ မြို့နယ်နှင့် ကျေးရွာ ECCD ကော်မတီများက ဒေသလိုအပ်ချက်များကို ဖော်ထုတ်ပါမည်။ ထို့နောက် ဦးတည်ရည်မှန်းချက်များ ချမှတ်ပါမည်၊

(ခ) ရပ်ရွာ၊ မြို့နယ်နှင့် ခရိုင်အဆင့် ECCDကော်မတီများသည် ECCD လုပ်ငန်းများကို တာဝန်ခံရန် နှစ်ပတ်လည်အစီရင်ခံစာများ၊ လုပ်ငန်းအစီအစဉ်များနှင့် ဘတ်ဂျက်များကို ပြင်ဆင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ECCD ကော်မတီများသို့ တင်ပြရန် တာဝန်ရှိပါသည်၊

(ဂ) အရည်အသွေးမြင့်မားသော ECCD လုပ်ငန်းများ အလုံအလောက်ဆောင်ရွက်ပေးနိုင်ရန်နှင့် ဝန်ဆောင်မှုများထပ်နေခြင်းမရှိစေရန် သက်ဆိုင်ရာဒေသများတွင် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာ အခြေပြုအဖွဲ့အစည်းများအတွင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းမှုကွန်ရက်များ ထူထောင်ခြင်းတို့ ပြုလုပ်ပါမည်၊

(ဃ) ECCDမူဝါဒဆိုင်ရာမဟာဗျူဟာများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ရပ်ရွာ၊ မိဘ၊ ကလေးသူငယ်များနှင့် ဘေးဖယ်ထားခြင်းခံရသောအုပ်စုများ၏ တက်ကြွစွာပါဝင် ဆောင်ရွက်ဦးဆောင်မှုသည် အရေးကြီးပါသည်။



Photo by Aye Aye Yee

*ECCDမူဝါဒရေးဆွဲရေးညှိနှိုင်းဆွေးနွေးပွဲ၊ မွန်ပြည်နယ်*

### ပြည့်ဝသောအရည်အသွေးရှိစေမှု

(က) ECCD လုပ်ငန်းများအတွက် စံများ၊ လုပ်နည်းလုပ်ဟန်များကို ဖော်ထုတ်ခြင်း၊ အားဖြည့်ဆောင်ရွက်ခြင်း၊ လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ပေးခြင်းများ ပြုလုပ်ပါမည်၊

(ခ) အရည်အသွေးမြင့်သော သင်ရိုးညွှန်းတမ်း၊ အထောက်အကူပြုပစ္စည်းများ၊ သင်နည်းများနှင့် ဆက်သွယ်ရေးစနစ်များကို ဒေသသုံးဘာသာစကားများဖြင့် ပြုစုပါမည်။ ယင်းတို့ကို လုပ်ငန်းခွင်အကြိုသင်တန်းများနှင့် စဉ်ဆက်မပြတ် ပြုလုပ်သော လုပ်ငန်းခွင်သင်တန်းများတွင် သုံးပါမည်၊

(ဂ) လုပ်ငန်းကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အလုပ်ခွင်သုတေသနများ ပြုလုပ်ပြီး ECCD ဆိုင်ရာ အရင်းအမြစ်ထည့်ဝင်မှုများ၊ ရလဒ်များ၊ အကျိုးဆက်များကို တိုင်းတာပါမည်။

## ၄.၂။ အနာဂတ်မျှော်မှန်းချက်နှင့် တာဝန်ခံယူမှုများပြုလုပ်နိုင်ရန် ECCD ဆိုင်ရာမူဝါဒ၏ အဓိကရည်မှန်းချက်များ

### ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာအဓိကရည်မှန်းချက်များ

အနာဂတ်မျှော်မှန်းချက်ဖော်ပြချက်၊ တာဝန်ခံယူမှုဖော်ပြချက်နှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအယူအဆများနှင့် ဆက်စပ်ပြီး အောက်ပါရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၏ အဓိကရည်မှန်းချက်များသည် မြန်မာနိုင်ငံ၏လူမှုစီးပွားရေးအလျင်အမြန်တိုးတက်မှုကို အထောက်အကူပြုစေပါသည်–

(က) ကလေးအားလုံး မိဘများနှင့် ပြုစုစောင့်ရှောက်သူများသည် အရည်အသွေးမြင့်ပြီး ယဉ်ကျေးမှု၊ ဘာသာစကားတို့ဖြင့်ကိုက်ညီသော၊ သာတူညီမျှရှိပြီး လက်လှမ်းမီသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရေး ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်မဆောင်မီကာလနှင့် ကိုယ်ဝန်ဆောင် ကာလပညာပေးမှုနှင့် စောင့်ရှောက်မှုကိုလည်းကောင်း၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးများ စသည့်ကဏ္ဍအားလုံးပေါင်းစုံပါဝင်၍ ပူးပေါင်း ပါဝင်စီစဉ်ဆောင်ရွက်သော မိဘအသိပညာပေးရေးနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းကောင်း၊ အထူးလိုအပ်ချက်ရှိနေသော ကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး တိုင်းတာစစ်ဆေးပံ့ပိုးမှုများ (ECI) ကိုလည်းကောင်း၊ လူမှုရေးနှင့် ကလေးများကာကွယ်

စောင့်ရှောက်ရေးဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း၊ ကလေး၏ဖွံ့ဖြိုးမှုနှင့် ကိုက်ညီပြီး မိဘနှင့် ရပ်ရွာပူးပေါင်းပါဝင်မှုအပြည့်အဝရှိသော မူကြိုပညာရေး၊ သူငယ်တန်းနှင့် မူလတန်းအစောပိုင်းပညာရေးဝန်ဆောင်မှုကိုလည်းကောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်သူများနှင့် အခြားဆက်စပ်နေသူများအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် သင်တန်းများကိုလည်းကောင်း ဆောင်ရွက်ရန်၊

(ခ) အရည်အသွေးရှိသော၊သာတူညီမျှဖြစ်သော၊ ထိရောက်သော၊ တာဝန်ယူမှုရှိသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအစီအစဉ်များကို မြန်မာနိုင်ငံအတွင်းရှိ အခြားသောကလေးများနှင့်ပတ်သက်သောမူဝါဒများ၊ လုပ်ငန်း အစီအစဉ်များ၊ ဥပဒေများနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်အပါအဝင် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆက်စပ်ပေးရန်၊

(ဂ) အရည်အသွေးမြင့်မားသောဝန်ဆောင်မှုများပေးနိုင်ရန် ထိရောက်သောလုပ်ငန်းခွင် အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ စီစဉ်ပေးရန်၊

(ဃ) အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ အဆင့်မြင့်တက္ကသိုလ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအကြား ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးနှင့် ဆက်သွယ်မှုကွန်ရက်ကို မြှင့်တင်ရန်၊

(င) မွေးစမှရှစ်နှစ်အရွယ်ကလေးများအတွက် အရည်အသွေးမြင့်သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြုရန် အရေးကြီးကြောင်းကို မိဘများ၊ ဆရာများ၊ ရပ်ရွာလူထု၊ မြို့နယ်များ၊ ခရိုင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ နိုင်ငံတော်အဆင့် ဆုံးဖြတ်ချက်ချသူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာအောင် ဆောင်ရွက်ရန်၊

(စ) မြန်မာကလေးများအားလုံးကို အခြေခံကောင်းများရရှိစေခြင်းဖြင့် ၎င်းတို့၏ အစွမ်းအစ၊ အလားအလာများ အပြည့်အဝတိုးတက်လာပြီး အားထားနိုင်သော နိုင်ငံသားများ ဖြစ်စေလျက် ဆင်းရဲနွမ်းပါးမှုသံသရာကို အဆုံးသတ်နိုင်သူများ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သူများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး အားလုံးလွှမ်းခြုံသက်ဆိုင်သည့် အမျိုးသားဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်သူများ၊

နိုင်ငံ၏ထုတ်လုပ်မှုစွမ်းအားတိုးတက် ရေးနှင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ထုတ်လုပ်နိုင်စွမ်းရှိသူများ၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ဖြစ်လာအောင် အထောက်အကူပြုပံ့ပိုးနိုင်သူများဖြစ်လာစေရန် ဆောင်ရွက်ပေးရန်။

## ၄.၃။ ECCD ဆိုင်ရာမူဝါဒ၏ ဦးတည်ရည်ရွယ်ချက်များ

၁၆၄။ ECCD ဆိုင်ရာမူဝါဒ၏ အဓိကရည်မှန်းချက်များ ပေါက်မြောက်စေရန် အောက်ပါ ဦးတည်ရည်ရွယ်ချက်များကို အဆင့်ပိုင်းခြား၍ တဖြည်းဖြည်းတိုးတက်ရရှိလာစေရန် ဆောင်ရွက်ပါမည်။ ECCD မဟာဗျူဟာအစီအစဉ် ပထမ ငါးနှစ် (၂၀၁၄-၂၀၁၈)မှာ ECCD ဆိုင်ရာ ဦးတည်ရည်ရွယ်ချက်များ ပေါက်မြောက်စေရန် ပထမအဆင့်ဆောင်ရွက်မှုဖြစ်ပါသည်။

### မူဝါဒရေးရာနှင့်ဆိုင်သော ဦးတည်ရည်ရွယ်ချက်များ

၁။ ကလေးသူငယ်များ ကျန်းမာစွာမွေးဖွားနိုင်ရန်နှင့် မိခင်များလိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုကို တတ်ကျွမ်းသူများထံမှရရှိပြီး အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရန်၊ မွေးဖွားလာသောကလေးများကို ကောင်းမွန်စွာပြုစုစောင့်ရှောက်ရန်၊ မွေးစာရင်းမှတ်ပုံတင်မှုကို ချက်ချင်းပြုလုပ်ပေးရန်၊ ကျန်းမာရန်၊ ကာကွယ်ဆေးထိုးနှံပေးရန်၊ မိခင်နို့တိုက် ကျွေးမှုရရန်၊ အာဟာရပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

၂။ မိဘများတွင် လိုအပ်သော ကလေးပြုစုစောင့်ရှောက်မှုဆိုင်ရာကျွမ်းကျင်မှုများ မြှင့်တင်ထိန်းသိမ်းပေးခြင်းဖြင့် ကလေးများကောင်းစွာဖွံ့ဖြိုးစေရန်၊ ရောဂါကြိုတင်ကာကွယ်ရေး၊ အခြေခံကျန်းမာရေးနှင့် အာဟာရဖြည့်ဆည်းရေးဆိုင်ရာ စောင့်ရှောက်မှုများရစေရန်၊ သတ်မှတ်ထားသောအချိန်နှင့်အညီ ပြည့်စုံသောကာကွယ်ဆေးရရှိမှုဖြစ်စေရန်၊ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးမှုရရှိစေရန်၊ အာဟာရပြည့်ဝပြီးမျှတသော ဖြည့်စွက်စာကျွေးမွေးမှုရစေရန်၊ အန္တရာယ်ကင်းရှင်းပြီး ကာကွယ်စောင့်ရှောက်မှုများလည်းရစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်သောအိမ်များနှင့် ကလေးပြုစုစောင့်ရှောက်ရေးဌာနများတွင် နေထိုင်နိုင်စေရန်၊

၃။ မွေးစမှငါးနှစ်အရွယ် ဖွံ့ဖြိုးမှုနောက်ကျနေးကွေးသောကလေးများ၊ အာဟာရမပြည့်ဝသောကလေးများ၊ နာတာရှည်ရောဂါဝေဒနာခံစားနေရသောကလေးများ၊ မသန်စွမ်းသော ကလေးများ၊ ပုံမှန်မဟုတ်သော အပြုအမူရှိ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် အဆင့်အတန်းကို မြှင့်တင်ပေးရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် အထူးလိုအပ်ချက်ရှိ နေသောကလေးများကို ပတ်ဝန်းကျင်နှင့် တစ်သားတည်းဖြစ်စေရန်နှင့် ထိုကလေးများကို လက်ခံမှု၊ ပါဝင်ခွင့်ပေးမှုကို အလေးထားဆောင်ရွက်ရန်၊

၄။ သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်စေရန်နှင့် လူတိုင်း အကျုံးဝင်သောသူငယ်တန်းနှင့် မူလတန်းပညာရေးတွင် ကလေးများ အောင်မြင်မှုရရန် ပြင်ဆင်ပေးသည့်မူကြိုပညာရေးနှင့် ကလေးဖွံ့ဖြိုးမှုလုပ်ငန်းများ တွင် မိဘများတက်ကြွစွာ ပါဝင်လာစေရန်၊

၅။ ကလေးများ အိမ်၊ မူကြိုကျောင်းမှနေပြီး လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းကျောင်းသို့ ထိထိရောက်ရောက် အဆင်ပြေပြေ ကူးပြောင်းနိုင်စေရေး အတွက်သူငယ်တန်းနှင့် မူလတန်းကျောင်းများ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှု လုပ်ငန်းများတွင် မိဘများပါဝင် ဆောင်ရွက်နိုင်ရန်၊ ကလေးများကျောင်းတွင် သင်ယူမှုတိုးတက်ကောင်းမွန်ရန် (အသက် အလိုက် ရောက်ရှိသင့်သည့်အတန်းတွင် ကျောင်းတက်ရောက်ရေး၊ အတန်းထပ်ကျော့မှုနှင့် စောစီးစွာကျောင်းထွက်မှုများ လျှော့ချရေး၊ မိခင်ဘာသာစကားအသုံးပြု၍ အခြေခံအရေး၊ အဖတ် ကျွမ်းကျင် လာစေရေး၊ မူလတန်းတက်ရောက်သူတိုင်းမူလတန်းအဆင့်ကို ပြီး မြောက်စေရေး)၊

၆။ အထူးလိုအပ်ချက်ရှိနေသောကလေးများ၏အခွင့်အရေးများ အပြည့်အဝရရှိစေရန်၊ အထူးလိုအပ်ချက်ရှိနေသောကလေးများကို သင်တန်းကျောင်းများတွင်ထားခြင်းမှ ကာကွယ်တားဆီးရန်၊ အထူးလိုအပ်ချက်ရှိနေသောကလေးများမူကြို၊ သူငယ်တန်း နှင့် မူလတန်းကျောင်းများတွင် အပြည့်အဝပါဝင်နိုင်ရန်၊ ကလေးများအပေါ် နှိမ့်ချ ဆက်ဆံမှု၊ လွဲမှားစွာပြုကျင့်မှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှုများကိုလျှော့ချရန်၊



Photo by Myo Thame

စုပေါင်းလှုပ်ရှားချိန်၊ မူကြိုကျောင်း၊ ညောင်ရွှေမြို့

၇။ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၌ တာဝန်ယူနေကြသည့် အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စေတနာ့ဝန်ထမ်းများ၏ ဗဟုသုတနှင့် စွမ်းဆောင်ရည်အစဉ်မြင့်မားတိုးတက်နေအောင် ဆောင်ရွက်ပေးရန်၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုအဖြစ် အဆင့်ဆင့်တိုးတက်နိုင်သောအခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ အရည်အသွေးပြည့်ကြောင်း အထောက်အထားလက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းများဆောင်ရွက်ရန်၊ ယင်းသို့ ဆောင်ရွက်ပေးရာတွင် သင်တန်းနည်းပြများ၊ စီမံအုပ်ချုပ်သူများနှင့် ဦးဆောင်မှု ပေးနေသူများထဲမှ အဓိကကျသောပုဂ္ဂိုလ်များအတွက် ဦးစားပေးဆောင်ရွက်ရန်၊

၈။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် အဓိကကျသော ဝန်ဆောင်မှုများနှင့် စနစ်များသည် အရည်အသွေးမြင့်မားစေရန်နှင့် တာဝန်ခံပြီး လုပ်ဆောင်မှုအပြည့်ရှိစေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်ပါဝင်နေသူများကို ပုံမှန်ကြီးကြပ်မှုပေးရန်၊ ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ထည့်ဝင်မှုများ၊ ရလဒ်များနှင့် နောက်ဆက် တွဲအကျိုးဆက်များဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံရန်၊

၉။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရေးကြီးပုံကို နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာအဆင့်ခေါင်းဆောင်များသိရှိနားလည်စေရန်၊ ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရာတွင် မိဘများ၏အရေးကြီးသောအခန်းကဏ္ဍကို ၎င်းတို့ကိုယ်တိုင် နားလည်သဘောပေါက်စေရန်နှင့် မွေးစမှ ရှစ်နှစ်အရွယ်ကလေးများ၏ အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ပေးရာတွင် ၎င်းတို့၏အရေးပါသော အခန်းကဏ္ဍကို မိဘများသိရှိလာစေရန်၊

၁၀။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန် အမျိုးသားအဆင့်တွင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီနှင့်မူဝါဒအကောင်အထည်ဖော်ရေးအဖွဲ့ကို ထူထောင်ဖွဲ့စည်းပြီး မူဝါဒကို စနစ်တကျအကောင်အထည်ဖော်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ ဘတ်ဂျက်ရရန်စီစဉ်ခြင်း၊ တာဝန်ခံခြင်းနှင့် အဆင့်တိုင်းတွင်အစီရင်ခံခြင်း စသည်တို့ကို လုပ်ဆောင်ရာတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်စနစ်တစ်ရပ်ကို အဆင့်တိုင်းတွင် ထူထောင်ရန်။

## ၄.၄။ မူဝါဒဆိုင်ရာမဟာဗျူဟာများ

၁၆၅။ ဖော်ပြခဲ့သော ECCD ဆိုင်ရာရည်မှန်းချက်များနှင့် ဦးတည်ရည်ရွယ်ချက်များ ပြည့်မီလာစေရန် အောက်ပါမူဝါဒဆိုင်ရာမဟာဗျူဟာများကို ကျင့်သုံးပါမည်–

### မူဝါဒဆိုင်ရာမဟာဗျူဟာများ

**၁။ ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားပြီးစအချိန်များအတွက် ဝန်ဆောင်မှုလုပ်ငန်းများ**

မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်မဆောင်မီစောင့်ရှောက်မှုပေးခြင်း၊ အိမ်တိုင်ရာရောက်သွားရောက်ခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားပြီးပညာပေးခြင်း၊ မွေးဖွားပြီးစောင့်ရှောက်မှုပေးခြင်း၊ အာဟာရဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် ဆယ်ကျော်သက်များ၊ မိခင်လောင်း၊ ဖခင်လောင်းများအား အပြုသဘောဆောင်သော မိဘအပြုအမူများကို ကျင့်သုံးနိုင်ရန် ကြိုတင်ပြင်ဆင်ပေးခြင်း

**၂။ မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုများ**

မွေးစမှ သုံးနှစ်အရွယ်ကလေးများ၏မိဘများအတွက် အိမ်တိုင်ရာရောက် မိဘအသိပညာပေးခြင်း၊ ကလေးသူငယ်ဖွံ့ဖြိုးရေးကျောင်းများမှတစ်ဆင့် မိဘအသိပညာပေးခြင်း၊ ရောဂါ ကြိုတင်ကာကွယ်ရေး၊ အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို ကလေးများနှင့် မိဘများအားလုံးအတွက် လက်လှမ်းမီရရှိစေခြင်း၊ အိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်နေရသောကလေးမိခင်များအတွက် အရည်အသွေးမြင့်ပြီး ကလေး၏ဖွံ့ဖြိုးမှုကို ကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်မည့် ဝန်ဆောင်မှုများ (နေ့ကလေးထိန်းကျောင်းများ၊ မိခင်ဝိုင်းများ)ကို ရရှိစေခြင်း၊

**၃။ မွေးစမှ ငါးနှစ်ကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ စစ်ဆေးပုံပိုးသည့်ဝန်ဆောင်မှုများ**

ကလေးငယ်တစ်ဦးချင်းစီတွင်ရှိနေသော ၎င်းတို့၏အစွမ်းအစ၊ အလားအလာများ ပြည့်ပြည့်ဝဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေး အခြေအနေကို တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (ECI) များကို စတင်ထူထောင်ပြီး တိုးချဲ့ဆောင်ရွက်ရန်နှင့် အထူးလိုအပ်ချက်ရှိနေသောကလေးများကို ခွဲခြားဆက်ဆံမှုများနှင့် နှိမ့်ချဆက်ဆံမှုများမရှိစေရန် တားဆီးကာကွယ်ပေးခြင်း၊



Photo by Myo Thame

ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းခြင်းအစ မူကြိုကျောင်းက



### ၄။ သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများအတွက်မူကြိုပညာရေး

အရည်အသွေးမြင့်ပြီး သက်ဆိုင်ရာလူမျိုးအလိုက် ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုက်ညီလျက် လူတိုင်းအကျုံးဝင်သော မူကြိုပညာရေးကို အကောင်အထည်ဖော်ခြင်း၊ တိုးချဲ့ ဆောင်ရွက်ခြင်း၊ မိဘအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိဘများပါဝင်ကူညီမှုပေးခြင်း၊ လူအများအတွင်း မူကြိုပညာရေး အရေးကြီးကြောင်း အသိအမြင်ပွင့်လာစေရန် လုပ်ငန်းဆွေးနွေးပွဲများကို ဗဟိုအဆင့်မှ ရပ်ရွာအဆင့်အထိ ကျင်းပပြုလုပ်ခြင်း၊

### ၅။ ငါးနှစ်မှ ရှစ်နှစ်အရွယ်ကလေးများအတွက် အကူးအပြောင်း၊ သူငယ်တန်းနှင့် မူလတန်းအောက်ဆင့်ပညာရေးလုပ်ငန်းများ

အသက်လေးနှစ်မှ ငါးနှစ်အရွယ်ကလေးများ အိမ်၊ မူကြိုကျောင်းမှ လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းသို့ ချောမွေ့စွာကူးပြောင်းနိုင်ရေးအတွက် အားကောင်းသော အကူးအပြောင်းအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ခြင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မိဘများ တက်ကြွစွာပါဝင်ခြင်း၊ အခြေခံသဘောတရားများကို လေ့လာသင်ယူရာတွင် သက်ဆိုင်ရာ လူမျိုးအလိုက် တောင်းဆိုချက်ပေါ်မူတည်၍ ဖြစ်နိုင်သမျှ မိခင်ဘာသာစကားကို အသုံးပြုခြင်း၊ ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းများနှင့် ကလေးများသဘာဝနှင့်အညီ ၎င်းတို့ကိုယ်တိုင် တက်ကြွစွာ

ပါဝင် သင်ယူသောနည်းများ၊ ကစားခြင်းဖြင့်သင်ယူနည်းများကိုသုံးခြင်း၊ သင်ယူရန်နေရာများကို အသုံးပြုခြင်း၊

## ၆။ အထူးလိုအပ်ချက်ရှိနေသောကလေးများ

အထူးလိုအပ်ချက်ရှိနေသောကလေးများ၏ အခွင့်အရေးများကို အပြည့်အဝ ဖြည့်ဆည်းပေးခြင်း၊ မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ မိသားစုနှင့် အတူနေထိုင်နိုင်စေရန် စီစဉ်ဖန်တီးခြင်းဖြင့် သင်တန်းကျောင်းတွင် ကလေးများ စောင့်ရှောက်ထားရှိခြင်းကို လျော့ပါးစေခြင်း၊ လူတိုင်းအကျုံးဝင်သော မူကြို ကျောင်းများ၊ သူငယ်တန်းများနှင့် မူလတန်းကျောင်းများ ထူထောင်ခြင်း၊ မွေးစမှ ရှစ်နှစ်အရွယ်ကလေးများအား လွဲမှားစွာပြုကျင့်ခံရမှု၊ လျစ်လျူရှုခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးနိုင်ရန် အရည်အသွေးကောင်းသော ပြုစုစောင့်ရှောက်မှုရရှိအောင် ဆောင်ရွက်ခြင်း၊

## ၇။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ်

အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများ၏ အရည်အသွေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ဘက်စုံလွှမ်းခြုံ၍ အရည်အသွေးမြင့်သော၊ ကဏ္ဍပေါင်းစုံ ပူးပေါင်း ပါဝင်သော၊ ရေရှည်တည်တံ့သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းခွင်အကြိုသင်တန်းပေးသည့်စနစ်ကိုထူထောင်ရန်၊ ကျွမ်းကျင်မှုအရ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုအဖြစ် အဆင့်ဆင့်တိုးတက်နိုင်သောအခြေအနေ အခွင့်အလမ်းကို ဖန်တီးပေးခြင်း၊ လုပ်ငန်းခွင်အဆင့်တိုင်းတွင် ဝန်ထမ်းများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် စဉ်ဆက်မပြတ် သင်ယူလေ့လာနိုင်သော သင်တန်းများ စီစဉ်ပေးခြင်း၊ ကျွမ်းကျင်သူများအား အရည်အသွေးအလိုက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ ပုံမှန်သက်တမ်းတိုးပေးခြင်း၊

## ၈။ အရည်အသွေးထိန်းသိမ်းခြင်းနှင့် တာဝန်ခံခြင်းအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်

ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်သော ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များစီမံခန့်ခွဲရေးစနစ်တစ်ခု ထူထောင်ခြင်း၊ ယင်းသို့ထူထောင်ရာတွင် တာဝန်ခံမှု၊ မကြာခဏပြန်လည်သုံးသပ်မှု၊ ကြီးကြပ်မှု၊ လုပ်ငန်းသုံးသပ်အကဲဖြတ်မှု နှင့် အစီရင်ခံမှုများ နှစ်စဉ် အဆင့်တိုင်းတွင် ပြုလုပ်ခြင်း၊

**၉။ မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံမှုရရှိစေရန် ပြန်ကြား ဆက်သွယ်ပညာပေးခြင်း**

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော နောက်ဆုံးရသတင်းအချက်အလက်များ၊ ယဉ်ကျေးမှုနှင့်ဆီလျော်ပြီး အပြည့်ပြည့် ဆိုင်ရာက ထောက်ခံအကြံပြုထားသောသတင်းအချက်အလက်များကို ဦးစီး ဦးဆောင်ပြုသူများ၊ ဝန်ဆောင်မှုပေးသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများနှင့် ရပ်ရွာတာဝန်ရှိသူများ စသည်တို့ အပါအဝင် ဦးတည်အုပ်စုများထံ ရုပ်မြင် သံကြား၊ ရေဒီယို၊ စာအုပ်စာတမ်းများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း၊ အကျိုးခံစားခွင့်ရှိသူများအားလုံးထံရောက်အောင် ဖြန့်ဝေခြင်း၊

**၁၀။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးစနစ်ကို ဖွဲ့စည်း ထူထောင်ခြင်း**

အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ကော်မတီ၊ အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး နှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ကို ထူထောင် ခြင်း၊ မူဝါဒရေးရာပူးပေါင်းဆောင်ရွက်ရေး၊ အကောင်အထည်ဖော်ရေးတို့တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး မိမိသက်ဆိုင်ရာဒေသလိုအပ်ချက်နှင့်အညီ လုပ်ဆောင် နိုင်သောစနစ်ထူထောင်ခြင်း၊ ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များအဆင့်ဆင့်တွင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီများဖွဲ့စည်းခြင်းနှင့် နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊ ဘတ်ဂျက်တွက်ချက်တင်ပြခြင်း၊ နှစ်စဉ်အစီရင်ခံခြင်းများပြုလုပ်ခြင်း။

# အခန်း (၅)
# မဟာဗျူဟာအသီးသီးအတွက်ဝန်ဆောင်မှုများနှင့် လုပ်ငန်းများ



Photo by Myo Thame

# အခန်း (၅)

# မဟာဗျူဟာအသီးသီးအတွက်ဝန်ဆောင်မှုများနှင့် လုပ်ငန်းများ

၁၆၆။ ECCD မူဝါဒဆိုင်ရာ မဟာဗျူဟာ (၁၀)ခုရှိရာ၊ မဟာဗျူဟာတစ်ခုချင်းအတွက် ဝန်ဆောင်မှုများနှင့် လုပ်ငန်းများ များစွာပါဝင်ပါသည်။ ECCD ဆိုင်ရာ မဟာဗျူဟာ ငါးနှစ်တာ အစီအစဉ်တွင် ထိုဝန်ဆောင်မှုများနှင့် လုပ်ငန်းများကို အသေးစိတ်ဖော်ပြပါလိမ့်မည်။ ယင်းသို့ ဖော်ပြရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ မျှော်မှန်းရလဒ်များ၊ အညွှန်းကိန်းများ၊ ဦးတည် ချက်များ၊ အချိန်ကာလသတ်မှတ်ချက်နှင့် ဘတ်ဂျက်လိုအပ်မှုများ ပါဝင်ပါသည်။

## ဦးတည်ရည်ရွယ်ချက် (၁)

ကလေးသူငယ်များ ကျန်းမာစွာမွေးဖွားနိုင်ရန်နှင့် မိခင်များ လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုကို တတ်ကျွမ်းသူများထံမှ ရရှိပြီး အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရန်၊ မွေးဖွားလာ သောကလေးများကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ရန်၊ မွေးစာရင်းမှတ်ပုံတင်မှုကို ချက်ချင်း ပြုလုပ်ပေးရန်၊ ကျန်းမာရန်၊ ကာကွယ်ဆေးထိုးနှံပေးရန်၊ မိခင်နို့တိုက်ကျွေးမှုရရန်၊ အာဟာရ ပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်။

## မဟာဗျူဟာ(၁)

### *ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားပြီးစအချိန်များအတွက် ဝန်ဆောင်မှုလုပ်ငန်းများ*

မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်မဆောင်မီစောင့်ရှောက်မှု ပေးခြင်း၊ အိမ်တိုင်ရာရောက်သွားရောက်ခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားပြီးပညာပေးခြင်း၊ မွေးဖွားပြီးစောင့်ရှောက်မှုပေးခြင်း၊ အာဟာရဆိုင်ရာ စောင့်ရှောက်မှု ပေးခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် ဆယ်ကျော်သက်များ၊ မိခင်လောင်း၊ ဖခင်လောင်း များအား အပြုသဘောဆောင်သောမိဘအပြုအမူများကို ကျင့်သုံးနိုင်ရန် ကြိုတင်ပြင်ဆင်ပေး ခြင်း။

## ၅.၁.၁။ ကိုယ်ဝန်မဆောင်မီကာလ၊ ကိုယ်ဝန်ဆောင်စဉ်ကာလနှင့် ကလေးမွေးပြီးစကာလဝန်ဆောင်မှုများကို လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးနှင့် အာဟာရ အစီအစဉ်များတွင် ထည့်သွင်းဆောင်ရွက်ခြင်း

၁၆၇။ ကိုယ်ဝန်မဆောင်မီ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားပြီးကာလ ကျန်းမာရေး ဝန်ဆောင်မှုများကို အရည်အသွေးမြင့်မားပြီး သာတူညီမျှဖြစ်ရန်အတွက် ပြင်ဆင်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းအစီအစဉ်များကို ဦးစားပေးဆောင်ရွက်ပါမည်။ ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားပြီးစကာလ ဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်များကို လက်ရှိ ကျန်းမာရေးနှင့် အာဟာရလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ရန် အသိပေးတင်ပြဆွေးနွေးခြင်းနှင့် ယင်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အသိပေးဆွေးနွေးခြင်း ပြုလုပ်ပါမည်။ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကာကွယ်စောင့်ရှောက်ရေး စသည့် ဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းများကို ရွေးချယ်ပါမည်။ ကဏ္ဍပေါင်းစုံနှင့် အဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို ထူထောင်ပါမည်။ ပညာပေးနှင့် အခြားသင်ထောက်ကူပစ္စည်းများကို မော်ကျူးပုံစံ၊ သို့မဟုတ် သင်တန်းသုံးစာအုပ်အဖြစ် ပြင်ဆင်၊ ကွင်းဆင်းစမ်းသပ်ပြီးနောက် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဝေပါမည်။ လုပ်ငန်းအစီအစဉ်ညှိနှိုင်းရေးမှူးများ၊ ကူညီပံ့ပိုးသူများ၊ စေတနာ့ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ၊ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပါမည်။ ရပ်ရွာတွင် အမှန်တကယ်လိုအပ်နေသူ ကလေးများနှင့်မိဘများထံ ဝန်ဆောင်မှုများ သေချာစွာရောက်စေရန် ရပ်ရွာများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပါမည်။

၁၆၈။ ယင်းဝန်ဆောင်မှုများကို အားဖြည့်ပေးရန် လုပ်ငန်းအစီအစဉ်ညှိနှိုင်းရေးမှူးများ၊ ကူညီပံ့ပိုးပေးသူများ၊ စေတနာ့ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းများကိုရေးဆွဲခြင်း၊ ကွင်းဆင်းစမ်းသပ်မှုပြုလုပ်ခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအထိ တဖြည်းဖြည်း လွှမ်းခြုံနိုင်စေရန် ဆောင်ရွက်ခြင်းများ ပြုလုပ်ပါမည်။ ထို့ပြင် လုပ်ငန်းခွင်အကြို ဆေးပညာသင်တန်းများ၊ သူနာပြုသင်တန်းများ၊ ကျန်းမာရေးမှူးသင်တန်းများ၊ အမျိုးသမီးကျန်းမာရေးဆရာမနှင့် သားဖွားဆရာမ သင်တန်းများတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအား သင်ကြားပါမည်။ ကြီးကြပ်ရေးမှူးများကို လုပ်ငန်းခွင်သင်တန်းပေးနိုင်ရန်ကြိုတင်ပြင်ဆင်ပေးပါမည်။ အခြေခံသတင်းအချက်အလက်များကောက်ယူခြင်း၊ လုပ်ငန်းကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းများ ပြုလုပ်ပြီး အောက်ဖော်ပြပါ ဆက်စပ်နေသောဝန်ဆောင်မှုတစ်ခုချင်းစီ၏ အကျိုးသက်ရောက်မှုများကို လေ့လာပါမည်။

## ၅.၁.၂။ မျိုးဆက်ပွားကျန်းမာရေးနှင့် ကိုယ်ဝန်မဆောင်မီ အသိပညာပေးခြင်း၊ ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးစောင့်ရှောက်မှု

၁၆၉။ ကလေးသူငယ်များ ကျန်းမာစွာမွေးဖွားရှင်သန်ပြီး မိဘများတွင်လည်း ရှိသင့်သော ကလေးပြုစုစောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် လက်ရှိ ရှိနေသော ECCDဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများ

တွင် သားဆက်ခြားပညာရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ အာဟာရပြည့်ဝရေး စသည့် အသိပညာများကို အမြင်ဖွင့်ဆွေးနွေးမှုများ ပြုလုပ်ရန် အားပေးတိုက်တွန်းပေးပါမည်။ နေ့စေ့လစေ့မှ အာဟာရပြည့်ဝကျန်းမာသော ကလေးမွေးဖွားလာနိုင်ရန် ကိုယ်ဝန်မဆောင်မီကာလဆိုင်ရာ ပညာပေးအစီအစဉ်တွင် မိခင်လောင်း၊ ဖခင်လောင်းနှစ်ဦးလုံးပါဝင်စေပါမည်။ ပြုစုထားသော စာစောင်၊ လမ်းညွှန်စာအုပ်များကို တိုင်းရင်းသားမျိုးနွယ်စုအားလုံးက မိခင်လောင်း၊ ဖခင်လောင်းတို့၏လိုအပ်ချက်ပြည့်ဝအောင် လိုအပ်သလိုပြုပြင်မှု၊ ဘာသာပြန်ဆိုမှုများ ပြုလုပ်၍ ဖြန့်ဝေပါမည်။ ကိုယ်ဝန်မဆောင်မီကာလဆိုင်ရာ အသိပညာပေးရေးအတွက် အသစ်ထုတ်လုပ်မည့် ပညာပေးစာစောင်များကို ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းလေ့လာစမ်းသပ်မှုများ ပြုလုပ်ပါမည်။

၁၇၀။ ကြိုတင်ပြင်ဆင်မှုပြီးစီးပါက မျိုးဆက်ပွားကျန်းမာရေးနှင့် ကိုယ်ဝန်မဆောင်မီကာလဆိုင်ရာ ပညာပေးစာစောင်နှင့် ဝန်ဆောင်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ပါမည်။ ထိုဝန်ဆောင်မှုများ၏ မိဘများအပေါ်သက်ရောက်မှုများဖြစ်သည့် ကိုယ်ဝန်ဆောင်မှု၊ ကလေးသူငယ်မွေးဖွားမှု၊ မွေးလာသောကလေးများ ရှင်သန်ကျန်းမာမှု၊ မွေးဖွားပြီးနောက် မိဘအနေဖြင့် ပြုစုစောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဗဟုသုတများပေါ်တွင် မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာသုံးသပ်အကဲဖြတ်ပါမည်။

## ၅.၁.၃။ ကိုယ်ဝန်ဆောင်စဉ်ကာလ ပညာပေးမှု

၁၇၁။ ကိုယ်ဝန်ရှိနေပြီဟု သိရှိသည့်အချိန်မှစပြီး (အတိအကျဆိုလျှင် ကိုယ်ဝန်ရပြီး ပထမ သုံးလ မကုန်ဆုံးမီ) ကိုယ်ဝန်ဆောင်မိခင်များအားလုံးနှင့် ၎င်းတို့၏ခင်ပွန်းများကို ကိုယ်ဝန်ဆောင်ပညာပေးအစီအစဉ်သို့တက်ရောက်ရန် အားပေးပါမည်။ ဤပညာပေးဝန်ဆောင်မှုလုပ်ငန်းများကို အိမ်တိုင်ရာရောက်သွားရောက်စီစဉ်ပေးမည်ဖြစ်ပါသည်။ အထူးသဖြင့် ထိခိုက်နစ်နာလွယ်သော၊ ကိုယ်ဝန်ဆောင်စဉ် အထူးဂရုစိုက်ပြုစုပေးရန်လိုသော မိခင်များအတွက် ဆောင်ရွက်ပါမည်။ ထို့အတူ အခြားသောမိခင်များအတွက်လည်း ဆောင်ရွက်ပါမည်။ ပညာပေးခြင်းလုပ်ငန်းကို ဌာနအခြေပြုသင်တန်းပုံစံဖြင့်လည်း ဖွင့်လှစ်ပေးမည်ဖြစ်ပါသည်။ အထူးသဖြင့် ကလေးမွေးဖွားမှုအတွက်ပြင်ဆင်ပေးမှု (အသက်ရှူလေ့ကျင့်ခန်းနှင့် ကလေးမွေးဖွားမှုနှင့်ဆိုင်သောအကြောင်းအရာများ)ကို သင်တန်းတွင် အလေးထားသင်ကြားပါမည်။ ကိုယ်ဝန်ဆောင်စဉ် အိမ်တိုင်ရာရောက်ပညာပေးခြင်း သို့မဟုတ် အုပ်စုလိုက်ပညာပေးဆောင်ရွက်ခြင်းအစီအစဉ်ကို အနည်းဆုံး လေးကြိမ်ပြုလုပ်ပါမည်။ မွေးဖွားသည့်အချိန် သို့မဟုတ် မွေးဖွားပြီးစတွင် တစ်ကြိမ်၊ မွေးဖွားပြီးနောက်ပိုင်းတွင် သုံးကြိမ်သွားရောက်ပြီး ကလေးငယ်များအား ပြုစုစောင့်ရှောက်မှု၊ မိခင်နို့တိုက်ကျွေးမှု၊ ကာကွယ်ဆေးထိုးခြင်း စသည့်အကြောင်းအရာများကို ပညာပေးဆွေးနွေးပြသပါမည်။

၁၇၂။ ECCD ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများအနေနှင့် အားလုံးလွှမ်းခြုံသော ကိုယ်ဝန်ဆောင်မိခင်ကူညီစောင့်ရှောက်ရေးအတွက် ရှစ်ကြိမ် အိမ်တိုင်ရာရောက် ကူညီစောင့်ရှောက်ခြင်း သို့မဟုတ် အုပ်စုလိုက်ဆွေးနွေးခြင်းပြုလုပ်ရန် ပြောဆိုဆွေးနွေးပညာပေးမည့် အကြောင်း

အရာများကို လိုအပ်သလိုပြုစုခြင်း၊ ဘာသာပြန်ဆိုခြင်း၊ လက်တွေ့စမ်းသပ်ခြင်း၊ လိုအပ်သလို ပြန်လည်သုံးသပ်ပြုပြင်ခြင်း၊ လုံလောက်သောအရေအတွက်ကို နှစ်စဉ်ထုတ်လုပ်ဖြန့်ဝေခြင်းများကို ပြုလုပ်ပါမည်။

၁၇၃။ ကိုယ်ဝန်မဆောင်မီကာလ၊ ကိုယ်ဝန်ဆောင်စဉ်ကာလ၊ ကလေးမွေးဖွားပြီးကာလများတွင် ပြုလုပ်မည့် ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကာကွယ်ဆေးထိုးနှံရေးနှင့် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ပညာပေးအစီအစဉ်များအားလုံးကို မိဘများနေ့စဉ်ပြောဆိုသော မိခင်ဘာသာစကားဖြင့် ပြုလုပ်ပါမည်။ နယ်စပ်ဒေသများတွင် နေထိုင်ကြသူများနှင့် တိုင်းရင်းသား မျိုးနွယ်စုငယ်များအတွက် အထူးအလေးပေးဆောင်ရွက်ပါမည်။

## ၅.၁.၄။ အာဟာရအပါအဝင် ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှု

၁၇၄။ ကိုယ်ဝန်ဆောင်ကျန်းမာရေးပညာပေးလုပ်ငန်းသည် ကျန်းမာရေးဌာနက ဆောင်ရွက်ပေးသော ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အထောက်အကူပြုပါသည်။ သို့သော် ယင်းပညာပေးအစီအစဉ်သည် ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အစားထိုး ခြင်း မဟုတ်ပါ။ ကိုယ်ဝန်ဆောင်ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှုအနေအထားကို အနည်းဆုံး လေးကြိမ် ကျန်းမာရေးဌာနတွင် စစ်ဆေးပါမည်။ ကိုယ်ဝန် ပထမ သုံးလအတွင်း ယင်းစစ်ဆေးမှု များကို စတင်ခံယူစေပါမည်။ ကိုယ်ဝန်ဆောင်စဉ် သို့မဟုတ် မွေးဖွားစဉ် အန္တရာယ်နှင့်ကြုံတွေ့နိုင် ခြေ ရှိသည့် ကိုယ်ဝန်ဆောင်မိခင်များ (ဥပမာ–ကိုယ်ဝန်ဆိပ်တက်မည့်လက္ခဏာရှိသော၊ သွေးဆင်း သောအန္တရာယ်များနှင့်ကြုံတွေ့ရနိုင်သော ကိုယ်ဝန်ဆောင်မိခင်များ)အတွက် အထူးစစ်ဆေးမှု၊ စောင့်ရှောက်မှုများ ပြုလုပ်ပါမည်။ ထို့အပြင် မရှိမဖြစ်လိုအပ်သော အဏုအာဟာရများ၊ Iron-folate နှင့် ဗီတာမင်များကို ကိုယ်ဝန်ဆောင်မိခင်အားလုံးနှင့်သွေးအားနည်းသော၊ သို့မဟုတ် အခြား သော အာဟာရချို့တဲ့မှုရှိသော ဆယ်ကျော်သက်မိန်းကလေးများအားလုံးအတွက် ပံ့ပိုးပေးသွားပါ မည်။ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်နေသောမိခင်များနှင့် ၎င်းတို့၏ကလေးများအတွက် အဓိက ရည်ရွယ်၍ ကျေးရွာအာဟာရဘဏ်ကို ထူထောင်ပါမည်။ အရန်သားဖွားဆရာမများ၊ မီးဖွားရာတွင် အကူအညီရယူနေရသော အရပ်လက်သည်များအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုပေးနေသူများ ကို လုပ်ငန်းခွင်သင်တန်းပေးပါမည်။ ကာကွယ်ဆေးအားလုံးကိုလည်း သတ်မှတ်ထားသည့်အတိုင်း အကြိမ်ပြည့်အောင် ထိုးနှံတိုက်ကျွေးပါမည်။

၁၇၅။ ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ်တွင် ကလေးမွေးဖွားမှုအားလုံး၏ ၈၀ ရာခိုင်နှုန်း ကို ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့်သာ မွေးဖွားမှုဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေ ပါသည် (MoH–၂၀၁၂ အေ)။

၁၇၆။ မိခင်သေဆုံးမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၁၅–ခုနှစ်တွင် မွေးဖွားမှု ၁၀၀,၀၀၀ တွင် မိခင်သေဆုံးမှု ၁၀၅ ဦးအောက် လျော့ကျစေရန် ရည်မှန်းချက်ကို ပြည့်မီကျော်လွန် နိုင်စေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေပါသည် (MoH–၂၀၁၂အေ)။

## ၅.၁.၅။ HIV ရောဂါကူးစက်မှုခံစားနေရသောမိခင်များ

၁၇၇။ HIV ရောဂါကူးစက်ခံစားနေရသော မိခင်အားလုံးအတွက် ပုံမှန်ဆောင်ရွက်သော ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားပြီးကာလ ကျန်းမာရေးဝန်ဆောင်မှုများအပြင် ART ဖြင့် ကုသမှုပေးပါမည်။ မိခင်မှကလေးသို့ ရောဂါကူးစက်မှုကို ကာကွယ်သော (PMCT) ဝန်ဆောင်မှုကိုလည်းကောင်း၊ မွေးကင်းစကလေးကို ကာကွယ်ပေးခြင်း၊ ပိုးစစ်ပေးခြင်းကို လည်းကောင်း ဆောင်ရွက်ပေးပါမည်။ ထို့အပြင် အပြုသဘောဆောင်သော မိဘတို့၏ အမူအကျင့်များနှင့် ကလေးများအား ငယ်ရွယ်စဉ်ကစပြီး အားကောင်းသောလူ့ဆော်မှုပေးရန်တို့ကိုလည်း အသိပညာပေးသွားပါမည်။ HIV ရောဂါပိုးရှိသော ဇနီးမောင်နှံများကို မလိုလားအပ်သော ကိုယ်ဝန်မရရှိရန်နှင့် မိသားစုဘဝပြင်ဆင်ရေးဝန်ဆောင်မှုများ ရရှိစေသလို ကိုယ်ဝန်ဆောင်လိုသောအခါတွင် သေချာစွာပြင်ဆင်၍ ကိုယ်ဝန်ဆောင်နိုင်ရန် ဝန်ဆောင်မှုများပေးပါမည်။

## ၅.၁.၆။ ကလေးမွေးဖွားပြီးမိခင်များထံ အိမ်တိုင်ရာရောက်ပညာပေးခြင်း၊ နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများပေးခြင်း

၁၇၈။ ကလေးမွေးဖွားပြီးသောမိခင်နှင့် မွေးလာသောကလေးအတွက် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာပေးမှု သုံးကြိမ်နှင့် ကျန်းမာရေးဌာနတွင် လာရောက်ပြသစစ်ဆေးခံယူမှု တစ်ကြိမ်ကို ပြုလုပ်ပါမည်။ ယင်းသို့ဆောင်ရွက်ခြင်းမှာ ကလေးနှင့်မိခင် နာမကျန်းမှုနှင့် သေဆုံးမှုကျဆင်းစေရန်နှင့် မိဘများအနေဖြင့် ကလေးငယ်များကို ပြုစုစောင့်ရှောက်တတ်ရန် အပြုသဘောဆောင်သော အလေ့အကျင့်များရအောင် အသိပညာပေးရန်ဖြစ်ပါသည်။ သားဖွားဆရာမနှင့် အရန်သားဖွားဆရာမများအနေဖြင့် ဖော်ပြပါကျန်းမာရေးအသိပညာပေးခြင်းနှင့် စောင့်ရှောက်ကုသခြင်းလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် အားပေးသည့်အနေဖြင့် ၎င်းတို့၏ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများတွင် မိဘအသိပညာပေးခြင်း မော်ဂျူးကို ထည့်သွင်းထားပါမည်။ နာမကျန်းဖြစ်နိုင်ခြေများသော မွေးစအရွယ်ကလေးနှင့် မိခင်များအတွက် အိမ်တိုင်ရာရောက်စောင့်ရှောက်ကူညီမှု၊ ကျန်းမာရေးဌာနသို့ လာရောက်ပြသစစ်ဆေးခံယူမှုများကို လိုအပ်သလို ထပ်မံစီစဉ်ပေးမည်ဖြစ်ပါသည်။ ငှက်ဖျားဖြစ်ပွားသော ဒေသများတွင် တစ်နှစ်အောက် ကလေးများနှင့် ကလေးသူငယ်များအားလုံး ဆေးစိမ်ခြင်ထောင်ရရှိစေရန် အထူးဦးစားပေး ဆောင်ရွက်ပါမည်။ အစားအစာ၊ ဓာတုဆေးဝါး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုတို့နှင့် ဆက်စပ်နေသော အန္တရာယ်ဖြစ်မှုများလျှော့ချရန်၊ ကျန်းမာသောနေထိုင်မှုအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးစစ်ဆေးမှုများပြုလုပ်ပြီး ကောင်းသောပတ်ဝန်းကျင်ဖြစ်စေမည့်အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ပါမည်။ တစ်နှစ်အောက်ကလေး သေဆုံးမှုနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်တွင် အရှင်မွေးကလေး ၁,၀၀၀ လျှင် သေဆုံးမှု (၃၀)ဦးထိ လျှော့ချရန်နှင့် ၂၀၃၁ ခုနှစ်တွင် (၂၂)ဦးအထိ လျှော့ချနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရည်မှန်းထားပါသည် (MoH – ၂၀၁၀အေ)။ ဝေးလံခေါင်ဖျားသောဒေသများတွင်နေထိုင်သော သို့မဟုတ် ကျန်းမာရေးဌာနနှင့် အလှမ်းဝေးသော တစ်နှစ်အောက်ကလေးများသို့ ကာကွယ်ဆေးများအားလုံးရောက်ရှိစေရန် အထူးစီမံချက် သီးခြားထားရှိမည်ဖြစ်ပါသည်။

၅

### ဦးတည်ရည်ရွယ်ချက် (၂)

မိဘများတွင် လိုအပ်သောကလေးပြုစုစောင့်ရှောက်မှုဆိုင်ရာကျွမ်းကျင်မှုများ မြှင့်တင်ထိန်းသိမ်းပေးခြင်းဖြင့် ကလေးများကောင်းစွာဖွံ့ဖြိုးစေရန်၊ ရောဂါကြိုတင်ကာကွယ်ရေး၊ အခြေခံကျန်းမာရေးနှင့် အာဟာရဖြည့်ဆည်းရေးဆိုင်ရာ စောင့်ရှောက်မှုများရစေရန်၊ သတ်မှတ်ထားသောအချိန်နှင့်အညီ ပြည့်စုံသောကာကွယ်ဆေးရရှိမှုဖြစ်စေရန်၊ (၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးမှုရရှိစေရန်၊ အာဟာရပြည့်ဝပြီး မျှတသောဖြည့်စွက်စာကျွေးမွေးမှုရစေရန်၊ အန္တရာယ်ကင်းရှင်းပြီး ကာကွယ်စောင့်ရှောက်မှုများလည်းရစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်သောအိမ်များနှင့် ကလေးပြုစုစောင့်ရှောက်ရေးဌာနများတွင် နေထိုင်နိုင်စေရန်၊

### မဟာဗျူဟာ (၂)
### *မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုများ*

မွေးစမှ သုံးနှစ်အရွယ်ကလေးများ၏ မိဘများအတွက် အိမ်တိုင်ရာရောက် မိဘအသိပညာပေးခြင်း၊ ကလေးသူငယ်ဖွံ့ဖြိုးရေးကျောင်းများမှတစ်ဆင့် မိဘအသိပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး၊ အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို ကလေးများနှင့် မိဘများအားလုံးအတွက် လက်လှမ်းမီ ရရှိစေခြင်း၊ အိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်နေရသော ကလေးမိခင်များအတွက် အရည်အသွေးမြင့်ပြီး ကလေး၏ဖွံ့ဖြိုးမှုကို ကောင်းမွန်စွာဆောင်ရွက်ပေးနိုင်မည့် ဝန်ဆောင်မှုများ (နေ့ကလေးထိန်းကျောင်းများ၊ မိခင်ဝိုင်းများ)ကို ရရှိစေခြင်း။

## ၅.၂.၁။ ရှေးဦးအရွယ်မူကြိုပညာရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်

၁၇၉။ ကလေးသူငယ်များအတွက် ပညာရေးလုပ်ငန်းအစီအစဉ်ဟာကွက်ကိုဖြည့်ရန် ရှေးဦးအရွယ်မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့က ကျန်းမာရေးဝန်ကြီးဌာနတို့၏ အပြည့်အဝ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်ပါမည်။ ယင်းမဟာဗျူဟာတွင် မွေးကင်းစကလေးအရွယ်မှစပြီး သူငယ်တန်းနှင့် မူလတန်းသို့ကူးပြောင်းသည်အထိ ကလေးသူငယ်များအတွက် ပညာရေးဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်များ အကျုံးဝင်ပါမည်။ ဤမဟာဗျူဟာအစီအစဉ်သည် မွေးစမှ သုံးနှစ်အရွယ်တွင် စတင်သည့်အတွက် သက်ဆိုင်ရာလုပ်ငန်းများကို ဤအပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။ ၎င်းတို့ကို မဟာဗျူဟာ(၄)ဖြစ်သည့် မူကြိုပညာရေးကဏ္ဍနှင့် ၅.၄.၂ တို့တွင်လည်း ထည့်သွင်းဖော်ပြထားပါသည်။ ဤရှေးဦးအရွယ်မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်မှာ ECCD ဆိုင်ရာ မူဝါဒနှင့်မဟာဗျူဟာအစီအစဉ်၊ ၂၀၁၂–၂၀၁၄ ခုနှစ်တွင် ပြုလုပ်သော ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာချက်များ(CESR) နှင့် မဟာဗျူဟာဖော်ထုတ်ရေးအတွက် ဆောင်ရွက်သော အခြားလေ့လာမှုများကို အခြေခံထားပါမည်။

## ၅.၂.၂။ မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုများ၏နယ်ပယ်များ ဖော်ထုတ်ခြင်းနှင့် သုံးသပ်ခြင်း

၁၈၀။ မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ECCD ဆိုင်ရာဝန်ဆောင်မှုများကို မြန်မာနိုင်ငံတွင် ဖော်ဆောင်ရာ၌ လက်ရှိအောင်မြင်နေသော လုပ်ငန်းအစီအစဉ်များအပေါ် အခြေခံကာ လုပ်ငန်းအသစ်များကို ဆောင်ရွက်ပါမည်။ ထို့ကြောင့် မွေးစအရွယ်မှ သုံးနှစ်အရွယ်ကလေးများအတွက် မြန်မာနိုင်ငံတွင်အောင်မြင်နေသောအစီအစဉ်များကို ဖော်ထုတ်ရန်လိုပါသည်။ ယင်းတို့ကို လျင်မြန်စွာတိုးချဲ့ရန်နှင့် နောက်ထပ်လိုနေသော လုပ်ငန်းအသစ်များဖြင့် ထပ်မံအားဖြည့်ပေးရန်လိုပါသည်။

၁၈၁။ ထို့ကြောင့် မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက်ဆောင်ရွက်ပေးနေသော ECCD လုပ်ငန်းများဆောင်ရွက်သည့်နေရာများကို ဖော်ထုတ်ရန်နှင့် ထိုလုပ်ငန်းများကို သုံးသပ်ကြည့်ရှုရန်လိုပါသည်။ ယခုအခါ၌ လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားသော ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများက ယင်းလုပ်ငန်းများကို ဝန်ဆောင်မှုများပေးနေကြပါသည်။ လက်ရှိအခြေအနေတွင် ထိုလုပ်ငန်းများသည် အရေအတွက်အရဖြစ်စေ၊ ဒေသလွှမ်းခြုံနိုင်မှုအရဖြစ်စေ အကန့်အသတ်ရှိနေပါသေးသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိလုပ်ကိုင်အောင်မြင်နေသော လုပ်ငန်းများပေါ်အခြေတည်ပြီး ဖြစ်နိုင်သမျှ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားပါမည်။

၁၈၂။ ကလေးသူငယ်များ(အထူးသဖြင့် အငယ်ဆုံးကလေးသူငယ်များ)အတွက် ဝန်ဆောင်မှုများသည် အဖွဲ့အစည်းများအချင်းချင်း အားကောင်းသောပူးပေါင်းလုပ်ဆောင်မှု၊ ဝန်ကြီးဌာနများအချင်းချင်းတရားဝင်ချိတ်ဆက်လုပ်ကိုင်မှု၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွန်ရက်ဖြန့်ကြက်လုပ်ဆောင်မှုများ ပြုလုပ်ရန်လိုပါသည်။ သို့မှသာလျှင် ECCD ဆိုင်ရာ အရင်းအမြစ်များ (ဌာနများ၊ သင်တန်းကျောင်းများ၊ လူသားအရင်းအမြစ်များ၊ ငွေကြေးအရင်းအမြစ်များ)ကို အများဆုံးအကျိုးရှိအောင် အသုံးချနိုင်မည်ဖြစ်ပါသည်။ (၅.၄.၉ တွင် ကြည့်ပါ။)

## ၅.၂.၃။ လုပ်ငန်းအစီအစဉ်ပါ အကြောင်းအရာများကိုသုံးသပ်ခြင်းနှင့် ပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်း

၁၈၃။ လက်ရှိအသုံးပြုနေသော မွေးစမှ သုံးနှစ်အရွယ်ကလေးများဖွံ့ဖြိုးရေးအတွက် အသုံးပြုနေသော သင်ရိုးများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်နည်းများနှင့် ပြန်ကြားဆက်သွယ် ပညာပေးအထောက်အကူများကို ဖော်ထုတ်ပြီး ပြန်လည်သုံးသပ်ပါမည်။ လိုအပ်ချက်ရှိနေသောနေရာများကိုလည်း ဖော်ထုတ်ပါမည်။ အရည်အသွေးပြည့်မီသည်ဟုယူဆရသော အထောက်အကူပစ္စည်းများ၊ အကြောင်းအရာများကို ရွေးချယ်သုံးသပ်၍ လိုအပ်ချက်ကိုပြုပြင်ကာ ကွင်းဆင်းစမ်းသပ်ခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ပါမည်။ (မဟာဗျူဟာ(၇) လက်ရှိ

၅

အသုံးပြုနေသော အထောက်အကူပစ္စည်းများကို ပြုပြင်အသုံးချခြင်းနှင့် သင်ကြားမှုအထောက်အကူ အသစ်များထုတ်လုပ်ခြင်းကိုကြည့်ပါ။) "*ကလေးသူငယ် ကျန်းမာရေးနှင့်ဖွံ့ဖြိုးမှု ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာလက်စွဲ*"ကို မွေးစအရွယ်မှ (၃၆)လ ကလေးများနှင့် မိဘများအတွက် ပြုစုထုတ်လုပ်ပါမည်။ ယင်းလက်စွဲစာစောင်ပါ မော်ဂျူး(သင်ခန်းစာများ)ကို မိဘများ၏ လိုအပ်ချက်များနှင့် စိတ်ပါဝင်စားမှုအရ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆီလျော်သလို အသုံးပြုပါမည်။ ဝန်ဆောင်မှုများနှင့် သင်ထောက်ကူပစ္စည်းများကို မိဘများနှင့်ကလေးများ ထိရောက်စွာ အသုံးပြုနိုင်ရန် မိဘများ နေ့စဉ်ပြောဆိုနေကြသော မိခင်ဘာသာစကားဖြင့် ဖြန့်ဝေပေးပါမည်။

၁၈၄။ ယခုလက်ရှိအသုံးပြုနေသော သင်ရိုးများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်နည်းနှင့် ပြန်ကြားဆက်သွယ်ပညာပေးအထောက်အကူများတွင် လိုအပ်နေသော နယ်ပယ်များအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ထောက်ကူပစ္စည်းများကိုပြုစုပြီး ကွင်းဆင်းစမ်းသပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ထုတ်လုပ်ခြင်းများ ပြုလုပ်ပြီး ကျယ်ပြန့်စွာဖြန့်ဝေပေးပါမည်။ မွေးစမှ သုံးနှစ်အရွယ် ကလေးများနှင့် ၎င်းတို့၏မိဘများ၊ သိသင့်သိထိုက်သည်များကို လူထုဆက်သွယ်ရေးလှုပ်ရှားမှုဖြင့် အသိပညာများ ဖြန့်ဝေပေးပါမည်။ [မဟာဗျူဟာ (၉)ကို ကြည့်ပါ။]

၁၈၅။ မြန်မာနိုင်ငံတွင် မွေးစမှသုံးနှစ်အရွယ်ကလေးများနှင့် ၎င်းတို့၏မိဘများအတွက် ဘက်စုံလွှမ်းခြုံသော၊ လိုအပ်ချက်နှင့် ဆီလျော်သော၊ ပြုပြင်ပြောင်းလဲနိုင်သော၊ ယဉ်ကျေးမှု၊ ဘာသာစကားဖြင့် ကိုက်ညီသော အောင်မြင်သည့်ဝန်ဆောင်မှုများကိုပြုလုပ်နိုင်ပါမည်။ ဝန်ဆောင်မှုများတွင် မွေးလာသောကလေးများကို မှတ်ပုံတင်ခြင်း၊ မိဘများအတွက် အသိပညာပေးခြင်း၊ မိခင်ဝိုင်း၊ ကျောင်းအခြေပြု ECCD၊ မူကြိုပညာရေး၊ အိမ်တိုင်ရာရောက်ကူညီစောင့်ရှောက်ခြင်း၊ နယ်လှည့် ECCD ဝန်ဆောင်မှုအဖွဲ့များ၊ ဝေးလံဒေသများအတွက် ECCD ဝန်ဆောင်မှု တွဲဖက်ဌာနများ ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှုအထောက်အပံ့ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ ကလေးနှင့်မိခင်များကို ကာကွယ်မှုပေးခြင်းစသော ဝန်ဆောင်မှုလုပ်ငန်းများလည်းပါဝင်ပါမည်။ သင်ထောက်ကူများတွင် ရုပ်ပုံများ၊ သရုပ်ဖော်ပုံများလည်း အသုံးပြုပါမည်။ ယင်းဝန်ဆောင်မှုများကို အောက်တွင် အတိုချုပ်အားဖြင့် ဖော်ပြထားပါသည်။

### ၅.၂.၄။ ကလေးမွေးစာရင်းမှတ်ပုံတင်ခြင်း

၁၈၆။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မွေးပြီးစကလေးများ၏ (၉၈ ရာခိုင်နှုန်း)ကို ကလေးမွေးဖွားပြီး တစ်လအတွင်း ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာကျန်းမာရေးဌာနအသီးသီးတွင် မွေးစာရင်းမှတ်ပုံတင် ပြုလုပ်ပေးပါမည်။ မိဘများကို မွေးစာရင်းမှတ်ပုံတင်လက်မှတ် အထောက်အထားထုတ်ပေးပါမည်။ ကလေးနှင့်မိခင်အတွက် ဆောင်ရွက်ပေးနေသော ကျန်းမာရေး၊ အာဟာရ ပြည့်ဝရေး၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး၊ ကလေးစောင့်ရှောက်ရေး ဆိုင်ရာဝန်ဆောင်မှုများအတွက် လုပ်ငန်းအစီအစဉ်များဆိုင်ရာ သတင်းအချက်

အလက်များပါရှိသည့် လက်ကမ်းစာစောင်တစ်ခုကိုပေးပါမည်။ ထို့ပြင် မွေးပြီးစကလေးတိုင်းကို မိခင်၊ မွေးကင်းစကလေးနှင့် ကလေးသူငယ်ကျန်းမာရေးနှင့်အာဟာရမှတ်တမ်းကတ်နှင့် ကလေးငယ်များ ကာကွယ်ဆေးထိုးခြင်းမှတ်တမ်းကတ်တစ်ခုစီ ထုတ်ပေးပါမည်။ ထို့ပြင် ကလေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုရအောင် မည်သို့ဆောင်ရွက်ရမည့်အကြောင်း လမ်းညွှန်မှုပေးပါမည်။ ကလေးမွေးစာရင်းမှတ်ပုံတင်ပြီးသည်နှင့် ထိုကလေးသည် နိုင်ငံတော်အစိုးရက အာမခံထားသော လိုအပ်သောဝန်ဆောင်မှုများအားလုံးရရှိမှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုသည့် *“တစ်နိုင်ငံလုံးဆိုင်ရာ ကလေးများအခြေနေမှတ်တမ်းစနစ်”*တွင် မှတ်တမ်းတင်ထားပြီးဖြစ်ပါမည်။ကလေးများ လိုအပ်သောဝန်ဆောင်မှုများ အပြည့်အဝရစေရန် မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ပါမည်။ လက်ရှိ ကလေးမွေးစာရင်းမှတ်ပုံတင်မှုဆိုင်ရာဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ပြန်လည်သုံးသပ်ပြုပြင်ခြင်း၊ လိုအပ်သည့်ပုံစံများ၊ စာရွက်စာတမ်းများပြင်ဆင်ခြင်းများကို ပြုလုပ်ပါမည်။ မွေးစာရင်းမှတ်ပုံတင်မှုနှင့် သက်ဆိုင်သူများအားလုံးကို လေ့ကျင့်သင်တန်းပေးပါမည်။ ရာနှုန်းပြည့် မွေးစာရင်းမှတ်ပုံတင်ရေး ရည်မှန်းချက်ပြည့်မီစေရန် အသိပညာပေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကျယ်ပြန့်စွာဆောင်ရွက်ပါမည်။ မွေးပြီး တစ်လအတွင်း ကလေးများအားလုံး မှတ်ပုံတင်နိုင်ရေး အသိပညာပေးနိုင်ရန်အတွက် မွေးစာရင်းမှတ်ပုံတင်ရေးလှုပ်ရှားမှုတစ်ရပ်ကို လူထုဆက်သွယ်ရေးနည်းစနစ်များမှတစ်ဆင့်လည်းကောင်း၊ လူထုဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပါမည်။

### ၅.၂.၅။ မိဘအသိပညာပေးလုပ်ငန်းနှင့် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများ

၁၈၇။ ဘက်စုံလွှမ်းခြုံသော မိဘအသိပညာပေးလုပ်ငန်းနှင့် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာဒေသအတွင်း နေထိုင်သော လူမျိုးတို့၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့်ဆီလျော်စွာ ဖော်ထုတ်စမ်းသပ်ပြုပြင်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပါမည်။ မွေးစမှ သုံးနှစ်အရွယ်ကလေးများ၏ မိဘများအား အသိပညာပေးခြင်းနှင့် ပံ့ပိုးမှုပေးခြင်းလုပ်ငန်းများကို အိမ်တိုင်ရာရောက် သွားရောက်ဆောင်ရွက်ပေးခြင်း၊ ပညာပေးဌာနတွင်စုပေါင်း၍ အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးပါမည်။ ထိုသို့ဆောင်ရွက်ပေးသည်မှာ ကလေးများ ဖွံ့ဖြိုးတိုးတက်အောင်ပြုစုစောင့်ရှောက်တတ်သည့် ကျွမ်းကျင်မှုများတိုးလာစေရန်ဖြစ်ပါသည်။ မိဘအသိပညာပေးအစီအစဉ်တွင် မှတ်ပုံတင်ထားသောမိဘများကို အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးခြင်း၊ စုပေါင်းဆွေးနွေးအသိပညာပေးသောအဖွဲ့အတွင်းတွင် တက်ရောက်ခွင့်ပေးခြင်းများ ပြုပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် *“ကလေးသူငယ်ကျန်းမာရေးနှင့်ဖွံ့ဖြိုးမှု ပြုစု စောင့်ရှောက်ရေးဆိုင်ရာ လက်စွဲ”* စာစောင်နှင့် အခြားအထောက်အကူပြုလက်ကမ်းစာစောင်များ အသုံးပြုမည့်အပြင် အထောက်အကူပြုဝန်ဆောင်မှုများလည်း ပေးပါမည်။ ဆွေးနွေးပွဲမှရသော အသိအမြင်၊ ကျွမ်းကျင်မှုများကို အခြားမိဘအုပ်ထိန်းသူများအား ပြန်လည်မျှဝေရန် တိုက်တွန်းပါမည်။

၁၈၈။ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့သည် မိဘအသိပညာပေးအစီအစဉ်နှင့် အထောက်အကူပြုလုပ်ငန်းအတွက် စံသတ်မှတ်ချက်များနှင့် လမ်းညွှန်မှုများကိုပြုလုပ်ပါမည်။ မိဘ၊ ရပ်ရွာလူထုနှင့် ECCD ဝန်ဆောင်မှုပေးနေသူများသည် ကလေးနှင့်မိဘများ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများဆိုင်ရာလမ်းညွှန်မှုများကို သေချာစွာနားလည်ပြီး လိုက်နာကျင့်သုံးရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် မိဘအသိပညာပေးအစီအစဉ်များနှင့် မိဘများအတွက် အခြား ECCD ဝန်ဆောင်မှုလုပ်ငန်းများတွင် ကလေးနှင့်မိဘအခွင့်အရေးများအကြောင်းကို ထည့်သွင်းဆွေးနွေးပါမည်။

၁၈၉။ မိဘအသိပညာပေးဝန်ဆောင်မှုလုပ်ငန်းများတွင် ကလေးနှင့်မိခင်ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကလေးဖွံ့ဖြိုးမှုအဆင့်ဆင့်၊ မွေးစမှ သုံးနှစ်အထိနှင့် ငါးနှစ်အထိ ကလေးများ၏ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသောလုပ်ငန်းများ၊ သူငယ်တန်းနှင့် မူလတန်းကျောင်းပညာရေးအတွက်အကြိုပြင်ဆင်မှုဖြစ်သော မူကြိုပညာရေး၏အရေးပါမှု၊ ကလေးဖွံ့ဖြိုးတိုးတက်ရေးတွင် မိဘများပါဝင်မှု၊ မူကြိုပညာရေး၏အရေးပါမှုနှင့် သူငယ်တန်းနှင့် မူလတန်းကျောင်းသို့ အကူးအပြောင်း၊ ကလေးများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထိခိုက်မှုများမဖြစ်အောင်ကာကွယ်ပေးခြင်း၊ အိမ်တွင်သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်အောင်သန့်ရှင်းစွာနေထိုင်ခြင်း၊ ကလေးအခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ငြိမ်းချမ်းပြီးအပြုသဘောဆောင်သော ဆက်ဆံရေးဆိုင်ရာအသိပညာ၊ လေးစားရမည့် ကောင်းမွန်သော တန်ဖိုးထားရှိမှုများ၊ ECCD ဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များလည်း ပါဝင်ပါမည်။ အိမ်သုံး၊ မိခင်ဘာသာစာပေ သို့မဟုတ် မြန်မာဘာသာစာပေဆိုင်ရာတတ်မြောက်ကျွမ်းကျင်မှုအားနည်းသူများအတွက် မိသားစုစာတတ်မြောက်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးပါမည်။

၁၉၀။ မိဘများ ဆောင်ရွက်သင့်သည့် အပြုသဘောဆောင်သော အမူအကျင့်များနှင့် ပတ်သက်သည့် မော်ဂျူး (Module) သင်ခန်းစာများကို အထက်တန်းကျောင်းတက်နေသော ပျိုဖော်ဝင်ကျောင်းသားများအတွက်လည်း ပြုစုပါမည်။ လူငယ်များကိုလည်း ကျောင်းပြင်ပ ပညာရေးအစီအစဉ်မှတစ်ဆင့် ယင်းအသိများကို ဖြန့်ဝေပါမည်။

၁၉၁။ အဓိကကျသော မိဘအသိပညာပေးနှင့် ပံ့ပိုးမှုအစီအစဉ်အပြင် မိသားစုများ စာတတ်မြောက်ရေးလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း၊ ဈေးကွက်ရှာဖွေခြင်းသင်တန်း၊ မိသားစုဆိုင်ရာဘဝတွက်တာကျွမ်းကျင်မှုသင်တန်းများစသဖြင့် အခြားလိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုတွက် သင်တန်းများပေးရန် ရပ်ရွာကဆုံးဖြတ်နိုင်ပါသည်။ ECCD အတွက် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများပေးသော ဝန်ကြီးဌာနများ အခြားအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းမှုရှိရန် သေချာစွာဆောင်ရွက်ပါမည်။

## ၅.၂.၆။ မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် မိခင်ဝိုင်းများနှင့် အခြား ECCD ဌာနများ

၁၉၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် အစိုးရမဟုတ်သည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်သောမိခင်ဝိုင်းများကို မြို့ပြနှင့် ကျေးလက်များတွင် ထူထောင်ထားပါသည်။ အိမ်ပြင်ပတွင် အလုပ်လုပ်ရသောမိခင်များ၏ ကလေးငယ်များအတွက် လုံခြုံစိတ်ချရပြီး ကလေးများအတွက် လှုံ့ဆော်မှုအားကောင်းသောပတ်ဝန်းကျင်ကိုထိုမိခင်ဝိုင်းများက ဖန်တီးပေးပါသည်။

၁၉၃။ တချို့သောမိခင်ဝိုင်းများကို ပိုမိုကောင်းမွန်အောင်စီစဉ်ပြီး နည်းလမ်းအမျိုးမျိုးသုံးလျက်တိုးချဲ့ပေးရန်လိုပါသည်။ ဤဝန်ဆောင်မှုများကို အကဲဖြတ်သုံးသပ်ပြီး ရရှိလာသောရလဒ်များပေါ်တွင်မူတည်၍ တိုးတက်ကောင်းမွန်အောင် ပြောင်းလဲမှုများပြုလုပ်ပါမည်။ ပိုမိုကောင်းမွန်သောလုပ်ငန်းအစီအစဉ်ပုံစံနှင့် ဖွဲ့စည်းပုံ၊ ရှေ့နောက်ပို၍ညီညွတ်သော လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ၊ မိခင်များကိုအသိပညာပေးရာတွင် ကူညီပံ့ပိုးပေးသူများအား သင့်တင့်မျှတသောထောက်ပံ့မှုစတိုင်ပင်များပေးခြင်း၊ မိခင်ဝိုင်းများကို လူမှုဝန်ထမ်းဦးစီးဌာနက ငွေကြေးနှင့်ပစ္စည်းထောက်ပံ့မှုများပေးခြင်းတို့ကို လုပ်ဆောင်ရန်လိုပါသည်။ မိခင်ဝိုင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ပတ်ဝန်းကျင်သန့်ရှင်းမှုကောင်းမွန်စေရန်အတွက် ရေကို စစ်ဆေးစမ်းသပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအိမ်သာများ ထားရှိစေခြင်း စသည်တို့ကို ဆောင်ရွက်ပါမည်။ ထို့ပြင်တိုးချဲ့ဆောင်ရွက်နိုင်သည့်လုပ်ငန်းအချို့မှာ ကစားစရာနှင့် စာကြည့်တိုက်များ ထားရှိပေးခြင်း၊ မိခင်ဝိုင်းပံ့ပိုးရေးအဖွဲ့ဝင်များက အိမ်တိုင်ရာရောက်သွားပြီး အသိပညာဖြန့်ဝေခြင်း၊ ကူညီပေးခြင်း၊ ကလေးကစားစရာများပြုလုပ်ရန် လမ်းညွှန်မှုပေးခြင်း၊ ကလေးဖွံ့ဖြိုးရေးအတွက် စစ်ဆေးတိုင်းတာခြင်းနှင့် အခြားသောဝန်ဆောင်မှုများဆောင်ရွက်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၁၉၄။ မိခင်ဝိုင်းအစီအစဉ်ကို ပြန်လည်ရေးဆွဲပြီးပါက ရှိသင့်သည့်စံများ၊ သင်ရိုးညွှန်းတမ်းများ၊ ပညာရေးအထောက်အကူပြုပစ္စည်းများ၊ သင်နည်းများနှင့် သင်တန်းသုံးလက်စွဲစာစောင်များကိုပြုစုပါမည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် အစားအစာလှူဒါန်းသောအဖွဲ့များအကြားပေါင်းစပ်ပြီးမိခင်ဝိုင်းက ကလေးများအား နံနက်စာနှင့် နေ့လယ်စာကျွေးမွေးခြင်းကို ဆောင်ရွက်ပေးပါမည်။ ကလေးများအတွက် လိုအပ်သည့် ရောဂါကြိုတင်ကာကွယ်ရေး၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အာဟာရပြည့်ဝရေးတို့ကို ပုံမှန်ရရှိရန် မိခင်ဝိုင်းတိုင်းကို အနီးဆုံးကျန်းမာရေးဌာနနှင့် ဆက်သွယ်ထားပါမည်။ မိခင်ဝိုင်းများ၏ဆောင်ရွက်မှုသည်တာဝန်ခံယူမှုရှိပြီး အရည်အသွေးမြင့်မားစေရန်အတွက် လုပ်ငန်းကြီးကြပ်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းများကို ပုံမှန်ပြုလုပ်သွားပါမည်။

## ၅.၂.၇။ အိမ်တိုင်ရာရောက်သွားရောက်ကူညီစောင့်ရှောက်ခြင်း

၁၉၅။ စနစ်တကျပြင်ဆင်ထားသော အိမ်တိုင်ရာရောက်သွားရောက်ကူညီစောင့်ရှောက်ခြင်းသည် မိဘများကို ကလေးဖွံ့ဖြိုးရေးအတွက် အပြုသဘောဆောင်သောကျွမ်းကျင်မှုများနှင့် စောင့်ရှောက်တတ်အောင် ပညာပေးရာတွင် အလွန်ထိရောက်သည်ဟု သုတေသနများက သက်သေပြထားပါသည်။ အထူးသဖြင့် အန္တရာယ်များ ကြုံတွေ့နိုင်ပြီး ထိခိုက်နစ်နာလွယ်သောကလေးများအတွက် ပို၍အကျိုးရှိပါသည်။

၁၉၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အခြားသောဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် အသင်းအဖွဲ့များ၏ လက်ရှိကျင့်သုံးနေသော အိမ်တိုင်ရာရောက်စောင့်ရှောက်မှုပေးသောအစီအစဉ်များကိုလည်း သုံးသပ်ခြင်း၊ တိုးတက်အောင်ပြုလုပ်ခြင်းနှင့် တိုးချဲ့ခြင်းများပြုလုပ်ပါမည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသည် မွေးစမှ သုံးနှစ်အရွယ် ထိခိုက်နစ်နာလွယ်သောကလေးများအတွက် အိမ်တိုင်ရာရောက်ကူညီပေးခြင်း အမျိုးသားအဆင့် အစီအစဉ်သစ်ကိုရေးဆွဲပြီး မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော်ပါမည်။ ထိုအစီအစဉ်တွင် စံသတ်မှတ်ချက်အသစ်များ၊ သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူပစ္စည်းအသစ်များ၊ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းအသစ်များ ထိရောက်သော လုပ်ငန်းကြီးကြပ်မှုစနစ်၊ ကလေးများအတွက် ကစားစရာနှင့် စာကြည့်တိုက်၊ ကိုယ်တိုင်ကစားစရာလုပ်နိုင်သော နည်းလမ်းများ၊ လုပ်ငန်းအစီအစဉ်အတွက် ပြဋ္ဌာန်းချက်များ၊ သုံးရလွယ်ကူသော စစ်ဆေးတိုင်းတာသည့်နည်းလမ်းနှင့် အထောက်အကူပြုများပါဝင်သော လုပ်ငန်းကြီးကြပ်အကဲဖြတ်မှုစနစ်များ ပါဝင်ပါမည်။ သက်ဆိုင်ရာဒေသတွင် ECCD ဝန်ဆောင်မှုအစီအစဉ်ရရှိမှုအပေါ်မူတည်၍ အိမ်တိုင်ရာရောက်သွားရောက် ဝန်ဆောင်ပေးမှုကို မိခင်ဝိုင်းများ၊ မူကြိုကျောင်းများနှင့် ကျန်းမာရေးဌာနတို့နှင့် ဆက်စပ်ပေးပါမည်။ ဤဝန်ဆောင်မှုများကို တစ်နိုင်ငံလုံးလွှမ်းခြုံသည်အထိ နှစ်အပိုင်းအခြားအဆင့်အလိုက် တိုးချဲ့ဆောင်ရွက်သွားပါမည်။

## ၅.၂.၈။ ကျေးလက်ရှိ မိဘများနှင့် ကလေးများကို ကူညီထောက်ပံ့ရန် နယ်လှည့်ဝန်ဆောင်မှုအဖွဲ့များနှင့် ECCD ဝန်ဆောင်မှုတွဲဖက်ဌာနများ

၁၉၇။ ဤ ECCDဆိုင်ရာမူဝါဒတွင် ဖော်ပြထားသော ဝန်ဆောင်မှုများကို ကလေးသူငယ်များနှင့် မိဘများရရှိရန် လိုအပ်ချက်နှင့်ဆီလျော်အောင် ပြုပြင်ပြောင်းလဲနိုင်သောနည်းလမ်းများကို အသုံးပြုရန်လိုပါသည်။ နယ်လှည့်ဝန်ဆောင်မှုအဖွဲ့များကို ဖွဲ့စည်းကာ သင်တန်းပေးပြီး ကျေးရွာများနှင့် ပြန့်ကျဲစွာနေထိုင်ကြသော မိသားစုများထံသို့ အရောက်သွားပြီး ECCD လုပ်ငန်းစဉ်များ လက်တွေ့ဆောင်ရွက်ပြသခြင်း၊ အုပ်စုလိုက်ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်းနှင့် ၎င်းဒေသများရှိ မိခင်များကို မိခင်ဝိုင်း ထူထောင်နိုင်ရန် ကူညီပေးခြင်းများ ပြုလုပ်ပါမည်။

၁၉၈။ မိခင်များအတွက် ၎င်းတို့၏လိုအပ်ချက်၊ စိတ်ဝင်စားမှုနှင့် လာရောက်နိုင်သောအချိန်အရ စုစည်းဆွေးနွေးနိုင်သောနေရာများလိုအပ်နေရာ ကုန်ကျစရိတ်သက်သာသော ECCD ဝန်ဆောင်မှု တွဲဖက်ဌာနများကို ထူထောင်ပါမည်။ ဆွေးနွေးသောအကြောင်းအရာများမှာ မိခင်များ စိတ်ဝင်စား သော အကြောင်းအရာများဖြစ်ပြီး အချိန်ကိုလည်း မိခင်များ စိတ်ကြိုက်သတ်မှတ်နိုင်ပါသည်။ ယင်းလုပ်ငန်းများကို အမျိုးသမီးစာတတ်မြောက်ရေးလုပ်ငန်း၊ အခြားကျွမ်းကျင်မှုသင်တန်းများ၊ စွမ်းရည်မြှင့်တင်ရေးသင်တန်းများနှင့် ချိတ်ဆက်ပေးနိုင်ပါသည်။ ထို့အပြင် ပင်မမိခင်ဝိုင်းများ၊ မူကြိုကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့်လည်း ချိတ်ဆက်ပေးနိုင်ပါသည်။ အနီးကပ်၊ အဆက်မပြတ် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

## ၅.၂.၉။ ဘက်ပေါင်းစုံလွှမ်းခြုံ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသော မိခင်၊ မွေးကင်းစကလေးနှင့် ကလေးသူငယ်ကျန်းမာရေးနှင့် အာဟာရဖြည့်တင်းရေး လုပ်ငန်းများ

၁၉၉။ ကာကွယ်ဆေးထိုးမှုနှင့် အဏုအာဟာရ (Micronutrient) ပံ့ပိုးမှုကို သီးခြားအစီအစဉ် အသွင်ဖြင့် လုပ်ဆောင်ခြင်းထက် ဘက်ပေါင်းစုံလွှမ်းခြုံ၍ ပုံမှန်နှင့်စဉ်ဆက်မပြတ် ဆောင်ရွက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရဖြည့်တင်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများအသွင်ဖြစ်အောင် အထူးဦးစားပေးဆောင်ရွက်ပါမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် အခြေခံကျန်းမာရေးဝန်ဆောင်မှု အဆောက်အအုံ၊ စနစ်များ (အထူးသဖြင့် ကျေးလက်ကျန်းမာရေး ဌာနများ)ကို တိုးမြှင့်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ပါမည် (MoH ၂၀၁၂ ဇူလိုင်လ၊ MoH ၂၀၁၂အေ၊ MoH ၂၀၁၂စီ)။

၂၀၀။ ဒေသတွင်းနေထိုင်သော လူဦးရေနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးသော တတ်ကျွမ်းသူများ၏အချိုးအစားမှာ လက်ခံနိုင်သောအတိုင်းအတာထိရောက်အောင် ကျန်းမာရေး ဌာနများကို မြို့ပြနှင့် ကျေးလက်များတွင် တိုးချဲ့ပါမည်။ လက်ရှိမှာ လူဦးရေ (၁၀,၀၀၀)တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူ ပျမ်းမျှ ရှစ်ဦးသာရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အနိမ့်ဆုံး သတ်မှတ်ထားသည့်စံဖြစ်သည့် လူ (၁၀,၀၀၀)တွင် ကျန်းမာရေးစောင့်ရှောက်သူ (၂၅)ဦး (သမားတော်၊ သူနာပြုနှင့် သားဖွားဆရာမ) အချိုးကို တတ်နိုင်သမျှ အစောဆုံးပြည့်မီအောင် မျှော်မှန်းဆောင်ရွက်ပါမည်။ ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမမီမှုသည် အဓိကပြဿနာ ဖြစ်ပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်ရှိသောမိသားစုများအတွက် ပို၍ခက်ခဲပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် အာဟာရဝန်ဆောင်မှုလုပ်ငန်းများ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာဝန်ဆောင်မှုများကို တိုးချဲ့ခြင်း၊ ဝေးလံသော နယ်စပ်ဒေသများတွင် လူနာသယ်ယူပို့ဆောင်ရေးအစီအစဉ်များ (အထူးသဖြင့် မွေးဖွားရန် လူနာ များနှင့် အရေးပေါ်ကိစ္စရပ်များအတွက်)ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ် ပေးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုပေးသူများ (အထူးသဖြင့် သားဖွားဆရာမများနှင့် အရန်သားဖွား

ဆရာမများ) တိုးချဲ့ခန့်ထားခြင်းတို့ကို ဖြစ်နိုင်သမျှ စောစီးစွာဆောင်ရွက်နိုင်ရန် အလေးထား လုပ်ဆောင်သွားပါမည်။

၂၀၁။ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများသည် ကလေးသူငယ်ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေးတို့အတွက် အလွန်အရေးကြီးပြီး ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းအများအပြားနှင့်သက်ဆိုင်သောကြောင့် အဖွဲ့အစည်းများ၊ ဌာနများ အားလုံးပါဝင်သော ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်း ကော်မတီကို ဖွဲ့စည်းပါမည်။ ဝန်ဆောင်မှုများတိုးချဲ့ခြင်း၊ တိုးမြှင့်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ တာဝန်ခံမှုရှိစေခြင်းတို့ကို ဆောင်ရွက်ပါမည်။

### ၅.၂.၁၀။ ကလေးမွေးဖွားပြီးနောက် နောက်ဆက်တွဲဝန်ဆောင်မှုလုပ်ငန်းများ

၂၀၂။ မွေးဖွားစကလေးကျန်းမာရေးအတွက် အဓိကအာရုံစိုက်ရန်လိုသလို မွေးဖွားပြီးမိခင်များ စောင့်ရှောက်သည့်လုပ်ငန်းကိုလည်း တိုးချဲ့ရန်လိုအပ်ပါသည်။ မိခင်များ၏ ကျန်းမာရေး၊ အာဟာရ တိုးတက်စေရန်နှင့် ကြုံတွေ့နေရသောကျန်းမာရေးဆိုင်ရာအခက်အခဲများကို အမြန်ဆုံးဖော်ထုတ်ပြီး လိုအပ်သည့်ကုသမှုများ အလျင်အမြန်ရရှိရန် အိမ်တိုင်ရာရောက်သွားရောက်ကူညီခြင်းနှင့် ကျန်းမာရေးဌာနသို့ လာရောက်ကုသခံယူခြင်းများကို တိုးချဲ့ဆောင်ရွက်ပါမည်။

၅

### ၅.၂.၁၁။ မိခင်များ အာဟာရပြည့်ဝရန်နှင့် ကလေးများအား မိခင်နို့တိုက်ရန်၊ ဖြည့်စွက်စာကျွေးရန် ပံ့ပိုးမှုလုပ်ငန်းများ



Photo by Myo Thame

*မွေးပြီး ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးနိုင်ရန် ဝိုင်းဝန်းကူညီပါ*

၂၀၃။ ကလေးမွေးဖွားပြီးနောက် အိမ်တိုင်ရာရောက်သွားရောက် စောင့်ရှောက်ရာတွင် မိခင်နို့ တိုက်ကျွေးခြင်းနှင့် ဖြည့်စွက်စာကို နည်းလမ်းမှန်စွာကျွေးခြင်းတို့၏ အရေးကြီးပုံ၊ ကလေးနှင့် ပတ်သက်သည့် ကြုံတွေ့နိုင်သည့် အခက်အခဲများဖြေရှင်းပုံ၊ မွေးစအရွယ်မှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန် မိခင်များ အား တိုက်တွန်းခြင်းတို့ကို ဦးစားပေး ဆောင်ရွက်ပါမည်။

၂၀၄။ အိမ်အပြင်ထွက်၍ အလုပ်လုပ်ရသော မိခင်များအဖို့ ကလေးငယ်အား နို့တိုက်ကျွေးနိုင်ရန်၊ လိုအပ်သော ဝန်ဆောင်မှု၊ ပံ့ပိုးမှုများ ရရှိရန်၊ ကျန်းမာရေးနှင့် အာဟာရပြည့်ဝရေး ဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီရန်နှင့် အလုပ်ချိန်ပြင်ပ တွင် ကျန်းမာရေးစောင့်ရှောက်မှုများခံယူနိုင်သည့် အခွင့် အလမ်းများရရှိစေရန် အရေးကြီးပါသည်။ နို့တိုက်မိခင်များ အတွက် လုပ်ငန်းခွင်တွင် သင့်လျော်သောနေရာ၊ အစီအစဉ်များ ပြုလုပ်ပေးပါမည်။ မိခင်များ လိုအပ်သော အာဟာရကို မျှတစွာ

စားသုံးရန် အလေးထားပြောဆိုပါမည်။ လိုအပ်သည့်အခါတွင်လည်း အဏုအာဟာရများ ဖြည့်ဆည်းပေးပါမည်။ နို့တိုက်မိခင်များ ရှောင်ကြဉ်သင့်သည့် အန္တရာယ်ရှိသောအရာများ ဥပမာ– အရက်၊ ဆေးလိပ်နှင့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများ (အိမ်သုံးပစ္စည်းများသန့်စင်အောင် ပြုလုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ) စသည်တို့နှင့်ပတ်သက်၍ အသိပညာပေးပါမည်။

## ၅.၂.၁၂။ မွေးစမှ သုံးနှစ်အရွယ်အထိကလေးများအတွက် ကျန်းမာရေးနှင့် အာဟာရ ပြည့်ဝရေးဆိုင်ရာလုပ်ငန်းများ

၂၀၅။ ကလေးမွေးဖွားပြီးစ မွေးစာရင်းမှတ်ပုံတင်ပြီးသည်နှင့် ကလေးတိုင်းသည် သက်ဆိုင်ရာ ကျန်းမာရေးဌာနမှပံ့ပိုးပေးသော ဘက်ပေါင်းစုံလွှမ်းခြုံသည့် ကြိုတင်ကာကွယ်စောင့်ရှောက်ရေးနှင့် ပဏာမကျန်းမာရေးဝန်ဆောင်မှုများတွင်ဖြစ်စေ၊ ဝေးလံခေါင်ဖျားတွင်နေသော၊ သို့မဟုတ် ထိခိုက် နစ်နာလွယ်သောကလေးနှင့်မိသားစုများအတွက် အိမ်တိုင်ရာရောက်ဆောင်ရွက်ပေးသော ကျန်းမာ ရေးနှင့် အာဟာရဆိုင်ရာဝန်ဆောင်မှုများတွင်ဖြစ်စေ အကျုံးဝင်မည်ဖြစ်ပါသည်။ မွေးဖွားပြီးစ ကလေးတိုင်းကို “*မိခင်၊ မွေးကင်းစကလေးနှင့် ကလေးသူငယ်ကျန်းမာရေးနှင့် အာဟာရ မှတ်တမ်း ကတ်နှင့် ကလေးငယ်များ ကာကွယ်ဆေးထိုးခြင်းမှတ်တမ်းကတ်*” တစ်ခုစီပေးပါမည်။ ထို ကျန်းမာရေးဝန်ဆောင်မှုများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းအကြံပြုထားသော “*ရပ်ရွာအခြေပြု မကျန်းမာသောကလေးကို ပေါင်းစည်းကုသခြင်း မဟာဗျူဟာ*” (C-IMCI)၊ “*မကျန်းမာသောကလေးကို ပေါင်းစည်းကုသခြင်း မဟာဗျူဟာ*”(IMCI) နှင့် “*ဖွံ့ဖြိုးမှုအတွက် ပြုစုပျိုးထောင်ခြင်း*”တို့တွင်လည်း ပါဝင်ပါသည်။

၂၀၆။ မွေးဖွားလာသောကလေးကို မွေးပြီးပြီးချင်း ပုံမှန်ကြိုတင်ကာကွယ်စောင့်ရှောက်ရေးနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို စတင်ရရှိစေပါမည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ကလေး



Photo by Myo Thame

*အိမ်တိုင်ရာရောက်မိဘပညာပေးဆွေးနွေးခြင်းဖြင့် မိသားစုအားလုံးကို ပံ့ပိုးကူညီခြင်း*

မွေးဖွားပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည့်အချိန်ဇယားအတိုင်း မိခင်နှင့် ကလေးအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးပါမည်။ ထိုအချိန်ဇယားကို တစ်နိုင်ငံလုံးရှိ မိဘများ သိရှိရန် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာပါမည်။

၂၀၇။ မိခင်နှင့်ကလေးများအနေဖြင့် ကျန်းမာရေးဌာနသို့ သွားရောက်ရာတွင် အောက်ပါ ဝန်ဆောင်မှုများ အကျုံးဝင်ပါသည်–

(က) မွေးကင်းစအရွယ်ကလေးနှင့် ကလေးများ အခြေခံကျန်းမာရေးစစ်ဆေးမှု၊

(ခ) ကလေး၏အရပ်နှင့် ကိုယ်အလေးချိန်ကို တိုင်းတာခြင်းနှင့် ရလဒ်များကို အသက်နှင့် လိင်အရ ကြီးထွားမှုကားချပ်ဇယားတွင် ချက်ချင်းထည့်သွင်းပြီး ကလေး၏အာဟာရ အခြေအနေကို ဆန်းစစ်ခြင်း၊

(ဂ) ကလေး၏ကိုယ်ကာယနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ စစ်ဆေးတိုင်းတာခြင်းနှင့် လိုအပ်လျှင် ECI ဝန်ဆောင်မှုကဲ့သို့သော သက်ဆိုင်ရာသို့ ရည်ညွှန်းလွှဲပြောင်းပေးပို့ခြင်း၊

(ဃ) ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ သတ်မှတ်ချက်များနှင့်အညီ ကာကွယ်ဆေးအားလုံး အကြိမ်ပြည့်ရရှိခြင်း (MoH - ၂၀၁၂ စီ)၊

(င) ဗီတာမင် အေ၊ ဒီ၊ အီး ၊ ကေ၊ စီ၊ ဘီ–၁၊ ဘီ–၆၊ ဘီ–၁၂၊ ရိဘိုဖလေဗင်၊ နိုင်ယာစင်၊ ဘိုင်အိုတင်၊ ဖောလစ်အက်စစ်၊ ပင်တိုသနစ်အက်စစ်၊ သံဓာတ်၊ ဇင့်၊ အိုင်အိုဒင်း၊ ကော့ပါး၊ မင်းဂနိစ်နှင့် ဆီလီနီယမ် စသည်တို့ကဲ့သို့သော လိုအပ်သည့် ဖြည့်စွက်အဏုအာဟာရများ ရရှိရန်၊

(စ) ဖြည့်စွက်အစားအစာကျွေးမှုနှင့်ပတ်သက်၍ မိဘများအတွက် ပြီးပြည့်စုံသော လမ်းညွှန်မှု ရရန်။

၂၀၈။ ယင်းဝန်ဆောင်မှုများအားလုံးကို ကျန်းမာရေးဌာန၏မှတ်တမ်းတွင် သွင်းထားပြီး ကလေးတစ်ဦးချင်းစီ၏ "*မိခင်၊ မွေးကင်းစကလေးနှင့် ကလေးသူငယ်ကျန်းမာရေးနှင့် အာဟာရမှတ်တမ်းကတ်နှင့် ကလေးငယ်များ ကာကွယ်ဆေးထိုးခြင်း မှတ်တမ်းကတ်*"တွင်လည်း သက်ဆိုင်ရာဒေသသုံးဘာသာစကားကိုသုံး၍ မှတ်တမ်းတင်ထားပါမည်။ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုများ၊ ကာကွယ်ဆေးများနှင့် အဏုအာဟာရများကိုကလေးများ ပြည့်ပြည့်စုံစုံ အချိန်နှင့်တစ်ပြေးညီရရှိရေး ရည်မှန်းချက်များ ပေါက်မြောက်စေရန် အစွမ်းကုန်ကြိုးစားအားထုတ်ဆောင်ရွက်ပါမည် (MoH - ၂၀၁၂အေ၊ MoH – ၂၀၁၂စီ)။

## ၅.၂.၁၃။ HIV ပိုးရှိ/ထိတွေ့ခံထားရသော ကလေးများအတွက် အစောပိုင်းကာလ လှုံ့ဆော်မှုပေးခြင်း

၂၀၉။ HIV ပိုးရှိသော၊ သို့မဟုတ် ထိတွေ့မှုခံရသော မွေးကင်းစအရွယ်ကလေးများနှင့် ကလေးသူငယ်များအတွက် မိခင်မှကလေးသို့ ကူးစက်မှုကာကွယ်ရေး PMCT သတ်မှတ်ချက်နှင့်အညီ ဝန်ဆောင်မှုအားလုံးရရှိရန် ကျန်းမာရေးဝန်ထမ်းများအားလုံးက အသေအချာ ဆောင်ရွက်ပေးပါမည်။ ယင်းဝန်ဆောင်မှုများတွင် ကာယကံရှင်အား ART ဆေးပေးခြင်း၊ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ မိဘနှင့် အခြားပြုစုစောင့်ရှောက်သူများကို နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းများ ပါဝင်ပါသည်။ လိုအပ်လျှင် နယ်လှည့်ဝန်ဆောင်မှုပေးသောအဖွဲ့ဖွဲ့ပြီး စမ်းသပ်ခြင်းနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို ဆောင်ရွက်ပေးပါမည်။

၂၁၀။ ယင်းရောဂါခံစားနေရသောကလေးများသည် ဖွံ့ဖြိုးမှုနှေးကွေးလေ့ရှိကြပြီး ထိုနှေးကွေးမှုများကို ကျော်လွှားနိုင်ရန် ကလေးဖွံ့ဖြိုးမှုအခြေအနေကို စစ်ဆေးတိုင်းတာခြင်း (ECI)၊ စိတ်လှုပ်ရှားခံစားမှုနှင့် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ လှုံ့ဆော်မှုများပေးခြင်း၊ ဘက်စုံဖွံ့ဖြိုးလာအောင် ဖွံ့ဖြိုးရေးအထောက်အကူပြုဝန်ဆောင်မှုများပေးခြင်းတို့ကို ဆောင်ရွက်ပါမည်။ ECI ဝန်ဆောင်မှုနှင့် PMCT ဝန်ဆောင်မှုအကြားတွင် လစ်ဟာမှုမရှိအောင် ဆက်စပ်ဆောင်ရွက်ပါမည်။ ခုခံအား ကျဆင်းမှုရောဂါကြောင့် မိဘမဲ့ဖြစ်ခဲ့ရသော မွေးကင်းစကလေးငယ်များနှင့် ကလေးသူငယ်များသည် အခြားသောမိဘမဲ့ကလေးများကဲ့သို့ပင် ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို နှိမ့်ချဆက်ဆံမှုနှင့် ခွဲခြားဆက်ဆံမှုကင်းစွာ ရရှိသင့်ပါသည်။ HIV ပိုး ကူးစက်ခံရသော ကလေးများ၊ သို့မဟုတ် HIV ပိုးထိတွေ့ခံထားရသောကလေးများကို လူမှုအဖွဲ့အစည်းအတွင်း နှိမ့်ချဆက်ဆံခြင်း၊ ခွဲခြားဆက်ဆံခြင်းကင်းသည့်အခြေအနေ ရောက်ရှိစေရန် လိုအပ်သည်များကို သေချာစွာဆောင်ရွက်ထားပါမည်။

## ၅.၂.၁၄။ မူးယစ်ဆေးဝါးသုံးစွဲမှုများကို ကြိုတင်ကာကွယ်ခြင်းနှင့် စွန့်လွှတ်/ဖြတ်တောက်စေခြင်း

၂၁၁။ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးများ၊ အိမ်သုံးဆေးဝါးများ၊ လယ်ယာလုပ်ငန်းသုံး ဓာတုပစ္စည်းများသည် သန္ဓေသားနှင့်ကလေးငယ်ကို အလွန်ဆိုးရွားသောအကျိုးဆက်ကို ဖြစ်စေသည့်အတွက် ၎င်းတို့ကိုသုံးစွဲခြင်းမှ ကြိုတင်ကာကွယ်ခြင်း သို့မဟုတ် စွန့်လွှတ်ဖြတ်တောက်ခြင်းနှင့်ဆိုင်သည့် သင်ခန်းစာကို ကိုယ်ဝန်ဆောင်ကာလပညာပေးမှုနှင့် မိဘအသိပညာပေးလုပ်ငန်းများတွင် အသုံးပြုရန်ပြုစုပါမည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကိုတားမြစ်သည့်ဥပဒေများကို အလေးထားအားဖြည့်ဆောင်ရွက်ပါမည်။ ပြည်သူလူထုအတွင်း သိရှိလာစေရန် လူထုဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုးသုံး၍ ဆောင်ရွက်ပါမည်။

### ၅.၂.၁၅။ ကလေးနှင့်မိခင်များကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ

၂၁၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးနှင့်မိခင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် အဓိကသတင်းအချက်အလက်များကို မွေးကင်းစကလေးမိဘများထံ ဖြန့်ဝေပေးပါသည်။ ကလေးနှင့်မိခင်များကို ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ ပေးရာတွင် သုံးနိုင်သည့် ပညာပေးစာစောင်များ ပြုစုပါမည်။ လွဲမှားစွာပြုကျင့်ခံရသောကလေး၊ လျစ်လျူရှုခံရသောကလေး၊ ခေါင်းပုံဖြတ်ခြင်းခံရသောကလေးများကို ဖော်ထုတ်ရန် ရပ်ရွာအဖွဲ့အစည်းများသို့ အကူအညီများပေးပြီး ယင်းကလေးများကာကွယ်စောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများရရှိစေရန် ရည်ညွှန်းလွှဲပြောင်းပို့ဆောင်ရမည့် လမ်းညွှန်မှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆောင်ရွက်ပေးပါမည်။ [မဟာဗျူဟာ– (၆) ကို ကြည့်ပါ] မြို့နယ်ကလေးအခွင့်အရေးများဆိုင်ရာ ကော်မတီ၏ ဆောင်ရွက်နေမှုများကို ပိုမိုအားကောင်းစေရန် သုံးသပ်အကြံပြုကူညီပေးပြီး မြို့နယ်တိုင်းတွင် ကလေးအခွင့်အရေးကော်မတီများ ဖွဲ့စည်းရန် တိုက်တွန်းနှိုးဆော်ပါမည်။ ကလေးနှင့်မိခင်များကို ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး လိုအပ်ချက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ပေးပါမည်။

**ဦးတည်ရည်ရွယ်ချက် (၃)**

မွေးစမှ ငါးနှစ်အရွယ် ဖွံ့ဖြိုးမှုနောက်ကျနေးကွေးသော ကလေးများ၊ အာဟာရမပြည့်ဝသောကလေးများ၊ နာတာရှည်ရောဂါဝေဒနာခံစားနေရသောကလေးများ၊ မသန်စွမ်းသောကလေးများ၊ ပုံမှန်မဟုတ်သောအပြုအမူရှိကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် အဆင့်အတန်းကို မြှင့်တင်ပေးရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် အထူးလိုအပ်ချက်ရှိနေသော ကလေးများကို ပတ်ဝန်းကျင်နှင့်တစ်သားတည်းဖြစ်စေရန်နှင့် ထိုကလေးများကို လက်ခံမှု၊ ပါဝင်ခွင့်ပေးမှုကို အလေးထားဆောင်ရွက်ရန်။

**မဟာဗျူဟာ(၃)**

***မွေးစမှ ငါးနှစ်ကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ စစ်ဆေးပံ့ပိုးသည့်ဝန်ဆောင်မှုများ***

ကလေးငယ်တစ်ဦးချင်းတွင်ရှိနေသော ၎င်းတို့၏အစွမ်းအစ၊ အလားအလာများ ပြည့်ပြည့်ဝဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်များဖွံ့ဖြိုးရေး အခြေအနေကို တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (ECI) များကို စတင်ထူထောင်ပြီး တိုးချဲ့ဆောင်ရွက်ရန်နှင့် အထူးလိုအပ်ချက်ရှိနေသောကလေးများကို ခွဲခြားဆက်ဆံမှုများနှင့် နှိမ့်ချဆက်ဆံမှုများမရှိစေရန် တားဆီးကာကွယ်ပေးခြင်း။

### ၅.၃.၁။ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေး ပံ့ပိုး ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ

၂၁၃။ ဖွံ့ဖြိုးမှုနှေးကွေးသောကလေးများ၊ အာဟာရချို့တဲ့သောကလေးများ၊ နာတာရှည်ရောဂါခံစားနေရသောကလေးများ၊ မသန်စွမ်းသောကလေးများနှင့် အော်တစ်ဇင် (Autism) ကဲ့သို့သော ပုံမှန်မဟုတ်သော အပြုအမူရှိကလေးများအတွက် တိုင်းတာ၊ စစ်ဆေး၊ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (ECI)တွင် ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကုသရေး၊ လူမှုရေးဆေးပညာ၊ သူနာပြုလုပ်ငန်းနှင့် စိတ်ပညာဆိုင်ရာကျွမ်းကျင်မှုများကို ပေါင်းစပ်ထားပါသည်။ မွေးစမှ သုံးနှစ်အရွယ်ကာလသည် ကလေး၏ဦးနှောက်ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးသောကာလဖြစ်သဖြင့် ECI ဝန်ဆောင်မှုများသည် ကလေးသူငယ်များ၏ဖွံ့ဖြိုးမှု အစွမ်းကုန်ရရှိစေရန်အတွက် သာမန် ECCD ဝန်ဆောင်မှုများထက်ပို၍ ကလေးတစ်ဦးချင်းအတွက် အားစိုက်၍လုပ်ကိုင်ရသော ဝန်ဆောင်မှုဖြစ်ပါသည်။ (၃၇)လမှ လပေါင်း (၆၀) အတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျ သို့မဟုတ် မသန်စွမ်းသောကလေးများအနေဖြင့် လိုအပ်သောဝန်ဆောင်မှုများ မရရှိခဲ့ပါက ECI လုပ်ငန်းဝန်ဆောင်မှုကို အသက် ငါးနှစ်အရွယ်အထိ ဆက်လက်ရယူနိုင်ပါသည်။

၂၁၄။ မသန်စွမ်းကလေးသူငယ်များအတွက် ရှိပြီးဖြစ်သော ဝန်ဆောင်မှုများ၊ မူဝါဒများ၊ အစီအစဉ်များကို ပြန်လည်သုံးသပ်ပြီးနောက် အမျိုးသားအဆင့် ECI စနစ်နှင့် ဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲပါမည်။ ထို့အတူ လူအများသိနားလည်လာစေရန် အမြင်ဖွင့်ပေးသောစာစောင်များ၊ လုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်ပါမည်။ လိုအပ်သောဝန်ဆောင်မှုများ အပြည့်အဝ ရေရှည်တည်တံ့အောင် ECI စနစ်ကို အသေအချာ ရေးဆွဲဖော်ထုတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

### ၅.၃.၂။ ECI စနစ်တစ်ခုဖြစ်ပေါ်ရန် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်း

၂၁၅။ ECI ဝန်ဆောင်မှုကိုပေးရာတွင် ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများအကြား ညှိနှိုင်းပြီး အားကောင်းစွာ ပူးပေါင်းဆောင်ရွက်ရန်လည်းလိုပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဥပဒေကြောင်းအရ ခိုင်မာစေရန်နှင့် ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းစေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား တရားဝင်သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် မူဝါဒများ၊ လုပ်နည်းလုပ်ဟန်များ၊ စံသတ်မှတ်ချက်များကို ဌာနပေါင်းစုံညှိနှိုင်းပြီး သဘောတူသတ်မှတ်ပါမည်။

### ၅.၃.၃။ ကလေးများအခြေအနေကို စောစီးစွာသိရှိရန်နှင့် လိုအပ်သော လွှဲပြောင်း ပို့ဆောင်မှုပြုလုပ်နိုင်ရန် ကွင်းဆင်းဆောင်ရွက်မှုအစီအစဉ်

၂၁၆။ ကလေးတစ်ဦးချင်းစီ၏ဖွံ့ဖြိုးမှုအနေအထား အမြင့်မားဆုံးရရှိစေရန် ECI ဝန်ဆောင်မှု လိုအပ်မည့်ကလေးများကို စောစီးစွာသိရှိနိုင်ရန် ကာယကံရှင်ထံ အရောက်သွားဆောင်ရွက်ပေး

သော (Outreach) အစီအစဉ်ကို ထိရောက်စွာ ပြုလုပ်ရန်လိုပါသည်။ ECI Outreach အစီအစဉ်တွင် ဆေးပညာရှင်များ၊ ကျန်းမာရေးစောင့်ရှောက်သူများ၊ လူမှုဝန်ထမ်းများနှင့် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများ၊ ရပ်ရွာအဆင့် ECCD ကော်မတီများနှင့် မိဘများ၏အခန်းကဏ္ဍများ ပါဝင်ပါသည်။ ထိုအစီအစဉ်တွင် ECI ဝန်ဆောင်မှု လိုအပ်သော ကလေးများကို ရှာဖွေဖော်ထုတ်ခြင်း၊ လိုအပ်သော ရှေးဦးစစ်ဆေးမှုပြုလုပ်ခြင်း၊ လိုအပ်မှုအခြေအနေကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ECI ဝန်ဆောင်မှု ရရန် ရည်ညွှန်းလွှဲပြောင်းပေးပို့ခြင်းတို့ ပါဝင်ပါသည်။ ကာယကံရှင်ထံ သွားရောက်အကူအညီ ပေးသူများ ထိရောက်စွာကူညီနိုင်ရန် ထိုသူများအတွက် သင်တန်းလည်း စီစဉ်ပေးပါမည်။

### ၅.၃.၄။ တရားဝင်သတ်မှတ်ထားသောလုပ်ငန်းအစီအစဉ်ဆိုင်ရာမူဝါဒများ၊ လုပ်နည်းလုပ်ဟန်များ၊ 'စံ'များ၊ ရွေးချယ်ရေးမူများနှင့် ဝန်ဆောင်မှုများ

၂၁၇။ ECI လုပ်ငန်းအစီအစဉ်ဆိုင်ရာ မူဝါဒနှင့် လုပ်နည်းလုပ်ဟန်များသည် လိုအပ်သော ဖွံ့ဖြိုးမှုဆိုင်ရာဝန်ဆောင်မှုများ၊ နိုင်ငံတော်က ချမှတ်ထားသော ကလေးဖွံ့ဖြိုးမှုဆိုင်ရာ အခြားလုပ်ငန်းအစီအစဉ်များကို ကလေးသူငယ်များ ရပိုင်ခွင့်ရှိစေပါသည်။ ECI ဝန်ဆောင်မှုရရှိခွင့်နှင့် ပတ်သက်ပြီး မွေးစအရွယ်တွင် ကိုယ်အလေးချိန်နည်းသော (၂,၅၀၀)ဂရမ်မပြည့်သည့်ကလေးများ၊ အချိန်ကာလမစေ့မီ (ကိုယ်ဝန် ၃၇ ပတ်မပြည့်မီ)မွေးသောကလေးများသည် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများကို အလိုအလျောက် ခံစားခွင့်ရပါမည်။ ယင်းကလေးများ ဖွံ့ဖြိုးမှုအပြည့်အဝရနိုင်ရန် မွေးပြီး ပထမ နှစ်နှစ်တာကာလအတွင်း ဖွံ့ဖြိုးရေးအထောက်အကူပြုပံ့ပိုးမှုများ အရေးတကြီးလိုအပ်ပါသည်။ ထိုသို့ဖွံ့ဖြိုးမှု အထောက်အကူပြုပံ့ပိုးမှုများမရရှိပါက ယင်းကလေးများသည် ဖွံ့ဖြိုးမှုနှေးကွေးပြီး ကျောင်းတွင်ပညာသင်ယူရာ၌ အခက်အခဲရှိလာနိုင်ပါသည်။ ဖွံ့ဖြိုးမှု နောက်ကျသော၊ အာဟာရ မပြည့်ဝသော၊ HIV အပါအဝင် နာတာရှည်ရောဂါခံစားနေရသော၊ မသန်စွမ်းသော၊ ပုံမှန် မဟုတ်သောအပြုအမူများရှိနေကြသော ကလေးများသည် ECI ဝန်ဆောင်မှုကို ရယူပိုင်ခွင့်ရှိပါသည်။

၂၁၈။ ECI ဝန်ဆောင်မှုနှင့်ပတ်သက်၍ စံများ၊ လုပ်နည်းလုပ်ဟန်များလည်း သတ်မှတ်ပေးရပါမည်။ ကာယကံရှင်ထံ ကွင်းဆင်းအရောက်သွား ဆောင်ရွက်ပေးသည့် Outreach အစီအစဉ်၊ သက်ဆိုင်ရာဝန်ဆောင်မှုများသို့ ရည်ညွှန်းလွှဲပြောင်းပေးသောအစီအစဉ်၊ ဝန်ဆောင်မှုလိုမည့် ကလေးများကို ရှာဖွေဖော်ထုတ်ခြင်း၊ ကနဦးစမ်းသပ်စစ်ဆေးခြင်း၊ ကလေးနှင့်မိသားစုကို ဆန်းစစ်လေ့လာမှုအစီအစဉ်၊ မိသားစုအလိုက်ဆောင်ရွက်ပေးသောပံ့ပိုးမှုအစီအစဉ် (IFSP)၊ အိမ်တိုင်ရာရောက်သွားပြီး ပံ့ပိုးကူညီသည့်အစီအစဉ်၊ အခြားအစီအစဉ်များနှင့် မူကြို၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများ တက်ရောက်ခြင်းအစီအစဉ်၊ သို့မဟုတ် ပြင်းထန်သော မသန်စွမ်းမှုခံစားနေကြရသည့် ကလေးများအတွက် ရည်ရွယ်ဖွင့်လှစ်ထားသော အထူးပြုကျောင်းများနှင့် ဝန်ဆောင်မှုများတွင် ထိုကလေးများတက်ရောက်ခွင့်အစီအစဉ်များအားလုံးနှင့် ပတ်သက်ပြီး စည်းမျဉ်းများနှင့် လုပ်နည်းလုပ်ဟန်များလည်း ချမှတ်ထားပါမည်။ မသန်စွမ်းသောကလေးများ

အတွက် လှုပ်ရှား၊ ရွေ့လျားသွားလာမှုအရလည်းကောင်း၊ ပြောဆိုဆက်သွယ်မှုအရလည်းကောင်း လက်လှမ်းမီမှုရရှိစေရန် အလေးထားဆောင်ရွက်ရပါမည်။

## ၅.၃.၅။ လုပ်ငန်းကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၂၁၉။ ကလေး၏ဖြစ်စဉ်နှင့် ဖွံ့ဖြိုးမှုအခြေအနေကို ခြေရာခံစောင့်ကြည့်ပြီး စီမံခန့်ခွဲ၍ ပံ့ပိုးမှုပေးခြင်းများ လုပ်ဆောင်ပေးခြင်းပါဝင်သည့် ECI လုပ်ငန်းအစီအစဉ်ကို ကြီးကြပ်အကဲဖြတ်သည့် စနစ်တစ်ရပ်နှင့် လိုက်နာရန် လက်စွဲစာစောင်တစ်ခုကို ပြုစုထုတ်ဝေပါမည်။ လုပ်ငန်းကြီးကြပ်မှု၊ သုံးသပ်အကဲဖြတ်မှုအတွက် သတ်မှတ်စာရင်းပုံစံတစ်ခုကို အသုံးပြုပါမည်။ ယင်းပုံစံတစ်ခုချင်းတွင် အသုံးပြုမှုဆိုင်ရာလမ်းညွှန်ချက်များ ပါဝင်ပါမည်။

## ၅.၃.၆။ ECI ဝန်ဆောင်မှုအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်း

၂၂၀။ ECI ဝန်ဆောင်မှုများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ သင်တန်းပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းများပြုလုပ်ရန်၊ သေချာစွာ လေ့ကျင့်သင်တန်းပေးထားသော တတ်ကျွမ်းသူများလိုအပ်ပါသည်။ ထို့ကြောင့် ကျွမ်းကျင်သူများရရှိရန် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများကို ရေးဆွဲပါမည်။ ECI ကျွမ်းကျင်ပညာရှင်များ၊ ကိုယ်လက်အင်္ဂါသန်စွမ်းရေးဆိုင်ရာ ကျွမ်းကျင်မှုပညာရှင်များ[၁၀]၊ စကားပြောနိုင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ[၁၁]၊ မိမိကိုယ်ကို နေ့စဉ်စောင့်ရှောက်နိုင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ[၁၂]၊ အထူးပညာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးစိတ်ပညာရှင်များ၊ သူနာပြုများနှင့် လူမှုဆက်ဆံရေးပညာရှင်များစသည့် အသိအမှတ်ပြုကျွမ်းကျင်ပညာရှင်များ[၁၃] မွေးထုတ်ရန် လုပ်ငန်းခွင်အကြိုသင်တန်းများကို တက္ကသိုလ်အဆင့်တွင် ပို့ချရန် လိုအပ်ပါသည်။ နှစ်စဉ် ထပ်ဆင့်၍ အသိအမှတ်ပြုသည့် လက်မှတ်များရရန်အတွက် စဉ်ဆက်မပြတ် သင်ယူလေ့လာမှုစနစ်ဖြင့် သင်ယူရန်လိုပါသည်။ သင်တန်းပြန်လည်ပို့ချပေးနိုင်မည့် ECI သင်တန်းဆရာအနည်းငယ်အတွက် ရည်ရွယ်၍ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ဆရာဖြစ်သင်တန်းများ စီစဉ်ပေးပါမည်။

၂၂၁။ ကျွမ်းကျင်သူများကို သင်တန်းပေးသည့်အပြင် ECI ကျွမ်းကျင်သူများ (EIS) ကို အထောက်အကူပြုကူညီပေးမည့်သူများ[၁၄]အတွက် လုပ်ငန်းခွင်အကြို ရက်တိုဆွေးနွေးပွဲသင်တန်းများကိုလည်း စီစဉ်ပေးပါမည်။ ထိုလေ့ကျင့်ထားသူများက ကျွမ်းကျင်သူများ၏လမ်းညွှန်မှုဖြင့် အိမ်တိုင်ရာရောက်သွားပြီး အကူအညီများပေးနိုင်မည်ဖြစ်ပါသည်။ လခစား အကူကျွမ်းကျင်သူများအတွက် လုပ်ငန်းခွင်သင်တန်းများနှင့် ကွင်းဆင်းလုပ်ကိုင်ရင်း အနီးကပ်နည်းလမ်းပြသင်ကြားမှုမျိုးလည်း မကြာခဏပြုလုပ်ပါမည်။ စေတနာ့ဝန်ထမ်းများကိုလည်း ECIလုပ်ငန်းအစီအစဉ်တွင် အချိန်ပိုင်းအကူအညီပေးနိုင်ရန် သင်တန်းများ ပို့ချပါမည်။

---

[၁၀] Physical Therapist

[၁၁] Speech Therapist

[၁၂] Occupational Therapist

[၁၃] Early Intervention Specialist

[၁၄] Para-professional Aid

## ၅.၃.၇။ အဆင့်လိုက်ဆောင်ရွက်မည့် ECI လုပ်ငန်းအစီအစဉ်ဖော်ဆောင်ခြင်း

၂၂၂။ ECI လုပ်ငန်းအစီအစဉ်ကို အမြဲတမ်းတစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်လေ့ရှိပါသည်။ ပထမအဆင့်အနေဖြင့် ECI လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ထို့နောက် လုပ်ငန်းဆိုင်ရာမူဝါဒ လုပ်နည်းလုပ်ဟန်များချမှတ်ခြင်း၊ လိုအပ်သော အထောက်အကူပြုစာစောင်များ၊ ပုံစံများကို ထုတ်လုပ်ခြင်း၊ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းသုံးလက်စွဲများပြုစုခြင်းကို လုပ်ဆောင်ပါမည်။ ထို့နောက် ECI ဝန်ဆောင်မှုကို ရွေ့ပြေးစမ်းသပ်အကောင်အထည်ဖော်ကြည့်ပါမည်။ လုပ်ငန်းကြီးကြပ်ကွပ်ကဲခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းများ ပြုလုပ်ပါမည်။ လေ့လာသုံးသပ်အကဲဖြတ်မှုရလဒ်များပေါ် မူတည်ပြီး လိုအပ်သောလုပ်ငန်းအစီအစဉ်ပြန်လည်သုံးသပ်မှု၊ မွမ်းမံပြင်ဆင်မှုများပြုလျက် ECI လုပ်ငန်းအစီအစဉ်ကို တစ်နိုင်ငံလုံးလွှမ်းခြုံသွားရန် အဆင့်လိုက်တိုးချဲ့သွားပါမည်။

## ၅.၃.၈။ ECI လုပ်ငန်းကို ကဏ္ဍပေါင်းစုံမှ ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်ခြင်း

၂၂၃။ ECI လုပ်ငန်းအစီအစဉ်များကို ကလေးအထူးကုသမားတော်များ၊ မီးယပ်နှင့်သားဖွား အထူးကုဆရာဝန်များ၊ မွေးကင်းစကလေးအထူးကုသမားတော်များနှင့် အခြားသော အခြေခံကျန်းမာရေးဝန်ထမ်းများအပါအဝင် ကျန်းမာရေးဝန်ထမ်းပေါင်းစုံတို့က နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါသည်။ ဆေးပညာပိုင်းဆိုင်ရာပုဂ္ဂိုလ်များသည် ကလေးများကို လိုအပ်သောဖွံ့ဖြိုးမှုဆိုင်ရာစစ်ဆေးတိုင်းတာရန် ECI ဝန်ဆောင်မှုများသို့ ညွှန်းပို့လွှဲပြောင်းခြင်းနှင့် အခြေအနေကိုသုံးသပ်ခြင်း၊ စစ်ဆေးတိုင်းတာခြင်းများတွင်လည်း အကူအညီပေးကြပါသည်။ ကလေးများ၏အခြေအနေအရ ပံ့ပိုးပေးနိုင်ရန်၊ ကျွမ်းကျင်သူများပေါင်းစပ်ဖွဲ့စည်းထားသောအဖွဲ့များတွင်လည်း ပါဝင်ဆောင်ရွက်ပေးကြပါသည်။ ဝန်ဆောင်မှုတွင် ဟာကွက်မရှိစေရန် ကျွမ်းကျင်သောသမားတော်များအကြား တရားဝင်သဘောတူညီချက်များရရှိထားရန် လိုပါသည်။

၂၂၄။ ECI ဝန်ဆောင်မှုလုပ်ငန်းများတွင် မိဘများသည် အဓိကဦးဆောင်မှုပေးသောအခန်းကဏ္ဍက ပါဝင်ပါသည်။ ကလေးဖွံ့ဖြိုးမှုကို ဖော်ထုတ်စစ်ဆေးတိုင်းတာရာတွင် မိဘများပါဝင်ပါသည်။ ကလေးတစ်ဦးချင်းဖွံ့ဖြိုးရေးနှင့် မိသားစုဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်ပေးသည့်အဖွဲ့တွင် မိဘများ ပါဝင်ပါသည်။ ကလေးဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရန်ရှိသည်များကို အိမ်တွင် လုပ်ဆောင်ပေးရပါသည်။ ၎င်းတို့ရရှိသော ECI ဝန်ဆောင်မှုအပေါ် စောင့်ကြပ်ကြည့်ရှုရပါသည်။ မိဘများတွင် မိဘအနေဖြင့် ရရှိသင့်သည့်အခွင့်အရေးများ၊ တာဝန်ယူမှုများနှင့် ကိုယ်ရေးကိုယ်တာ လွတ်လပ်မှုထိန်းသိမ်းနိုင်ခွင့်[၁၅]များ အပြည့်အဝရှိပါသည်။ မိဘတို့နှင့်ဖြစ်စေ၊ ၎င်းတို့၏ ကလေးများနှင့်ဖြစ်စေ လုပ်ဆောင်သောလုပ်ငန်းအားလုံးအပေါ် မိဘတို့၏သဘောတူညီချက်ကို ရယူရန် လိုကြောင်း အရေးဆိုခွင့်ရှိပါသည်။ ECI လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ECI လုပ်ငန်းစဉ်အားလုံးတွင် မိဘများတက်ကြွစွာပါဝင်မှုရရှိစေရန် ဆောင်ရွက်ရပါမည်။

[၁၅] Privacy Rights



Photo by Myo Thame

*ဖွံ့ဖြိုးမှုနောက်ကျသောကလေးများအတွက်*
*မိဘများသည်အရေးကြီးသောအခန်းကဏ္ဍကပါဝင်ကြသည်*

၂၂၅။ ကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရနှင့် ပုဂ္ဂလိကကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ECIအစီအစဉ်နှင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်စေပါမည်။ ပညာရေးဝန်ကြီးဌာနသည် ECIအစီအစဉ်ကို အထူးပညာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အထူးပြုလေ့လာရေးဌာနများ၊ လူတိုင်းအကျုံးဝင်သောမူကြိုပညာရေး၊ သူငယ်တန်းနှင့် မူလတန်းပညာရေးတို့နှင့် ဆက်စပ်စေပါမည်။

၂၂၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် ထောက်ပံ့မှုလိုအပ်နေသောကလေးများကို သက်ဆိုင်ရာ ဌာနများသို့ မှန်မှန်ကန်ကန်နှင့်မြန်မြန်ဆန်ဆန်လွှဲပြောင်းပေးနိုင်ရန် အဓိကျသောအခန်းကဏ္ဍမှ ဆောင်ရွက်ပေးပါမည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ECI ဝန်ဆောင်မှုများနှင့် ချိတ်ဆက် ဆောင်ရွက်ကာ မွေးစအရွယ်မှ (၃၆)လအရွယ်ကလေးများကို ၎င်းတို့၏ မိဘရင်းချာ သို့မဟုတ် မိသားစုပတ်ဝန်းကျင်တွင်နေရန်၊ သင်တန်းကျောင်းနှင့် မိဘမဲ့ဂေဟာသို့ပို့ခြင်းမပြုရန် ပံ့ပိုး ဆောင်ရွက်ပါမည်။ အကြောင်းမှာ ထိုကလေးများသည် ၎င်းတို့လိုအပ်နေသော မိသားစု၏ ပြုစုစောင့်ရှောက်မှု မရရှိပါက ဖွံ့ဖြိုးမှု ပို၍နှေးကွေးပြီး၊ မသန်စွမ်းမှု ပို၍ဖြစ်ကြောင်း သုတေသနများက ထောက်ပြထားသောကြောင့် ဖြစ်ပါသည်။ အထူးလိုအပ်ချက်များရှိနေသော ကလေးများ၏ မိသားစုများသည် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ လိုအပ်သောကုသမှုဆောင်ရွက်ပေးခြင်းနှင့် လူမှုရေး အကာအကွယ်ပေးခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုများရရှိရန်လိုပါသည်။ သို့မှသာ မိသားစုသည် အထူးလိုအပ်ချက်ရှိနေသောကလေးနှင့်အတူ အိမ်တွင် အဆင်ပြေစွာနေထိုင်တတ်လာပါမည်။

မိဘများအနေဖြင့် ၎င်းတို့၏ကလေးများ ကောင်းမွန်စွာဖွံ့ဖြိုးလာရန် မည်သို့စောင့်ရှောက်ရမည်ကို သိရန်အတွက် ECI ဝန်ဆောင်မှုများ လိုအပ်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးများ နှင့် ၎င်းတို့မိဘများ၏အခွင့်အရေးများ (မိမိကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ကို ထိန်းသိမ်းနိုင်ခွင့်၊ လူနာလွှဲပြောင်းပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ခံယူရာတွင် ၎င်းတို့၏သဘောတူညီမှု ရယူရန်လိုကြောင်း အရေးဆိုပိုင်ခွင့်အပါအဝင်)နှင့် ၎င်းတို့၏ဝတ္တရားများကိုလည်းကောင်း အလေးထား ကာကွယ်စောင့်ရှောက်ပေးပါမည်။

၂၂၇။ ကလေးများ၏ဖွံ့ဖြိုးရေးအခြေအနေကိုသိရှိရန် စစ်ဆေးတိုင်းတာမှုကို သက်ဆိုင်ရာ လူမျိုး အလိုက်ပြောဆိုသော မိခင်ဘာသာစကားဖြင့်ပြောဆို၍ ယဉ်ကျေးမှုလေ့စရိုက်များနှင့်ကိုက်ညီ အောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ဦးတည်ရည်ရွယ်ချက် (၄)**

သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများ၏ ဖွံ့ဖြိုးမှုတိုးတက်ကောင်းမွန်စေရန်နှင့် လူတိုင်း အကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းပညာရေးတွင် ကလေးများအောင်မြင်မှုရရန် ပြင်ဆင်ပေးသည့် မူကြိုပညာရေးနှင့်ကလေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် မိဘများတက်ကြွစွာ ပါဝင်လာစေရန်။

**မဟာဗျူဟာ (၄)**

***သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများအတွက်မူကြိုပညာရေး***

အရည်အသွေးမြင့်ပြီး သက်ဆိုင်ရာလူမျိုးအလိုက် ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ကိုက်ညီလျက် လူတိုင်းအကျုံးဝင်သော မူကြိုပညာရေးကို အကောင်အထည်ဖော်ခြင်း၊ တိုးချဲ့ ဆောင်ရွက်ခြင်း၊ မိဘအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိဘများပါဝင်ကူညီမှုပေးခြင်း၊ လူအများအတွင်း မူကြိုပညာရေး အရေးကြီးကြောင်း အသိအမြင်ပွင့်လာစေရန် လုပ်ငန်း ဆွေးနွေးပွဲများကို ဗဟိုအဆင့်မှ ရပ်ရွာအဆင့်အထိ ကျင်းပပြုလုပ်ခြင်း။

## ၅.၄.၁။ မူကြိုကျောင်း သင်ကြားသင်ယူမှုဆိုင်ရာချဉ်းကပ်နည်း

၂၂၈။ ပညာရေးအဆင့်မြင့်မားလာစေရန် နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်ချက်များ (နိုင်ငံတော် သမ္မတကြီး ၂၀၁၁ ခုနှစ်၊ မတ်လ)နှင့် ဤမဟာဗျူဟာတွင်ပါဝင်သော ဦးတည်ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်ရန် မြန်မာနိုင်ငံအစိုးရနှင့် ၎င်းတို့၏မိတ်ဖက်အဖွဲ့များသည် ပညာရေး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဆောင်ရွက်နေသော မူကြိုပညာရေးမှ ကောင်းမွန်သောအတွေ့အကြုံများကိုအခြေခံပြီး ဆက်လက် တိုးချဲ့ဆောင်ရွက်ပါမည်။ ယင်းမူကြိုကျောင်းများတွင် အသုံးပြုသော ကလေးဗဟိုပြုသင်ယူမှု နည်းလမ်းများ၊ တစ်ဦးချင်း၊ အုပ်စုငယ်နှင့် အုပ်စုကြီးအလိုက်လုပ်ဆောင်ရသော သင်ယူမှုလုပ်ငန်း

များ၊ ကလေးများတက်ကြွစွာပါဝင်လုပ်ဆောင်သင်ယူစေမှုနည်းလမ်းများ၊ အတန်းထဲတွင်ရှိသော သင်ယူရန် သတ်မှတ်ထားသည့်နေရာများတွင် သင်ယူမှု၊ ကစားနည်းဖြင့် သင်ယူမှု၊ ကလေးများ ဝေဖန်စဉ်းစားခြင်းနှင့် တီထွင်ဖန်တီးတတ်စေမည့် သင်ယူနိုင်မှုဆိုင်ရာအခွင့်အလမ်းများကို ဆက်လက်အားပေးသွားမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများတွင် ကလေးဗဟိုပြုသင်ကြားစေမှုကို ထည့်သွင်းပေးခြင်းဖြင့် မြန်မာနိုင်ငံရှိ မူကြိုကျောင်းအားလုံးတွင် ကလေးဗဟိုပြုသင်ကြားမှုကို မြှင့်တင်ပေးပါမည်။ [မဟာဗျူဟာ (၇)ကို ကြည့်ပါ။] စံနမူနာဖြစ်သော မူကြိုကျောင်းများဆိုင်ရာအချက်အလက်များ၊ စွမ်းဆောင်မှုများ၊ ကလေးဗဟိုပြုသင်ကြားမှုနည်းလမ်းကို အသုံးပြု၍ အောင်မြင်နေသော မူကြိုကျောင်းများ၏ အကဲဖြတ်သုံးသပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဖြန့်ဖြူးပေးပါမည်။

၂၂၉။ ကလေးဗဟိုပြုသင်ကြားမှုနည်းများကျင့်သုံးသည့် မူကြိုကျောင်းများ ထူထောင်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့သည် အတွေ့အကြုံကောင်းများ များစွာရရှိခဲ့ပြီး မူကြိုဆိုင်ရာဝန်ဆောင်မှုများကို တိုးချဲ့ရန်၊ လိုအပ်မှုနှင့် တောင်းခံမှုများကို မြန်နိုင်သမျှ မြန်မြန်တိုးချဲ့ဖြည့်ဆည်းရန် ဝန်ကြီးဌာန နှစ်ခုစလုံးက ဆောင်ရွက်ပါမည်။ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းတို့ကို အဆင့်တိုင်းတွင် ဝန်ကြီးဌာန နှစ်ခုက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါမည်။ ပုဂ္ဂလိကမူကြိုကျောင်းများ တရားဝင်မှတ်ပုံတင်ရေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပြီး ကလေးဗဟိုပြုသင်ကြားနည်းကိုအသုံးပြုရေးတို့အတွက် ဝန်ကြီးဌာန နှစ်ခုစလုံးက လက်တွဲဆောင်ရွက်ပါမည်။

### ၅.၄.၂။ မူကြိုကျောင်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

၂၃၀။ ရပ်ရွာတိုင်းတွင် မူကြိုပညာရေးနှင့်မူကြိုအတန်းများ လိုအပ်ချက်အခြေအနေကိုသိရှိရန် အခြေခံအချက်အလက်များ လျင်မြန်စွာကောက်ယူခြင်းနည်းစနစ်ဖြင့်ဆောင်ရွက်ရန်ရှိပါသည်။ ရရှိလာသောအချက်အလက်များနှင့် အပိုင်း ၅.၂.၁ (ရှေးဦးအရွယ်မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်)တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများပေါ်မူတည်ပြီး (၃၆)လမှ လ(၆၀)အရွယ် ကလေးများအတွက် လုံလောက်သောအရေအတွက်ရှိသည့် အရည်အသွေးမြင့်မားသော ရပ်ရွာအခြေပြု၊ ပုဂ္ဂလိကမူကြိုကျောင်းများနှင့် ကျောင်းအခြေပြုမူကြိုကျောင်းများကို တိုးချဲ့သွားနိုင်ရန် *"ရှေးဦးအရွယ်မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်"*ကို ပညာရေးဝန်ကြီး ဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ကျန်းမာရေး ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖော်ထုတ်ပါမည်။

၂၃၁။ လက်ရှိ အားကောင်းသော မူကြိုကျောင်းအစီအစဉ်များကို ဆက်လက်၍တိုးတက်ကောင်းမွန်စေရန်နှင့် ထိန်းသိမ်းရန် ဆောင်ရွက်သကဲ့သို့ အသစ်အသစ်သော မူကြိုကျောင်း ဝန်ဆောင်မှုများကိုလည်း တတ်နိုင်သမျှ လျင်မြန်စွာ တိုးချဲ့ဆောင်ရွက်သွားပါမည်။ ရေရှည်

တည်တံ့သောစနစ်များ ထူထောင်စဉ်ကရရှိခဲ့သော အတွေ့အကြုံများကိုလည်း အနာဂတ် မူကြို ကျောင်းများထူထောင်ရေးတွင် အခြေခံအဖြစ် အသုံးပြုပါမည်။ ယခင်က မူကြိုကျောင်းများ တိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ကြုံတွေ့ခဲ့သော သင်ခန်းစာများနှင့် စိန်ခေါ်မှုများကို သုံးပြီး မူကြိုကျောင်းများတိုးချဲ့သည့် လုပ်ငန်းအစီအစဉ်ကို အောင်မြင်စေရန်နှင့် ရေရှည်တည်တံ့ စေရန် ဆောင်ရွက်ရန်လိုအပ်ပါသည်။

၂၃၂။ ၂၀၁၈ ခုနှစ်တွင် မူကြိုကျောင်းဝန်ဆောင်မှုကို လိုလားသော မိဘများ၏ သုံးနှစ်မှ လေးနှစ် အရွယ်ကလေးအားလုံးအတွက် အရည်အသွေးမြင့်မားသော မူကြိုပညာရေးဝန်ဆောင်မှုပေးရန်နှင့် ရည်မှန်းချက်ပြည့်မီရန်အတွက် မူကြိုကျောင်းအရေအတွက် များစွာတိုးချဲ့နိုင်ရန် အောက်ပါ နည်းလမ်းများကို ကျင့်သုံးမည်ဖြစ်သည်–

(က) မူလတန်းကျောင်းတွင် မူကြိုအတန်းကို တွဲ၍ဖွင့်လှစ်ပေးခြင်း သို့မဟုတ် သီးသန့် အဆောက်အအုံဆောက်ပေးခြင်း (ပညာရေးဝန်ကြီးဌာန)၊

(ခ) လူမှုဝန်ထမ်းဦးစီးဌာနက မူလတန်းကြိုကျောင်းများကို သီးသန့်အဆောက်အအုံများ အနေဖြင့်တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ရပ်ရွာအခြေပြု မူကြိုကျောင်းအရေအတွက်ကို တိုးချဲ့ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာ ရေး အခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင် ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်ထားသော ပုဂ္ဂလိကမူကြိုကျောင်းများပါ ပါဝင်စေခြင်း။



Photo by Myo Thame

*ကလေးများအားလုံးအတွက် အရည်အသွေးပြည့်မီသော မူကြိုပညာရေး*

၂၃၃။ မူကြိုပညာရေးဝန်ဆောင်မှုများကို လူတိုင်းရရှိခံစားနိုင်စေရန်၊ ငွေကြေးအရ လက်လှမ်းမီစေရန် လူတိုင်းအကျုံးဝင်မှုရှိစေရန် ဆောင်ရွက်သွားပါမည်။ ဆင်းရဲသောမိသားစုမှကလေးများအတွက် အခမဲ့မူကြိုပညာရေးရရှိစေရန် တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်သွားပါမည်။

၂၃၄။ မူကြိုပညာရေးအတွက်သတ်မှတ်ထားသော နိုင်ငံတော်နှင့်အပြည်ပြည်ဆိုင်ရာ အရင်းအမြစ်များကို အကောင်းဆုံးအကျိုးရှိစွာ အသုံးပြုနိုင်ရန် ကြိုတင်မျှော်မှန်းတွက်ချက်မှုများနှင့် အခြေအနေအမျိုးမျိုးအတွက် တွက်ချက်ခန့်မှန်းမှု simulation များကို ပြုလုပ်ပါမည်။

၂၃၅။ ထို့ပြင် ECCD ဝန်ဆောင်မှုလုပ်ငန်းများကို မှတ်ပုံတင်ရေးအတွက် ECCD ဥပဒေကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေသည် လူမှုဝန်ထမ်းဦးစီးဌာနကဆောင်ရွက်သော သို့မဟုတ် ပံ့ပိုးပေးသော သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍကဆောင်ရွက်သော မွေးစမှ ရှစ်နှစ်အရွယ် ကလေးများအတွက် ECCD ဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ဆိုင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ထိုဥပဒေ အကောင်အထည်ဖော်ရေးကို အလေးအနက်ထား ဆောင်ရွက်ပါမည်။

## ၅.၄.၃။ မူကြိုပညာရေးနှင့်ပတ်သက်၍ လူအများသိရှိသဘောပေါက်စေမည့် အသိပေးအစီအစဉ်နှင့် လုပ်ငန်းများ

၂၃၆။ မူကြိုပညာရေးကို မြှင့်တင်ရန်နှင့် မူကြိုပညာရေး၏အကျိုးကျေးဇူးများကို မိဘအများသိလာစေရန် မူကြိုပညာရေးနှင့် ပတ်သက်ပြီး လူအများသဘောပေါက်စေမည့် အသိပေးအစီအစဉ်တစ်ခုပြုလုပ်ပါမည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူကြိုပညာရေး၏အရေးကြီးပုံကို သိမြင်လာစေရန် မြှင့်တင်အသိပေးသွားပါမည်။ [မဟာဗျူဟာ အမှတ်စဉ်(၉) ကို ကြည့်ပါ။] မိဘများ၊ ရပ်ရွာလူထုများ ကျယ်ကျယ်ပြန့်ပြန့်သိရှိသဘောပေါက်လာစေမည့် လုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် ကလေးဗဟိုပြု မူကြိုပညာရေးတိုးမြှင့်ရေးကို အထူးအလေးထားဆောင်ရွက်ပါမည်။

## ၅.၄.၄။ မိဘအသိပညာပေးအစီအစဉ်၊ မိဘများပါဝင်မှုနှင့် ကြည့်ရှုလေ့လာသုံးသပ်ပေးမှု

၂၃၇။ မူကြိုကျောင်းများတွင် မိဘများပူးပေါင်းပါဝင်ရေးနှင့် မိဘများကို အသိပညာပေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် အရေးကြီးပါသည်။ မိဘများအနေဖြင့် ဖွံ့ဖြိုးမှုနှင့် ကိုက်ညီသောလုပ်ဆောင်မှုများကို ၎င်းတို့၏ သားသမီးတစ်ဦးချင်းနှင့်ဖြစ်စေ၊ ရပ်ရွာမှကလေးများစုပြီး ကစားသည့်နေရာတွင်ဖြစ်စေ ပြုလုပ်ဖန်တီးပေးနိုင်ရန် မိဘများကို အသိပညာပေးရေးနှင့် ပံ့ပိုးမှု အစီအစဉ်ကို မူကြိုကျောင်းတိုင်းက ဆောင်ရွက်ပါမည်။ မိဘအသိပညာပေးအစီအစဉ်၏ မော်ဂျူး(Module) သင်ခန်းစာများတွင် သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ မျှတသောအာဟာရ၊ ကလေးများ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့် လုံခြုံရေးတို့ကိုလည်း အလေးထားဆွေးနွေးသွားပါမည်။

၂၃၈။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်ထားသော ရပ်ရွာအခြေပြု မူကြိုကျောင်းများနှင့် မူလတန်းကျောင်းများတွင် ဖွင့်ထားသော မူကြိုအတန်းများ စီမံခန့်ခွဲမှု၊ ထိန်းသိမ်းစောင့်ရှောက်မှု၊ မူကြိုဆရာမများနှင့်အကူများအား ထောက်ပံ့မှု၊ ပံ့ပိုးလေ့လာသုံးသပ်အကဲဖြတ်မှုတို့တွင် မိဘများတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးသည် အရေးကြီးပါသည်။ မူကြိုဆရာမများနှင့် အခြားဆက်စပ်နေသူများက မိဘများကို မူကြိုနှင့်ဆက်စပ်နေသောလုပ်ငန်းများတွင် ပါဝင်ရန် တိုက်တွန်းအားပေးပါမည်။

## ၅.၄.၅။ မူကြိုပညာရေးအတွက် နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍနှင့် တာဝန်ခံယူမှု

၂၃၉။ မူကြိုပညာရေးရေရှည်တည်တံ့ပြီး အရည်အသွေးကောင်းမွန်စေရေးအတွက် မူကြိုဆရာမများအား လုံလောက်ထိုက်သင့်သောလစာပေးရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် အတွေ့အကြုံများအရ ရပ်ရွာများသည် မူကြိုဆရာမများအတွက် လုံလောက်သောလစာနှင့် အကျိုးခံစားခွင့်များ ပေးနိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ သို့သော် ရပ်ရွာများသည် စေတနာ့ဝန်ထမ်း မူကြိုဆရာ၊ ဆရာမများအတွက် ထောက်ပံ့ပေးခြင်း၊ မူကြိုကျောင်းများတည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးအတွက် လိုအပ်သောဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးပေးခြင်း စသဖြင့် ပါဝင်ဖြည့်ဆည်းပေးကြပါသည်။

၂၄၀။ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များ၏ ထောက်ပံ့မှုများကတစ်ဆင့် နိုင်ငံတော်အစိုးရသည် အောက်ပါနည်းလမ်းများဖြင့် ရပ်ရွာလူထုအား ထောက်ပံ့သွားပါမည်–

(က) သတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်ရထားပြီးသူများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးပြည့်ဝသော ကောင်းစွာလေ့ကျင့်ထားသော မူကြိုဆရာ၊ မများ၏ လစာနှင့် ခံစားခွင့်များကို ရာနှုန်းပြည့်ထောက်ပံ့ခြင်း၊ မူကြိုဆရာမ၊ အချိန်ပြည့်တာဝန်ယူသည့် ကျွမ်းကျင်သူ၊ စေတနာ့ဝန်ထမ်းဆရာအကူတို့၏လစာကို အတွေ့အကြုံ၊ စွမ်းဆောင်မှု၊ မူကြိုပညာရေးဆိုင်ရာတတ်ကျွမ်းမှု၊ အသိအမှတ်ပြု လက်မှတ်ရရှိမှုစသည့် အချက်များ ပေါ်တွင်မူတည်ပြီး သတ်မှတ်ပေးပါမည်။ ၂၀၁၈ ခုနှစ်တွင် အပြည့်အဝ လေ့ကျင့် သင်တန်းရပြီးသူများနှင့် သတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် မူကြိုဆရာများကို မူလတန်းပြဆရာများနှင့် တန်းတူလစာပေးပါမည်၊

(ခ) မူကြိုကျောင်းတည်ဆောက်ရန်လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အိမ်သာနှင့် ရေရရှိရေး ဆောင်ရွက်ခြင်းကို ရပ်ရွာ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားအလှူရှင်များနှင့်တန်းတူ အညီအမျှထည့်ဝင်ပါမည်၊

(ဂ) လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ၊ သတ်မှတ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် ထပ်ဆင့်အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း၊ မူကြိုကျောင်း ညှိနှိုင်းရေးမှူးများ၊ ဆရာမများ၊ ကျွမ်းကျင်သူများနှင့် သင်ကြားရေးအကူများကို ကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်ပါမည်၊

(ဃ) သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ၊ ကလေးများဖတ်စရာစာအုပ်များ၊ ကစား ကွင်းတွင်ထားသင့်သည့် ကစားစရာများနှင့် ကလေးများသင်ယူမှုအတွက် လိုအပ်သော အထောက်အကူပစ္စည်းများထောက်ပံ့မှု ပြုလုပ်ပါမည်။

၂၄၁။ ကလေးသူငယ်များဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော စာအုပ်များစွာကို မူကြိုကလေးများ အတွက် ပြုစုထုတ်ဝေခဲ့ပြီးဖြစ်သော်လည်း စာအုပ်များစွာ ထပ်မံထုတ်လုပ်ရန်လိုအပ်ပါသည်။ ထိုထုတ်လုပ်ပြီးသော ကလေးစာအုပ်များကို တိုင်းရင်းသားကလေးများနှင့် ၎င်းတို့မိဘများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေရန် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားဖြင့် ပြန်ဆိုခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခြင်းများ ပြုလုပ်ပါမည်။

၂၄၂။ အထက်ဖော်ပြပါလုပ်ငန်းစဉ်များတွင်ပါဝင်သည့် ကြိမ်ဖန်များစွာ ကုန်ကျမှုစရိတ်များကို နိုင်ငံတော်အစိုးရက ကျခံပေးမည်ဖြစ်ပါသည်။ သို့သော် မူကြိုကျောင်းများ စတင်ဖြစ်လာရန် အတွက် လိုအပ်သော ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ လိုအပ်သော သင်ကြားသင်ယူမှုပစ္စည်းများ၊ အခြားတီထွင်ဆန်းသစ်မှုများ၊ အရည်အသွေးမြှင့်တင်မှုတို့အတွက် ကနဦးပံ့ပိုးထောက်ပံ့မှုများကို အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့များနှင့် အခြားစေတနာရှင်များထံမှ ရယူသွားရန် လိုအပ်ပါသည်။ မူကြိုကျောင်းများ တိုးချဲ့ရေးနှင့် အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် အစီအစဉ် များကို မိဘများသိရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့က မိဘများနှင့် တွေ့ဆုံပွဲများ အခါအားလျော်စွာ ပြုလုပ်ပါမည်။ မလိုလားအပ်ဘဲ လုပ်ငန်းများထပ်နေခြင်း မရှိစေ ရန် အလေးထားဆောင်ရွက်ပါမည်။

## ၅.၄.၆။ မူကြိုပညာရေးတွင် ရပ်ရွာများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များ၏ အခန်းကဏ္ဍ

၂၄၃။ မူကြိုကျောင်းစီမံခန့်ခွဲမှုကော်မတီများကို တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များအားလုံးရှိ ရပ်ရွာတိုင်းတွင် ဖွဲ့စည်းပေးပါမည်။ မူလက ဖွဲ့စည်းထားရှိပြီးသော အဖွဲ့များ ကိုလည်း ဆက်လက်တာဝန်ယူစေပါမည်။ ထိုကော်မတီများကို လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် သင်တန်းပေးပြီး လမ်းညွှန်လက်စွဲစာအုပ်တစ်အုပ်စီလည်း ဖြန့်ဝေပေးပါမည်။ လူမှုဝန်ထမ်းဦးစီး ဌာနနှင့် တွဲဖက်လုပ်ကိုင်နေသော မူကြိုကျောင်းကြီးကြပ်ရေးမှူးများကွန်ရက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဆိုင်ရာပညာရေးအရာရှိများ၊ မြို့နယ်အဆင့် ECCD ကော်မတီများက မူကြို လုပ်ငန်းများကို ကြည့်ရှုလေ့လာသုံးသပ်အကဲဖြတ်ပေးပါမည်။ ရပ်ရွာမူကြိုစီမံခန့်ခွဲရေးကော်မတီ

များကို ကြီးကြပ်ခြင်း၊ သင်တန်းပေးခြင်း၊ လေ့လာသုံးသပ်အကဲဖြတ်ခြင်းများကိုလည်း ပြုလုပ်ပေးပါမည်။ (အပိုဒ်ခွဲ ၅.၄.၁၇ တွင် ဖော်ပြထားသော ကြီးကြပ်ခြင်းလုပ်ငန်းကိုလည်း ကြည့်ပါ။)

၂၄၄။ ရပ်ရွာအခြေပြု မူကြိုကျောင်းစီမံခန့်ခွဲမှုကော်မတီများသည် တစ်လလျှင် တစ်ကြိမ် တွေ့ဆုံဆွေးနွေးပါမည်။ တစ်နှစ်တာမူကြိုလုပ်ငန်းဘတ်ဂျက်နှင့် အစီအစဉ်များပြင်ဆင်ခြင်း၊ မူကြိုကျောင်းဆောက်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့် ပြုပြင်ရေးများတွင် ဦးဆောင်စီမံခြင်း၊ မူကြိုကျောင်းများအတွက် အချိန်ပိုင်းစေတနာ့ဝန်ထမ်းများရရှိရန် စီမံဆောင်ရွက်ပေးခြင်း၊ မူကြိုကျောင်း၏ အခြားလိုအပ်ချက်များပြည့်ဝရေးအတွက် ရန်ပုံငွေရှာဖွေခြင်း၊ အနီးအနားတွင်ရှိသော မူကြိုကျောင်းများ၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများ၊ ကျန်းမာရေးဌာန၊ အခြားဝန်ဆောင်မှုပေးသောဌာနများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူကြိုကျောင်းကို လေ့လာသုံးသပ်အကဲဖြတ်ခြင်း၊ သက်ဆိုင်ရာမြို့နယ်သို့ လေးလပတ်အစီရင်ခံစာပေးပို့ခြင်းများ လုပ်ဆောင်ရပါမည်။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများတွင်သုံးရန် သင်တန်းလက်စွဲစာစောင်နှင့် ရပ်ရွာမူကြိုကျောင်း စီမံခန့်ခွဲမှုကော်မတီဝင်များသုံးနိုင်ရန် လမ်းညွှန်စာအုပ်တစ်အုပ်ကိုပြုစုပြီး နိုင်ငံတစ်ဝန်းလုံး သိနိုင်ရန် ဆောင်ရွက်ပါမည်။ ထိုစာစောင်နှင့် စာအုပ်များကို လိုအပ်သလို ပြန်လည်သုံးသပ်မွမ်းမံပြုပြင်မှုများကို အခါအားလျော်စွာ ဆောင်ရွက်ပါမည်။

၂၄၅။ ထို့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် အခြားမူကြိုကျောင်းများတွင် ကလေးများအတွက် လုပ်ဆောင်မှုများနှင့် လိုအပ်ချက်များကို လေ့လာမှုများပြုလုပ်ပါမည်။ မူကြိုအရွယ်ကလေးများကို အလေးထားလေ့လာပြီး ၎င်းတို့အတွက် ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်လှုပ်ရှားခံစားမှုနှင့် ဆက်ဆံရေးပိုင်းဆိုင်ရာ တိုးတက်မှုများကိုပါ ပါဝင်အောင်လေ့လာပါမည်။ လေ့လာတွေ့ရှိချက်များပေါ်မူတည်ပြီး မူကြိုပညာရေးကျောင်းများ တိုးတက်ရေးလုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဦးဆောင်နေသူများနှင့် အခြားသောမူကြိုကျောင်းအုပ်ချုပ်သူများက ဖော်ထုတ်ပါမည်။ ထိုအစီအစဉ်တွင် လက်ခံကျင့်သုံးနေပြီဖြစ်သော မူကြိုပညာရေးဆိုင်ရာနည်းလမ်းများနှင့် ကလေးဗဟိုပြုသင်ကြားနည်းများကို အလေးထားထည့်သွင်းစီစဉ်ပါမည်။

### ၅.၄.၇။ မူကြိုကျောင်းအရည်အသွေး 'စံ'များ၊ လုပ်ထုံးလုပ်နည်းများနှင့် မှတ်ပုံတင်ခြင်း

၂၄၆။ နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အသင်းများက သတ်မှတ်ပေးထားသော မူကြိုကျောင်းများတွင်ရှိသင့်သည့် 'စံ'များ၊ လုပ်နည်းလုပ်ဟန်များနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပါမည်။ ထိုသုံးသပ်ချက်များကိုအခြေခံပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူကြိုကျောင်းများအတွက် 'စံ'များ သတ်မှတ်ဖော်ထုတ်ပါမည်။ အစဉ်တိုးတက်ပြောင်းလဲနေသောစနစ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မူကြိုကျောင်း

များ၏ 'စံ'များ၊ လုပ်နည်းလုပ်ဟန်များနှင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များကို အနည်းဆုံး အားဖြင့် ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။

၂၄၇။ မူကြိုကျောင်းများအားလုံး သို့မဟုတ် မူကြိုပညာရေးစနစ်များကို လူမှုဝန်ထမ်းဦးစီးဌာန တွင် တရားဝင်မှတ်ပုံတင်ရပါမည်။ ပညာရေးဝန်ကြီးဌာနက စီမံသော၊ သို့မဟုတ် ပညာရေးဝန်ကြီး ဌာနနှင့် တွဲဖက်ထားသော ECCD ဝန်ဆောင်မှုများကို ပညာရေးဝန်ကြီးဌာနက ကြီးကြပ်ခြင်းပြု ပါမည်။ အခြား ECCD ဝန်ဆောင်မှုများကို လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ပါမည်။ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၏ မူကြိုအရွယ်ကလေးများအတွက် ဘာသာတရားဆိုင်ရာ အသိပညာပေးရေးဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းကို လွတ်လပ်စွာလုပ်ကိုင်နိုင်ခွင့်အတွက် အပြည့်အဝတန်ဖိုးထား အသိအမှတ်ပြုပါမည်။

၂၄၈။ အဆိုပါမူကြိုကျောင်းများနှင့် ပုဂ္ဂလိကမူကြိုကျောင်းများအပါအဝင် မူကြိုကျောင်းစနစ်များ အားလုံးသည် ကနဦးမှတ်ပုံတင်ခြင်းနှင့် ဆက်လက်၍ အသိအမှတ်ပြုခြင်းရရှိစေရေးအတွက် အမျိုးသားအဆင့် အရည်အသွေးစံများ ပြည့်မီစေရန် ဆောင်ရွက်ပါမည်။ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့် အစီရင်ခံတင်ပြရမည့် အချိန်ကာလတို့ကို လိုက်နာဆောင်ရွက်ပါမည်။ မူကြိုကျောင်းအားလုံး အရည်အသွေးစံများပြည့်မီရန်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာနိုင်စေရန် လူမှုဝန်ထမ်းဦးစီးဌာနက လာရောက်၍ ကြီးကြပ်ခြင်း၊ လုပ်ငန်းခွင်သင်တန်းများပေးခြင်း၊ နှိုးဆော် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သုံးလတစ်ကြိမ် ဆောင်ရွက်ပါမည်။မူကြိုကလေးများအတွက် ကျန်းမာရေးနှင့်အစားအစာကျွေးမွေးမှုဆိုင်ရာဝန်ဆောင်မှုများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်များကို ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးခြင်း၊ ပံ့ပိုးကူညီခြင်း ပြုလုပ်ပါမည်။

၂၄၉။ တရားဝင်မှတ်ပုံတင်ထားသော ဘာသာရေးအခြေပြုအဖွဲ့အစည်းများက ဖွင့်လှစ်ထားသော ECCD ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ECCD ဆရာများအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းတွင် တာဝန်ရှိပါသည်။ လူမှုဝန်ထမ်း ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အခြားဌာနများနှင့်ပူးပေါင်းပြီး ဆရာများအတွက် သင်တန်းပေးမှု ကိုလည်း ECCD မူဝါဒနှင့်အညီ ပြုလုပ်ပါမည်။ ကလေးတိုင်း အရည်အသွေးမြင့်မားသော ပညာရေးဝန်ဆောင်မှု အသေအချာရစေရန် လူမှုဝန်ထမ်းဦးစီးဌာနတို့က ချမှတ်ထားသော အသိ အမှတ်ပြုလက်မှတ်ရရန် လိုအပ်ချက်များ၊ ဝန်ဆောင်မှုများ၊ စံများ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်း ညီညွတ်အောင် သင်တန်းများကို ဆောင်ရွက်ပါမည်။

### ၅.၄.၈။ မူကြိုပညာရေးသင်ရိုးညွှန်းတမ်း၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းများ၊ သင်နည်းများနှင့် ပြန်ကြားဆက်သွယ်ပညာပေးအထောက်အကူများ

၂၅၀။ လက်ရှိ ရှိနေသော မူကြိုပညာရေးသင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုအထောက်အကူပြု ပစ္စည်းများ၊ သင်နည်းများနှင့် ပြန်ကြားဆက်သွယ်ပညာပေးအထောက်အကူပစ္စည်းများကို




ပုံပြင်ဖတ်ချိန်

ပြန်လည်လေ့လာသုံးသပ်ပါမည်။ ပြုပြင်မွမ်းမံရန် လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ပါမည်။ လိုအပ်နေသော အထောက်အကူပစ္စည်း အသစ်များပြုစုဖော်ထုတ်ပြီး ၎င်းတို့ကို သက်ဆိုင်ရာဒေသရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ သင်ကြားသင်ယူမှု လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ တိုင်းရင်းသားများ၏ယဉ်ကျေးမှုနှင့် ဘာသာစကား လိုအပ်ချက်များ ကိုက်ညီမှုရှိစေရန် တိုင်းရင်းသားဘာသာစကားများသို့ ပြန်ဆိုပါမည်။ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် မူကြိုကျောင်းဆရာ၊ ဆရာမသင်တန်းများတွင်လည်း အသုံးပြုရန် မဟာဗျူဟာအမှတ်စဉ် (၇)တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုပညာပေးအထောက်အကူပစ္စည်းများကို ပြန်လည်သုံးသပ်ခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဝေခြင်းများ ပြုလုပ်သွားပါမည်။

## ၅.၄.၉။ မူကြိုကျောင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစားအစာ ကျွေးမွေးသောစနစ်

၂၅၁။ မူကြိုကျောင်းတိုင်းနှင့် မူကြိုအတန်းတိုင်းတွင် ကျန်းမာရေးစောင့်ရှောက်ခြင်းအစီအစဉ်ရှိပါမည်။ ယင်းအစီအစဉ်အရ မူကြိုကလေးများနှင့် မူကြိုဆရာမများအတွက် အရည်အသွေးရှိသော ကျန်းမာရေးစောင့်ရှောက်မှုများအချိန်မီရရှိစေရန် ဆောင်ရွက်သွားပါမည်။ လိုအပ်သော ကာကွယ်ဆေးများကျွေးခြင်းနှင့် ထိုးခြင်း၊ အဏုအာဟာရများ တိုက်ကျွေးခြင်းနှင့် အခြားသော ကြိုတင်ကာကွယ်ရေးနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန် မူကြိုကျောင်းများနှင့် သက်ဆိုင်ရာကျန်းမာရေးဌာနများ ဆက်သွယ်ဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် အားဖြည့် ဆောင်ရွက်ပါမည်။ အခြေခံကျန်းမာရေးဝန်ထမ်းများက မူကြိုကျောင်းများသို့ ပုံမှန်လာရောက် စစ်ဆေးပါမည်။ ထို့ပြင် အထူးကျန်းမာရေးစောင့်ရှောက်မှုအတွက် သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင် ကုသနိုင်ရန် မူကြိုကျောင်းများက ရည်ညွှန်းလွှဲပြောင်းပေးသော မူကြိုကလေးများကို စောင့်ရှောက်မှု

ပေးသွားမည်ဖြစ်ပါသည်။ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းကို ၂၀၂၁ ခုနှစ်တွင် အရှင်မွေးကလေး ၁,၀၀၀ လျှင် အသေမွေး ၃၉ ဦးသို့ လျှော့ချရန်နှင့် ၂၀၃၁ ခုနှစ်တွင် (၂၉)ဦးထိ လျှော့ချနိုင်ရန် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား၍ ဆောင်ရွက်ပါမည် (MoH–၂၀၁၀ အေ)။

၂၅၂။ မူကြိုကျောင်းများတွင် အစားအစာကျွေးမွေးမှုအစီအစဉ်ကိုဆင်းရဲနွမ်းပါးပြီး အစားရေစာရှားပါးသည့်ဒေသများတွင် ဦးစားပေးဆောင်ရွက်သွားပါမည်။ ကလေးများအာဟာရချို့တဲ့မှုလုံးဝမရှိစေရန် မူကြိုကျောင်းများက ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါမည်။ ရပ်ရွာအတွင်းရှိ အာဟာရချို့တဲ့သော မူကြိုအရွယ်ကလေးများကို ဖော်ထုတ်ပြီး ထိုကလေးများကို မူကြိုကျောင်းများတွင် အမြန်တက်ရောက်ရေးကို တိုက်တွန်းသွားပါမည်။ သို့မှသာ ထိုကလေးများ လိုအပ်နေသော လှုံ့ဆော်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အစားအစာများနှင့် အဏုအာဟာရများရရှိပြီး ကျန်းမာဖွံ့ဖြိုးလာကြမည်ဖြစ်ပါသည်။

## ၅.၄.၁၀။ မူကြိုကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး

၂၅၃။ ဝမ်းပျက်ဝမ်းလျှောနှင့် အခြားသောဖျားနာမှုများ လျော့ကျစေရန် မူကြိုကျောင်းအားလုံးသို့ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ လမ်းညွှန်မှုများပါဝင်သော ညွှန်ကြားချက်တစ်စုံစီကို ဖြန့်ဝေထားပါမည်။ မူကြိုကျောင်းစီမံခန့်ခွဲမှုကော်မတီများ၊ ကျောင်းအုပ်များ သို့မဟုတ် ဦးဆောင်သူများအတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့နှင့် ဆက်နွယ်နေသော သင်တန်းများကို စီစဉ်ပေးပါမည်။ မူကြိုကျောင်းအားလုံးမှ ဖော်ပြပါပုဂ္ဂိုလ်များသည် သင်တန်းတက်ရောက်ပြီး ထိုလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ သတ်မှတ်ထားသော အရည်အသွေးစံများနှင့်ညီညွတ်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် လက်တွဲဆောင်ရွက်ရမည်ဖြစ်ပါသည်။ ညွှန်ကြားချက်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာသတ်မှတ်ချက်များကို လိုက်နာအောင် ကြီးကြပ်သည့် ညွှန်ကြားချက်များပါဝင်ပါသည်။

## ၅.၄.၁၁။ ကလေးဗဟိုပြုသင်ယူမှုအတွက် 'ကလေးပျော်'ကျောင်းစာသင်ခန်း ပရိဘောဂများ

၂၅၄။ ကလေးတစ်ဦးချင်း၊ အုပ်စုငယ်နှင့် တစ်တန်းလုံးလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများကို အဆင်ပြေစွာ လုပ်ဆောင်နိုင်ရန်မူကြိုကျောင်းများတွင် အလွယ်တကူရွှေ့ပြောင်းနိုင်သော ပရိဘောဂများကို သုံးပါမည်။ ခုံများ၊ စားပွဲများကို အတန်းလိုက်တန်းစီထားခြင်းအစား မူကြိုကျောင်းများတွင် ကလေးအရွယ်နှင့်ကိုက်ညီသော ထိုင်ခုံများ၊ ကလေးများအုပ်စုငယ်ဖွဲ့လုပ်နိုင်ရန် စားပွဲငယ်များနှင့် ကလေးတို့ အလွယ်တကူလှမ်းယူနိုင်သောစာအုပ်စင်များ စသည်တို့ကို ထားပေးရပါမည်။



Photo by Aye Aye Yee

*မူကြိုကျောင်းတိုင်းတွင် အန္တရာယ်ကင်းပြီး ဒီဇိုင်းပုံစံကောင်းမွန်သောကစားကွင်း ရှိရပါမည်*



ကလေးတို့အတွက် လိုအပ်သောပရိဘောဂများကို ဒေသရှိလက်သမားများက ပြုလုပ်ပေးနိုင်ရန် ကလေးများနှင့်သင့်လျော်သော ပရိဘောဂများဆိုင်ရာ လက်စွဲစာအုပ်ကို လိုအပ်သော ညွှန်ကြားချက်နှင့်အတူ ထုတ်လုပ်ပြီး မူကြိုကျောင်းတိုင်းအား ဖြန့်ဝေပေးထားပါမည်။ လိုအပ်၍ အကူအညီတောင်းခံလာပါက ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သို့မဟုတ် အခြားဘာသာရေးအခြေပြုအဖွဲ့အစည်းများက ပံ့ပိုးကူညီပေးပါမည်။ ရပ်ရွာဒေသအတွင်းရှိ လက်သမားဆရာများကို သတ်မှတ်ထားသောဒီဇိုင်းပုံစံအတိုင်း ကလေးကစားစရာအရုပ်များ ပြုလုပ်ပေးရန်လည်း တိုက်တွန်းပါမည်။

## ၅.၄.၁၂။ မူကြိုကျောင်းကစားကွင်း

၂၅၅။ မူကြိုကျောင်းတိုင်းတွင် အန္တရာယ်ကင်းပြီး ဒီဇိုင်းပုံစံကောင်းမွန်သော ကစားကွင်းရှိပါမည်။ မူကြိုကျောင်း ကစားကွင်းဆောက်လုပ်ခြင်းဆိုင်ရာ လက်စွဲစာစောင်ကိုပြုစုပြီး မူကြိုကျောင်းတိုင်းသို့ ဖြန့်ဝေပေးထားပါမည်။ မူကြိုကျောင်းတွင် ကစားကွင်းများ ဆောက်လုပ်ရေးအတွက် မူကြိုကျောင်းကော်မတီများက အားပေးကူညီကြရပါမည်။

## ၅.၄.၁၃။ မူကြိုကျောင်းစာကြည့်တိုက်များ

၂၅၆။ မူကြိုကျောင်းတိုင်းတွင် ကလေးများ၊ ဆရာမများနှင့် မိဘများသုံးနိုင်သော စာကြည့်တိုက်တစ်ခုစီထားရှိပါမည်။ ထိုစာကြည့်တိုက်မျိုးမရှိသေးသော မူကြိုကျောင်းများသို့ ထားသင့် ထားထိုက်သော စာအုပ်ငယ်များစာရင်းပါသည့် လက်စွဲစာအုပ်ကို ဖြန့်ဖြူးပေးထားပါမည်။ ကလေးနှင့် မိဘများအတွက် မရှိမဖြစ်ထားရှိရမည့် စာအုပ်များကို သက်ဆိုင်ရာဒေသရှိ ကလေးတို့ပြောဆိုသည့် မိခင်ဘာသာစကားဖြင့်ပြုစုပြီး ဖြန့်ဝေပေးပါမည်။ အသုံးပြုသူအားလုံးအတွက် စာကြည့်တိုက်

အသုံးပြုရေးနှင့် ပတ်သက်သည့်လမ်းညွှန်ကိုလည်းကောင်း၊ ကလေးငယ်များကို စာဖတ်ပြခြင်းနှင့် ကလေးများနှင့် အတူတူစာဖတ်ခြင်းတို့အတွက် အကြံဉာဏ်များကိုလည်းကောင်း ပေးဝေထားပါမည်။

### ၅.၄.၁၄။ ယဉ်ကျေးမှုနှင့်ဘာသာစကားအရ မူကြိုအစရှယ်နှင့်ဆီလျော်သောပညာရေး

၂၅၇။ မူကြိုကျောင်းနှင့်ပတ်သက်သောဝန်ဆောင်မှုအားလုံးသည် ဒေသဆိုင်ရာလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာမှုရှိပြီး ကလေးနှင့်မိဘများ ပြောဆိုနားလည်သော မိခင်ဘာသာစကားကို အသုံးပြုသွားမည်ဖြစ်ပါသည်။ ပညာရေးအထောက်အကူပြုပစ္စည်းများကိုလည်း သက်ဆိုင်ရာ ဒေသသုံးဘာသာစကားဖြင့် ပြင်ဆင်ပေးပါမည်။ ထို့ကြောင့် အချို့သော မူကြိုကျောင်းများတွင် ဘာသာစကား နှစ်မျိုး သို့မဟုတ် ဘာသာစကားများစွာသုံးရန် လိုကောင်း လိုလာနိုင်ပါသည်။

### ၅.၄.၁၅။ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်မှုအစီအစဉ်နှင့် လုပ်ငန်းများ

၂၅၈။ မူလတန်းကျောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကဲ့သို့ပင် ကိုယ်ထူကိုယ်ထ မူကြိုကျောင်းများနှင့် မူလတန်းကျောင်းများတွင် တွဲဖက်ဖွင့်ထားသောမူကြိုတန်းများ၊ ECCD ဌာနများ၊ ECCD အစီအစဉ်များအားလုံးကို ဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်မှု အစီအစဉ်တွင်ပါဝင်ရန် စီစဉ်ထားပါမည်။ အထူးသဖြင့် ဘေးအန္တရာယ်ကျရောက်သောအခါ ငယ်ရွယ်သောကလေးများ၊ မိဘများ၊ ဆရာမများ၊ ကျောင်းအုပ်များ၊ ECCD လုပ်ငန်းတွင် ကူညီပေးနေသူများ၏ လိုအပ်ချက်များကို အထူးအလေးပေးစီစဉ်ထားပါမည် (MoSWRR ၂၀၀၉အေ–၂၀၁၀အေ)။ မူကြိုကျောင်းများဆိုင်ရာ ဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ပါမည်။ မူကြိုဆရာမများကို ဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ သင်တန်းများစီစဉ်ပေးပါမည်။ ထိုဆရာမများက ကလေးများနှင့် မိဘများကို သက်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ကြိုတင်လေ့ကျင့်ခြင်းများကို ပုံမှန်ဆောင်ရွက်ပေးပါမည်။

### ၅.၄.၁၆။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ဆရာဖြစ်သင်တန်း

၂၅၉။ လုပ်ငန်းကျွမ်းကျင်သောမူကြိုကျောင်းအုပ်များ၊ ကြီးကြပ်ရေးမှူးများ၊ ဆရာမများနှင့် အကူဆရာမများ အရေအတွက်လုံလောက်စွာရရှိရန်၊အရည်အသွေးမြင့်သော လုပ်ငန်းခွင်အကြို သင်တန်းများဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းခွင်သင်တန်းများ မကြာခဏဖွင့်လှစ်ပေးခြင်းတို့ လိုအပ်ပါသည်။ ယင်းသင်တန်းများအတွက် အစီအစဉ်ကို မဟာဗျူဟာအမှတ်စဉ်(၇)တွင် ဖော်ပြထားပါသည်။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများကို မူကြိုကျောင်းအုပ်များ၊ မူကြိုဆရာမများ၊ ဆရာအကူများ၊ ရပ်ရွာအခြေပြုမူကြိုကျောင်းကော်မတီဝင်များအတွက်စီစဉ်ပေးပါမည်။

## ၅.၄.၁၇။ မူကြိုကျောင်းများကြီးကြပ်ခြင်း၊ လုပ်ငန်းခွင်သင်တန်း၊ လုပ်ငန်းကြီးကြပ်သုံးသပ်အကဲဖြတ်ခြင်း

၂၆၀။ ရပ်ရွာရှိ မူကြိုကျောင်းများနှင့် မူလတန်းကျောင်းများတွင် ဖွင့်လှစ်ထားသော မူကြိုတန်းများ၊ ပုဂ္ဂလိက မူကြိုကျောင်းများ၏ အရည်အသွေးမြင့်မားရေး၊ ရေရှည်တည်တံ့ရေးနှင့် သာတူညီမျှဖြစ်ရေးအတွက် ကြီးကြပ်မှုလုပ်ငန်း၊ လုပ်ငန်းခွင်သင်တန်း၊ မူကြိုကျောင်းများ ကြီးကြပ်သုံးသပ်အကဲဖြတ်ခြင်းနှင့် ကွန်ရက်ဖွဲ့စည်းထူထောင်ခြင်းစသည်တို့တွင် မူကြိုကျောင်းကြီးကြပ်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို တရားဝင်ဖော်ထုတ် သတ်မှတ်ထားပါမည်။ လုပ်ငန်းကြီးကြပ်သူများအနေဖြင့် ကောင်းစွာကြီးကြပ်နိုင်ရန် လက်စွဲစာစောင်များ၊ စာရင်းဇယားပုံစံများ၊ လုပ်ကိုင်ဆောင်ရွက်မှု အထောက်အကူများ (Instrument) ကိုလည်း ပြုစုပေးထားပါမည်။ မူကြိုကျောင်းကြီးကြပ်သူများကို သက်ဆိုင်ရာမူကြိုပညာရေးဦးဆောင်သူများက လေ့ကျင့်သင်တန်းများပေးပါမည်။ မူကြိုကျောင်းကြီးကြပ်ရေးမှူးများ နီးစပ်ရာနယ်မြေအုပ်စုအလိုက် ညှိနှိုင်းပြင်ဆင်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ဒေသဆိုင်ရာစီမံခန့်ခွဲမှုစနစ်ကို မြှင့်တင်အားပေးပါမည်။

၂၆၁။ မူကြိုပညာရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးပြည့်ဝရေး၊ ရေရှည်တည်တံ့ရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ယူရေးတို့အတွက် ပြည့်စုံပြီး၊ အလွယ်တကူ အသုံးပြုနိုင်သော မူကြိုကျောင်းများ လုပ်ငန်းကြီးကြပ်အကဲဖြတ်သုံးသပ်သောပုံစံကို ရေးဆွဲပြီး အသုံးပြုရန် လိုအပ်ပါသည်။ ယင်းပုံစံမှာ လုပ်ငန်းကြီးကြပ်တည့်မတ်ပေးရသူများနှင့် ရပ်ရွာကော်မတီများအတွက် အထူးလိုအပ်ပါသည်။ ထို့ပြင် အချိန်နှင့်အမျှ မူကြိုလုပ်ငန်းများတိုးချဲ့ရေး၊ အရည်အသွေး တိုးတက်အောင်ဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်များရေးဆွဲနိုင်ရန် လိုအပ်သော ကုန်ကျစရိတ် လေ့လာမှုများကိုလည်း ပုံမှန်ပြုလုပ်ပါမည်။

## ၅.၄.၁၈။ မူကြိုပညာရေးအတွက် အထက်အောက်နှင့် အဆင့်တူအတွင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များမျှဝေခြင်းနှင့် ကွန်ရက်ထူထောင်ခြင်း

၂၆၂။ အထက်အောက်နှင့် အဆင့်တူအတွင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များမျှဝေခြင်းနှင့် ကွန်ရက်ထူထောင်ခြင်းများသည် မူကြိုကျောင်းတိုင်းအတွက် လွန်စွာအကျိုးကျေးဇူးဖြစ်စေသည်ကို သုတေသနများက ထောက်ပြထားပါသည်။ ဆန်းသစ်ထီထွင်မှုများ၊ ရရှိခဲ့သောသင်ခန်းစာများကိုမျှဝေခြင်းနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးခြင်းများသည် မူကြိုလုပ်ငန်းဆောင်ရွက်နေသူများ၏ စွမ်းရည်ထက်မြက်လာစေရန် များစွာအထောက်အကူဖြစ်ပါသည်။ ပြောင်းမြောက်သောစွမ်းဆောင်မှုများကို အသိအမှတ်ပြုခြင်းသည် စွမ်းဆောင်ရည် ပိုမိုမြင့်မားစေပြီး အဆင့်တိုင်းတွင် သင်ကြားသင်ယူမှုကိုတိုးတက်စေပါသည်။ လုပ်ငန်းညှိနှိုင်းရေးနှင့် ကွန်ရက်ဆက်သွယ်မှုအတွက် အသိပညာပေးမှုများ ပြုလုပ်ပါမည်။ ပုံမှန်ညှိနှိုင်းသောစနစ်ဖြစ်လာရေး၊

ဒေသအသီးသီးမှ မူကြိုဆရာများတွေ့ဆုံပြီး အတွေ့အကြုံဖလှယ်ရေးနှင့် အခြားသောကွန်ရက်ဆက်သွယ်ထူထောင်မှုလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နိုင်သောစနစ်တစ်ခု ထူထောင်ပါမည်။

## ဦးတည်ရည်ရွယ်ချက် (၅)

ကလေးများ အိမ်၊ မူကြိုကျောင်းမှနေပြီး လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းကျောင်းသို့ ထိထိရောက်ရောက် အဆင်ပြေပြေကူးပြောင်းနိုင်စေရေးအတွက် သူငယ်တန်းနှင့် မူလတန်းကျောင်းများ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုလုပ်ငန်းများတွင် မိဘများပါဝင် ဆောင်ရွက်နိုင်ရန်၊ ကလေးများ ကျောင်းတွင်သင်ယူမှုတိုးတက်ကောင်းမွန်ရန် (အသက်အလိုက် ရောက်ရှိသင့်သည့်အတန်းတွင် ကျောင်းတက်ရောက်ရေး၊ အတန်း ထပ်ကျော့မှုနှင့် စောစီးစွာကျောင်းထွက်မှုများ လျှော့ချရေး၊ မိခင်ဘာသာစကားအသုံးပြု၍ အခြေခံအရေး/အဖတ်ကျွမ်းကျင်လာစေရေး၊ မူလတန်းတက်ရောက်သူတိုင်း မူလတန်းအဆင့်ကို ပြီးမြောက်စေရေး)။

## မဟာဗျူဟာ (၅)
## *ငါးနှစ်မှ ရှစ်နှစ်အရွယ်ကလေးများအတွက် အကူးအပြောင်း၊ သူငယ်တန်းနှင့် မူလတန်းအောက်ဆင့် ပညာရေးလုပ်ငန်းများ*

အသက်လေးနှစ်မှ ငါးနှစ်အရွယ်ကလေးများအတွက် အိမ်၊ မူကြိုကျောင်းမှ လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းသို့ ချောမွေ့စွာကူးပြောင်းနိုင်ရေးအတွက် အားကောင်းသော အကူးအပြောင်းအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ခြင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မိဘများ တက်ကြွစွာ ပါဝင်ခြင်း၊ အခြေခံသဘောတရားများကို လေ့လာသင်ယူရာတွင် သက်ဆိုင်ရာလူမျိုးအလိုက် တောင်းဆိုချက်ပေါ်မူတည်၍ ဖြစ်နိုင်သမျှ မိခင်ဘာသာစကားအသုံးပြုခြင်း၊ ကလေးဗဟိုပြု သင်ယူချဉ်းကပ်နည်းများနှင့် ကလေးများသဘာဝနှင့်အညီ ၎င်းတို့ကိုယ်တိုင် တက်ကြွစွာ ပါဝင်သင်ယူသောနည်းများ၊ ကစားခြင်းဖြင့် သင်ယူနည်းများကို သုံးခြင်း၊ သင်ယူရန်နေရာများကို အသုံးပြုခြင်း။

### ၅.၅.၁။ လူတိုင်းအကျုံးဝင်သောသူငယ်တန်းနှင့် မူလတန်းကျောင်းများအတွက် ကလေးဗဟိုပြုသင်ကြားသင်ယူမှုလုပ်ငန်းများ

၂၆၃။ လေးနှစ်နှင့် ငါးနှစ်အရွယ်ကလေးများနှင့် ၎င်းတို့၏မိဘများအတွက် အိမ်နှင့် မူကြိုကျောင်းမှ သူငယ်တန်းနှင့် ပထမတန်းသို့ ချောမွေ့စွာကူးပြောင်းနိုင်ရေးအတွက် လိုအပ်သောဝန်ဆောင်မှုကို ပေးပါမည်။ မူကြိုကျောင်းများတွင် အဓိကအားဖြင့်သုံးခဲ့သည့် ကစားနည်းဖြင့်သင်ယူသောသင်ယူနည်းများကို သူငယ်တန်းမှ စတုတ္ထတန်းအထိ ဆက်လက်ကျင့်သုံးပါမည်။ အကြောင်းမှာ ကလေးများသည် ကျွမ်းကျင်မှုများတိုးတက်ရန် ၎င်းတို့ကိုယ်တိုင် ပါဝင်သင်ယူခြင်း၊ ၎င်းတို့စိတ်ဝင်စားသောအလုပ်ကို စူးစမ်းလေ့လာခြင်း၊ သင်ယူမှုပိုမိုအားကောင်းရန် ဖန်တီးပေးသော



Photo by Myo Thame

*ကလေးအားလုံးအကျုံးဝင်သောမူလတန်းပညာရေး*



လုပ်ငန်းများတွင် ထက်သန်စွာသင်ယူတတ်ခြင်းဖြင့် အကောင်းဆုံးသင်ယူနိုင်သောကြောင့် ဖြစ်ပါသည်။ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် ကလေးဗဟိုပြုသော သင်ကြားမှုသင်ယူမှုနည်းလမ်းများကို အသုံးပြုပါမည်။ သို့မှသာ တစ်ဦးချင်းဖြစ်စေ၊ အုပ်စုငယ်တွင်းမှာဖြစ်စေ၊ အားလုံးစုပေါင်း၍ဖြစ်စေ သင်ယူရသော သင်ယူမှုလုပ်ငန်းများသည် ကလေးများ၏ဖွံ့ဖြိုးမှု အဆင့်နှင့်ကိုက်ညီမည် ဖြစ်ပါသည်။ တက်ကြွစွာသင်ယူနည်းများကိုလည်း စဉ်ဆက်မပြတ် အသုံးပြုသွားမည်ဖြစ်ပါသည်။ သင်ယူရာနေရာများတွင် စာဖတ်ခြင်းအတွက် အကြိုပြင်ဆင်ခြင်း၊ စာရေးစာဖတ်ခြင်းလုပ်ငန်းများ၊ အခြေခံသင်္ချာသဘောတရားများ၊ သိပ္ပံဆိုင်ရာစူးစမ်းလေ့လာမှုနှင့် လက်တွေ့လုပ်ဆောင်ရမှုများ၊ စိတ်ကူးဖြင့်ကစားရသောလုပ်ငန်းများ၊ လက်မှုအနုပညာလုပ်ငန်းများ၊ လက်ထိုးရုပ်ဖြင့်ကစားခြင်း၊ တူရိယာတီးမှုတ်ကစားခြင်း၊ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခြင်း၊ အိမ်ပတ်ဝန်းကျင်နှင့် အလားတူသောနေရာများတွင် တီထွင်ကစားခြင်းစသည်တို့ ပြုလုပ်နိုင်ရန် စီစဉ်ထားပါမည်။ ကလေးများကို သံပြိုင်လိုက်ဆိုစေခြင်းနှင့် နှုတ်တိုက်အလွတ်ရအောင် စာကျက်စေမှုများဖြင့် သင်ကြားခြင်းကို တားမြစ်ပါမည်။

၂၆၄။ သူငယ်တန်းနှင့် မူလတန်းကျောင်းတိုင်းသည် လူတိုင်းအကျုံးဝင်နိုင်သောပညာရေးကို ဖော်ဆောင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုနှေးနေသောကလေးများ၊ HIV အပါအဝင် နာတာရှည်ရောဂါ ခံစားနေရသူများ၊ မသန်စွမ်းကလေးများ၊ ပုံမမှန်သောအပြုအမူရှိကလေးများကို ပုံမှန်အတန်းများတွင် ပါဝင်တက်ရောက်စေပါမည်။ တစ်ဦးချင်းစီအတွက် လိုအပ်ချက်နှင့်အညီ သင်ယူနိုင်ရန် အစီအစဉ်ကိုလည်း သက်ဆိုင်ရာမိဘများ၏ အပြည့်အဝပါဝင်မှုဖြင့် ဆောင်ရွက်ပေးပါမည်။ ထိုကလေးများအတွက် တစ်ဦးချင်းလိုအပ်ချက်နှင့် ကိုက်ညီသောညွှန်ကြားချက်များ၊ ပံ့ပိုးမှုများ၊ အခြားအတန်းသားများနှင့်အတူ လွတ်လပ်စွာကစားခွင့်များနှင့် ကြီးကြပ်လမ်းညွှန်မှုရှိသော ကစားနည်းများကို ကစားစေပါမည်။ မိဘများက ၎င်းတို့ကလေးများ၏ သင်ယူမှုတိုးတက်ရေး အတွက် အပြည့်အဝပါဝင်ဆောင်ရွက်လာနိုင်စေရန် မိဘဆရာတွေ့ဆုံဆွေးနွေးပွဲများကို ပုံမှန်

ပြုလုပ်ပါမည်။ ထူးခြားထက်မြက်သည့် ဉာဏ်ရည်ရှိသောကလေးများအပါအဝင်၊ ကလေးအမျိုးမျိုးနှင့် ထိရောက်စွာအလုပ်လုပ်နိုင်ရန်၊ ဆရာ၊ ဆရာမများနှင့်ကြီးကြပ်ရေးမှူးများကို သင်တန်းများပို့ချပေးပါမည်။ [မဟာဗျူဟာအမှတ်စဉ်(၇)ကို ကြည့်ပါ။] မသန်စွမ်းမှုများစွာ သို့မဟုတ် တစ်မျိုးထက်ပို၍ခံစားနေရသောကြောင့် လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် ပါဝင်ခွင့်မရကြသော ကလေးများအတွက် အခြားအထူးပြုကျောင်း သို့မဟုတ် ဌာနတွင် ၎င်းတို့၏ ဖွံ့ဖြိုးမှုသဘာဝနှင့်ကိုက်ညီသော သင်ယူမှုအခွင့်အလမ်းများရရှိစေရန် ဖန်တီးပေးပါမည်။ ထိုသို့ ဖန်တီးပေးရာတွင် ၎င်းတို့၌ရှိသော အစွမ်းအစများဖွံ့ဖြိုးလာပြီး ကောင်းမွန်၍ အရည်အသွေးရှိသောဘဝကို ရရှိလာစေရန် အလေးထားဆောင်ရွက်ပါမည်။

၂၆၅။ အစိုးရကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘာသာရေးအခြေပြုကျောင်းနှင့် ပုဂ္ဂလိကမှ ဖွင့်ထားသောကျောင်းများအပါအဝင် သူငယ်တန်းနှင့် မူလတန်းကျောင်းအားလုံးတွင် ကလေးဗဟိုပြုသင်ကြားခြင်းနှင့် လူတိုင်းအကျုံးဝင်မှုရှိစေရန် ဆောင်ရွက်ထားခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ပါမည်။ ဘက်ပေါင်းစုံလွှမ်းခြုံသော ပညာရေးကဏ္ဍပေါင်းစုံ လေ့လာသုံးသပ်မှုမှ ရလာသောရလဒ်များကို အခြေပြုလျက် "*သူငယ်တန်းနှင့် မူလတန်းကျောင်းများ တိုးမြှင့်ရေးနှင့် သင်တန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်*" တစ်ရပ်ကို ဖော်ဆောင်ပြီး တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ပြုလုပ်ပါမည်။ ပုံမှန်လုပ်ငန်းများ ကြီးကြပ်တည့်မတ်ရာတွင်လည်း ကျောင်းများတွင် ကလေးဗဟိုပြုနည်းလမ်းကျင့်သုံးမှုနှင့် ကလေးအားလုံးအကျုံးဝင်မှုရရှိရေးတို့ကို အလေးထားကြည့်ရှုလေ့လာပါမည်။

### ၅.၅.၂။ မြန်မာနိုင်ငံ၏ အိမ်နှင့်မူကြိုကျောင်းမှ မူလတန်းသို့ အကူးအပြောင်း ပံ့ပိုးသော လက်ရှိလုပ်ငန်းများကို လေ့လာခြင်း

၂၆၆။ မြန်မာနိုင်ငံတွင် အကူးအပြောင်းလုပ်ငန်းနှင့်ပတ်သက်ပြီး လေ့လာမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပါသည် (သိန်းလွင်–၂၀၁၁)။ မြန်မာနိုင်ငံတွင် အကူးအပြောင်းလုပ်ငန်းများရှိနေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အိမ် သို့မဟုတ် မူကြိုကျောင်းမှ သူငယ်တန်းနှင့် မူလတန်းကျောင်းသို့ အကူးအပြောင်းအစီအစဉ် ဆောင်ရွက်ထားမှုမရှိသေးပါ။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကူးအပြောင်းအစီအစဉ်ကို သတ်မှတ်ပြီး အကောင်အထည်ဖော်လာသည်နှင့်အမျှ အကောင်အထည်ဖော်ဆောင်မှုအခြေအနေများ၊ စိန်ခေါ်မှုများနှင့် ပြုပြင်ပြောင်းလဲရမည့်ကဏ္ဍများ၊ ထပ်မံတိုးချဲ့လုပ်ဆောင်ရမည့်ကဏ္ဍများဖော်ထုတ်ရန် ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်ပါမည်။

### ၅.၅.၃။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်မည့် အိမ်နှင့် မူကြိုကျောင်းမှ သူငယ်တန်းနှင့် မူလတန်းကျောင်းသို့အကူးအပြောင်းအစီအစဉ်

၂၆၇။ အကူးအပြောင်းဆိုင်ရာလုပ်ငန်းများ လေ့လာမှုရလဒ်နှင့် အခြားနိုင်ငံများတွင် ပြုလုပ်သော ဆီလျော်သည့် အခြားလုပ်ငန်းအစီအစဉ်များအပေါ်မူတည်၍ ကလေးများကို အိမ်နှင့် မူကြိုကျောင်းမှ




*တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် အကူးအပြောင်းအစီအစဉ်*

သူငယ်တန်းနှင့် မူလတန်းကျောင်းများသို့ ချောမွေ့စွာကူးပြောင်းနိုင်မည့်အစီအစဉ်တစ်ရပ်ကို တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ပါမည်။ ထိုသို့စီစဉ်ရာတွင် မိဘအသိပညာ ပေးခြင်းနှင့် ပူးပေါင်းပါဝင်မှုကို အထူးအလေးထားဆောင်ရွက်သွားပါမည်။ မူလတန်းကျောင်းအုပ်များနှင့် သူငယ်တန်းနှင့် မူလတန်း ဆရာ၊ ဆရာမများက ကျောင်းများသို့ရောက်လာမည့် ငါးနှစ်အရွယ်ကလေးများကို နွေးထွေးစွာလက်ခံရန်နှင့် တက်ကြွပြီး ကလေးဗဟိုပြုသင်ယူမှုနည်းလမ်းများ အသုံးပြုရန် ပြင်ဆင်ပေးပါမည်။ "*တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် အကူးအပြောင်း အစီအစဉ်*"တွင် ကလေးသူငယ်များ၊ မိဘများ၊ ဆရာများနှင့် ကျောင်းအုပ်များအတွက် လုပ်ငန်း အစီအစဉ်များလည်း ပါဝင်ပါသည်။ ကလေးများ၊ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းများသို့ ကူးပြောင်းပညာသင်ယူရာတွင် အစကောင်းနိုင်စေရန် လေးနှစ်မှ ရှစ်နှစ် အရွယ် ကလေးများအတွက် အဓိကထား လုပ်ဆောင်ပေးမည် ဖြစ်ပါသည်။

## ၅.၅.၄။ အကူးအပြောင်းဖြစ်စဉ်တွင်ပါဝင်သော အကြောင်းအရာများ၊ သင်ခန်းစာ များနှင့် လုပ်ငန်းများ

၂၆၈။ "*တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်မည့် အကူးအပြောင်းအစီအစဉ်*"တွင် သီးခြား သင်ခန်းစာများနှင့် စံများပါရှိရေးအတွက် ပြင်ဆင်ထားရန်လိုပါသည်။ နေရာ၊ အချိန်ကာလနှင့် အားစိုက်လုပ်ဆောင်ရမည့် အကူးအပြောင်းဆိုင်ရာလုပ်ငန်းများကို ပြုစုသတ်မှတ်ပေးမည် ဖြစ်ပါသည်။ ယင်းအစီအစဉ်တွင် ကလေးများ ကျောင်းသို့ချောမွေ့စွာကူးပြောင်းနိုင်ရေးအတွက် မိဘနှင့်ဆရာများကို ဆွေးနွေးရာတွင် အသုံးပြုမည့်အချက်များနှင့် နည်းလမ်းများပါဝင်ပါမည်။ သို့မှသာ မိဘနှင့်ဆရာများအနေဖြင့် တက်ကြွစွာပူးပေါင်းပါဝင်ရန်အဆင်သင့်ဖြစ်မည်ဖြစ်ပါသည်။ ကလေးများ ကိုယ်တိုင်တက်ကြွစွာပါဝင်ပြီး သင်ယူရန်အဆင်သင့်ဖြစ်စေမည့် သင်ကြားသင်ယူမှု

အစီအစဉ်များ အထူးသဖြင့် ဘာသာစကားဖွံ့ဖြိုးတိုးတက်ရေး၊ သင်္ချာ၊ သိပ္ပံ၊ ပတ်ဝန်းကျင်လေ့လာမှု၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အပြုသဘောဆောင်သော ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများစသည်တို့ ပါဝင်ပါသည်။

၂၆၉။ ဘုန်းတော်ကြီးသင် မူကြိုများတွင်လည်း ကလေးများ သူငယ်တန်းနှင့် မူလတန်းကျောင်းသို့ အကူးအပြောင်းချောမွေ့စေရန် အလေးထားဆောင်ရွက်ပါမည်။ ထို့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများက ဦးဆောင်ဦးရွက်ပြုသူများ ဖော်ထုတ်ထားသော လုပ်ငန်းအစီအစဉ်များကို အခြေခံကာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ သူငယ်တန်းများကို ဖွင့်လှစ်ပြီး အရည်အသွေးမြင့်မား၍ ကလေးဗဟိုပြုသင်ကြားရေးနှင့် သင်ယူနည်းများကို အလေးထားသော သင်ကြားမှုအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ပါမည်။ ကလေးများ၏ အာဟာရပြည့်ဝရေးနှင့် ကျန်းမာရေးအခြေအနေတို့ကိုလည်း အလေးဂရုပြုမည့်အပြင် အာဟာရပြည့်ဝရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း ဖြည့်ဆည်းပေးပါမည်။

### ၅.၅.၅။ မူလတန်းအဆင့် သင်ယူရေးဦးတည်ချက်များ

၂၇၀။ ဒုတိယတန်း သို့မဟုတ် တတိယတန်းအပြီးတွင် အဓိကကျသောစာတတ်မြောက်မှုနှင့် အတွက်အချက်ဆိုင်ရာစွမ်းရည်များကို စစ်ဆေးပါမည်။ စစ်ဆေးရာတွင်သုံးရန် လွယ်ကူသော စစ်ဆေးနည်းများ ဥပမာ ယဉ်ကျေးမှုနှင့်ကိုက်ညီအောင် ပြုစုထားသော *"မူလတန်းဝင်စအတန်းများ စာဖတ်စွမ်းရည် စစ်ဆေးမှုပုံစံ"* (EGRA) ကိုသုံးပြီး စာတတ်မြောက်မှုကို စစ်ဆေးပါမည်။ အလားတူပင် အတွက်အချက်စွမ်းရည်စစ်ဆေးမှုများနှင့် အတန်းထဲတွင် ကလေးများ၏ မိမိကိုယ်ကို မိမိ စောင့်ထိန်းနိုင်မှုစွမ်းရည်များအတွက် သင့်လျော်သောစစ်ဆေးမှု ပြုလုပ်ပါမည်။

### ၅.၅.၆။ သူငယ်တန်းနှင့် မူလတန်းဆင့်ပညာရေးအတွက် ကလေးဗဟိုပြုမှုနှင့် တက်ကြွစွာသင်ယူမှုအတွက် သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု ပစ္စည်းများ၊ သင်နည်းများနှင့် သင်တန်းသုံးလက်စွဲ

၂၇၁။ ကလေးဗဟိုပြုချဉ်းကပ်နည်းအသုံးပြုနေသော လက်ရှိသူငယ်တန်းနှင့် မူလတန်းကျောင်းများကို ပြန်လည်လေ့လာသုံးသပ်ပါမည်။ ထိုကျောင်းများ၏ အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ပြုပြင်ရန်လိုသော နယ်ပယ်များကို ဖော်ထုတ်ပြီး အနာဂတ်အတွက် အစီအစဉ်တစ်ရပ် ဖော်ထုတ်ပါမည်။ ယင်းလေ့လာတွေ့ရှိချက်များပေါ်မူတည်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးဗဟိုပြုချဉ်းကပ်နည်းကို အလျင်အမြန်တိုးချဲ့ရေးကို ဆက်လက်ဆောင်ရွက်ပါမည်။

၂၇၂။ မြန်မာနိုင်ငံရှိ သူငယ်တန်းနှင့် မူလတန်းကျောင်းတိုင်းတွင် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းများနှင့် တက်ကြွစွာပါဝင်သင်ယူနည်းများကို သေချာစွာအသုံးပြုစေရန်၊ သူငယ်တန်းနှင့် မူလတန်းသင်ရိုးညွှန်းတမ်းအသစ်နှင့် 'စံ'များ၊ ပညာရေး အထောက်အကူပြုပစ္စည်းများ၊ စာအုပ်များ၊ သင်နည်းများနှင့် သင်ယူရန်နေရာများ ရှိလာစေရန်တို့ကို အလေးထားဆောင်ရွက်ပါမည်။

လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများတွင်သုံးရန် သင်တန်းသုံးလက်စွဲစာစောင်လည်း ပြုစုထုတ်ဝေပါမည်။ ထိုသင်ထောက်ကူပစ္စည်းများကို ပြုလုပ်ခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ လိုအပ်သလို ပြုပြင်မွမ်းမံခြင်းနှင့် ထုတ်လုပ်ဖြန့်ဝေခြင်းများ ပြုလုပ်ပါမည်။ သင်ရိုးညွှန်းတမ်း အသစ်၊ သင်တန်းလက်စွဲစာစောင်နှင့် သင်ထောက်ကူပစ္စည်းများကို ပညာရေးကောလိပ်များ၌ ဆရာများ လေ့လာရာတွင်လည်းကောင်း၊ မူလတန်းကျောင်းအုပ်များနှင့် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းတို့တွင် သင်ကြားသည့် ဆရာ၊ ဆရာမများကို လေ့ကျင့်ရာတွင် လည်းကောင်း အသုံးပြုပါမည်။ သင်ရိုးအသစ်နှင့်ဆက်စပ်နေသော သင်ထောက်ကူများသုံးပြီး မူလတန်းကျောင်းအားလုံးမှ သူငယ်တန်းနှင့် မူလတန်း ဆရာ၊ ဆရာမများကို သင်တန်းပေးခြင်း၊ သို့မဟုတ် မွမ်းမံသင်တန်းပေးခြင်းများ ပြုလုပ်ပါမည်။ ဤပညာရေးဆန်းသစ်မှုများကို အထောက်အကူပြုစေရန် လုပ်ငန်းခွင်သင်တန်းများကို ပုံမှန်စီစဉ်ပေးပါမည်။

၂၇၃။ ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းများနှင့် လိုက်လျောညီထွေသော စာသင်ခန်းဖွဲ့စည်းမှု အနေအထားနှင့် ကျောင်းပတ်ဝန်းကျင်ရှိလာစေရန် ဦးစားပေးဆောင်ရွက်ပါမည်။ ကလေးများ အတွက် ပျော်ရွှင်ဖွယ်ကောင်းပြီး ကလေးသဘာဝနှင့်ကိုက်ညီသော လူမှုဆက်ဆံရေးပတ်ဝန်းကျင်၊ သင်ယူမှုပတ်ဝန်းကျင်နှင့် လှုံ့ဆော်အားကောင်းသောပတ်ဝန်းကျင်ကို ဖန်တီးပေး၍ သင်ယူမှု လုပ်ငန်းများတွင် ကလေးများတက်ကြွစွာပါဝင်သင်ယူလာနိုင်ရေးအတွက် လှုံ့ဆော်အားပေးပါ မည်။ ကလေးများကို ဖိအားပေးသင်ယူစေခြင်းမျိုးထက် ကလေးများကိုယ်တိုင် စိတ်ပါလက်ပါ ပျော်ပျော်ရွှင်ရွှင် စူးစမ်းလေ့လာသင်ယူလာရန် စီစဉ်ပေးပါမည်။ ကလေးတစ်ဦးချင်း၏ လိုအပ်ချက် နှင့်အညီ ဆောင်ရွက်ပေးတတ်ရန်နှင့် အထူးလိုအပ်နေသောကလေးများအတွက် အချိန်ပေးပြီး လေ့ကျင့်ကူညီတတ်ရန် ဆရာ၊ ဆရာမများအား လေ့ကျင့်သင်တန်းပေးပါမည်။ ကျောင်းတွင် ဘေးကင်းလုံခြုံမှုရှိရေးနှင့် ကလေးနှင့် ၎င်းတို့မိဘများအတွက်ပါ လုံခြုံစိတ်ချရမှုရှိစေရေးကိုပါ ဆောင်ရွက်ပါမည်။

## ၅.၅.၇။ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် ရပ်ရွာလူထုနှင့်မိဘများ၏ အခန်းကဏ္ဍ

၂၇၄။ သူငယ်တန်းနှင့် မူလတန်းကျောင်း နှစ်စဉ်လုပ်ငန်းအစီအစဉ်များပြင်ဆင်ခြင်း၊ ကျောင်းကို စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဆောက်လုပ်ခြင်း၊ စေတနာ့ဝန်ထမ်းဆရာအကူများပံ့ပိုးပေးခြင်းနှင့် ကျောင်းများကို ကြီးကြပ်ထိန်းသိမ်းမှုများတွင် ရပ်ရွာလူထုနှင့် မိဘများက အကူအညီပေးပါမည်။ ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရကျွေးမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ပရိဘောဂများနှင့် ကစားကွင်းများတည်ဆောက်မှုနှင့်ကျောင်းစာကြည့်တိုက်ကို ထိန်းသိမ်း စောင့်ရှောက်မှု စသည့်အောက်ဖော်ပြပါလုပ်ငန်းများတွင်လည်း ရပ်ရွာလူထုနှင့် မိဘများက ကူညီ ပါမည်။ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အကောင်အထည်ဖော်ရေးတို့တွင် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုတိုးမြှင့်လာစေရန် အသိအမြင်ဖွင့်လုပ်ငန်းများ လုပ်ဆောင်ပါမည်။

## ၅.၅.၈။ သူငယ်တန်းနှင့် မူလတန်းကျောင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစားအစာကျွေးမွေးရေးအစီအစဉ်များ

၂၇၅။ အခြေခံကျန်းမာရေးဝန်ထမ်းများက သူငယ်တန်းနှင့် မူလတန်းကျောင်းများသို့ ပုံမှန်ကွင်းဆင်းကူညီခြင်းနှင့် အနီးဆုံးကျန်းမာရေးဌာနသို့ စီစဉ်ချိတ်ဆက်ပေးခြင်းဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု အချိန်မီရရှိရန် စီစဉ်ပါမည်။ အခြေခံကျန်းမာရေးဝန်ထမ်းများကလည်း ကလေးကျန်းမာရေးအခြေခံလိုအပ်ချက်၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့နှင့် ပတ်သက်၍ ကလေးများ၊ ဆရာများနှင့် မိဘများသိရှိရန် ဆွေးနွေးမှုများ ပြုလုပ်ပေးပါမည်။ ထို့ပြင် ကလေးများအား အဏုအာဟာရနှင့် သန်ချဆေးများကို ပုံမှန်တိုက်ကျွေးပါမည်။

၂၇၆။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော မိသားစုများနေထိုင်ရာဒေသများကို ဦးစားပေးပြီး ကျောင်းများတွင် နံနက်စာနှင့် နေ့လယ်စာအာဟာရကျွေးမွေးသောအစီအစဉ်ကို ဆောင်ရွက်ပေးပါမည်။ ချမ်းသာသော မိသားစုများက ကလေးများအတွက်မှု ဤအစီအစဉ်အတွက် ထိုက်သင့်သော အခကြေးငွေတောင်းခံပါမည်။ ကျန်ကလေးများ၏မိဘများထံမှ အခကြေးငွေမကောက်သော်လည်း ကျန်းမာသန့်ရှင်းသောအာဟာရ၊ အစားအစာများကို မည်ကဲ့သို့ ပြင်ဆင်ရသည်ဆိုသော သင်တန်းများ၊ ၎င်းမိဘများကိုပို့ချပေးပြီးနောက် ကျောင်းအာဟာရအစီအစဉ်တွင် နံနက်စာနှင့် နေ့လယ်စာများကို ပြင်ဆင်ရာတွင် အလှည့်ကျ ပါဝင်လုပ်ကိုင်ဆောင်ရွက်စေပါမည်။ ကျောင်းအားလုံးသည် ကျောင်းအာဟာရဆိုင်ရာလမ်းညွှန်ချက်ကို လိုက်နာကြရပါမည်။

## ၅.၅.၉။ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အစီအစဉ်

၂၇၇။ မူလတန်းကျောင်းတိုင်းအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာလမ်းညွှန်မှုများကို ပြုစုဖြန့်ဝေပေးထားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ပတ်သက်သော သင်တန်းကို မူကြိုကျောင်းစီမံခန့်ခွဲမှုကော်မတီများနှင့် မူလတန်းကျောင်းအုပ်များအတွက် ဆောင်ရွက်ပါမည်။ ယင်းလမ်းညွှန်ချက်ကို သူငယ်တန်းနှင့် မူလတန်းကျောင်းတိုင်း လိုက်နာစေပါမည်။ ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် လုံလောက်သော ရေကောင်းရေသန့်ရရှိရန်၊ လက်ဆေးနိုင်သောနေရာနှင့် အသုံးအဆောင်များရရှိရန်၊ သန့်ရှင်းသော အိမ်သာများသုံးစွဲနိုင်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော စာသင်ခန်းများဖြစ်စေရန် ဆောင်ရွက်စေပါမည်။ ဖော်ပြပါကဏ္ဍများအတွက် ဆရာများကို လေ့ကျင့်သင်တန်းပေးပါမည်။ ဆရာများက အိမ်၊ ကျောင်း၊ ရပ်ရွာ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ဖြစ်လာစေရန် မိဘများနှင့် ရပ်ရွာလူထုကို ဆင့်ပွားကူညီပါမည်။ သောက်သုံးရေသန့်ရှင်းမှု ရရှိစေရန်လည်း ကူညီပါမည်။ ကလေးနှင့် မိဘများသည် သန့်ရှင်းပြီး အန္တရာယ်ကင်းသော ရေသုံးစွဲသည့်အလေ့အကျင့်၊ အိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးချခြင်းတို့ကို လုပ်ဆောင်တတ်လာစေရန် သင်တန်းများ စီစဉ်ပေးပါမည်။

### ၅.၅.၁၀။ ကလေးပျော် ကျောင်းစာသင်ခန်းပရိဘောဂ

၂၇၈။ ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းနှင့် တက်ကြွစွာသင်ယူမှုကို အားပေးသော စာသင်ခန်းများတွင်ရှိသင့်သည့် ပရိဘောဂများနှင့်ပတ်သက်၍ ကလေးများနှင့်သင့်လျော်သော ပရိဘောဂဒီဇိုင်းများနှင့် ပြုလုပ်ပုံလက်စွဲစာစောင်ကို သူငယ်တန်းနှင့် မူလတန်းကျောင်းတိုင်းနှင့် ရပ်ရွာမူကြိုကျော်မတီများသို့ ဖြန့်ဝေပေးထားပါမည်။ ရှိနေသောပရိဘောဂအဟောင်းများကို အဖြစ်နိုင်ဆုံးနှင့် အမြန်ဆုံး အစားထိုးဖြည့်ဆည်းပေးပါမည်။ တစ်ဦးချင်းနှင့် အုပ်စုငယ်ဖွဲ့သင်ယူမှု လုပ်ငန်းများအတွက် ကလေးများဖွံ့ဖြိုးမှုနှင့်ကိုက်ညီသော ထိုင်ခုံနှင့် စားပွဲငယ်များကို စီစဉ်ပါမည်။ အတန်းထဲတွင် စာအုပ်စင်များ၊ ဖျာများကို ထားပေးပါမည်။ မြို့နယ်၊ ရပ်ရွာများတွင်ရှိသော လက်သမားဆရာများနှင့် မိဘများကို ကျောင်းအတွက်လိုသော ပရိဘောဂများပြုလုပ်ရန် တိုက်တွန်း အားပေးပါမည်။

### ၅.၅.၁၁။ သူငယ်တန်းနှင့် မူလတန်းကျောင်းကစားကွင်းများ

၂၇၉။ အလားတူပင် သူငယ်တန်းနှင့် မူလတန်းကလေးများအတွက် အန္တရာယ်ကင်းပြီး စံမီသော ကစားကွင်း ဒီဇိုင်းပုံစံများကို မူလတန်းကျောင်းတိုင်းနှင့် သက်ဆိုင်ရာရပ်ရွာများသို့ ဖြန့်ဝေပေးထားပါမည်။ ကလေးများ ကျန်းမာ၍ ကိုယ်ကာယဖွံ့ဖြိုးမှုကို အထောက်အကူပြုသော ကစားစရာများ အဓိကအားဖြင့် ပါဝင်ပါမည်။ ကလေးများအန္တရာယ်ကင်းရှင်းရေးနှင့် ကလေးများ၏အရွယ်နှင့် ကိုက်ညီသော ကစားနည်းများ၊ လေ့ကျင့်ခန်းများကို အားပေးပါမည်။ သူငယ်တန်းနှင့် မူလတန်း ကျောင်း ကစားကွင်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ပေးရန် ရပ်ရွာလူထုကို တိုက်တွန်းအားပေးပါမည်။

### ၅.၅.၁၂။ သူငယ်တန်းနှင့် မူလတန်းကျောင်းစာကြည့်တိုက်

၂၈၀။ မူလတန်းကျောင်းတိုင်းတွင် စာကြည့်တိုက်တစ်ခုစီ ထူထောင်ပါမည်။ ထိုစာကြည့်တိုက်များတွင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားများဖြင့်ပြုစုထားသောစာအုပ်များ၊ မြန်မာဘာသာစကားဖြင့် ပြုစုထားသောစာအုပ်များနှင့် လိုအပ်လျှင် အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော စာအုပ်များနှင့် အခြားသင်ထောက်ကူပစ္စည်းများ ထားရှိပါမည်။ စာကြည့်တိုက်များတွင် ကလေးများ ပျော်ရွှင်စွာစာဖတ်ရန်နေရာ၊ လက်ထိုးရုပ်နှင့်ကစားနိုင်သောနေရာ၊ စိတ်ကူးယဉ်ကစားနိုင်သောနေရာ လုံလောက်စွာထားပေးပါမည်။ ယင်းစာကြည့်တိုက်တွင် ဆရာများနှင့် မိဘများအတွက် စိတ်ဝင်စားဖွယ်ရာများ ပညာပေးစာအုပ်များလည်း ထားပေးပါမည်။ ကွန်ပျူတာအသုံးပြု သင်ယူမှု ပြုနိုင်ရန်လည်း တဖြည်းဖြည်းချင်း တိုးမြှင့်စီစဉ်ပါမည်။

## ၅.၅.၁၃။ သူငယ်တန်းနှင့် မူလတန်း ကျောင်းသုံးဘာသာစကားများ

၂၈၁။ အကူးအပြောင်းဆိုင်ရာလုပ်ငန်းများ၊ သူငယ်တန်းနှင့် မူလတန်းအောက်ဆင့်အတန်း သင်ကြားမှုတွင် မိခင်ဘာသာစကားသုံး၍သင်ကြားခြင်းကို တတ်နိုင်သမျှ ဆောလျင်စွာ ပြုလုပ်ပါမည်။ တိုင်းရင်းသားမျိုးနွယ်စုဝင်များကို ဆရာအဖြစ်လေ့ကျင့်သင်တန်းပေးရန် လိုပါသည်။ သင်ကြားမှုအထောက်အကူပစ္စည်းများကို ဒေသသုံးဘာသာစကားဖြင့် ပြင်ဆင်ရပါမည်။ မိခင်ဘာသာစကားကို အသုံးပြုခြင်းဖြင့် ကလေးများနားလည်လွယ်၍ ကောင်းစွာသင်ယူတတ်မြောက်ပါမည်။ စောစီးစွာကျောင်းထွက်မှုနှင့် အတန်းထပ်ကျော့မှုများ မဖြစ်တော့ပါ (Ball –၂၀၁၁)။

၂၈၂။ လိုအပ်သဖြင့် တောင်းဆိုလာသောဒေသများတွင် ဒေသသုံးဘာသာစကားဖြင့် သင်ကြားပေးသည့် အထူးသင်ကြားမှုအစီအစဉ်ကို သက်ဆိုင်ရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့နှင့် ပူးပေါင်း၍ ဖွင့်လှစ်ပေးပါမည်။

၂၈၃။ ကလေးများ၏ အစောပိုင်းကာလပညာရေးကို မိခင်ဘာသာစကားဖြင့် သင်ကြားပေးခြင်းဖြင့် ကလေးများ၏ ပညာသင်ယူမှုအခွင့်အရေးများကို လေးစားရာရောက်ပြီး မိခင်ဘာသာစကား အခြေခံ ပညာရေးအတွက် တောင်းဆိုမှုများကို အလေးဂရုပြုရာလည်း ရောက်ပါသည်။ ကလေးများ၏သင်ယူမှုလည်း တိုးတက်လာပါမည်။

## ၅.၅.၁၄။ ကြီးကြပ်ခြင်း

၂၈၄။ သူငယ်တန်းနှင့် မူလတန်းကျောင်းများ၏ လုပ်ငန်းကြီးကြပ်တည့်မတ်ပေးရေးအတွက် ပုံစံရေးဆွဲပြီး သူငယ်တန်းနှင့် မူလတန်းကျောင်း ကြီးကြပ်သူများအား လေ့ကျင့်ပေးပါမည်။ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း အသုံးပြုရေး၊ အကူးအပြောင်းလုပ်ငန်းအစီအစဉ်များကို လေ့လာကြီးကြပ်သုံးသပ်ရေး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်များအား ကြီးကြပ်ကူညီရေး၊ လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်း အစီအစဉ်ကို လေ့လာကြီးကြပ်သုံးသပ်ရေး၊ သူငယ်တန်းနှင့် မူလတန်းအဆင့်တွင် မိခင်ဘာသာစကားအခြေပြုပြီး သင်ကြားမှုပြုလုပ်ရေး၊ လုပ်ငန်းခွင်သင်တန်းများတွင် ကူညီရေးနှင့် ဆရာများနှင့် ကျောင်း၏စွမ်းဆောင်မှုများကို ကြီးကြပ်၊ သုံးသပ်အကဲဖြတ်နိုင်ရန် မြို့နယ်ပညာရေးမှူးများနှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်စုမှူးများကိုပါ လေ့ကျင့်သင်တန်းများပေးပါမည်။ ကြီးကြပ်သူများ၊ ကြီးကြပ်မှုလုပ်ငန်းများ ပုံမှန်ကောင်းမွန်စွာ လုပ်ကိုင်နိုင်ရန် လိုအပ်သောပံ့ပိုးမှုများပေးပါမည်။

## ဦးတည်ရည်ရွယ်ချက် (၆)

အထူးလိုအပ်ချက်ရှိနေသောကလေးများ၏အခွင့်အရေးများ အပြည့်အဝရရှိစေရန်၊ ၎င်းတို့ကို သင်တန်းကျောင်းများတွင်ထားခြင်းမှ ကာကွယ်တားဆီးရန်၊ အထူးလိုအပ်ချက်ရှိနေသောကလေးများ မူကြို၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် အပြည့်အဝပါဝင်နိုင်ရန်၊ ကလေးများအပေါ် နှိမ့်ချဆက်ဆံမှု၊ လွဲမှားစွာပြုကျင့်မှု၊ လျစ်လျူရှုမှု နှင့် ခေါင်းပုံဖြတ်မှုများကို လျှော့ချရန်။

## မဟာဗျူဟာ (၆)

## *အထူးလိုအပ်ချက်ရှိနေသောကလေးများ*

အထူးလိုအပ်ချက်ရှိနေသောကလေးများ၏ အခွင့်အရေးများကို အပြည့်အဝဖြည့်ဆည်းပေးခြင်း၊ မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ မိသားစုနှင့်အတူနေထိုင်နိုင်စေရန် စီစဉ်ဖန်တီးခြင်းဖြင့် သင်တန်းကျောင်းတွင် ကလေးများအား စောင့်ရှောက်ထားရှိခြင်းကို လျော့ပါးစေခြင်း၊ လူတိုင်းအကျုံးဝင်သော မူကြိုကျောင်းများ၊ သူငယ်တန်းများနှင့် မူလတန်းကျောင်းများ ထူထောင်ခြင်း၊ မွေးစမှ ရှစ်နှစ်အရွယ်ကလေးများကို လွဲမှားစွာပြုကျင့်ခံရမှု၊ လျစ်လျူရှုခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးနိုင်ရန် အရည်အသွေးကောင်းသော ပြုစုစောင့်ရှောက်မှုရရှိအောင် ဆောင်ရွက်ခြင်း။

၂၈၅။ မဟာဗျူဟာအမှတ်စဉ်(၆)မှာ ကလေးများ၏အခွင့်အရေးများနှင့် ကလေးများကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဝန်ဆောင်မှုများ တိုးမြှင့်ခြင်း၊ တိုးချဲ့ဆောင်ရွက်ခြင်းများ သေချာစွာဆောင်ရွက်ရန်ဖြစ်ပါသည်။ ကလေးများအပေါ် သက်ရောက်မှုရှိသောမူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များကို ဖော်ထုတ်ရာတွင် ဖြစ်နိုင်သမျှ အတိုင်းအတာအထိ ကလေးများ ပါဝင်ပြောဆိုခွင့်ရရှိစေရန် အထူးအလေးထား ဆောင်ရွက်ပါမည်။

### ၅.၆.၁။ လက်ရှိကလေးသူငယ်များနှင့်ပတ်သက်သောဥပဒေများကို ပြန်လည်သုံးသပ်မှု

၂၈၆။ ကလေးသူငယ်ဥပဒေပြင်ဆင်ချက် (၂၀၁၂)ကို အတည်ပြုပြီးပါက မွေးစအရွယ်မှ ရှစ်နှစ်အရွယ်ကလေးများ၊ ၎င်းတို့၏မိဘ၊ ပြုစု စောင့်ရှောက်သူများ၊ အုပ်ထိန်းသူများနှင့် ပတ်သက်နေသော လက်ရှိဥပဒေများကို ပြန်လည်သုံးသပ်ပေးရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ တင်ပြ မေတ္တာရပ်ခံပါမည်။ ယင်းဥပဒေတို့သည် ပြင်ဆင်ထားသော ကလေးသူငယ်ဥပဒေနှင့် ညီညွတ်မှုရှိစေရန် ဆောင်ရွက်ပါမည်။

၂၈၇။ ကလေးသူငယ်ဥပဒေကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်ပြုလုပ်သော အလားတူလုပ်ဆောင်ချက်များနှင့်အညီ မြန်မာနိုင်ငံနှင့် အာဆီယံဒေသအတွင်း ပြောင်းလဲနေသောလူမှုရေးအခြေအနေ၊

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ဝန်ဆောင်မှုအခြေအနေများနှင့် ညီညွတ်မှုရှိစေရန်နှင့် လိုက်လျောညီထွေဖြစ်စေရန် ကဏ္ဍပေါင်းစုံပါဝင်သော ကော်မတီက ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မှုပြုလုပ်ပါမည်။ ထို့ပြင် ထိခိုက်နစ်နာလွယ်သောကလေးများ အတွက် ရည်ရွယ်၍ အောက်တွင်ဖော်ပြထားသောလုပ်ငန်းများကို နောင်လာမည့်ကလေးများ အတွက် အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၁၆–၂၀၂၀)တွင် ပါဝင်ရေးအတွက် လုပ်ငန်း သုံးသပ်သည့် ဆွေးနွေးပွဲများ ပြုလုပ်ပါမည်။

၂၈၈။ အထူးခက်ခဲသောအခြေအနေတွင် ကျရောက်နေသည့် ကလေးများ သို့မဟုတ် အထူး လိုအပ်ချက်ရှိနေသောကလေးများနှင့် ဆက်စပ်နေသည့် အဓိကအကြောင်းအရာများကို အောက်ပါ စာပိုဒ်များတွင် တင်ပြထားပါသည်။

## ၅.၆.၂။ ကလေးသူငယ်ဥပဒေကို ပြန်လည်ပြင်ဆင်ခြင်းနှင့်အကောင်အထည်ဖော်ခြင်း

၂၈၉။ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ယခုအခါ ပြန်လည်သုံးသပ်ပြုပြင်နေပါသည်။ ယင်းဥပဒေသည် မွေးစမှ (၁၈)နှစ်အရွယ်အထိ ကလေးများ၏လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဦးတည်ထားပါသည်။ ယင်းဥပဒေကို ပြင်ဆင်အတည်ပြုမှု ပြီးဆုံးသွားပါက ECCD ဆိုင်ရာ ဝန်ဆောင်မှုအစီအစဉ်များအရ သက်ဆိုင်ရာဝန်ထမ်းများကို လေ့ကျင့်သင်တန်းများပေးရာတွင် ယင်းဥပဒေပါအချက်များနှင့်အညီ မွေးစမှ ရှစ်နှစ်အရွယ်ကလေးများအတွက် ရည်ရွယ်လုပ်ဆောင် သွားရပါမည်။ လေ့ကျင့်သင်တန်းပေးပြီးပါက ECCD လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်များသည် ၎င်းတို့ လုပ်ငန်းအစီအစဉ်တွင်ပါဝင်နေသော မိဘများကို ကလေးသူငယ်ဥပဒေနှင့်ပတ်သက်၍ အက်ဥပဒေ ပါ ပြဋ္ဌာန်းချက်များကို ပြည့်ပြည့်ဝဝနားလည်လာစေရန် ဆွေးနွေးပေးရပါမည်။ အထူးသဖြင့် မိဘတို့နှင့် ၎င်းတို့၏ ကလေးများနှင့်ပတ်သက်သော အကြောင်းအရာများကို နားလည်သဘော ပေါက်စေရန် အလေးထားဆွေးနွေးပေးရပါမည်။

## ၅.၆.၃။ ဘက်စုံလွှမ်းခြုံသော မြန်မာကလေးများ ကာကွယ်စောင့်ရှောက်ရေးမူဝါဒ နှင့် မဟာဗျူဟာအစီအစဉ်ဖော်ဆောင်ရေး

၂၉၀။ ECCD ဆိုင်ရာ ဤမူဝါဒ၊ CRC၊ ပြင်ဆင်ထားသောကလေးသူငယ်ဥပဒေ၊ ကလေးများနှင့် ပတ်သက်နေသောဥပဒေများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပေါ် အခြေပြုလျက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပတ်သက်ဆက်နွှယ်သူများ အားလုံး[၁၇]နှင့် ညှိနှိုင်းတိုင်ပင်ပြီး ဘက်စုံလွှမ်းခြုံသော ကလေးများ ကာကွယ်စောင့်ရှောက်ရေးမူဝါဒ နှင့် မဟာဗျူဟာအစီအစဉ်ကို ဖော်ထုတ်ရပါမည်။ ထို့အပြင် ယင်းမူဝါဒမဟာဗျူဟာများနှင့်အညီ လိုအပ်သောဝန်ဆောင်မှုများအားလုံးကိုလည်း အကောင်အထည်ဖော်ဆောင်ရပါမည်။ လုပ်ဆောင် ရမည့်လုပ်ငန်းများကို အောက်တွင်ဖော်ပြထားပါသည်။ ကလေးသူငယ်များနှင့် ၎င်းတို့မိခင်များ၊ အထူးလိုအပ်ချက်များရှိနေသောကလေးကြီးများအတွက် အခြေခံလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်း

[၁၇] Stakeholders

များ ပါဝင်ပါမည်။ အထူးသဖြင့်ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပါမည်။ ကလေးများကို ကာကွယ်စောင့်ရှောက်ရေးမူဝါဒနှင့် မဟာဗျူဟာ အစီအစဉ်ကို ရေးဆွဲရာတွင် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းတို့ ပါဝင်ပါမည်။ ထို့အတူ ရပ်ရွာအဆင့်၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နိုင်ငံတော်အဆင့်တို့တွင် လုပ်ငန်း ဆွေးနွေးပွဲများကျင်းပခြင်း၊ တာဝန်ရှိ အဆင့်မြင့်ပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်း အကြံဉာဏ်ရယူခြင်း နှင့် ဘက်စုံထောင့်စုံအောင် အခြေအနေလေ့လာသုံးသပ်မှု ပြုလုပ်ခြင်းတို့လည်း ပါဝင်ပါမည်။ ထိုသို့ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးပါက မူကြမ်းရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ အချောသတ်ခြင်း၊ အတည်ပြုနိုင်ရန်တင်ပြခြင်းများ ပြုလုပ်ပါမည်။

## ၅.၆.၄။ တိုင်းရင်းသားမျိုးနွယ်စုဝင်ကလေးများနှင့် ဘာသာစကားအရ လူနည်းစုဖြစ်သော မိသားစုများ၏ကလေးများ

၂၉၁။ တိုင်းရင်းသားမျိုးနွယ်စုဝင်ကလေးများနှင့် ဘာသာစကားအရ လူနည်းစုဖြစ်သော မိသားစုများ၏ကလေးအများစုသည် အရည်အသွေးမြင့်မားသော ECCD ဝန်ဆောင်မှုအစီအစဉ်များ ကို မရရှိကြပါ။ ထိုကလေးများနှင့် ၎င်းတို့မိဘများအတွက် သက်ဆိုင်ရာလူမျိုးအလိုက် ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့်ကိုက်ညီသော ECCD လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်လိုပါသည်။ တိုင်းရင်းသားမျိုးနွယ်တစ်စုချင်းစီမှ ECCD လုပ်ငန်း အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းအင်အား အလုံအလောက်ကို အလျင်အမြန်သင်တန်းပေးနိုင်ရန် အားထုတ်ပါမည်။



Photo by Dr. Emily Vargas-Barón

*ECCD လုပ်ငန်းတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်၊ ပင်လောင်းမြို့နယ်*

၂၉၂။ ၂၀၁၈ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသော ECCD ဝန်ဆောင်မှုများကို တိုင်းရင်းသားမျိုးနွယ်စုဝင် ကလေးများနှင့် ဘာသာစကားအရ လူနည်းစုဖြစ်သော မိသားစုများ၏ ကလေးအားလုံးအတွက် ရရှိအောင် ဆောင်ရွက်ပေးရန်ဟူသော ရည်မှန်းချက်ပြည့်ဝစေရန် ဤမူဝါဒတွင် ဖော်ပြထားသည့် အတိုင်း ဤဝန်ဆောင်မှုများကို စောနိုင်သမျှ အဆောတလျင်ဆောင်ရွက်နိုင်ရန် ဦးစားပေး ဆောင်ရွက်ပါမည်။

၂၉၃။ မြန်မာနိုင်ငံရှိ ဘာသာစကားမတူသော မျိုးနွယ်စုများနှင့်ပတ်သက်သည့် အထူးဆောင်ရွက်မှုတစ်ခု ပြုလုပ်ပါမည်။ ပြည်တွင်းနှင့် နိုင်ငံတကာမှ ဘာသာဗေဒကျွမ်းကျင်သူများ၊ မနုဿဗေဒ ပညာရှင်များ၊ တိုင်းရင်းသားမျိုးနွယ်စုများမှ ပညာရေးကျွမ်းကျင်သူများက ၎င်းတို့အတွက် ပြုစုထားသော သင်ထောက်ကူများကို ပြုစုရာတွင်လည်းကောင်း၊ ကွင်းဆင်း စမ်းသပ်ရာတွင်လည်းကောင်း၊ သင်တန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း ကူညီကြပါမည်။ ပညာရေး၊ ECCD ဝန်ဆောင်မှုများနှင့် ပတ်သက်သော သင်ထောက်ကူများ ဖန်တီးထုတ်လုပ်ရေးအတွက် တိကျသည့်လုပ်ငန်းများကို သက်ဆိုင်ရာမူဝါဒပိုင်းတွင် ဖော်ပြထားပါသည်။

## ၅.၆.၅။ ဖွံ့ဖြိုးမှုနှေးကွေးသောကလေးများနှင့် မသန်စွမ်းသောကလေးများ

၂၉၄။ ECCDဆိုင်ရာမူဝါဒသည် ဖွံ့ဖြိုးမှုနှေးကွေးပြီး မသန်စွမ်းသောကလေးများနှင့် နာတာရှည် ရောဂါခံစားနေရသောကလေးများ၏ အခွင့်အရေးကို ဖြည့်ဆည်းပေးရန် ကလေး၏ဖွံ့ဖြိုးမှု အခြေအနေ စစ်ဆေးတိုင်းတာ၍ ပံ့ပိုးပေးသော ECI ဝန်ဆောင်မှု၊ (မဟာဗျူဟာအမှတ်စဉ်(၃) ကို ကြည့်ပါ။) လူတိုင်းအကျုံးဝင်သော ECCD လုပ်ငန်းများ၊ မူကြို၊ သူငယ်တန်းနှင့် မူလတန်း ပညာရေးလုပ်ငန်းများ (မဟာဗျူဟာအမှတ်စဉ်(၄)နှင့် (၅)ကို ကြည့်ပါ။)ကို ဆောင်ရွက်ပေးပါမည်။ လူတိုင်းအကျုံးဝင်သော မူကြို၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများကို ကလေးတစ်ဦးချင်းစီ၏ လိုအပ်ချက်အပေါ်မူတည်ပြီး အထူးကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရကျွေးမွေးရေးမှုတို့ အတွက် ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ထားပါမည်။

၂၉၅။ အလွန်မသန်စွမ်းသောကလေးများအတွက် အထူးမူကြိုကျောင်း၊ သူငယ်တန်းနှင့် မူလတန်း ပညာသင်ကြားခွင့်နှင့် အထူးကျန်းမာရေးစောင့်ရှောက်မှုများ ပေးပါမည်။ အကြားအာရုံ ပြင်းထန်စွာ ချို့ယွင်းသောကလေးများနှင့် ၎င်းတို့၏မိသားစုများ၊ ညီအစ်ကိုမောင်နှမများကို (နားမကြားသူများ အတွက်)လက်သင်္ကေတပြဘာသာစကားကို သင်ကြားပေးပါမည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သောအခြားအဖွဲ့အစည်းများက ဖွင့်လှစ်ပေးသော အမြင်အကြားနှင့် မသန်စွမ်းမှု အမျိုးမျိုးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်ပါ မည်။ ယင်းဝန်ဆောင်မှုများအတွက် လိုအပ်ချက်တောင်းခံမှုများပြည့်ဝအောင် တိုးချဲ့ဖွင့်လှစ်ပါ မည်။

၂၉၆။ အချို့ကိစ္စများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်နေသော ဆေးပညာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခြေလက်မသန်စွမ်းမှု ပြင်းပြင်းထန်ထန်ခံစားနေရသော ကလေးများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပြန်လည်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုပေးသည့်ဌာနများသို့ အချိန်တို သို့မဟုတ် အချိန်ကြာကြာ ကုသခံယူနိုင်စေရန် လွှဲပြောင်းပေးပါမည်။ ရပ်ရွာအခြေပြု ပြန်လည်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုပေးသည့်အစီအစဉ်များကို ခြေလက် မသန်စွမ်းသူကလေးများသည့် ဒေသများမှစတင်၍ တဖြည်းဖြည်း ဆောင်ရွက်သွားပါမည်။

## ၅.၆.၆။ အထူးလိုအပ်ချက်များရှိနေသောကလေးများ၏ မိဘများအတွက် မိဘအသိပညာပေးခြင်း

၂၉၇။ ကလေးများအတွက် ဝန်ဆောင်မှုများသာမက အထူးလိုအပ်ချက်များရှိနေသောကလေးများ၏ မိဘများအတွက်လည်း မိဘအသိပညာပေးအစီအစဉ်နှင့် အခြားအထောက်အကူပြုအစီအစဉ်များ ဆောင်ရွက်ပေးပါမည်။ အထူးလိုအပ်ချက်ရှိနေသောကလေးများကို ပင်ပန်းစွာပြုစုစောင့်ရှောက်ရသည့်အတွက် စိတ်ဖိစီးမှုများဖြစ်ပေါ်ပြီး မိသားစုအတွင်းကလေးများကို လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုများကို ရှောင်ရှားရန် နှစ်သိမ့်ဆွေးနွေးအကြံပေးမှု၊ မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မိသားစုအလိုက်ကုသမှုများဆိုင်ရာ ကုထုံးဖြင့် ပြုလုပ်ပေးပါမည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများတွင် မိဘနှင့်ကလေးတို့၏ အခွင့်အရေးများကို အလေးထားဆောင်ရွက်ပါမည်။

၂၉၈။ သင်တန်းလက်စွဲစာစောင်နှင့် မိဘအသိပညာပေးလုပ်ငန်းနှင့် အထောက်အကူပေးရေးအတွက် အသုံးပြုရမည့် လက်စွဲတစ်ခုကိုပြုစုခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ လိုအပ်သလို မွမ်းမံပြင်ဆင်ခြင်းနှင့် ထုတ်လုပ်ဖြန့်ဝေခြင်းများ ပြုလုပ်ပါမည်။ ယင်းလက်စွဲစာစောင်တွင် အထူးလိုအပ်ချက်ရှိနေသောကလေးများအတွက် ဖွံ့ဖြိုးရေးနည်းလမ်းများ၊ မိဘများ၏ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ထိန်းသိမ်းနိုင်ခွင့် (Right to Privacy) နှင့် သားသမီးများအတွက် ဆောင်ရွက်ပေးမည့်ဝန်ဆောင်မှုလုပ်ငန်းများကို သဘောတူ၊ မတူ ဆုံးဖြတ်ခွင့်ဆိုင်ရာ အကြံပေးမှုများ၊ မိဘများအတွက် ပံ့ပိုးမှုအစီအစဉ်များနှင့် ကုသမှုဆိုင်ရာဝန်ဆောင်မှုများကို ရည်ညွှန်းပေးပို့ခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံဉာဏ်ပေးခြင်းနှင့် မိသားစုလိုက် ကုသပေးသောနည်းလမ်းများ၊ မိသားစုအနေအထားကို ထိန်းသိမ်းစောင့်ရှောက်သောနည်းလမ်းများ၊ အချင်းချင်း သတင်းဖလှယ်အသိပေးခြင်း၊ အလုပ်အလွန်ပိနေသော မိဘများ၏ သားသမီးများအတွက် ယာယီစောင့်ရှောက်ပေးခြင်း၊ မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် စေတနာ့ဝန်ထမ်းများအတွက် အသိအမြင်ဖွင့်ပေးခြင်း အစီအစဉ်များ ပါဝင်ပါမည်။ ECCD နှင့်ပတ်သက်ပြီး ကျန်းမာရေး၊ အာဟာရပြည့်ဝစေရေး၊ လူမှုဆက်ဆံရေး၊ ပညာရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် အထူးလိုအပ်ချက်ရှိနေသော ကလေးများ၏ မိဘများအတွက် ဝန်ဆောင်မှုပေးသူများကို ပြန်လည်လေ့ကျင့်သင်တန်းပေးနိုင်ရန် ဆရာဖြစ်သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီစဉ်ပေးပါမည်။ သင်တန်းဆရာများက သက်ဆိုင်ရာ

တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ဝန်ဆောင်မှုပေးနေသူများကို ပြန်လည်လေ့ကျင့်ပေးခြင်းဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံမှုရရှိသည်အထိ ဆောင်ရွက်သွားပါမည်။

### ၅.၆.၇။ မသန်စွမ်းသောကလေးများအတွက် အမျိုးသားလုပ်ငန်းအစီအစဉ်ကို အထောက်အကူပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း

၂၉၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် *"မသန်စွမ်းသူများအတွက် အမျိုးသားလုပ်ငန်းအစီအစဉ်"*(၂၀၁၀–၂၀၁၂)ကို တရားဝင်သတ်မှတ်ထားပြီးဖြစ်ပါသည် (MoSWRR–၂၀၁၂စီ)။ မသန်စွမ်းသူများနှင့်ပတ်သက်သောဥပဒေကိုလည်း ပြုစုဆဲဖြစ်ပါသည်။ ယင်းဆောင်ရွက်ထားမှုများနှင့်ဆက်စပ်ပြီး နောင်အနာဂတ်တွင် မသန်စွမ်းသောကလေးများနှင့် ဖွံ့ဖြိုးမှုနောက်ကျသောကလေးများအတွက် လိုအပ်ချက်များ၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးမှုအခြေအနေကို စောစီးစွာသိရှိရန် စစ်ဆေးတိုင်းတာခြင်းနှင့် လူတိုင်းအကျုံးဝင်သောပညာရေးဝန်ဆောင်မှုများကို အလေးထားဖော်ပြရန် အရေးကြီးလာပါသည်။ ထို့ကြောင့် ကဏ္ဍပေါင်းစုံပါဝင်သော ကလေးသူငယ်ဥပဒေ ပြန်လည်သုံးသပ်ရေးဆပ်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး လက်ရှိဥပဒေများ၊ လုပ်ငန်းအစီအစဉ်များကို ECCD မူဝါဒရေးဆွဲမှုရှုထောင့်မှ ပြန်လည်သုံးသပ်ပါမည်။ ထိုသို့ပြန်လည်သုံးသပ်ရာတွင် အောက်ပါတို့ကို အသေအချာထည့်သွင်းစဉ်းစားပါမည်။ မသန်စွမ်းသောကလေးများ၊ ဖွံ့ဖြိုးမှုနောက်ကျသောကလေးများ၊ အာဟာရချို့တဲ့သောကလေးများ၊ နာတာရှည်ရောဂါခံစားနေရသောကလေးများ၊ ပံ့မမှန်အပြုအမူရှိကလေးများ စသည့် အထူးလိုအပ်ချက်ရှိသောကလေးများအတွက် စောစီးစွာသိရှိပြီး ဝန်ဆောင်မှုပေးခြင်း၊ အထူးစောင့်ရှောက်ရေးဌာနများနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများ ဖွင့်လှစ်ပေးခြင်းဆိုင်ရာ ဤမူဝါဒတွင် ပြဋ္ဌာန်းထားချက်များသည် နောင်ရေးဆွဲပြဋ္ဌာန်းမည့် *"မသန်စွမ်းသူများအတွက် အမျိုးသားလုပ်ငန်းအစီအစဉ်"*နှင့် မသန်စွမ်းသူများဆိုင်ရာ ဥပဒေများ ပြုစုချမှတ်ရာတွင် ဦးစားပေးအစီအစဉ်အဖြစ် ပါရှိသင့်ပါသည်။ မသန်စွမ်းသောကလေးများအတွက် လှုပ်ရှားရွေ့လျားသွားလာမှုအရလည်းကောင်း၊ ပြောဆိုဆက်သွယ်မှုအရလည်းကောင်း လက်လှမ်းမီမှုရရှိစေရန် အလေးထားဆောင်ရွက်ရပါမည်။

### ၅.၆.၈။ လွဲမှားစွာပြုကျင့်ခံရခြင်း သို့မဟုတ် လျစ်လျူရှုခံရခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းခံရသောကလေးများ

၃၀၀။ လျစ်လျူရှုခံရသော၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်ခံရသော၊ အခြားခေါင်းပုံဖြတ်မှုအမျိုးမျိုးခံရသော ကလေးသူငယ်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် လိုအပ်သောအကူအညီများပေးနိုင်ရန် *"ကလေးများကိုလွဲမှားစွာပြုကျင့်မှု ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်သည့်အစီအစဉ်"*တစ်ရပ်ကို ပြုလုပ်ပါမည်။ ယင်းကလေးများအတွက် အကာအကွယ်ပေးသော အရည်အသွေးမြင့် ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုများပေးပါမည်။ ထိုဝန်ဆောင်မှုများတွင် ယာယီနေထိုင်စရာပေးခြင်း၊ မွေးစားမိသားစုနှင့်အတူနေစေခြင်း၊ သင့်လျော်သောနေ့ကလေးထိန်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ် ဝန်ဆောင်မှုစီစဉ်ပေးခြင်း၊ မူကြို၊ သူငယ်တန်းနှင့်



Photo by Myo Thame

*ကာကွယ်စောင့်ရှောက်ရန်လိုအပ်သောကလေးများအတွက်နေ့လယ်စာအစီအစဉ်၊*
***drop-in center** ဒေါပုံမြို့နယ်*



မူလတန်းကျောင်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးခြင်း၊ လိုအပ်သလို ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရပံ့ပိုးမှုများပေးခြင်း စသည်တို့ပါဝင်ပါသည်။ ဖြစ်နိုင်သည့်အခါတိုင်း မိဘအသိပညာပေးမှုနှင့် ထောက်ပံ့မှု၊ မိသားစုအလိုက်ကုသမှုနှင့် မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ပေးသော ဝန်ဆောင်မှုများလည်း ဆောင်ရွက်ပေးပါမည်။ ကလေးများကို လျစ်လျူရှုခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်ခြင်းတို့က ကာကွယ်ရန် အလေးထားဆောင်ရွက်ပါမည်။

၃၀၁။ တရားရေးနှင့် ရဲအရေးပိုင်သောဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ၎င်းတို့၏အခန်းကဏ္ဍနှင့် တာဝန်များကိုလည်း သေချာစွာသတ်မှတ်ပါမည်။ ထပ်မံ၍လိုအပ်သော လုပ်ငန်းလမ်းညွှန်မှုများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ဖော်ထုတ်ပြဋ္ဌာန်းပါမည်။ ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးယူနစ်က ကလေးများ လူကုန်ကူးခံရမှုက တားဆီးကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးခံရသူများကို လိုအပ်သော စောင့်ရှောက်မှုပေးရေး၊ ထိခိုက်နစ်နာသောကလေးများကို လိုအပ်သောပြုစုစောင့်ရှောက်မှုရရန် သက်ဆိုင်ရာဌာနများသို့ ပို့ပေးရေး၊ မိသားစုနှင့်ပေါင်းစည်းရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ပါမည်။

၃၀၂။ ကလေးကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများအတွက် စံများကိုလည်း သတ်မှတ်ပြီး ပြောင်းလဲတိုးတက်နေသော လိုအပ်ချက်များနှင့် ညီညွတ်စေရန် ပြန်လည်သုံးသပ်ပြုပြင်ခြင်းများကို ငါးနှစ်တစ်ကြိမ် ပြုလုပ်ပါမည်။ ဥပမာ–ECCD ဌာနများ၊ လုပ်ငန်းအစီအစဉ်များ၊ မူကြိုကျောင်းများ၊ သူငယ်တန်းနှင့် မူလတန်းကျောင်းတွင် ကလေးများကို ရိုက်နှက်ခြင်းမပြုရန် တားမြစ်ခြင်းကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ပါမည်။ “*ကလေးများ ဘေးကင်း*

*လုံခြုံရေးအတွက် လိုက်နာရမည့်အပြုအမူ* "များကို ကျယ်ပြန့်စွာဖြန့်ဝေပြီး လိုက်နာကျင့်သုံးရန် ထိမိစွာဆောင်ရွက်ပါမည်။

## ၅.၆.၉။ မွေးစမှ သုံးနှစ်အရွယ်ကလေးများကို ဂေဟာများ၊ သင်တန်းကျောင်းများတွင်ထား၍ ပြုစုစောင့်ရှောက်ခြင်းအစီအစဉ်ကို အဆုံးသတ်ခြင်းနှင့် မိသားစု ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်း

၃၀၃။ မွေးစမှ သုံးနှစ်အရွယ်ကလေးသူငယ်များကို ညအိပ်ညနေပြုစုစောင့်ရှောက်သည့် မိဘမဲ့ဂေဟာများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သင်တန်းကျောင်းများတွင် ထားခြင်းသည် ဖွံ့ဖြိုးမှုနှေးကွေး၍ မသန်စွမ်းမှုကို ဖြစ်စေပါသည်။ ထို့ကြောင့် ဤမူဝါဒကို လက်ခံအတည်ပြုပြီး သုံးနှစ်အတွင်း အဆိုပါဂေဟာများ၊ အဖွဲ့အစည်းများနှင့် သင်တန်းကျောင်းများအားလုံးတွင် မွေးကင်းစနှင့်သုံးနှစ်အောက်ကလေးငယ်များ လက်ခံပြုစုသည့်အစီအစဉ်ကို ရပ်ဆိုင်းပါမည်။ ယင်းကလေးများကို မိသားစုနှင့် အတူနေနိုင်စေရန် မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်မိဘများအတွက် မိသားစုအလိုက် ပံ့ပိုးမှုပြုလုပ်ပေးခြင်းများကို လိုအပ်ချက်ကိုလိုက်၍ ဆောင်ရွက်ပေးပါမည်။ အချို့မိသားစုများအတွက် ဖော်ပြပါလုပ်ငန်းစဉ်များပြုလုပ်ရန် မဖြစ်နိုင်ပါက သေချာစွာလေ့ကျင့်သင်ကြားမှုရရှိပြီး ကြီးကြပ်ထိန်းကွပ်မှုအစီအစဉ်အောက်ရှိ ပြုစုစောင့်ရှောက်သူများနှင့်ကြီးကြပ်မည့်သူများရှိသည့် ကလေးပြုစုစောင့်ရှောက်ရေးဂေဟာများတွင် ထားပါမည်။

၃၀၄။ မွေးစမှ ရှစ်နှစ်အရွယ်အတွင်းရှိသော ကလေးများတွင် အနည်းဆုံးမိဘတစ်ဦး အသက်ရှင်လျက်ရှိနေသော်လည်း ဘုန်းတော်ကြီးကျောင်းနှင့်အလားတူ အခြားနေရာများတွင် အရေအတွက်များစွာရှိနေခြင်းနှင့်ပတ်သက်သော အခြေခံအကြောင်းတရားများကို ဖော်ထုတ်ရန် လေ့လာမှုတစ်ခုပြုလုပ်သင့်ပါသည်။ လေ့လာမှုရလဒ်ပေါ်တွင်မူတည်၍ ဘာသာရေးအကြောင်းကြောင့်မဟုတ်ဘဲ ငတ်မွတ်မှု၊ ဆင်းရဲနွမ်းပါးမှု၊ ပညာရေးအခွင့်အလမ်းမဲ့မှုစသော အကြောင်းများကြောင့် ယင်းနေရာများကို ရောက်ရှိလာသည့် ဦးရေကို လျှော့ချရန် လမ်းညွှန်မှုအသစ်များနှင့် လုပ်ငန်းစဉ်အသစ်များကို ဖော်ထုတ်ပါမည်။

၃၀၅။ မိသားစုများနှင့်ကလေးများကိုထိုကဲ့သို့ ထောက်ပံ့မှုအစီအစဉ်အတွက် ကုန်ကျမှုသည် ကလေးများကို သင်တန်းကျောင်း၊ ဂေဟာများတွင် ပြုစုသည့် ကုန်ကျစရိတ်ထက်များစွာ သက်သာပါသည်။ ကလေးဖွံ့ဖြိုးမှုရှုထောင့်က ကြည့်လျှင်လည်း ပိုမိုကောင်းမွန်သောရလဒ်ကို ရရှိမည်ဖြစ်ပါသည်။ ထိုကလေးများ၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို သေချာစွာတာဝန်ယူမည့် ဆွေမျိုးတော်သူ သို့မဟုတ် အခြားမွေးစားမိသားစုများနှင့်နေနိုင်စေရန် အားထုတ်မှုများ ပြုလုပ်ပါမည်။

၃၀၆။ နောက်ထပ်တစ်ဖန် ကျွေးမွေးပြုစုရမည့်ကလေး အထူးသဖြင့် မသန်စွမ်းသောကလေးအတွက် ပြုစုစောင့်ရှောက်ရန် ငွေနှင့်အချိန်မပြည့်စုံသော၊ ဝင်ငွေနည်းသောမိသားစုများ အတွက် မိသားစုပံ့ပိုးမှုအစီအစဉ် တစ်ရပ်ကို ဖော်ထုတ်ဆောင်ရွက်ပါမည်။ လုံလောက်မှုရှိပြီး သင့်တင့်သည့် ငွေကြေးထောက်ပံ့မှုကို အခြေအနေတစ်ရပ်သတ်မှတ်၍ ပံ့ပိုးခြင်း၊ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု

နှင့် အာဟာရကျွေးမွေးမှု စီစဉ်ပေးခြင်း၊ မူကြိုနှင့် အခြားကလေးပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ဝန်ဆောင်မှုများစီစဉ်ပေးခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ပေးပါမည်။

### ၅.၆.၁၀။ သင်တန်းကျောင်း၊ ဂေဟာများတွင် ရောက်ရှိနေပြီးဖြစ်သောကလေးများ အတွက် ပြုစုစောင့်ရှောက်မှု တိုးမြှင့်ပေးခြင်း

၃၀၇။ ပြုစုစောင့်ရှောက်ရေးသင်တန်းကျောင်း၊ ဂေဟာများတွင် ရောက်ရှိနေပြီးဖြစ်သောမွေးစမှ ရှစ်နှစ်အရွယ်ကလေးများအတွက် ကလေးမိသားစုများကိုရှာဖွေခြင်း၊ မိသားစုပြန်လည်ပေါင်းစည်းရေးအတွက် နှစ်သိမ့်ဆွေးနွေးအကြံပေးမှုများ ပြုလုပ်ပါမည်။ ယင်းသို့ ဆောင်ရွက်နေစဉ်ကာလတွင် သင်တန်းကျောင်းများရှိ ဆရာ၊ ဆရာမများကို ကလေးဖွံ့ဖြိုးမှုနှင့် ကိုက်ညီသော ပြုစုစောင့်ရှောက်မှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နည်းလမ်းများကို သင်ကြားပို့ချပေးပါမည်။ ကလေးများကို မိသားစုအခြေခံပြုစုစောင့်ရှောက်မှုအစီအစဉ်သို့ စနစ်တကျ လွှဲပြောင်းပေးနိုင်ရန် ပြင်ဆင်ခြင်းနည်းလမ်းများလည်း ပါဝင်ပါသည်။ လွှဲပြောင်းလက်ခံပြုစုပေးမည့် မိသားစုသည်လည်း ကလေးများ ကောင်းမွန်စွာ ဖွံ့ဖြိုးလာစေရန် ပြုစုစောင့်ရှောက်တတ်ရန် လေ့ကျင့်သင်ကြားမှုရရှိထားပြီး ဖြစ်ရပါမည်။

၃၀၈။ သင်တန်းကျောင်း သို့မဟုတ် ဂေဟာများအားလုံးသည် ၂၀၁၅ ခုနှစ်တွင် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ရပါမည်။ ယင်းသင်တန်းကျောင်းများတွင် တာဝန်ယူနေသောဂေဟာမှူးနှင့် ကျောင်းအုပ်ကြီးများသည် သင်တန်းကျောင်းတွင် ကလေးများကို ပြုစုစောင့်ရှောက်ခြင်းနှင့် ပတ်သက်သော အနိမ့်ဆုံး'စံ'သတ်မှတ်ချက်ကို ၂၀၁၃ ခုနှစ်က စတင်အကောင်အထည်ဖော်ပြီး ဆက်လက်၍ ထိန်းသိမ်းထားရပါမည် (MoSWRR–၂၀၁၁ဘီ)။ ယင်းသင်တန်းကျောင်းများ၏ အရည်အသွေးကို *"အနိမ့်ဆုံး'စံ'သတ်မှတ်ချက်များ"*နှင့် အခြားစည်းမျဉ်းများကို အသုံးပြု၍ သုံးသပ်အကဲဖြတ်နိုင်ရန် ကြီးကြပ်သူများအားလုံးကို လေ့ကျင့်သင်တန်းပေးပါမည်။ အနိမ့်ဆုံး'စံ'များနှင့် ဆက်စပ်သောစည်းမျဉ်းများကို တိကျစွာလိုက်နာနိုင်ရန် ကြီးကြပ်လုပ်ဆောင်သည့်လုပ်နည်းလုပ်ဟန်များကိုလည်း ဖော်ဆောင်ခြင်းဖြင့် ပြည့်ဝစွာတာဝန်ခံယူပါမည်။ စံသတ်မှတ်ချက်နှင့် ကိုက်ညီပြီး မှတ်ပုံတင်ထားသော သင်တန်းကျောင်း သို့မဟုတ် ဂေဟာများအတွက် ထပ်ဆောင်းပံ့ပိုးမှုများလည်း ပေးပါမည်။ ထိုသို့ပံ့ပိုးရာတွင် အသက်(၃၇)လသားနှင့်အထက် ကလေးများအတွက် အလေးထားဆောင်ရွက်ပါမည်။

### ၅.၆.၁၁။ အကျဉ်းဦးစီးဌာန၊ သို့မဟုတ် ပြန်လည်ပြုပြင်ရေးဌာနတွင် ပြစ်ဒဏ်ကျခံနေသောမိဘများ၏ကလေးများ

၃၀၉။ အကျဉ်းဦးစီးဌာန၏ ပြန်လည်ပြုပြင်ရေးဌာနတွင် ပြစ်ဒဏ်ကျခံနေသော မိခင်များနှင့်အတူနေရသော မွေးစမှ ငါးနှစ်အရွယ်ကလေးများအတွက် ECCD ဝန်ဆောင်မှု လိုအပ်ပါသည်။ အကျဉ်းဦးစီးဌာန၏ ပြန်လည်ပြုပြင်ရေးဌာန (Correction Facility) တစ်ခုစီတွင် ECCD ဌာနတစ်ခုစီကို ဖွင့်လှစ်ထားမည်ဖြစ်ရာ မွေးစမှ သုံးနှစ်အရွယ်ကလေးများကို မိခင်နို့တိုက်ကျွေးနိုင်ရန်

လည်း လုပသန့်ရှင်းသောနေရာထိုင်ခင်း စီစဉ်ပါမည်။ အရည်အသွေးမြင့်သော မိဘအသိပညာပေးလုပ်ငန်း၊ ရင်ခွင်ပိုက်နှင့် မူကြိုကျောင်းအစီအစဉ်များကိုလည်း စီစဉ်ပေးပါမည်။ ဤကလေးများအတွက် ကြိုတင်ကာကွယ်စောင့်ရှောက်ရေး၊ ပဏာမကျန်းမာရေးစောင့်ရှောက်ရေးနှင့် လက်ငင်းကြုံတွေ့နေသော ကျန်းမာရေးပြဿနာများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ စီစဉ်ပေးပါမည်။ ခြောက်လအရွယ်နှင့် အထက်ကလေးများကို အရည်အသွေးရှိသော ဖြည့်စွက်အစားအစာလည်း ပေးပါမည်။

၂၁၀။ ဖခင် သို့မဟုတ် မိခင် အကျဉ်းကျနေသော အသက်ရှစ်နှစ်အောက်အရွယ်ကလေးသည် ပြင်ပ၌ မိခင် သို့မဟုတ် ဖခင်နှင့်နေထိုင်ပါက ၎င်းတို့အတွက်လည်း ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် အဟာရပြည့်ဝရေးတို့ အတွက် စီစဉ်ဆောင်ရွက်ပေးပါမည်။ ယင်းကလေးများကို သိရှိဖော်ထုတ်ရေးနှင့် ၎င်းတို့အတွက်လိုအပ်သောဝန်ဆောင်မှုပေးရေးကို လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အကျဉ်းဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ပါမည်။ ယင်းကလေးများကို ၎င်းတို့၏ဆွေမျိုးများ သို့မဟုတ် ကောင်းစွာစောင့်ရှောက်သော အခြားမိသားစုအဖွဲ့ဝင်များနှင့်အတူနေနိုင်အောင်ဆောင်ရွက်ခြင်းဖြင့် သင်တန်းကျောင်း၊ ဂေဟာများတွင်ထားသည့်အစီအစဉ်ကို ရှောင်ရှားနိုင်ရန် ဆောင်ရွက်ပါမည်။

၂၁၁။ ထို့ပြင် ပြန်လည်ပြုပြင်ရေးဌာန၌ မိဘနှင့်တွေ့ရာတွင် နွေးထွေးပြီး ကလေးဖွံ့ဖြိုးမှုသဘာဝနှင့်ကိုက်ညီသောလုပ်ငန်းများကို ကလေးနှင့်မိဘများအတွက် ဆောင်ရွက်ပေးပါမည်။ အကျဉ်းကျခံနေရသောမိဘများ ၎င်းတို့၏ကလေးများနှင့်တွေ့ဆုံရာတွင် ကြည်နူးချမ်းမြေ့ဖွယ်တွေ့ဆုံမှုဖြစ်ရေးအတွက် အသိပညာပေးလုပ်ငန်း ဆောင်ရွက်ပေးပါမည်။ ၎င်းတို့၏ကလေးများသည် ဖွံ့ဖြိုးမှုနှေးကွေးစေသော အန္တရာယ်နှင့်ကြီးမားစွာရင်ဆိုင်ရနိုင်သဖြင့် ကလေးနှင့်မိသားစုလိုအပ်ချက်အပေါ်မူတည်၍ အိမ်တိုင်ရာရောက် သွားရောက်ကူညီမှုများ ဆောင်ရွက်ပါမည်။

### ၅.၆.၁၂။ ပဋိပက္ခ သို့မဟုတ် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသဖြင့် ပြည်တွင်းတွင် နေရပ်စွန့်ခွာပြောင်းရွှေ့မှုဒုက္ခခံစားနေရသော ကလေးများနှင့် ကယ်ဆယ်ရေးစခန်းတွင် ရောက်နေသောကလေးများ

၂၁၂။ ကလေးအများစုသည် နေရာပြောင်းရွှေ့ချထားစခန်းများ သို့မဟုတ် ကယ်ဆယ်ရေးစခန်းများတွင် နေနေကြရပါသည်။ ၎င်းတို့အနက်အများစုမှာ တိုင်းရင်းသားမျိုးနွယ်စုဝင်များ ဖြစ်ပါသည်။ ထိုကလေးများအတွက် ECCD ဆိုင်ရာ ဝန်ဆောင်မှုများကို ကလေးပျော်နေရာများ အသွင်ဖြင့် ဖန်တီးပေးရပါမည်။ ယင်းအစီအစဉ်များသည် ကလေးများအဖို့ ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံမှုရရှိရေး၊ ကောင်းမွန်စွာဖွံ့ဖြိုးရေးကို ဖြစ်စေပါမည်။ ထိုအစီအစဉ်များကြောင့် ကလေးများသည် လိုအပ်သော ကာကွယ်မှုဆိုင်ရာစောင့်ရှောက်မှုများ၊ ပဏာမကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများနှင့် လက်ငင်းကုသမှုနှင့် အာဟာရဖြည့်တင်းမှုကိုပါ ရရှိကြပါသည်။ ကလေးပြုစုစောင့်ရှောက်သူများအတွက် ECCD နှင့် အရေးပေါ်အခြေအနေတွင် ကလေးသူငယ်အကာအကွယ်

ပေးရေးဆိုင်ရာ သင်တန်းများကိုပေးပြီး ၎င်းတို့လိုက်နာကျင့်သုံးရမည့် အပြုအမူဆိုင်ရာ ဝန်ထမ်းကျင့်ဝတ်ကို လက်မှတ်ရေးထိုးရပါမည်။ ပြည်တွင်း နေရပ်စွန့်ခွာပြောင်းရွှေ့မှုဒဏ်ခံရသော ကလေးများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသောကလေးများနှင့် ၎င်းတို့၏မိဘများအတွက် ဆောင်ရွက်ပေးသောအစီအစဉ်များကို ၎င်းတို့၏မိသားစုသုံး သက်ဆိုင်ရာဘာသာစကားဖြင့် ဆောင်ရွက်ပါမည်။ ကလေးများကို ၎င်းတို့၏မိသားစုနှင့် ပြန်လည်ပေါင်းစည်းနေနိုင်ရေးကိုလည်းကောင်း၊ စခန်းများ သို့မဟုတ် နေရာပြောင်းရွှေ့ချထားခံရသောနေရာများ၊ ကယ်ဆယ်ရေးစခန်းများတွင် ကလေးများ မိသားစုနှင့်အတူနေနိုင်ရေးကိုလည်းကောင်း အထူးအလေးပေးဆောင်ရွက်ပါမည်။

## ၅.၆.၁၃။လမ်းပေါ်တွင် သွားလာ၊ နေထိုင်၊ ကျက်စားနေသော ကလေးများနှင့် အလုပ်လုပ်နေသောကလေးများ

၁၁၃။ လမ်းပေါ်တွင် သွားလာ၊ နေထိုင်၊ ကျက်စားနေသောကလေးများနှင့် အလုပ်လုပ်နေသောကလေးများတွင် (အမြဲမဟုတ်သော်လည်း) တူညီချက်များရှိသည်ဟု ဆိုနိုင်ပါသည်။ ယင်းကလေးများအတွက် ECCD ဆိုင်ရာ ဝန်ဆောင်မှုများပေးသော ဝင်ရောက်ခိုနားရန်နေရာများ ဖန်တီးပေးပါမည်။ ယင်းနေရာများတွင် မူကြိုကျောင်း၊ သူငယ်တန်းနှင့် မူလတန်းကျောင်းကိုပါ တွဲထားပေးပါမည်။ အထူးသဖြင့် *"ပေါ့တန်ဆိုးသွမ်းသောကလေးများ"*ဟု အမည်ပေးခံရသော လမ်းပေါ်တွင် သွားလာ၊ နေထိုင်၊ ကျက်စားနေသောကလေးများနှင့် အလုပ်လုပ်နေသောကလေးများအတွက် ဘဝတွက်တာကျွမ်းကျင်မှုရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကလေးတစ်ဖက်နှင့် လမ်းပေါ်တွင် တောင်းရမ်းစားသောက်နေသော မိခင်များအတွက်ပါ သင်တန်းအစီအစဉ်များပြုလုပ်ခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းနှင့် သင်တန်းသုံးပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေခြင်းများ ပြုလုပ်ပါမည်။ လမ်းပေါ်သွားလာနေထိုင်ကျက်စားနေသောကလေးများနှင့် အလုပ်လုပ်နေသော ကလေးများ၏ ဆင်းရဲနွမ်းပါးသောမိဘများအတွက် အလုပ်အကိုင်ရရှိရေးနှင့် မိသားစုထောက်ပံ့မှုများရရှိရေး ဆောင်ရွက်ပေးပါမည်။

## ၅.၆.၁၄။ ကလေးများကို မတရားနှိပ်စက်ခိုင်းစေမှုပပျောက်ရေး

၁၁၄။ ငါးနှစ်အရွယ်ခန့်မှစပြီး တချို့ကလေးများမှာ ပင်ပန်းဆင်းရဲသောအလုပ်များတွင် ခိုင်းစေခံရတတ်ပါသည်။ လေးလံသောအုတ်ခဲများသယ်ရခြင်း၊ လမ်းပေါ်တွင် ပစ္စည်းရောင်းရခြင်း၊ တောင်းရမ်းရခြင်း၊ သီးနှံများရိတ်သိမ်းရခြင်း၊ တိရစ္ဆာန်များထိန်းကျောင်းပေးရခြင်းနှင့် အခြားသော အလားတူလုပ်ငန်းများကို လုပ်ဆောင်ကြရပါသည်။ ယင်းသို့ ညှဉ်းပန်းနှိပ်စက်ခိုင်းစေသော အလုပ်များပပျောက်စေရန် ထုတ်ပြန်ထားသော ကလေးသူငယ်အခွင့်အရေးများ၊ အခြားသော ဥပဒေများနှင့် 'စံ'များကို ခိုင်မာစေရန် အားဖြည့်ပေးခြင်းများ ပြုလုပ်ရန်လိုအပ်ပါမည်။

၃၁၅။ ကလေးများကို နှိပ်စက်ခိုင်းစေမှုများ ပပျောက်စေမည့်အစီအစဉ်များကို တိုးချဲ့အားကောင်းလာစေရန် ပြုလုပ်ပါမည်။ အဓမ္မစေခိုင်းခြင်းခံရသောကလေးများကို ဒေသအသီးသီး၌ ဖော်ထုတ်ပါမည်။ ထိုကလေးအားလုံးကို သင့်လျော်သော အသက်အပိုင်းအခြားအရ မူကြို၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် တက်ရောက်နိုင်စေရန် စီစဉ်ပါမည်။ ၎င်းတို့လိုအပ်နေသော ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဝန်ဆောင်မှုများကို အသေအချာရစေရန် ဆောင်ရွက်ပါမည်။

## ၅.၆.၁၅။ HIV/AIDS ရောဂါရှိ သို့မဟုတ် ရောဂါဒဏ်ခံစားနေရသောကလေးများ

၃၁၆။ ကိုယ်တိုင် HIV/AIDS ရောဂါခံစားနေရသော ကလေးများ သို့မဟုတ် HIV/AIDS ရောဂါခံစားနေရသောမိဘ သို့မဟုတ် ပြုစုစောင့်ရှောက်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ရှိသည့်မိသားစုက ကလေးများကို အပေါင်းအသင်းမလုပ်ဘဲ ဘေးဖယ်ထားမှု၊ ရောင်ကြဉ်နှိမ့်ချဆက်ဆံမှုနှင့် ခွဲခြားဆက်ဆံမှုများ မပြုလုပ်ရပါ။ အခြားကလေးများနည်းတူ ဤကလေးများသည်လည်း ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအားလုံးကို ရရှိစေပါမည်။ HIV/AIDS ရောဂါဒဏ်ခံစားနေရသောကလေးများကို အရည်အသွေးမြင့်ပြီး ကောင်းမွန်သောပြုစုစောင့်ရှောက်မှုများနှင့် ကာကွယ်စောင့်ရှောက်မှုများပေးပါမည်။ ထိုဝန်ဆောင်မှုများတွင် ယာယီနေထိုင်စရာများ၊ လက်ခံစောင့်ရှောက်ပြုစုပေးမည့်မိသားစုများ၊ သင့်လျော်သော နေ့ကလေးထိန်းဌာနများနှင့် အခြားလိုအပ်သော ကလေးဖွံ့ဖြိုးမှုအထောက်အကူပြုဝန်ဆောင်မှုများ ပါဝင်ပါသည်။

၃၁၇။ HIV ပိုးရှိ ကလေးအားလုံး လိုအပ်နေသော ART ရရှိသုံးစွဲနိုင်အောင် ထောက်ပံ့ပါမည်။ HIV/AIDS ရောဂါခံစားနေရသောကလေးများ၏ လိုအပ်ချက်များကို ECCD ဆရာများ၊ သူငယ်တန်းနှင့် မူလတန်းဆရာများက သိရှိနားလည်ခံစားပြီး လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် ဆီလျော်သော သင်ထောက်ကူများရွေးချယ်၍ လိုအပ်သောလေ့ကျင့်သင်တန်းများ ဆောင်ရွက်ပေးပါမည်။ လိုအပ်သည့်အခါတိုင်းတွင် ရပ်ရွာနှင့် မိဘများကို HIV/AIDS ရောဂါဒဏ်ခံစားနေရသောကလေးများ၏ လိုအပ်ချက်များကို သိရှိနားလည်ခံစားပြီး လိုအပ်သောအကူအညီများပေးနိုင်ရန် သင်တန်းပေးပါမည်။ ကလေးများကို HIV/AIDS ရောဂါဒဏ် မခံစားရစေရန် တတ်နိုင်သမျှ အားထုတ်မှုများ ပြုလုပ်ပါမည်။ HIV ပိုး ကူးစက်ခြင်း ကိုယ်တိုင်မခံရသော်လည်း မိသားစုအတွင်း HIVနှင့် AIDSကူးစက်ခံရမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများ၏ သက်ရောက်မှုရှိနေသောကလေးများကို HIV ရောဂါကြောင့် ထိခိုက်နစ်နာမှုမဖြစ်အောင် ကာကွယ်စောင့်ရှောက်ပါမည်။\

၅

## ဦးတည်ရည်ရွယ်ချက် (၇)

အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း၌ တာဝန်ယူနေကြသည့် အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စေတနာ့ဝန်ထမ်းများ၏ဗဟုသုတနှင့် စွမ်းဆောင်ရည် အစဉ်မြင့်မားတိုးတက်နေအောင် ဆောင်ရွက်ပေးရန်၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုအဖြစ် အဆင့်ဆင့်တိုးတက်နိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ အရည်အသွေးပြည့်ကြောင်း အထောက်အထားလက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းများဆောင်ရွက်ရန်၊ ယင်းသို့ဆောင်ရွက်ပေးရာတွင် သင်တန်းနည်းပြများ၊ စီမံအုပ်ချုပ်သူများနှင့် ဦးဆောင်မှုပေးနေသူများထဲက အဓိကကျသော ပုဂ္ဂိုလ်များအတွက် ဦးစားပေးဆောင်ရွက်ရန်။

## မဟာဗျူဟာ(၇)
## *လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ်*

အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာ့ဝန်ထမ်းများ၏အရည်အသွေး စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ဘက်စုံလွှမ်းခြုံ၍ အရည်အသွေးမြင့်သော၊ ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်သော၊ ရေရှည်တည်တံ့သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းခွင်အကြိုသင်တန်းပေးသည့်စနစ်ကို ထူထောင်ရန်၊ ကျွမ်းကျင်မှုအရ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုအဖြစ် အဆင့်ဆင့်တိုးတက်နိုင်သောအခြေအနေ အခွင့်အလမ်းကို ဖန်တီးပေးခြင်း၊ လုပ်ငန်းခွင်အဆင့်တိုင်းတွင် ဝန်ထမ်းများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် စဉ်ဆက်မပြတ် သင်ယူလေ့လာနိုင်သော သင်တန်းများစီစဉ်ပေးခြင်း၊ ကျွမ်းကျင်သူများအား အရည်အသွေးအလိုက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ ပုံမှန်သက်တမ်းတိုးပေးခြင်း။

၃၁၈။ ဘွဲ့ဒီဂရီပေးသောသင်တန်းများ တက်ရောက်သင်ယူစေခြင်း၊ နိုင်ငံအဆင့်၊ အရှေ့တောင်အာရှနှင့် အပြည်ပြည်ဆိုင်ရာအဆင့် ဆွေးနွေးပွဲများ၊ သင်တန်းများတက်ရောက်စေခြင်း၊ လေ့လာရေး အစီအစဉ်များသွားရောက်စေခြင်း စသည့် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ စီစဉ်ပေးခြင်းဖြင့် ECCD လုပ်ငန်းကို ဆောင်ရွက်နေသော အဖွဲ့အစည်းအသီးသီး၏ အဆင့်အသီးသီးက ECCD ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပါမည်။

၃၁၉။ ဖော်ပြပါလုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများပေးရခြင်း၏ အဓိကရည်မှန်းချက်မှာ (က)ECCD ဆိုင်ရာပညာရေး(ECCE)၊ ကလေး၏ဖွံ့ဖြိုးမှုအခြေအနေကိုသိရန် စစ်ဆေးတိုင်းတာပြီး လိုအပ်သလို ဆက်လက်စောင့်ရှောက်ရေး(ECI)၊ ကလေးများကိုကုသရေး၊ အထူးပညာရေး၊ လူမှုပညာရေး၊ ပညာရေးစိတ်ပညာရပ်ဆိုင်ရာနှင့် ပညာရေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဒီပလိုမာဘွဲ့၊ ဒီဂရီများ၊ ဘွဲ့လွန်များ၊ ပါရဂူဘွဲ့များဖန်တီးပေးခြင်းဖြင့် အားကိုးလောက်သော

ECCD တတ်သိပညာရှင်များ မွေးထုတ်ရန်၊ (ခ) တတ်သိပညာရှင်များနှင့် ECCD ဆိုင်ရာ အထူးတတ်ကျွမ်းသူများ၏ လမ်းညွှန်မှုအောက်တွင် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများပေးနိုင်သည့် ကျွမ်းကျင်သူများ၊ စေတနာ့ရှင် လုပ်အားပေးအမျိုးမျိုးတို့ကို လေ့ကျင့်ပေးရန် ဖြစ်ပါသည်။

၃၂၀။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများအားလုံးတွင် အသုံးပြုမည့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများတွင် ECCD မူဝါဒကို လေ့လာဆွေးနွေးနိုင်အောင် ထည့်သွင်းထားပါသည်။ ယင်းသို့ စီစဉ်ရသည်မှာ သင်တန်းများအားလုံးသည် ဤမူဝါဒတွင် ဖော်ပြထားသော အနာဂတ်မျှော်မှန်းချက်၊ တာဝန်ခံယူမှု၊ အဓိကအခြေခံအယူအဆသဘောတရားများ၊ ရည်မှန်းချက်ပန်းတိုင်များ၊ ဦးတည်ရည်ရွယ်ချက်များ၊ မဟာဗျူဟာများနှင့် လုပ်ငန်းများကို သုံးသပ်ထင်ဟပ်နေစေရန် ဖြစ်ပါသည်။

## ၅.၇.၁။ ECCDဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တိုးမြှင့်ရေးနှင့် သင်တန်းဆိုင်ရာ လေ့လာမှုများ

၃၂၁။ ဤမူဝါဒကို လက်ခံအတည်ပြုပြီးပါက အဓိက ECCD လုပ်ငန်းနယ်ပယ်များတွင် လိုအပ်သော ကျွမ်းကျင်သူအရေအတွက်နှင့် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းပေးနိုင်မှုစွမ်းရည်ကို ပြန်လည်သုံးသပ်ရပါမည်။ နောက်ဆုံးအခြေအနေနှင့် သတင်းအချက်အလက်များရရှိစေရန် အခြားလေ့လာမှုများလည်း ပြုလုပ်ပါမည်။ ထို့အပြင် အနည်းဆုံး ငါးနှစ်တစ်ကြိမ် လေ့လာဆောင်ရွက်ရပါမည်။ သို့မှသာ မြန်မာနိုင်ငံတွင် ECCD ဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများကို ချဲ့ထွင်ခြင်း၊ တိုးတက်မြင့်မားစေခြင်းတို့အတွက် လိုအပ်ချက်များကို တိကျစွာခန့်မှန်းနိုင်မည်ဖြစ်ပါသည်။

## ၅.၇.၂။ လုပ်ငန်းခွင်အကြိုနှင့်လုပ်ငန်းခွင်သင်တန်းများအတွက် အမျိုးသားအဆင့် ဆောင်ရွက်မည့် အစီအစဉ်နှင့်စနစ်

၃၂၂။ လက်ရှိ မြန်မာနိုင်ငံတွင် ECCD နယ်ပယ်၌ တတ်ကျွမ်းသူများ၊ ထိုက်သင့်သည့် ကျွမ်းကျင်မှုရှိသူများနှင့် စေတနာ့ဝန်ထမ်းများကို လုပ်ငန်းခွင်အကြိုသင်တန်းပေးသောအစီအစဉ်နှင့် စနစ်မရှိသေးပါ။ ထို့ကြောင့် အမျိုးသားအဆင့် လုပ်ငန်းခွင်အကြိုသင်တန်းပေးသောစနစ်တစ်ခုကို ဖော်ထုတ်ရပါမည်။ ယင်းအစီအစဉ်တွင် အရည်အသွေးရှိသော လုပ်ငန်းခွင်သင်တန်းကို ECCD ဆိုင်ရာ ဦးဆောင်သူများ၊ အစီအစဉ်ရေးဆွဲသူများ၊ စီမံခန့်ခွဲသူများ၊ ညှိနှိုင်းဆောင်ရွက်ပေးသူများ၊ ကြီးကြပ်သူများ၊ လုပ်ငန်းကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတွင် ကျွမ်းကျင်သူများ၊ ဆရာများ၊ ကလေးဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးမှု ကျွမ်းကျင်သူများ၊ ကုသပေးသူများ၊ လူမှုဆက်ဆံရေး ကျွမ်းကျင်သူများ၊ စိတ်ပညာရှင်များနှင့် ထိုက်သင့်သည့် ကျွမ်းကျင်မှုရှိသူများ သို့မဟုတ် စေတနာ့ဝန်ထမ်းများဖြစ်ကြသော ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများ စသည်တို့အတွက် ဆောင်ရွက်ပေးနိုင်ရန် အရေးကြီးသောလုပ်ငန်းစဉ်များနှင့် ကဏ္ဍများကို နှစ်ကာလအပိုင်းအခြားအလိုက် ဖော်ပြရေးဆွဲပါမည်။

၃၂၃။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများအတွက် အစီအစဉ်များရေးဆွဲရာတွင် သင်တန်းများကို စီစဉ်ဆောင်ရွက်နေသော အဖွဲ့အစည်းများအားလုံးပါဝင်ရန် အရေးကြီးပါသည်။

၃၂၄။ အဆင့်မြင့်တာဝန်ရှိသူများပါဝင်သော ECCD သင်တန်း ဦးဆောင်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပါမည်။ ယင်းအဖွဲ့က အစီအစဉ်ရေးဆွဲရာတွင် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေး ကောလိပ်၊ ပညာရေးတက္ကသိုလ်၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍဆိုင်ရာ တက္ကသိုလ်တို့နှင့် ပူးပေါင်းညှိနှိုင်းပြီး လိုအပ်သောလမ်းညွှန်မှုများ ချမှတ်ပေးပါမည်။ ယင်းကော်မတီတွင် ကိုယ်စားလှယ်များအဖြစ် ဝန်ကြီးဌာနတစ်ခုချင်းစီကလည်းကောင်း၊ ပညာရပ် ဆိုင်ရာအဖွဲ့အစည်းများကလည်းကောင်း၊ သက်ဆိုင်သော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက လည်းကောင်း ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပါမည်။ ဤကော်မတီအတွက် လိုအပ်သောအကြံပြုချက်များ ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များကိုလည်း ဖိတ်ခေါ်ပါမည်။

၃၂၅။ ECCD ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်ရေးနှင့် သင်တန်းဆိုင်ရာ လေ့လာ တွေ့ရှိချက်များပေါ် အခြေခံ၍ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများကို နှစ်နှစ်လျှင် တစ်ကြိမ် ပြင်ဆင်ပါမည်။ ယင်းသင်တန်းအစီအစဉ်တွင် နှစ်ကာလအပိုင်းအခြားအလိုက် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်စေမည့်အစီအစဉ်၊ ယင်းစနစ်ကိုအကောင်အထည်ဖော်ရာတွင် အဓိကအခန်းမှ ပါဝင်မည့်ဌာနများ၊ အဖွဲ့အစည်းများရွေးချယ်ခြင်း သို့မဟုတ် ဖွဲ့စည်းခြင်း၊ သင်တန်းလက်စွဲများနှင့် သင်ခန်းစာများပြင်ဆင်ခြင်း၊ သက်ဆိုင်ရာ လူမျိုးအလိုက်၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့်ဆီလျော်အောင်ပြင်ဆင်ထားသောသင်ရိုးညွှန်းတမ်းနှင့် သင်ထောက်ကူ ပစ္စည်းများ၊ သင်နည်းများ၊ ပြန်ကြား၊ ဆက်သွယ်၊ ပညာပေးရေးဆိုင်ရာပစ္စည်းများ ပါဝင်ပါသည်။ ထို့အပြင် ECCD လုပ်ငန်းတွင် ပါဝင်နေသူများအတွက် အသက်မွေးဝမ်းကျောင်းအတတ်ပညာ တစ်ခုအဖြစ် အဆင့်ဆင့်တိုးတက်ရေးအခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပါမည်။ ယင်းလုပ်ငန်း ဆိုင်ရာ ရာထူးအဆင့်များတွင် လိုအပ်သော အရည်အသွေးစံများ၊ တရားဝင်သတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်နှင့် ထပ်ဆင့်အသိအမှတ်ပြုလက်မှတ်များအတွက် လိုအပ်သော အရည်အသွေးများကိုလည်း သတ်မှတ်ထားပါမည်။

### ၅.၇.၃။ အမျိုးသားအဆင့် ECCD အရင်းအမြစ်နှင့် သင်တန်းဗဟိုဌာန

၃၂၆။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အရည်အသွေးမြင့်မားသော ကလေးသူငယ်ဖွံ့ဖြိုးမှု ဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်ရန် သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်နည်း များ၊ ပြန်ကြားဆက်သွယ်ပညာပေးပစ္စည်းများနှင့် လက်စွဲစာစောင်များကို ရွေးချယ်ခြင်း သို့မဟုတ် ပြုစုခြင်း၊ အခြေအနေနှင့်ကိုက်ညီစေရန် ပြုပြင်ခြင်း၊ ဘာသာပြန်ခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ပါမည်။ ယင်းတို့အနက် အများစုကို မြန်မာဘာသာစကားဖြင့်သာမက တိုင်းရင်းသားမျိုးနွယ်စုများ၏ ဘာသာစကားများ ဖြင့်လည်း ပြုစုရန်လိုအပ်ပါမည်။

၃၂၇။ ထိုလုပ်ငန်းများကို လုပ်နိုင်ရန် *"အမျိုးသားအဆင့် ECCD အရင်းအမြစ်နှင့် သင်တန်းဗဟို ဌာန"*တစ်ခုကို ထူထောင်ပါမည်။ ဤဌာနသည် လိုအပ်သော သင်ကြားသင်ယူပစ္စည်းများ ထုတ်လုပ်ရေးနှင့် သင်တန်းပြုလုပ်ရေးအတွက် ဘက်စုံပူးပေါင်းပါဝင်သောနည်းလမ်းကို အသုံးပြု ပါမည်။ ယင်းဌာနတွင် အဓိကအားဖြင့် အောက်ပါကဏ္ဍများအကျုံးဝင်ပါမည်။ သင်ရိုးညွှန်းတမ်း နှင့် ပညာရေးအထောက်အကူပစ္စည်းပြုစုခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ ပုံနှိပ်ခြင်း သို့မဟုတ် မိတ္တူကူးခြင်း၊ ဘာသာပြန်ခြင်းနှင့် ယဉ်ကျေးမှုနှင့်ကိုက်ညီအောင်ပြုပြင်ခြင်း၊ လက်ရှိ မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာတွင် အသုံးပြုနေသော အရည်အသွေးမြင့် သင်ကြား သင်ယူမှုပစ္စည်းများကို ထုတ်လုပ်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း၊ လိုအပ်သောသင်တန်း များအတွက် ပုံစံဒီဇိုင်းထုတ်ခြင်းနှင့် ပြင်ဆင်ခြင်း၊ ရှေ့ပြေးစီမံကိန်းလုပ်ငန်းများကို အကောင် အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းကို အစိုးရနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုနှင့်ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိ ပညာရှင်အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် လက်တွဲဆောင်ရွက်ခြင်း၊ လုပ်ငန်းအစီအစဉ်များ နှင့် သက်ဆိုင်ရာကျွမ်းကျင်သူ၊ တာဝန်ယူမည့်ပုဂ္ဂိုလ်များ၏ စံသတ်မှတ်ခြင်း၊ လိုအပ်သော လုပ်နည်းလုပ်ဟန်များ သတ်မှတ်ခြင်း၊ မြန်မာနိုင်ငံတွင်ဖွင့်လှစ်ထားသော တက္ကသိုလ်များနှင့် ကောလိပ်များတွင် ပို့ချသောသင်တန်းများကို ထပ်မံအားဖြည့်ဖြည့်ဆည်းပေးရန်အတွက် လုပ်ငန်း ခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ခြင်း၊ လက်တွေ့လုပ်ကိုင်ပုံများကို သရုပ်ပြခြင်း၊ လက်တွေ့ဆောင်ရွက်လုပ်ကိုင်စေခြင်း၊ ပညာရေးအထောက်အကူပြုပစ္စည်းများနှင့် စာအုပ်များ၊ ကလေးကစားစရာများ စသည့်အရင်းအမြစ်များ စုစည်းထားသောဌာနများ ထူထောင်ခြင်းတို့ ဖြစ်ပါ သည်။

၃၂၈။ အမျိုးသားအဆင့် အစီအစဉ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ပါမည်။ ဆက်လက်၍ အမျိုးသားအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များတွင် အရင်းအမြစ်ဌာနများ ထူထောင်ရေးအစီအစဉ်ကို ပြည်တွင်းနှင့် ဒေသဆိုင်ရာ ECCD ကျွမ်းကျင်သူများ ပူးပေါင်း ဖော်ထုတ်ပါမည်။ ယင်းအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ပါမည်။ လုပ်ငန်းအစီအစဉ် အတည်ပြုပြီးပါက အမျိုးသားအဆင့် ရင်းမြစ်ဌာနကစပြီး အဆင့်လိုက် အကောင်အထည်ဖော် ထူထောင်သွားပါမည်။

## ၅.၇.၄။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့် ECCDအရင်းအမြစ်နှင့် သင်တန်းဌာနများ

၃၂၉။ ကျစ်လျစ်သိပ်သည်းသော အမျိုးသားအဆင့် ဗဟိုဌာနကို ထူထောင်ပြီးနောက် တိုင်းဒေသ ကြီးနှင့် ပြည်နယ်များတွင်လည်း ECCD အရင်းအမြစ်နှင့် သင်တန်းဌာနများကို ဆက်လက်၍ နှစ်အပိုင်းအခြားဖြင့် အဆင့်လိုက် ထူထောင်သွားပါမည်။ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ် များရှိ ရင်းမြစ်ဌာနများတွင်လည်း လုပ်ငန်းခွင်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသွား ပါမည်။ ရင်းမြစ်စုစည်းရာဌာန (Rescource Rooms) များကိုထူထောင်ပါမည်။ လက်တွေ့သရုပ်ပြ

သောအစီအစဉ်များ ပြုလုပ်ပေးပါမည်။ ပညာရေးအထောက်အကူပြုပစ္စည်းများကို ကွင်းဆင်း စမ်းသပ် စစ်ဆေးကြည့်ခြင်းနှင့် ရေ့ပြေးစီမံကိန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပါမည်။

### ၅.၇.၅။ အသက်မွေးဝမ်းကျောင်း အတတ်ပညာအဖြစ် တိုးတက်ရေးအလာအလာများ၊ ဝန်ထမ်းများနှင့်ဆိုင်သော သတ်မှတ်ချက် 'စံ'များ၊ အရည်အသွေးထောက်ခံချက်လက်မှတ်နှင့် ထပ်ဆင့်အသိအမှတ်ပြုလက်မှတ်များ

၃၃၀။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ECCD ဆိုင်ရာ အဓိကနယ်ပယ်များတွင် အသက်မွေးဝမ်းကျောင်းအတတ်ပညာအဖြစ် တိုးတက်ရေးလမ်းကြောင်းများကို ထူထောင်ထားပါမည်။ ယင်းအစီအစဉ်အားဖြင့်လုပ်ငန်းခွင်သို့ ဝင်ရောက်နေသော ကျွမ်းကျင်သူစေတနာရှင် လုပ်အားပေးများကို အငယ်တန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျွမ်းကျင်သူများဖြစ်လာစေရန် သက်ဆိုင်ရာနယ်ပယ်တွင်အတွေ့အကြုံယူခြင်း၊ သင်တန်းတက်ခြင်းများကို ပိုမိုကြိုးစားဆောင်ရွက်ရန် တိုက်တွန်းအားပေးနိုင်ပါမည်။ ကျွမ်းကျင်မှုအဆင့်အလိုက်ရှိရမည့် အရည်အသွေးစံများနှင့် အခန်းကဏ္ဍများကိုလည်း သတ်မှတ်ထားပါမည်။ တရားဝင်သတ်မှတ်ထားသော အရည်အသွေးအသိအမှတ်ပြုလက်မှတ်များအတွက် လိုအပ်ချက်များကိုလည်း ပူးတွဲဖော်ပြထားပါမည်။ မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုလုပ်ငန်းများရှိ ကျွမ်းကျင်သူများ၊ ECI လုပ်ဆောင်ရာတွင် ကျွမ်းကျင်သူများ၊ မူကြိုပညာရေးနှင့် အကူးအပြောင်းဆိုင်ရာဝန်ဆောင်မှုများ၊ သူငယ်တန်းနှင့် မူလတန်းပညာရေးတွင် ကျွမ်းကျင်သူများ၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နယ်ပယ်များတွင် လုပ်ကိုင်နေသူ၊ လူမှုဆက်ဆံရေးနှင့် စိတ်ပညာရှင်များ အပါအဝင် ကျွမ်းကျင်သူများအတွက် အသိအမှတ်ပြုလက်မှတ်များ လိုအပ်ပါသည်။

၃၃၁။ ECCD နှင့်ပတ်သက်သော အဓိကနယ်ပယ်များတွင် ကျွမ်းကျင်သူများအတွက် နှစ်စဉ်ထပ်ဆင့်အသိအမှတ်ပြုလက်မှတ်ရယူနိုင်သောစနစ်တစ်ခုကိုလည်း ဖော်ဆောင်ပါမည်။ ယင်းစနစ်တွင် လိုအပ်သောသင်တန်းများ၊ လိုအပ်သောခရက်ဒစ်အရေအတွက် (Credit) သို့မဟုတ် ထပ်မံရယူမည့် အသိအမှတ်ပြုလက်မှတ်အတွက် သင်ယူမှုအချိန်နာရီလိုအပ်ချက်တို့ကို သတ်မှတ်ထားပါမည်။

### ၅.၇.၆။ ပညာရေးတက္ကသိုလ်တွင် ECCD ဆိုင်ရာ ကျွမ်းကျင်သူများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းများ

၃၃၂။ ECCD ဆိုင်ရာ အားထားနိုင်လောက်သည့် ဦးစီးဦးဆောင်သူများနှင့် ကျွမ်းကျင်သူများ ထွက်ပေါ်ရေးအတွက် ပညာရေးတက္ကသိုလ်ရှိ အောက်ပါနယ်ပယ်များတွင် အစပိုင်း၌ မဟာဘွဲ့နှင့် နောက်ပိုင်းတွင် ပါရဂူဘွဲ့များကို မွေးထုတ်ပေးနိုင်ရန် စီစဉ်ပါမည်–

(က) သန္ဓေသားဘဝမှ ရှစ်နှစ်အရွယ်ထိ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် (ကဏ္ဍပေါင်းစုံမှ ကလေးဖွံ့ဖြိုးမှုအတွက် ချဉ်းကပ်နည်း)၊

(ခ) မွေးစမှ ငါးနှစ်အရွယ်ကလေးများအတွက် (ရင်ခွင်ပိုက်ကလေးထိန်းကျောင်းမှ မူကြို၊ သူငယ်တန်း၊ မူလတန်းအောက်ဆင့်အထိအကျုံးဝင်သော) ရှေးဦးအရွယ်ကလေး သူငယ် ပညာရေးနယ်ပယ်၊ (ECE) နှင့် လူတိုင်းအကျုံးဝင် ပညာရေးနယ်ပယ်၊

(ဂ) ဖွံ့ဖြိုးမှုနှေးကွေးသော၊ အာဟာရမပြည့်ဝသော၊ မသန်စွမ်းသော၊ နာတာရှည်ရောဂါ ခံစားနေရသော၊ ပုံမမှန်အပြုအမူရှိကလေးများအတွက် ဖွံ့ဖြိုးမှုအခြေအနေကိုသိရန် တိုင်းတာစစ်ဆေးခြင်းနှင့် နောက်ဆက်တွဲဆောင်ရွက်ရမည့်လုပ်ငန်းများကိုလုပ်ဆောင် ရမည့်နယ်ပယ် (ECI) တွင် အထူးပညာရေး၌ ကျွမ်းကျင်သူများ မွေးထုတ်ပေးရေး ပါဝင်ပါသည်။ ယင်းသင်တန်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆေးတက္ကသိုလ်များ နှင့် ပူးပေါင်းစီစဉ်ပါမည်။

၃၃၃။ ကလေးများ၏ဖွံ့ဖြိုးမှုအခြေအနေကိုသိရှိရန် စစ်ဆေးတိုင်းတာပံ့ပိုးမှု ECIနယ်ပယ်တွင် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းလာအောင်ကုသမှု၊ စကားပြောနိုင်မှုဆိုင်ရာကုသမှုနှင့် မိမိကိုယ်ကို နေ့စဉ်စောင့်ရှောက်နိုင်မှုဆိုင်ရာကုသမှု (Occupational Therapy)၊ ကလေးအထူးကုကျွမ်းကျင်မှု၊ သူနာပြုအတတ်ပညာ၊ အထူးပညာရေး၊ လူမှုရေးပညာနှင့် ပညာရေးစိတ်ပညာနယ်ပယ်တို့ ပါဝင်ပါ သည်။ ဤစနစ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ အဆင့်မြင့်တက္ကသိုလ်များ နှင့် နိုင်ငံတကာက ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများတို့ အပြည့်အဝပူးပေါင်းပြီး ဆောင်ရွက်မှုဖြင့် ထူထောင်ပါမည်။

၃၃၄။ မွေးစမှသုံးနှစ်အရွယ်ကလေးများ၏ မိဘများနှင့်ပူးတွဲဆောင်ရွက်ရမည့် အတတ်ပညာရှင် များကို အထူးအလေးပေးလေ့ကျင့်ပါမည်။ ၎င်းတို့ကတစ်ဆင့် ECCD သင်တန်းဆရာများ၊ မိဘများ၊ ကလေးပြုစုစောင့်ရှောက်သူများ၊ မိဘအသိပညာပေးသူများ၊ ရပ်ရွာခေါင်းဆောင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ သားဖွားဆရာမများ၊ လူမှုဆက်ဆံရေးဝန်ထမ်းများ၊ လူထု ကျန်းမာရေးလုပ်သားများနှင့် စေတနာရှင်လုပ်အားပေးများကို ထပ်ဆင့်လေ့ကျင့်ပေးပါမည်။

### ၅.၇.၇။ ပညာရေးကောလိပ်များ

၃၃၅။ အရည်အသွေးမြင့်မားသော မူကြိုဆရာများ၊ သူငယ်တန်းဆရာများ ပြင်ဆင်မွေးထုတ်ရန် အတွက် ပညာရေးကောလိပ်အားလုံးတွင် ECCD၊ မူကြိုပညာရေး နှစ်နှစ်မှ လေးနှစ်ကြား ဒီပလိုမာပေးသောအစီအစဉ်ကို ပြုလုပ်ပါမည်။ ပို့ချမည့် ECCD၊ မူကြိုဆရာများနှင့် သူငယ်တန်းပြ ဆရာသင်တန်းအတွက် သင်ရိုးမာတိကာကို ရေးဆွဲပြီးလျှင် ပညာရေးဝန်ကြီးဌာန၏ သင်ရိုး ညွှန်းတမ်းရေးဆွဲရေးဌာနသို့တင်ပြပြီး အတည်ပြုချက်ရယူပါမည်။

၃၃၆။ ECCDနှင့် သူငယ်တန်းဆိုင်ရာ ဒီပလိုမာလမ်းကြောင်းကို မူလတန်းဆရာများ လေ့ကျင့်ပေးရေးလမ်းကြောင်းနှင့်နီးစပ်အောင် ညှိနှိုင်းဆောင်ရွက်ပါမည်။ အကြောင်းမှာ ယင်းသင်တန်းနှစ်ခုစလုံးတွင် တူညီသောသင်နည်းများကို အသုံးပြုခြင်းကြောင့်ဖြစ်ပါသည်။ သို့သော် ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော အထူးပြုသင်ရိုးညွှန်းတမ်း၊ ပြဋ္ဌာန်းစာအုပ်နှင့် ပညာရေးအထောက်အကူပြုများကို သက်ဆိုင်ရာသင်တန်းတွင် အသီးသီးအသုံးပြုမည်ဖြစ်ပါသည်။

၃၃၇။ သင်ရိုးမာတိကာကို အသုံးပြုပြီး ECCD နှင့် သူငယ်တန်းဆရာဖြစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းအသစ်နှင့် ပြဋ္ဌာန်းစာအုပ်များ၊ သင်ထောက်ကူများကိုပြုစုခြင်း၊ ရွေးချယ်ခြင်းများ ပြုလုပ်ပါမည်။

၃၃၈။ ပညာရေးကောလိပ်၊ လေ့ကျင့်ရေးကျောင်းများရှိ မူကြိုများ၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများ၏အရည်အသွေးကိုလည်း မြှင့်တင်ပြီး ပညာရေးကောလိပ်သင်တန်းသားများ၏ လက်တွေ့သရုပ်ပြခြင်း၊ လက်တွေ့သင်ကြားခြင်း၊ နည်းပြခြင်း၊ အနီးကပ်ကူညီလမ်းညွှန်ခြင်းတို့ အတွက် အသုံးပြုပါမည်။

၃၃၉။ ပညာရေးကောလိပ်များသည် ECCD ၊ မူကြိုပညာရေး၊ သူငယ်တန်းအတွက် ဒီပလိုမာ အစီအစဉ်များကို ပြည့်ပြည့်စုံစုံပြင်ဆင်ပြီးသောအခါ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများ၊ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်စုခေါင်းဆောင်များနှင့်ဆက်သွယ်ပြီး ECCD ဆရာများ၊ မူကြိုဆရာများ၊ သူငယ်တန်းဆရာများ အားလုံး လုပ်ငန်းခွင်သင်တန်းများရရှိရန်နှင့် ၎င်းတို့လိုအပ်ချက်နှင့်အညီ လုပ်ငန်းကြီးကြပ်တည့်မတ်ခြင်းနှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ သင်တန်းများရရှိစေရန် အသေအချာ ဆောင်ရွက်ပါမည်။

### ၅.၇.၈။ ဆေးတက္ကသိုလ်များနှင့် သူနာပြုတက္ကသိုလ်များတွင် ECCD ဆိုင်ရာ သင်ကြားမှု

၃၄၀။ ကျန်းမာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များပညာရေးအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ဖြစ်နိုင်သည့်အချိန်တွင် ECCD ဆိုင်ရာ သင်ရိုးမာတိကာနှင့် သင်တန်းအစီအစဉ်များကို ဖော်ထုတ်ပြီး ဆေးတက္ကသိုလ်များ၊ ပြည်သူ့ကျန်းမာရေးနှင့် သူနာပြုတက္ကသိုလ်များ၊ သားဖွားဆရာမများနှင့် အရန်သားဖွားဆရာမများကို လေ့ကျင့်သင်တန်းပေးသောဌာနများတွင် ပို့ချသင်ကြားပေးပါမည်။

၃၄၁။ ဆေးတက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် သင်ကြားပေးမည့် ဘွဲ့ကြိုသင်တန်းများတွင် ကိုယ်ဝန်မဆောင်မီကာလနှင့်သက်ဆိုင်သောပညာပေးမှု၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးဆိုင်ရာ စောင့်ရှောက်မှု၊ ကာကွယ်ဆေး၊ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာများကို အလေးပေးပါမည်။ ကိုယ်လက်မသန်စွမ်းမှုများအတွက် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းလာအောင်ကုသမှု ကျွမ်းကျင်ပညာရှင်များ၊ စကားပြောဆိုမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊

မိမိကိုယ်ကို နေ့စဉ်စောင့်ရှောက်နိုင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်ရေးကိုလည်း အလေးထားဆောင်ရွက်ပါမည်။ ကလေးဖွံ့ဖြိုးမှုနယ်ပယ်တွင် ကျွမ်းကျင်သူများ ပြုစုလေ့ကျင့်မှုကို ဆေးတက္ကသိုလ်များတွင် ထည့်သွင်းစဉ်းစားထားပါမည်။ ဤဆေးပညာရပ်နယ်ပယ်သစ်တွင်ကျွမ်းကျင်ပြီး ကိုယ်စားပြုသောဆရာဝန်များသည် မြန်မာနိုင်ငံတွင် ECCD နှင့် ECI လုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်မည်ဖြစ်ပါသည်။

## ၅.၇.၉။ သက်ဆိုင်ရာတက္ကသိုလ်များတွင် လူမှုဆက်ဆံရေးကျွမ်းကျင်သူများနှင့် ကလေးကာကွယ်စောင့်ရှောက်ရေးကျွမ်းကျင်သူများ လေ့ကျင့်မွေးထုတ်ပေးခြင်း

၃၄၂။ လူမှုဆက်ဆံရေးလုပ်ငန်း၊ စိတ်ပညာ၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ ကလေးများကို ကာကွယ်စောင့်ရှောက်မှုနယ်ပယ်များတွင် ကျွမ်းကျင်သူများ၊ တိုးချဲ့လေ့ကျင့်မွေးထုတ်ပေးမှုကို အလေးထားဆောင်ရွက်ပါမည်။ ဤကျွမ်းကျင်သူများကို လေ့ကျင့်မွေးထုတ်ပေးသော တက္ကသိုလ်များကလည်း သင်တန်းလုပ်ငန်းအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ရန် လိုပါသည်။ သို့မှသာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၊ ဌာနများက လိုအပ်သောကျွမ်းကျင်သူအရေအတွက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

## ၅.၇.၁၀။ သင်တန်းနည်းပြဆရာများကို လေ့ကျင့်ပေးခြင်း

၃၄၃။ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များ၊ ဆေးသိပ္ပံပညာဦးစီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများ၊ တက္ကသိုလ်များရှိ နည်းပြဆရာများ၏ ECCD အသိပညာဗဟုသုတနှင့် အရည်အချင်းကို ဦးစားပေးမြှင့်တင်ပေးပါမည်။ ပညာရေးကဏ္ဍနှင့် ဆေးပညာ၊ ပြည်သူ့ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ လူမှုဆက်ဆံရေးလုပ်ငန်းနှင့် စိတ်ပညာနယ်ပယ်များတွင် ဦးဆောင်မှုပေးနေသောပါမောက္ခများကို ရွေးချယ်ပြီး မြန်မာနိုင်ငံတွင် အဆင့်မြင့်ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေး၊ ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးနှင့် ရှေးဦးအရွယ်ကလေးသူငယ်များ၏ဖွံ့ဖြိုးမှုအခြေအနေကို စစ်ဆေးတိုင်းတာပံ့ပိုးခြင်း စသည့်နယ်ပယ်များတွင် သင်တန်းပေးပါမည်။ အချို့ကို ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာသင်တန်း တက်ခွင့်ပေးပြီး အချို့ကို ၎င်းတို့အထူးပြုလေ့လာခဲ့သောနယ်ပယ်များအလိုက်ပြုလုပ်သော အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက်ခွင့်ပေးပါမည်။

## ၅.၇.၁၁။ တိုင်းရင်းသားလူနည်းစုများအတွက် သင်တန်း

၃၄၄။ ECCD နှင့် ECI ဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းရင်းသားလူမျိုးအလိုက် သက်ဆိုင်ရာ မိခင်ဘာသာစကားဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်သောကြောင့် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် သင်တန်းများတွင် တိုင်းရင်းသားအုပ်စုအားလုံးမှ လုံလောက်သော သင်တန်းသားအရေအတွက် ပါဝင်ရန် လိုအပ်ပါသည်။ သို့မှသာ မိဘများနှင့် ကလေးများသည် ၎င်းတို့၏ယဉ်ကျေးမှု၊

ဘာသာစကားနှင့်ကိုက်ညီသော ဝန်ဆောင်မှုများရရှိမည်ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ယင်းဌာန လက်အောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အပါအဝင် တက္ကသိုလ်များ ပူးပေါင်း၍ လက်ရှိအခြေအနေတွင် ECCD ဆိုင်ရာဝန်ဆောင်မှုများမရသော နယ်စပ်ဒေသများရှိ တိုင်းရင်းသားမျိုးနွယ်စုဝင်များက သင်တန်းသားများကို ဦးစားပေးရွေးချယ်၍ သင်တန်းပေးပါမည်။ ထိုသူများက သက်ဆိုင်ရာရပ်ရွာများတွင် မူကြိုနှင့် သူငယ်တန်းများ အပါအဝင် ECCD နှင့် ECE လုပ်ငန်း ဝန်ဆောင်မှုများကို ပြန်လည်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃၄၅။ ဖော်ပြပါသင်တန်းရည်မှန်းချက်များ ပေါက်မြောက်စေရန် သက်ဆိုင်ရာ လူနည်းစု မျိုးနွယ်စုဝင် တိုင်းရင်းသားမျိုးနွယ်စုအသီးသီးထဲမှ အလားအလာကောင်းသောသူများကို ဖော်ထုတ် ရန်၊ ၎င်းတို့နေထိုင်ရာဒေသများကို သွားရောက်လေ့လာရှာဖွေမှုများ ပြုလုပ်ပါမည်။ ဖြစ်နိုင်သမျှ အတိုင်းအတာအထိ လက်တွေ့သင်တန်းများကို သင်တန်းသားများ၏ ရပ်ရွာ သို့မဟုတ် အနီးစပ် ဆုံးနေရာများတွင် ပြုလုပ်ပါမည်။ ယင်းသို့စီစဉ်ခြင်းမှာ သင်တန်းများ ထိရောက်စေပြီး မိမိကိုယ်စား ပြုတက်ရောက်သော ကျေးရွာများတွင် ဆက်လက်၍တာဝန်ယူနိုင်စေရန် ဖြစ်ပါသည်။ ထောက်ပံ့ ကြေးပေးခြင်းနှင့် လုံလောက်သောလစာပုံမှန်ရရှိမှုသည် သင်တန်းတက်ရောက်ပြီးသောသူများ ရပ်ရွာလူထုအတွင်း ရေရှည်တည်တံ့ရေးအတွက် အရေးပါပါသည်။ အခြေခံပညာတတ်ကျွမ်းမှုနှင့် ပတ်သက်၍ လိုအပ်လျှင်လိုအပ်သလို ပြန်လည်ကုစားပေးသောအစီအစဉ်များကိုလည်း စီစဉ်ပေး ပါမည်။ ၎င်းတို့အတွက် အခြေခံကုန်ကျစရိတ်များဖြစ်သော သင်တန်းကြေး၊ စာအုပ်စာတမ်းကြေး၊ ခရီးသွားလာစရိတ်၊ နေထိုင်စရိတ်နှင့် အစားအသောက်စရိတ်တို့အတွက် အထောက်အကူပြုရန် ပညာသင်ဆုများကို တဖြည်းဖြည်းချင်း တိုးမြှင့်ချီးမြှင့်ပေးသွားပါမည်။

## ၅.၇.၁၂။ အသိအမှတ်ပြုလက်မှတ် မရရှိကြသေးသော မူကြို၊ သူငယ်တန်းနှင့် မူလတန်းဆရာများကို သင်တန်းပို့ချခြင်းအစီအစဉ်

၃၄၆။ အရည်အချင်းအသိအမှတ်ပြုခြင်းစနစ်ကို ထူထောင်ပြီးပါက ကျေးရွာအခြေပြု မူကြို ကျောင်းများ၊ သူငယ်တန်းနှင့် အခြား ECCD ဝန်ဆောင်မှုများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများတွင် အလုပ်လုပ်နေကြသော်လည်း အသိအမှတ်ပြုလက်မှတ် မရရှိသေးသည့်ဆရာများ၊ တစ်စိတ်တစ်ပိုင်းလေ့ကျင့်မှုသာရထားပြီး အတွေ့အကြုံများသည့် ဆရာများအတွက် သင်တန်းအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ပါမည်။

၃၄၇။ မူလတန်းဆရာများကို လိုအပ်သောမူကြိုဆိုင်ရာသင်တန်းများ မရရှိသေးဘဲ မူကြိုတန်းများ တွင် သင်ရန် တာဝန်ပေးထားပါသည်။ ၎င်းတို့အတွက် မူကြိုကလေးများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်တို့နှင့်လိုက်ဖက်သောသင်နည်းများကို အထူးပို့ချပေးရပါမည်။ မူလတန်းကျောင်း ဆရာအားလုံးသည် ကလေးများကိုသင်ကြားရာတွင် သင်ကြားမှုစွမ်းရည်တိုးတက်ရေးအတွက် မူကြိုကျောင်းများတွင်အသုံးပြုသောနည်းများကို သင်ယူလေ့လာရန်လိုအပ်ပါသည်။

၃၄၈။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူလတန်းဆရာများ၊ သူငယ်တန်းနှင့် မူကြိုဆရာများ အတွက် အလုပ်ခွင် ECCD ဆိုင်ရာ သင်တန်းများပေးခြင်းကို အလေးထားဆောင်ရွက်ပါမည်။ ယင်းသင်တန်းတွင် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းများ၊ တစ်ဦးချင်း၊ အုပ်စုငယ်နှင့် အုပ်စုကြီးများတွင် တက်ကြွစွာသင်ယူရေးနည်းလမ်းများနှင့် သင်ယူရန်နေရာများ အသုံးချရေး တို့ကို ထည့်သွင်းပါမည်။ ထို့ပြင်ကလေးများ မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျှတသော ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဖွံ့ဖြိုးရေး၊ လူတိုင်းအကျုံးဝင်သော ပညာရေးနည်း စနစ်များအပါအဝင် တီထွင်ဖန်တီးမှုနှင့် ဝေဖန်ပိုင်းခြားစဉ်းစားမှုစွမ်းရည်များ တိုးတက်လာစေရန် လည်း အလေးထားဆောင်ရွက်ပါမည်။ အကူးအပြောင်းဆိုင်ရာ ဆောင်ရွက်ရန်နည်းလမ်းများနှင့် သင်ကြားနည်းများကိုလည်း ထည့်သွင်းပါမည်။

## ၅.၇.၁၃။ လုပ်ငန်းခွင်သင်တန်း

၃၄၉။ လုပ်ငန်းခွင်သင်တန်းကို ECCD ဆိုင်ရာ အဓိကဝန်ဆောင်မှုနယ်ပယ်များတွင် စဉ်ဆက် မပြတ်ပေးနိုင်ရန် နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပါမည်။ သင်တန်း ဆွေးနွေးပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ကျင်းပပေးပါမည်။ အဝေးသင်နည်းစနစ်များဖြင့်လည်း ဆောင်ရွက်ပေးပါမည်။

၃၅၀။ ECCD ဆိုင်ရာ လေ့ကျင့်ထားသော ကွင်းဆင်းလုပ်ကိုင်သည့် ECCD ဝန်ဆောင်မှုပေးသူ များ လိုအပ်ချက်များပြားလွန်းသည့်အတွက် လက်ရှိကျင့်သုံးနေသော အရည်အသွေးမြင့်သည့် လုပ်ငန်းခွင်သင်တန်းစနစ်များကို ဆက်လက်ထိန်းသိမ်းပြီး တိုးချဲ့ဆောင်ရွက်ပါမည်။ အချို့သော အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များက ရက်တိုနှင့် တစ်လခန့်ကြာသော လုပ်ငန်းခွင်သင်တန်းများကို ကျင်းပပေးလျက်ရှိပါသည်။ ထိုအဖွဲ့အစည်းများသည် စွမ်းရည် မြင့်တင်ကာ သင်တန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် အထောက်အကူများ ဆက်လက် ရရှိသင့်ပါသည်။

၃၅၁။ အဆိုပါသင်တန်းများကို လုပ်ငန်းအတွေ့အကြုံနှင့် လုပ်ငန်းစွမ်းဆောင်မှုအပေါ် သုံးသပ် ချက်များနှင့်ပေါင်းစပ်ပြီး အသိအမှတ်ပြုသင့်ပါသည်။ သို့သော်လည်း ကွင်းဆင်းတာဝန်ယူရသူ များအတွက် တတ်ကျွမ်းသူအဆင့်သို့ တက်လှမ်းနိုင်ရန် ထပ်မံလိုအပ်သောသင်တန်းများ အသိ အမှတ်ပြုလက်မှတ်နှင့် ကျွမ်းကျင်မှုဆိုင်ရည်သွေးသပ်မှုများလည်း ပြုလုပ်ရန်လိုပါမည်။ အတွေ့အကြုံ များသည့် အတိုင်းအတာတစ်ခုထိ လုပ်ငန်းကျွမ်းကျင်သော ကွင်းဆင်းဝန်ထမ်းများကို ဒီပလိုမာ သို့မဟုတ် ပထမဘွဲ့ကို ပုံမှန်ပညာရေးအစီအစဉ်အားဖြင့်ဖြစ်စေ၊ အခြားသင်တန်းများတက်စေခြင်း ဖြင့်ဖြစ်စေ ၎င်းတို့စိတ်ဝင်စားသည့်နယ်ပယ်တွင် ဆက်လက်တိုးတက် ဆည်းပူးခွင့်ရရှိရေးအတွက် အားပေးနိုင်ပါမည်။

## ၅.၇.၁၄။ ကျောင်းအုပ်များကို လေ့ကျင့်သင်တန်းပေးခြင်း

၃၅၂။ မူကြို၊ သူငယ်တန်းနှင့် မူလတန်းအဆင့်များတွင် ပညာရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာ၌ ကျောင်းအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ အားပေးထောက်ခံမှုကောင်းစွာရရန် ကျောင်းအုပ်များအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးပါမည်။

၃၅၃။ ကျောင်းအုပ်များအတွက်သင်တန်းတွင်သုံးသော သင်ရိုးညွှန်းတမ်းနှင့် သင်ထောက်ကူများကို ပြန်လည်သုံးသပ်ပြီး ပိုမိုတိုးတက်ကောင်းမွန်စေရန် အကြံပြုပါမည်။ လေ့လာသုံးသပ်ချက်ပေါ်မူတည်ပြီး မူကြိုနှင့် မူလတန်းကျောင်းအုပ်များအတွက် သင်ထောက်ကူအသစ်များပြုစုခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းများပြုလုပ်ပြီး လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများတွင် သုံးပါမည်။ လက်ရှိကျောင်းအုပ်များအတွက် သင်တန်းပေးနိုင်ရန် နည်းပြအဖြစ်ဆောင်ရွက်ရန် သင်တန်းဆရာများ ရွေးထုတ်ပြီး ထိုဆရာများမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ လုပ်ငန်းခွင်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အချိန်အခါအရ အဆင့်များခွဲပြီး ပုံမှန်လေ့ကျင့်ပေးသွားပါမည်။

## ၅.၇.၁၅။ ECCD၊ ECE နှင့် ECI လုပ်ငန်းများအတွက် ကြီးကြပ်သူများကို လေ့ကျင့်သင်တန်းပေးခြင်း

၃၅၄။ မိဘနှင့် ကလေးများနှင့် တိုက်ရိုက်ထိတွေ့လုပ်ကိုင်နေကြရသော ကွင်းဆင်းလုပ်ကိုင်ရသော ဝန်ထမ်းများအတွက် ကြီးကြပ်သူများက သတ်မှတ်လုပ်ငန်းခွင်သင်တန်းများ စဉ်ဆက်မပြတ်ပေးပါမည်။ ECCD၊ ECE နှင့် ECIလုပ်ငန်းများတွင်တာဝန်ယူရမည့် ကြီးကြပ်သူများကို ပုံမှန်ကွင်းဆင်းလေ့လာရာတွင် သတ်မှတ်လုပ်ဆောင်ရမည့် အောက်ဖော်ပြပါ လုပ်ငန်း သုံးရပ်နှင့် ပတ်သက်၍ သင်တန်းပေးပါမည်–

(က) နှီးနှော်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စစ်ဆေးခြင်းလုပ်ငန်း၊

(ခ) လုပ်ငန်းခွင်သင်တန်းပေးခြင်း၊

(ဂ) လုပ်ငန်းကြီးကြပ်သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများ။

၃၅၅။ လုပ်ငန်းကြီးကြပ်တည့်မတ်ခြင်း၊ လုပ်ငန်းခွင်သင်တန်းပေးခြင်း၊ လုပ်ငန်းများသုံးသပ်အကဲဖြတ်ခြင်းတို့တွင် အသုံးပြုရန် လက်စွဲစာစောင်နှင့် ပုံစံများကို ပြင်ဆင်ပါမည်။ ယင်းတို့ကို ကွင်းဆင်းစစ်ဆေးစမ်းသပ်ခြင်း၊ လိုအပ်သလို ပြုပြင်မွမ်းမံခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ ပြုလုပ်ပါမည်။ ECCD၊ ECE၊ ECI နယ်ပယ်တွင် ကွင်းဆင်းကြီးကြပ်တည့်မတ်ပေးရသူများအတွက် သင်တန်းနည်းပြများ၊ လုပ်ငန်းခွင်အကြိုသင်တန်းနှင့် ပုံမှန်လုပ်ငန်းခွင်သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီစဉ်ပေးပါမည်။

## ၅.၇.၁၆။ လူတိုင်းအကျုံးဝင်သော ပညာရေးအတွက် ကြီးကြပ်မည့်သူများနှင့် ဆရာများအတွက် သင်တန်းပေးခြင်း

၃၅၆။ လူတိုင်းအကျုံးဝင်သောပညာရေးနှင့်ပတ်သက်၍ သင်တန်းသုံးလက်စွဲစာစောင်ကို ပြန်လည်ပြင်ဆင်ခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း ပြုလုပ်ပြီး ဆရာများ၊ ကျောင်းအုပ်များ၊ ကြီးကြပ်သူများကို လုပ်ငန်းခွင်သင်တန်းပေးရာတွင် အသုံးပြုပါမည်။ ယင်းစာစောင်တွင် သင်ရိုးအသစ်၊ သင်ထောက်ကူနှင့် သင်နည်းအသစ်များ ပါဝင်ပါမည်။ လူတိုင်းအကျုံးဝင်သော ပညာရေးကို မူကြို၊ သူငယ်တန်းနှင့် မူလတန်းဆရာများက ကောင်းစွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများလည်း ကျင်းပပေးပါမည်။ အထူးဂရုစိုက်ပံ့ပိုးရန်လိုအပ်သောကလေးများအတွက် အထူးအလေးထားပြီး လိုအပ်သလို ကူညီနိုင်ရန်အတွက် အကူဆရာများကိုလည်း သင်တန်းပေးပါမည်။ လူတိုင်းအကျုံးဝင်သော ပညာရေးအတွက် ကြီးကြပ်သူများကို တက္ကသိုလ်အဆင့်တွင် ပြင်ဆင်လေ့ကျင့်ပေးပါမည်။ ၎င်းကြီးကြပ်သူများသည် ဆရာများတွေ့ကြုံနေရသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဆရာများကို ကူညီပါမည်။ အကူအညီလိုအပ်ခဲ့ပါက ရွေးချယ်ထားသော အစိုးရမဟုတ်သည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာ အခြေပြုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့များ၊ ဖောင်ဒေးရှင်းများမှ ဆီလျော်သော ဝန်ဆောင်မှုများဖြင့် လူတိုင်းအကျုံးဝင်သောပညာရေးကို ဆောင်ရွက်ပေးသောဆရာများကို ကူညီပါမည်။ မိဘနှင့် ရပ်ရွာလူထုများအတွက် *"စွမ်းဆောင်ရည်သာ ပဓာနပါ"* ဟူသည့် ဆောင်ပုဒ်ဖြင့် အသိအမြင်ဖွင့်ပေးသည့် စီမံချက်တစ်ခုကို ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ လူတိုင်းအကျုံးဝင် ပညာရေး သင်တန်းတက်ချိန်တွင် ဆောင်ရွက်ပါမည်။

## ၅.၇.၁၇။ ငြိမ်းချမ်းရေးအတွက်ပညာရေး

၃၅၇။ တိုင်းရင်းသားမျိုးနွယ်စုများအကြားတွင် နှစ်ရှည်လများ တင်းမာမှုများရှိခဲ့သည့်အတွက် မြန်မာနိုင်ငံရှိ ECCD, ECE နှင့် ECI ဝန်ဆောင်မှုများနှင့် သက်ဆိုင်သူများကို *"ငြိမ်းချမ်းရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး"* ဆိုင်ရာ သင်တန်းကို စီစဉ်ပေးပါမည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများအချင်းချင်း လေးစားခြင်း၊ ချစ်ကြည်ခြင်း၊ အပြုသဘော ထိတွေ့ဆက်ဆံခြင်းကို ဖြစ်စေသော အပြုအမူများ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် တန်ဖိုးထားမှုများ ဖြစ်လာအောင် အလေးထားဆောင်ရွက်ပါမည်။ သင်ရိုးညွှန်းတမ်းသစ်များ၊ သင်ကြားမှုအထောက် အကူပစ္စည်းများနှင့် သင်နည်းများကို ပြုစုရွေးချယ်ပြီး ကွင်းဆင်းစမ်းသပ်ကြည့်ခြင်း၊ လိုအပ်ချက် နှင့်ကိုက်ညီအောင် ပြုပြင်ခြင်း၊ ထုတ်လုပ်ဖြန့်ဝေခြင်းများ ပြုလုပ်ပါမည်။ ရပ်ရွာကလေး သူငယ်ဖွံ့ဖြိုးရေးဌာနများ၊ မူကြိုကျောင်းများ၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် အသုံးပြု နိုင်ရန် အရေအတွက်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဝေပါမည်။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် သင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် နှစ်နှစ်တစ်ကြိမ် ဆောင်ရွက်ပေးပါမည်။ တစ်ခါတစ်ရံ အခြားသောလုပ်ငန်းခွင်သင်တန်းများနှင့်ပေါင်းစပ်၍ စီစဉ်ပေးပါမည်။

## ၅.၇.၁၈။ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်ကာလအတွက် ကြိုတင် ပြင်ဆင်မှုသင်တန်း

၃၅၈။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နိုင်ခြေများသည့်အတွက် ကျောင်းအုပ်များ၊ ကြီးကြပ်ရေးမှူးများ၊ ဆရာများနှင့် အခြားကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ ပုဂ္ဂိုလ်များကို ဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်ကာလအတွက် ကြိုတင်ပြင်ဆင်ရေး သင်တန်းများ ဆောင်ရွက်ပေးပါမည်။ ကလေးများ၊ လူငယ်များ၊ လူကြီးများနှင့် ရပ်ရွာအဖွဲ့ဝင်များ အတွက် လိုအပ်သောသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှုပစ္စည်းများအပါအဝင် သင်တန်းသုံး စာအုပ်တစ်ခု ပြုစုထုတ်ဝေပါမည်(MoSWRR–၂၀၀၉အေ–၂၀၁၀အေ)။ အထူးသဖြင့် ကလေးများ ကို ကာကွယ်စောင့်ရှောက်ရေး၊ နေရာပြောင်းရွှေ့ချထားခြင်းဒဏ်ခံရသော ကလေးများ၊ မိသားစုနှင့် ကွဲကွာနေသော ကလေးများ၊ အုပ်ထိန်းသူမရှိသော ကလေးများ ကာကွယ်စောင့်ရှောက်ရေးကို အလေးထားပါမည်။

### ဦးတည်ရည်ရွယ်ချက် (၈)

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် အဓိကကျသော ဝန်ဆောင်မှုများနှင့် စနစ်များသည် အရည်အသွေးမြင့်မားစေရန်နှင့် တာဝန်ခံပြီး လုပ်ဆောင်မှု အပြည့်ရှိစေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်ပါဝင်နေသူများကို ပုံမှန်ကြီးကြပ်မှုပေးရန်၊ ဝန်ဆောင်မှုနှင့် ပတ်သက်ပြီး ထည့်ဝင်မှုများ၊ ရလဒ်များနှင့် နောက်ဆက်တွဲ အကျိုးဆက်များ ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံရန်။

### မဟာဗျူဟာ (၈)

***အရည်အသွေးထိန်းသိမ်းခြင်းနှင့် တာဝန်ခံခြင်းအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်***

ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲရေးစနစ်တစ်ခုထူထောင်ခြင်း၊ ယင်းသို့ ထူထောင်ရာတွင် တာဝန်ခံမှု၊ မကြာခဏပြန်လည်သုံးသပ်မှု၊ ကြီးကြပ်မှု၊ လုပ်ငန်းသုံးသပ် အကဲဖြတ်မှုနှင့် အစီရင်ခံမှုများ နှစ်စဉ် အဆင့်တိုင်းတွင် ပြုလုပ်ခြင်း။

## ၅.၈.၁။ ECCD အရည်အသွေးအာမခံမှု၊ တာဝန်ခံယူမှုနှင့် လုပ်ငန်းသုံးသပ် အကဲဖြတ်မှုစနစ်

၃၅၉။ ECCD ဆိုင်ရာမူဝါဒအပေါ် အခြေတည်ပြီး ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ် (၂၀၁၄–၂၀၁၈)သည် ECCD သတင်းအချက်အလက်များ စီမံခန့်ခွဲမှု စနစ်တစ်ခု (ECCD-MIS) ကို အကောင်အထည်ဖော်ခြင်းအစီအစဉ်ကို ကုန်ကျစရိတ်နှင့်တကွ

ဖော်ပြပါမည်။ ECCD-MIS သည် အရည်အသွေးအာမခံချက်ရှိခြင်း၊ တာဝန်ခံယူခြင်းနှင့် သုံးသပ်အကဲဖြတ်မှုအတွက် အထောက်အကူဖြစ်စေပါမည်။ လုပ်ငန်းအစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆွေးနွေးပါမည်။ ဤ ECCD-MIS ကို အမျိုးသားအဆင့် ECCD ဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ရေးအဖွဲ့တွင် ထည့်သွင်းထားပါမည်။

၃၆၀။ လုပ်ငန်းလည်ပတ်ရာတွင်တာဝန်ခံယူမှုအတွက် ဖွဲ့စည်းပုံယန္တရားကိုတည်ဆောက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ နိုင်ငံနှစ်နိုင်ငံကြား သို့မဟုတ် နိုင်ငံပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။

၃၆၁။ ECCDဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်သည် မြန်မာနိုင်ငံရှိ ကလေးများနှင့် ECCD ဝန်ဆောင်မှုများဆိုင်ရာ သတင်းအချက်အလက်များကို သိရှိစေနိုင်ပါမည်။ ECCD-MIS သည် အဓိက ECCD ဝန်ဆောင်မှုများအားလုံး (ECI အပါအဝင်)ကို ဌာနတွင်း သို့မဟုတ် ပြင်ပမှ ကြီးကြပ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းများအတွက် လမ်းညွှန်မှုပေးနိုင်ပါသည်။ ECCD-MIS သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနလက်အောက်ရှိ ဗဟို စာရင်းအင်းဌာန၊ ပညာရေးဝန်ကြီးဌာန၏ ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (EMIS)၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (HMIS) တို့နှင့် နီးနီးကပ်ကပ် ချိတ်ဆက်ထားပါမည်။ ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (HMIS)ကို Geographic Information System သုံး၍ တိုးမြှင့်၊ တိုးချဲ့ရန် စီစဉ်လျက်ရှိပါသည် (MoH–၂၀၁၂အေ)။ ဗဟိုစာရင်းအင်းဌာန EMIS, HMIS နှင့် ECCD-MIS တွင်ပါဝင်သော အချက်အလက်များကို အချင်းချင်းအသိပေးမျှဝေရန် ဝန်ကြီးဌာနများအကြား တရားဝင်သဘောတူညီချက်များ ပြုလုပ်ထားပါမည်။

၃၆၂။ ထို့အပြင် ဖယ်ကြဉ်ထားခြင်း၊ ခွဲခြားနှိမ့်ချဆက်ဆံခြင်း၊ ဝန်ဆောင်မှုမပေးခြင်း စသည်တို့ကို သတင်းပို့နိုင်မည့်စနစ်ကို အဖွဲ့အစည်းအဆင့်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံတော်အဆင့်တွင် ထူထောင်ပါမည်။ ၎င်းသတင်းပို့စနစ်သည် ဝန်ဆောင်မှုပေးသောအဖွဲ့များ၏ အုပ်ချုပ်မှုအောက်တွင်မရှိဘဲ သီးခြားရပ်တည်ဆောင်ရွက်ပါမည်။

## ၅.၈.၂။ ECCD ဆိုင်ရာ ကြီးကြပ်၊ အကဲဖြတ်သုံးသပ်ရမည့်အကြောင်းအရာများ

၃၆၃။ ECCD လုပ်ငန်းကြီးကြပ်အကဲဖြတ်သုံးသပ်ရေးဆိုင်ရာလက်စွဲစာစောင်တစ်ခုကို ပြုစုထုတ်လုပ်ပါမည်။ လုပ်ငန်းအတွက်ထည့်ဝင်မှု၊ ရလဒ်နှင့် အကျိုးဆက်များဆိုင်ရာအညွှန်းကိန်းများ ပြည့်စုံစွာထည့်သွင်းဖော်ပြထားပါမည်။ ထိုလက်စွဲစာစောင်သည် အသုံးပြုရမည့်ပုံစံများ၊ ပုံစံများအသုံးပြုမှုအတွက်ညွှန်ကြားမှုများ၊ သတင်းအချက်အလက်များ အစီရင်ခံခြင်းတို့ပါဝင်ရပါမည်။ အဓိက ECCD ဝန်ဆောင်မှုပေးသောအဖွဲ့အစည်း၊ ဌာနများက သတ်မှတ်ဖော်ထုတ်ထား

သော ပုံစံများကိုသုံးပြီး ECCD ဆိုင်ရာအချက်အလက်များကို ကောက်ယူကာ ၎င်းတို့ကို အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သို့ ပေးပို့ပါမည်။ ပုဂ္ဂိုလ်ရေးရာသတင်းအချက်အလက်များ လျှို့ဝှက်ထားရေးကို အာမခံပါမည်။ ကြီးကြပ်အကဲဖြတ်မှုဆိုင်ရာအစီရင်ခံစာများကိုလည်း နှစ်စဉ်ပြုစုပြီးအစီရင်ခံပါမည်။ လိုအပ်သည့်အခါ သုံးလတစ်ကြိမ်နှင့်လစဉ်အစီရင်ခံစာများအဖြစ် တင်သွင်းပါမည်။ အစီရင်ခံစာတင်သွင်းမှု၊ သတင်းအချက်အလက်များသုံးသပ်မှုတို့နှင့်ပတ်သက်၍ လိုက်နာရန်အချက်များကိုလည်း လက်စွဲစာစောင်တွင် ဖော်ပြထားပါမည်။ သုံးရလွယ်ကူသော *"အခြေခံသတင်းအချက်အလက် ပုံမှန်အစီရင်ခံရန် မူဘောင်"* ကို ပြင်ဆင်ပါမည်။

၃၆၄။ ECCD ဆိုင်ရာ မဟာဗျူဟာအစီအစဉ်တွင် ကြီးကြပ်အကဲဖြတ်သုံးသပ်ရမည့် ကနဦးအညွှန်းကိန်းများကိုလည်း ဖော်ပြထားပါမည်။ ထို့အပြင် အညွှန်းကိန်းတစ်ခုချင်းအတွက် ဦးတည်ချက်များနှင့် တိုင်းတာရမည့်အချက်များကိုလည်း ပူးတွဲဖော်ပြထားပါမည်။ ECCD စနစ်နှင့် လုပ်ငန်းအစီအစဉ်များ၏ လိုအပ်ချက်အရ ထပ်မံဖြည့်ဆည်းသော အညွှန်းကိန်းများကိုလည်း အသုံးပြုပါမည်။

## ၅.၈.၃။ ကလေးများအခြေအနေကို ခြေရာခံသောစနစ်

၃၆၅။ ECCD ဝန်ဆောင်မှုပေးသည့်စနစ်တွင် ကလေးတစ်ဦးတလေမျှ အကျိုးခံစားခွင့် လွတ်သွားခြင်းမရှိစေရန် ကလေးများအခြေအနေကိုလေ့လာသောစနစ်ကို ECCD-MIS စနစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထူထောင်ထားပါမည်။ ထိုအစီအစဉ်ကို တဖြည်းဖြည်းချင်း ထူထောင်သွားပါမည်။ ကလေးများကို မွေးကင်းစ မှတ်ပုံတင်သည်မှ အသက်(၁၈)နှစ်ထိ ထည့်သွင်းထားပါမည်။ (အပိုင်း ၅–၂–၄ ကို ကြည့်ပါ)

၃၆၆။ ထိုစနစ်တွင် ကလေးတစ်ဦးချင်း၏ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဝန်ဆောင်မှုများ ခံယူရရှိမှုများကို ခြေရာခံ၍ မှတ်တမ်းတင်ပါသည်။ ထိုစနစ်တွင် ကလေးထံအရောက်သွား၍ ဝန်ဆောင်မှုပေးသောအစီအစဉ်၊ ရှာဖွေဖော်ထုတ်ခြင်း၊ တွေ့ရှိချက်အရ အဆင့်ခွဲခြားသတ်မှတ်ခြင်း၊ စာရင်းသွင်းခြင်း၊ စစ်ဆေးတိုင်းတာခြင်း၊ ဖြစ်ရပ်ကိုစီမံခန့်ခွဲခြင်း၊ နောက်ပိုင်းအခြေအနေကို ဆက်လက်လေ့လာခြင်းနှင့် နောက်ဆက်တွဲလုပ်ဆောင်စရာများ ဆောင်ရွက်ပေးသောအစီအစဉ်များ ပါဝင်ပါသည်။

၃၆၇။ ကလေးနှင့်မိဘများ၏ အခွင့်အရေး၊ မိသားစုဆိုင်ရာ သတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးသောအဖွဲ့များသို့ မျှဝေပေးရာတွင် မိသားစုများ၏ ကိုယ်ပိုင်သီးသန့်လွတ်လပ်ခွင့်ကို လေးစားတန်ဖိုးထားရေးနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ပြုစုပါမည်။ ကလေးနှင့် မိဘဆိုင်ရာ အချက်အလက်များအားလုံးကို လျှို့ဝှက်ထားပါမည်။ လုပ်ငန်းအစီအစဉ်များ ရေးဆွဲရေးအတွက် သတင်းအချက်အလက်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပါမည်။ နှစ်စဉ် အစီရင်ခံစာအချုပ်တစ်ခုကို ပြုစုထုတ်ဝေပါမည်။

### ၅.၈.၄။ ဝန်ဆောင်မှုအရည်အသွေးအတွက် နည်းပညာနှင့် စီမံခန့်ခွဲမှု အကူအညီပေးခြင်း

၃၆၈။ လုပ်ငန်းကြီးကြပ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းအပြင် နည်းပညာပိုင်းနှင့် စီမံခန့်ခွဲမှု အကူအညီများပေးမှုကို အမျိုးသားအဆင့် ECCD ဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ရေးအဖွဲ့က ဆောင်ရွက်ပေးပါမည်။ လိုအပ်သည့်အခါတိုင်း လုပ်ငန်းအစီအစဉ်တိုးမြှင့်ရေးရည်မှန်းချက် ပြည့်ဝစေရန် အရည်အသွေးပြည့်ဆည်းရေးအထူးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပါမည်။

၃၆၉။ ဤဝန်ဆောင်မှုများကို ပေးနိုင်ရန် ပြည်တွင်းမှအဖွဲ့များ၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့များနှင့် ကျွမ်းကျင်ပညာရှင်များက လုပ်ငန်းခွင်သင်တန်းနှင့် အခြားသော နည်းပညာပံ့ပိုးမှုများတွင် ဝိုင်းဝန်းကူညီကြပါမည်။ ECCD လုပ်ငန်းအစီအစဉ်များစီမံခန့်ခွဲရေးနှင့် သက်ဆိုင်ရာဒေသအလိုက် တာဝန်ယူကြီးကြပ်နိုင်ရန် သင်တန်းများစီစဉ်ပေးပါမည်။

### ၅.၈.၅။ ECCD ဆိုင်ရာ အသုံးချသုတေသန

၃၇၀။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့တွင် ECCD လုပ်ငန်းများနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများလုပ်ဆောင်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ပါမည်။ ထိုရန်ပုံငွေရရှိရန် အစိုးရ၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အကူအညီ ရယူပါမည်။ သတ်မှတ်ထားသော သုတေသနလုပ်ငန်းများအတွက် နှစ်စဉ်ထောက်ပံ့မှုများပေးပါမည်။

၃၇၁။ နှစ်စဉ်နှစ်တိုင်း ကလေးဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနစီမံကိန်းများကို အရေးအတွက် အကန့်အသတ်ဖြင့် စီစဉ်ပြီး အကောင်အထည်ဖော်ပါမည်။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် သုတေသနပြုလုပ်ရန် အချက်အလက်စုဆောင်းခြင်းနှင့် ECCD သုတေသနကော်မတီဖွဲ့စည်းရန် တာဝန်ရှိပါသည်။ ဤကော်မတီသည် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးသုတေသနဦးစီးဌာနများ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနလက်အောက်ရှိ သုတေသနအဖွဲ့၊ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန စသည့် သုတေသနပြုလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။

၃၇၂။ ECCD သုတေသနကော်မတီသည် သုတေသနပြုရန် သတ်မှတ်ခေါင်းစဉ်အတွက် လေ့လာမှုပြုရန် အဆိုပြုလွှာများဖိတ်ခေါ်ခြင်း၊ တင်ပြလာသောအဆိုပြုလွှာများကို သုံးသပ်ခြင်း၊ ငွေကြေးထောက်ပံ့သင့်သည့် စီမံကိန်းများကို ရွေးချယ်ခြင်းများ ပြုလုပ်ပါမည်။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ရေးအဖွဲ့သည် သုတေသနစီမံချက်များကို ကြီးကြပ်ခြင်း၊ စာတမ်းများကို ရိုက်နှိပ်ထုတ်ဝေခြင်းများကို ပြုလုပ်ပါမည်။ တတ်နိုင်သမျှ အတိုင်းအတာအထိ သုတေသနရလဒ်များကို မူဝါဒနှင့် ချိတ်ဆက်ပြီး လုပ်ငန်းအစီအစဉ်များတိုးချဲ့ရေး၊ အများသိရှိအောင် အမြင်ဖွင့်ရေးအတွက် ဆက်စပ်အသုံးပြုပါမည်။

၃၇၃။ ပထမဦးစွာ အဓိကပြုလုပ်မည့် သုတေသနလုပ်ငန်းမှာ မြန်မာနိုင်ငံရှိ ကလေးများဖွံ့ဖြိုးရေး အဆင့်ကို လေ့လာသတ်မှတ်ရန် ဖြစ်ပါသည်။ အသက်အုပ်စုအမျိုးမျိုး ဥပမာ–ကိုးလမှ ၁၂လ၊ ၂၄လမှ ၃၀လ၊ ၃၆လမှ ၄၂လနှင့် သူငယ်တန်းကျောင်းဝင်ကလေးအရွယ် လ(၆၀)တို့မှ ကိုယ်စားပြုအုပ်စုများကို သတ်မှတ်အရေအတွက်အတိုင်း စနစ်တကျရွေးချယ်လေ့လာပါမည်။ ဤလေ့လာမှုရလဒ်များကိုသုံး၍ ကလေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်အများဆုံးရှိနေသော ဒေသများတွင် ဆီလျော်သော ECCD၊ ECE နှင့် ECI ဝန်ဆောင်မှုများကို ပြုလုပ်ပေးပါမည်။

## ဦးတည်ရည်ရွယ်ချက် (၉)

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရေးကြီးပုံကို နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာအဆင့်ခေါင်းဆောင်များ သိရှိနားလည်စေရန်၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရာတွင် မိဘများ၏ အရေးကြီးသောအခန်းကဏ္ဍကို ၎င်းတို့ကိုယ်တိုင် နားလည်သဘောပေါက်စေရန်နှင့် မွေးစမှ ရှစ်နှစ်အရွယ်ကလေးများ၏ အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ပေးရာတွင် ၎င်းတို့၏အရေးပါသောအခန်းကဏ္ဍကို မိဘများသိရှိလာစေရန်။

## မဟာဗျူဟာ(၉)
## *မူဝါဒကိုကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံမှုရရှိစေရန် ပြန်ကြားဆက်သွယ်ပညာပေးခြင်း*

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော နောက်ဆုံးရသတင်းအချက်အလက်များ၊ ယဉ်ကျေးမှုနှင့်ဆီလျော်ပြီး အပြည်ပြည်ဆိုင်ရာက ထောက်ခံအကြံပြုထားသောသတင်းအချက်အလက်များကို ဦးစီးဦးဆောင်ပြုသူများ၊ ဝန်ဆောင်မှုပေးသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများနှင့် ရပ်ရွာတာဝန်ရှိသူများ စသည်တို့ အပါအဝင် ဦးတည်အုပ်စုများထံ ရုပ်မြင်သံကြား၊ ရေဒီယို၊ စာအုပ်စာတမ်းများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း၊ အကျိုးခံစားခွင့်ရှိသူများအားလုံးထံရောက်အောင် ဖြန့်ဝေခြင်း။

### ၅.၉.၁။ ECCD ဆိုင်ရာမူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံမှုရရှိရန် ဆက်သွယ်ဆောင်ရွက်သော နှစ်ပတ်လည်လုပ်ငန်းအစီအစဉ်

၃၇၄။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ရေးအဖွဲ့သည် ECCD မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံမှုရစေခြင်းငှာ ပြန်ကြားဆက်သွယ်ဆောင်ရွက်ရေး နှစ်ပတ်လည်လုပ်ငန်းအစီအစဉ်ကို ရေးဆွဲပါမည်။ ယင်းအစီအစဉ်ကို အမျိုးသားအဆင့် ECCD ကော်မတီက အတည်ပြုချက်ပေးရပါမည်။ ယင်းအစီအစဉ်တွင် မူဝါဒရေးရာနှင့် ပတ်သက်သောဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးသောစာရွက်စာတမ်းများထုတ်လုပ်ခြင်းများပါဝင်ပါမည်။

ECCDအတွက် ကျယ်ကျယ်ပြန့်ပြန့်သိရှိထောက်ခံမှုများရလာစေရန်အသိပေးခြင်းအစီအစဉ်များကို အနည်းဆုံး သုံးလတစ်ကြိမ် ပြုလုပ်ပါမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ECCD ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များကို အပြည့်အဝအကောင်အထည်ဖော်မှုကို မြှင့်တင်နိုင်ရန်ဖြစ်ပါသည်။

၃၇၅။ ပြန်ကြားဆက်သွယ်ဆောင်ရွက်ရေး နှစ်ပတ်လည်အစီအစဉ်များတွင် မိဘနှင့် ရပ်ရွာတွေ့ဆုံပွဲများ ပါဝင်ပါမည်။ ECCD ဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရေး၊ လုပ်ငန်းအစီအစဉ်များ ဖော်ဆောင်ရေးနှင့် အထူးသဖြင့် မိဘအသိပညာပေးလုပ်ငန်းများတွင် လူထုဆက်သွယ်ရေးစနစ်အားလုံးကို ဖြစ်နိုင်သမျှ တွင်ကျယ်စွာသုံးပါမည်။ လူအများသိရှိလာရန် ပြန်ကြားဆက်သွယ်ပညာပေးရာတွင် အသုံးပြုမည့်လူထုဆက်သွယ်ရေးနည်းစနစ်များမှာ ဒေသဆိုင်ရာရေဒီယိုအစီအစဉ်၊ ရုပ်မြင်သံကြားအစီအစဉ်၊ ပုံနှိပ်ထုတ်ဝေသည့်စာစောင်များ၊ အင်တာနက်၊ အဆိုအကများ၊ ပြဇာတ်၊ ကဇာတ်များ၊ ပိုစတာများနှင့် စာတမ်းများပါဝင်ပါသည်။

၃၇၆။ နှစ်စဉ်နှစ်တိုင်း အဓိကသတင်းအချက်အလက် အနည်းဆုံး(၁၀)ခုကို ပြင်ဆင်ပြီး တစ်နိုင်ငံလုံးအနှံ့ရှိ မိဘများနှင့် ပြည်သူပြည်သားများထံ ဖြန့်ဝေပေးပါမည်။ အောက်ဖော်ပြပါအချက်များနှင့်ပတ်သက်သော အကြောင်းအရာများကို အခြေခံ၍ ဖြန့်ဝေပါမည်–

(က) ကလေးနှင့် မိဘများ၏အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊

(ခ) ကိုယ်ဝန်မဆောင်မီကာလ၊ ကိုယ်ဝန်ဆောင်စဉ်ကာလနှင့် ကလေးမွေးဖွားပြီးကာလ အသိပညာပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊

(ဂ) တတ်ကျွမ်းသူအကူအညီဖြင့်ကလေးမွေးဖွားခြင်း၏အရေးပါပုံ၊

(ဃ) ကလေးမွေးစာရင်းမှတ်ပုံတင်ခြင်းနှင့် တရားဝင်ထုတ်ပေးသော မွေးစာရင်းရရှိရေး၊

(င) ကြိုတင်ကာကွယ်တားဆီးရေးနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ဆေးထိုးခြင်းများနှင့် အိမ်တွင်းကျန်းမာရေးစောင့်ရှောက်မှု၊

(စ) ခြောက်လအရွယ်ထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်း၊ ခြောက်လနောက်ပိုင်းတွင် ဖြည့်စွက်စာများကို ကျန်းမာရေးနှင့်ညီညွတ်စွာကျွေးခြင်း၊

(ဆ) ငယ်ရွယ်သောကလေးများအတွက် ဘက်စုံလွှမ်းခြုံသော ECCD ဝန်ဆောင်မှုများ၏ အရေးကြီးပုံ၊

(ဇ) ဖွံ့ဖြိုးမှု၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့အရ ကလေးသူငယ်များနှင့်ဆီလျော်သော ပြန်ကြားဆက်သွယ်ပညာပေးအစီအစဉ်၊

(ဈ) တန်ဖိုးမဖြတ်နိုင်သောကလေးပြုစုခြင်း ကျွမ်းကျင်မှုများကို လေ့လာသင်ယူရန် အရေးကြီးပုံ၊

(ည) ကလေးဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဖခင်များ၏ပါဝင်မှု အရေးကြီးပုံ၊

(ဋ) ECCD ဝန်ဆောင်မှုများကို အသေအချာလေ့လာပြီးမှ ရွေးချယ်မှုများကို ပြုလုပ်နိုင်ရန် မိဘများသိထားသင့်သော ECCD လုပ်ငန်းအရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များ၊

(ဌ) အိမ်နှင့်ကျောင်းတွင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အန္တရာယ်ကင်းရေးဆိုင်ရာ သိကောင်းစရာများ၊

(ဍ) အသက်သုံးနှစ်အရွယ်ကစပြီး ကလေးဗဟိုပြုသင်ယူမှုနည်းဖြင့်ဆောင်ရွက်သော မူကြို ပညာရေးဝန်ဆောင်မှုရရှိရန် အရေးကြီးပုံ၊

(ဎ) ငါးနှစ်အရွယ်ကလေးများအတွက် ကလေးဗဟိုပြုနှင့် တက်ကြွစွာသင်ယူသောနည်းများကို အသုံးပြုသည့် သူငယ်တန်းကျောင်းများသို့ ကူးပြောင်းခြင်း၊

(ဏ) မူကြိုကျောင်းများ၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် မိဘများ ပါဝင်ဆောင်ရွက်မှု၊

(တ) ကျောင်းနေအရွယ်ကလေးများအတွက် မိဘများ၏ပံ့ပိုးမှုနှင့် အခြားဝန်ဆောင်မှုများ၊

(ထ) မသန်စွမ်းသောကလေးများ၏အခြေအနေကို စောစီးစွာသိရှိရန် အရေးကြီးပုံ၊

(ဒ) ECI နှင့် လူတိုင်းအကျုံးဝင်သော မူကြိုကျောင်းပညာရေးကို မိတ်ဆက်ပေးခြင်း၊

(ဓ) ကလေးများကို လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်းနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းများကို ကာကွယ်ရန်နှင့် ကလေးများကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှု ရယူနိုင်ပုံ၊

(န) HIV/AIDS ရောဂါ၏ အကျိုးသက်ရောက်မှုခံစားနေရသောကလေးများ၏ လိုအပ်ချက်များကို နားလည်သဘောပေါက်ပြီး လိုသောကူညီမှုပေးရန် လိုအပ်ရခြင်း အကြောင်းရင်းများနှင့် ကူညီရန်နည်းလမ်းများ။

## ၅.၉.၂။ ECCD ဆိုင်ရာ မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီးထောက်ခံမှုရရှိရန် ကနဦးလုပ်ဆောင်ရမည့်လုပ်ငန်းများ

၃၇၇။ မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ထောက်ခံမှုရလာစေရန် ECCD ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်ကို နိုင်ငံ့ခေါင်းဆောင်များ၊ ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများရှိ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အဆင့်အသီးသီးရှိခေါင်းဆောင်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ဝေပေးပါမည်။ မိဘများအတွက် သိသင့်သိထိုက်သည်များကို ရှင်းပြထားသောစာအုပ်ငယ် ပြုစုပြီး

မြို့နယ်တိုင်းရှိ ECCD ဝန်ဆောင်မှုဌာနများသို့ဖြန့်ဝေပါမည်။ ECCD ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များကို ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာနတို့၏ အင်တာနက်စာမျက်နှာများပေါ်တွင် တင်ထားပေးပါမည်။

## ၅.၉.၃။ ECCD ဆိုင်ရာ နှစ်ပတ်လည်ဖိုရမ်

၃၇၈။ မူဝါဒရေးရာနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်ပြုလုပ်သော ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများအပြင် နှစ်စဉ် ECCD ဖိုရမ် (Forum) ကိုစီစဉ်ကျင်းပပါမည်။ ယင်းအစီအစဉ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ တတ်သိပညာရှင်အဖွဲ့များ၊ အဆင့်မြင့်တက္ကသိုလ်များမှ ECCD ဆိုင်ရာ ဦးဆောင်သူများ၏အကူအညီကို ရယူဆောင်ရွက်ပါမည်။

၃၇၉။ ပထမနှစ်ပတ်လည်ဖိုရမ်ကို ECCD ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်ကို အသိအမှတ်ပြုပြဋ္ဌာန်းပြီးသည့်နောက်တွင် ကျင်းပပါမည်။ ထိုတွေ့ဆုံပွဲတွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ အလုပ်ရုံဆွေးနွေးပွဲသင်တန်းများနှင့် ရပ်ရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအဆင့်နှင့် အမျိုးသားအဆင့် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကျွမ်းကျင်သူများနှင့် ဦးဆောင်သူများပါဝင်သော တွေ့ဆုံဆွေးနွေးမှုများ ပါဝင်ပါသည်။

## ၅.၉.၄။ ECCD ဆိုင်ရာ အမျိုးသားအဆင့်ကွန်ရက်

၃၈၀။ အပိုင်း ၅.၄.၁၈တွင် တင်ပြခဲ့သည့်အတိုင်း တတ်ကျွမ်းသူပညာရှင်များကွန်ရက်ကို ထူထောင်ပါမည်။ လက်ရှိ ရှိနေသော ECCD ဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ECCD ဆိုင်ရာဝန်ဆောင်မှုများကိုပေးသော အမျိုးသားအဆင့်ကွန်ရက်တစ်ခု ဖြစ်လာပါမည်။ ယင်းကွန်ရက်သည် ပုံမှန်တွေ့ဆုံပွဲများကို အနည်းဆုံးအားဖြင့် သုံးလတစ်ကြိမ်ပြုလုပ်ပြီး ECCD ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များကို အပြည့်အဝအကောင်အထည်ဖော်ရေးကို မြှင့်တင်ဆောင်ရွက်နိုင်ပါမည်။ ECI ဝန်ဆောင်မှုပေးသူများကွန်ရက်ကို လိုအပ်သောဝန်ဆောင်မှု အစီအစဉ်များ ဆောင်ရွက်ပြီးသောအခါ ဖွဲ့စည်းပါမည်။ အချိန်ရလာသည်နှင့်အမျှ ယင်းကွန်ရက်များသည် အမျိုးသားအဆင့် ကျွမ်းကျင်သူပညာရှင်အဖွဲ့များဖြစ်လာပြီး ၎င်းတို့၏လုပ်ဆောင်မှုများကို အများသိမြင်လာအောင်အမြင်ဖွင့်ခြင်း၊ အဖွဲ့ဝင်များကို လိုအပ်သောအကူအညီပေးခြင်း၊ လုပ်ငန်းခွင်သင်တန်းများတက်ရောက်နိုင်ရန် အခြားသောအခွင့်အလမ်းများဖန်တီးပေးခြင်း၊ တီထွင်ဆန်းသစ်မှုများ၊ အလေ့အကျင့်ကောင်းများနှင့် သင်ခန်းစာများကို မျှဝေအသိပေးခြင်းများ ပြုလုပ်ပါမည်။

### ၅.၉.၅။ ECCD နှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးသိရှိရန် ပြန်ကြားဆက်သွယ် ဆောင်ရွက်ခြင်း

၃၈၁။ မြန်မာနိုင်ငံရှိ နိုင်ငံသားအားလုံး ECCD ဆိုင်ရာဝန်ဆောင်မှုများ၏ အကျိုးကျေးဇူးများကို ခံစားနိုင်ကြစေရန် သိသင့်သိထိုက်သောသတင်းအချက်အလက်များကို တိုင်းရင်းသားအားလုံး၏ ဘာသာစကားဖြင့် ပြင်ဆင်ပေးပါမည်။ မူဝါဒအနှစ်ချုပ်ကို ပါဝါပွိုင့်ဖြင့်လည်းကောင်း၊ အခြားသော အသိအမြင်ဖွင့် အထောက်အကူများဖြင့်လည်းကောင်း လူအများသိရှိစေရန် ပြုလုပ်ပါမည်။ လူအများသိရှိအောင် ဆက်သွယ်ဆောင်ရွက်ရာတွင်ဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမမီသေးသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားမျိုးနွယ်စုများပါဝင်လာစေရန် ဆောင်ရွက်ပါမည်။ တိုင်းရင်းသားမျိုးနွယ်စုများထဲကအဖွဲ့ဝင်များကို ဖိတ်ကြား၍လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ သတင်းအချက်အလက်များပြင်ဆင်ခြင်းနှင့် ယင်းသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်ပေးရန် ပြင်ဆင်ပေးပါမည်။

၃၈၂။ လူအများသိရှိလာစေရန် ပြန်ကြားဆက်သွယ်ပြောဆိုသည့်လုပ်ငန်း လုပ်ဆောင်ပေးခြင်းသည် အဓိကကျသောနိုင်ငံ့ခေါင်းဆောင်များ၊ မိဘဆရာများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို အရည်အသွေးမြင့်ပြီး အားလုံးလက်လှမ်းမီသော ECCD ဝန်ဆောင်မှုပေးခြင်းများ စီစဉ်ပေးခြင်း၏ အရေးကြီးပုံကို ပိုမိုသိရှိနားလည်လာစေပါမည်။

### ၅.၉.၆။ ECCD ဆိုင်ရာ အသိပညာပေးစည်းရုံးမှု ရက်သတ္တပတ်များ

၃၈၃။ ECCD ဆိုင်ရာ ပြန်ကြားဆက်သွယ်ရေး နှစ်ပတ်လည်လုပ်ငန်းအစီအစဉ်များတွင် အသိပညာပေးစည်းရုံးမှု ရက်သတ္တပတ်အစီအစဉ်များ ပါဝင်ပါသည်။ ယင်းလုပ်ငန်းအစီအစဉ်များတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အဓိကအရေးကြီးသော သတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့်ထုတ်လွှင့်ခြင်း၊ တိုင်းရင်းသားရေဒီယိုအစီအစဉ်များမှ ထုတ်လွှင့်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပါသည်။ ယင်းသတင်းများကို အထူးသဖြင့် ဝန်ဆောင်မှုအပြည့်အဝမရကြသော ဦးတည်အကျိုးခံစားရစေချင်သူများနှင့် ဝန်ဆောင်မှုပေးသူအားလုံးထံရောက်ရန် ရည်ရွယ်ပါသည်။ ထိုသတင်းအချက်အလက်များသည် ECCD ဆိုင်ရာဝန်ဆောင်မှုများကို အားဖြည့်ပေးပါသည်။ သို့သော် အစားထိုးရန် မဟုတ်ပါ။ ဖြန့်ဝေပေးသော သတင်းအချက်အလက်များသည် အချိန်နှင့်တစ်ပြေးညီ မှန်ကန်ခြင်း၊ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဆီလျော်ခြင်း၊ အပြည်ပြည်ဆိုင်ရာက လက်ခံထားခြင်း စသည့်အရည်အချင်းများ ပြည့်စုံရပါမည်။

## ဦးတည်ရည်ရွယ်ချက် (၁၀)

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန် အမျိုးသားအဆင့်တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီနှင့် မူဝါဒ အကောင်အထည်ဖော်ရေးအဖွဲ့ကို ထူထောင်ဖွဲ့စည်းပြီး မူဝါဒကို စနစ်တကျ အကောင်အထည်ဖော်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ ဘတ်ဂျက်ရရန် စီစဉ်ခြင်း၊ တာဝန်ခံခြင်းနှင့် အဆင့်တိုင်းတွင် အစီရင်ခံခြင်း စသည်တို့ကို လုပ်ဆောင်ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်စနစ်တစ်ရပ်ကို အဆင့်တိုင်းတွင်ထူထောင်ရန်။

### မဟာဗျူဟာ (၁၀)
### *ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးစနစ်ကို ဖွဲ့စည်းထူထောင်ခြင်း*

အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးကော်မတီ၊ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ကို ထူထောင်ခြင်း၊ မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ အကောင်အထည်ဖော်ရေးတို့တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး မိမိသက်ဆိုင်ရာဒေသ လိုအပ်ချက်နှင့်အညီ လုပ်ဆောင်နိုင်သောစနစ် ထူထောင်ခြင်း၊ ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့်တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်းခြင်းနှင့် နှစ်စဉ်လုပ်ငန်းအစီအစဉ်များချမှတ်ခြင်း၊ ဘတ်ဂျက်တွက်ချက်တင်ပြခြင်း၊ နှစ်စဉ်အစီရင်ခံခြင်းများ ပြုလုပ်ခြင်း။


## ၅.၁၀.၁။ ECCD စနစ်အတွက် ဖွဲ့စည်းပုံဇယား

၃၈၄။ ဤ ECCD စနစ်တွင် ဘက်စုံလွှမ်းခြုံပြီး ယဉ်ကျေးမှုဓလေ့စရိုက်နှင့်ကိုက်ညီသော ECCD ဆိုင်ရာဝန်ဆောင်မှုများကို ရပ်ရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များအဆင့်နှင့် အမျိုးသားအဆင့်များတွင် အစီအစဉ်ရေးဆွဲအကောင်အထည်ဖော်သော၊ အခြေခံကျသောအဖွဲ့များ ပါဝင်ပါသည်။

၃၈၅။ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များအဖွဲ့၊ ဖောင်ဒေးရှင်းများ၊ အဆင့်မြင့်တက္ကသိုလ်များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများကြားတွင် ECCD ဆိုင်ရာဝန်ဆောင်မှုများအတွက် အားကောင်းသောညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်တိုင်းတွင် ထူထောင်ပါမည်။

၃၈၆။ ECCD စနစ်အတွက် ဖွဲ့စည်းပုံဇယားကို အောက်တွင်ဖော်ပြထားပါသည်။

**မြန်မာနိုင်ငံရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးစနစ်ဖွဲ့စည်းပုံဇယား**




၃၈၇။ အဖွဲ့တစ်ခုချင်းအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ပြင်ဆင်ပါမည်။ ထိုအဖွဲ့တစ်ခုချင်းအတွက် လုပ်ငန်းတာဝန်များနှင့် အမျိုးသားအဆင့် ECCDကော်မတီ၏ လုပ်ငန်းတာဝန်များကို အမျိုးသားအဆင့် ECCD ကော်မတီက ပြန်လည်သုံးသပ်အတည်ပြုပါမည်။ ထိုသို့ အတည်ပြုပြီးပါက အဖွဲ့တိုင်း၏ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို အဆင့်တိုင်းသို့ ဖြန့်ဝေပေးထားပါမည်။ ECCD စနစ်တွင် အောက်ပါလုပ်ငန်းအဖွဲ့နှင့် ကော်မတီများ ပါဝင်ပါသည်။

## ၅.၁၀.၂။ အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီ

၃၈၈။ ECCDဆိုင်ရာ မူဝါဒကို လက်ခံအတည်ပြုပြီးပါက အမျိုးသားအဆင့် ECCDကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွဲ့စည်းပါမည်။ ယင်းကော်မတီသည် တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ်တွေ့ဆုံပါမည်။ ယင်းကော်မတီ၏ ဥက္ကဋ္ဌတာဝန်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ယူပါမည်။ ယင်းကော်မတီတွင်ပါဝင်သည့် အဆင့်မြင့်တာဝန်ရှိအဖွဲ့ဝင်များမှာ ဆက်စပ်နေသောဝန်ကြီးဌာနများက ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ပါသည်။ ဆက်စပ်နေသော ဝန်ကြီးဌာနများတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေး

ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပါဝင်ကြပါသည်။ ကော်မတီ၏ အဆင့်မြင့်တာဝန်ရှိအဖွဲ့ဝင်များတွင် ECCD လုပ်ငန်းကို ဆောင်ရွက်နေသော အစိုးရမဟုတ်သော ပြည်တွင်း နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့များ၊ ဖောင်ဒေးရှင်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၊ လူထုဆက်သွယ်ရေးနှင့် ECCDဆိုင်ရာ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုပေးသည့် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းဌာနများက ကိုယ်စားလှယ်များ ပါဝင်ပါသည်။ ပါဝင်သောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဌာနများကအဖွဲ့ဝင်များ၏အမည်ကို သတ်မှတ်ပေးပါမည်။ ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကော်မတီကို ဖွဲ့စည်းပြီး အစည်းအဝေးများ ကျင်းပပါမည်။

၃၈၉။ အမျိုးသားအဆင့် ECCDကော်မတီတွင် ပါဝင်သော အဆင့်မြင့်ကိုယ်စားလှယ်တစ်ဦးချင်းစီကို အထောက်အကူပြုရန် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဌာနများက နည်းပညာအကြံပေးပုဂ္ဂိုလ်များ၊ သို့မဟုတ် ယူနစ်များကို တာဝန်ပေးပါမည်။

၃၉၀။ ထို့အပြင် ECCD လုပ်ငန်းဆောင်ရွက်နေသော ဝန်ကြီးဌာနတိုင်းတွင် ECCD လုပ်ငန်းနှင့် ဆက်စပ်နေသော သတင်းပြန်ကြားရေးနှင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးတို့အတွက် ဌာနခွဲတစ်ခုကို အဓိကဆက်သွယ်ရေးဌာနအဖြစ် ဖွဲ့စည်းထားပါမည်။ ၎င်းဌာနခွဲတွင် အနည်းဆုံးအားဖြင့် ညွှန်ကြားရေးမှူးတစ်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးတို့ကို အချိန်ပြည့်ခန့်ထားပါမည်။ ၎င်းတို့က ဝန်ကြီးဌာနအလိုက် ECCD လုပ်ငန်းနှင့် ဆက်စပ်သူများဖြင့် ECCD ကော်မတီများကို ဖွဲ့စည်းပါမည်။ မူဝါဒ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရေးအတွက် ကော်မတီများ ပုံမှန်တွေ့ဆုံပါမည်။

၃၉၁။ အမျိုးသားအဆင့် ECCD ကော်မတီသည် အမျိုးသားအဆင့် ကလေးသူငယ်အခွင့်ရေးများကော်မတီနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး ကလေးနှင့် မိခင်များ၏ အခွင့်အရေးများ ပြည့်ဝစွာရရှိရေးအတွက် ဆောင်ရွက်ပါမည်။ ကော်မတီအနေဖြင့် မွေးစမှ ရှစ်နှစ်အရွယ်ကလေးများ၏ လိုအပ်ချက်ပြည့်ဝရေးကို အထူးအလေးထားပါမည်။

၃၉၂။ အမျိုးသားအဆင့် ECCD ကော်မတီ၏ အခန်းကဏ္ဍနှင့် တာဝန်များတွင် ECCD ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အမျိုးသားရေးဦးစားပေးလုပ်ငန်းအဖြစ် မြှင့်တင်ရန်၊ ECCD ဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက်များချခြင်း၊ ငါးနှစ်တစ်ကြိမ်ရေးဆွဲသော မဟာဗျူဟာအစီအစဉ်များကို သုံးသပ်အတည်ပြုပေးခြင်းနှင့် နှစ်စဉ် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များနှင့် ဘတ်ဂျက်ကို သုံးသပ်သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ

ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ပြီး ရန်ပုံငွေရရှိရေးအတွက် လမ်းညွှန်ခြင်းနှင့် မူဝါဒ အကောင်ထည်ဖော်ရေးအတွက် ဌာနအဖွဲ့အစည်းများအချင်းချင်းအတွင်း သဘောတူညီချက်များကို ပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။

၃၉၃။ အမျိုးသားအဆင့် ECCD ကော်မတီနှင့် အောက်ပါအဖွဲ့တစ်ခုချင်းတို့၏ အသေးစိတ် အခန်းကဏ္ဍနှင့် တာဝန်များတွင် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ညှိနှိုင်းဆက်သွယ်ခြင်း၊ လုပ်ငန်းကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းတို့ ပါဝင်ပါသည်။ အဖွဲ့အသီးသီးရှိ အဖွဲ့ဝင်များကို သင်တန်းပေးရန် သင်တန်းလက်စွဲများကို ပြုစုပြီး အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ စီစဉ်ပေးပါမည်။ (အပိုင်း ၅.၁၀.၈ ကို ကြည့်ပါ) ECCD မဟာဗျူဟာအစီအစဉ်နောက်ဆက်တွဲတွင် ကော်မတီအဖွဲ့များ၏ အခန်းကဏ္ဍများနှင့် တာဝန်များ ကို အချုပ်ဖော်ပြထားပါသည်။

## ၅.၁၀.၃။ ECCD အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

၃၉၄။ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် ပေါင်းစပ် ညှိနှိုင်းမှုအစီအစဉ် အခန်း(၇)တွင် ECCD အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ၏ အဖွဲ့ဝင်များနှင့် ယင်းအဖွဲ့၏ အထွေထွေအခန်းကဏ္ဍများကို ဖော်ပြထားပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကော်မတီကို ဦးဆောင်ပါမည်။ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများက သူတို့၏ ကိုယ်စားလှယ်အမည်စာရင်းကိုတင်သွင်းကာ အမျိုးသားအဆင့် ECCD ကော်မတီသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းပြီး လိုအပ်သည့် ညှိနှိုင်းဆွေးနွေးပွဲ ကို ပြုလုပ်ပါမည်။

## ၅.၁၀.၄။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့

၃၉၅။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသား အဆင့် ECCD ဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ကို ထူထောင်ပါမည်။ ကဏ္ဍ ပေါင်းစုံမှ အဖွဲ့များကို ကောင်းစွာ ပူးပေါင်းညှိနှိုင်းလုပ်ဆောင်နိုင်ရန် ယင်းအဖွဲ့သည် ဖွဲ့စည်းပုံအရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ထားပါမည်။ အမျိုးသားအဆင့် ECCD ဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် ကျန်းမာရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့အပြင် အခြားသောဝန်ကြီးဌာနများနှင့် နီးနီးကပ်ကပ်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရပါမည်။ ECCD မူဝါဒဆိုင်ရာ အနာဂတ်ပုံရိပ်၊ မျှော်မှန်းချက်များ၊ တာဝန်ခံဆောင်ရွက်မှုများ၊ ဦးတည်ရည်ရွယ်ချက် များ အကောင်အထည်ဖော်ရေးအတွက် အစိုးရများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက သီးသန့်ရည်ရွယ်ထောက်ပံ့သော ရန်ပုံငွေများကိုလည်း လက်ခံနိုင်ပါသည်။

၃၉၆။ အမျိုးသားအဆင့် ECCD ကော်မတီ၏ လမ်းညွှန်မှုအောက်တွင် အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစီမံခန့်ခွဲမှုကို တာဝန်ယူပါမည်။ ဤအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရှိ ECCD အကောင်အထည်ဖော်ရေးဌာနခွဲများ၊ အခြားပူးပေါင်းဆောင်ရွက်သောအဖွဲ့များနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ပါမည်။

၃၉၇။ ထိုအဖွဲ့တွင် လိုအပ်သော လူအင်အားရရှိနိုင်ရန် အမျိုးသားအဆင့် ECCD ကော်မတီခွဲ တစ်ခုက လိုအပ်သော ရာထူး၊ တာဝန်များအတွက် ကျယ်ကျယ်ပြန့်ပြန့်ကြော်ငြာပြီး လူတွေ့မေးမြန်း ရွေးချယ်ပါမည်။ ၎င်းတို့တွင် ECCD ဆိုင်ရာ လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအစီအစဉ် များ တိုးတက်အောင်ဆောင်ရွက်ရန် ကျွမ်းကျင်သူ ဦးဆောင်မန်နေဂျာ တစ်ဦး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ သန့်ရှင်းရေးနှင့် အခြားလိုအပ်သောကဏ္ဍအလိုက် ကျွမ်းကျင်သူ တစ်ဦးစီ လိုပါသည်။ ထို့ပြင်လုပ်ငန်းများ ကြီးကြပ် ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ အစီရင်ခံခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းများအတွက် အတွေ့အကြုံ ရှိသော ကျွမ်းကျင်သူနှစ်ဦး လိုပါသည်။ ယင်းအဖွဲ့ကို လူအင်အား ခုနစ်ဦးနှင့် အစပြုပြီး လိုအပ်လျှင် အင်အားထပ်မံဖြည့်တင်းပေးပါမည်။ တိကျသောလုပ်ငန်းများနှင့် စီမံကိန်းများအတွက် အချိန်တို အကြံပေးပုဂ္ဂိုလ်များ ခေါ်ယူပါမည်။ ယင်းအဖွဲ့ထူထောင်ရန်အတွက် အစောပိုင်းတွင် အပြည်ပြည် ဆိုင်ရာ အကူအညီအထောက်အပံ့များ ရယူပါမည်။ သို့သော် တဖြည်းဖြည်း အချိန်ကြာလာသည်နှင့် အမျှ ပုံမှန်ကုန်ကျစရိတ်များကို မြန်မာနိုင်ငံအစိုးရက ထောက်ပံ့ပါမည်။

၃၉၈။ ယင်းအဖွဲ့၏ အခန်းကဏ္ဍနှင့် တာဝန်များတွင် ECCD ဆိုင်ရာ မူဝါဒအကောင်အထည် ဖော်ရေးနှင့်ပတ်သက်ပြီး လမ်းညွှန်မှုပေးခြင်း၊ နှစ်စဉ် ECCD လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ ဖော်ထုတ်၍ အမျိုးသားအဆင့် ECCD ကော်မတီသို့ တင်ပြခြင်း၊ မူဝါဒနှင့် မဟာဗျူဟာအစီအစဉ် နှင့် နှစ်စဉ် လုပ်ငန်းအစီအစဉ်တွင် သတ်မှတ်ဖော်ပြထားသောလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ရန်ပုံငွေရှာရာတွင် လမ်းညွှန်မှုပေးခြင်း၊ အမျိုးသားအဆင့် ECCD ကော်မတီ၏ သဘောတူညီချက် ယူခြင်း၊ လုပ်ငန်းကြီးကြပ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့အတွက် ECCD ဆိုင်ရာ သတင်း အချက်အလက်စီမံခန့်ခွဲမှုစနစ်တစ်ရပ်အတွက် ပုံစံထုတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အကောင်ထည် ဖော်ခြင်း၊ ECCD ဆိုင်ရာ အမျိုးသားအဆင့် အရင်းအမြစ်နှင့် သင်တန်းဌာနတစ်ခု တည်ထောင် ခြင်းနှင့် သင်တန်းများ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအဆင့်တွင် လည်း ECCD အရင်းအမြစ်ဌာနများ ထူထောင်ရေးနှင့် သင်တန်းများပို့ချရေးအတွက် ရည်ရွယ် ဆောင်ရွက်ခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ အာဟာရပြည့်ဝရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းသုံးလက်စွဲစာအုပ်များကိုပြုစုခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ ဘာသာပြန်ခြင်း၊ အခြေအနေနှင့်ကိုက်ညီစေရန် ပြုပြင်အသုံးချမှုရှိခြင်း၊ ထုတ်လုပ်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအရသော်လည်းကောင်း၊ ယဉ်ကျေးမှုနှင့် ဘာသာစကားအရသော် လည်းကောင်း လိုအပ်ချက်များပြည့်ဝရန် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခြင်း၊ ပညာရေးတက္ကသိုလ်၊

ပညာရေးကောလိပ်များ၌ ECCD ဆိုင်ရာ ဒီပလိုမာ၊ ပထမဘွဲ့၊ မဟာဘွဲ့များနှင့် တဖြည်းဖြည်း ပါရဂူအဆင့်ဘွဲ့များအတွက် စီစဉ်ခြင်း၊ အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များ၊ သုတေသနဌာနများနှင့် အဆင့်မြင့်ပညာရေးမိတ်ဖက်အဖွဲ့အစည်းများအဖြစ် ထူထောင်ခြင်း၊ ECCD ဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်အလိုက် အသိအမှတ်ပြုလက်မှတ်ပေးခြင်းနှင့် ထပ်ဆင့်အသိအမှတ်ပြုလက်မှတ်ပေးခြင်း၊ ECCD ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ယင်းတို့၏ ကလေးများဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်မှုကို သုတေသနပြုရာတွင် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် လူအများကို ပြန်ကြားဆက်သွယ်ပြောဆိုသည့် အစီအစဉ်လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခြင်း တို့ပါဝင်ပါမည်။

## ၅.၁၀.၅။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးကော်မတီများ

၃၉၉။ တိုင်းဒေသကြီးနှင့်ပြည်နယ်ဆိုင်ရာ ECCD ကော်မတီတစ်ရပ်စီကို တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် ဖွဲ့စည်းတည်ထောင်ပါမည်။ ဥက္ကဋ္ဌအဖြစ်သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၏ လူမှုရေးဝန်ကြီးက တာဝန်ယူပါမည်။ အတွင်းရေးမှူးတာဝန်ကို ECCD မဟာဗျူဟာ အစီအစဉ်တွင် ဖော်ပြထားပါမည်။ ယင်းကော်မတီများတွင် အဖွဲ့ဝင်များအဖြစ် အထက်တွင် ဖော်ပြခဲ့သောဝန်ကြီးဌာနများက ကိုယ်စားလှယ်များနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အစိုးရမဟုတ်သည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တက္ကသိုလ်များ၊ တတ်သိပညာရှင်အဖွဲ့များ၊ ဖောင်ဒေးရှင်းများ၊ ECCD ဆိုင်ရာ ဝန်ဆောင်မှုပေးသော အခြားအဖွဲ့အစည်းများက ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ECCD ဆိုင်ရာ ဝန်ဆောင်မှုများကို မြှင့်တင်တိုးချဲ့ရာ၌ စိတ်ဝင်စားသောပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များလည်း ပါဝင်ဖွဲ့စည်းပါမည်။ တိုင်းဒေသကြီး/ပြည်နယ်ရှိ တက္ကသိုလ်များ၊ ဌာနများက ကော်မတီအဖွဲ့ဝင်များအဖြစ် မိမိတို့ကိုယ်စားလှယ်အမည်များကို တင်သွင်းပါမည်။

၄၀၀။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ ECCD ကော်မတီများသည် အမျိုးသားအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် CRC ကော်မတီများနှင့် နီးစပ်စွာ ပူးပေါင်းပြီး ကလေးများနှင့်မိခင်များ၏ အခွင့်အရေးများအပြည့်အဝရအောင် အလေးထားဆောင်ရွက်ပါမည်။ ထိုကော်မတီများသည် အထူးသဖြင့် မွေးစမှရှစ်နှစ်အရွယ်ကလေးများ၏ လိုအပ်ချက်များပြည့်ဝရေးကို အလေးထားဆောင်ရွက်ပါမည်။

၄၀၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ ECCD ကော်မတီများသည် အနည်းဆုံး သုံးလတစ်ကြိမ် တွေ့ဆုံဆွေးနွေးပါမည်။ ယင်းအဖွဲ့များသည် သက်ဆိုင်ရာဒေသများအတွင်း ECCD ဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ရေးကို လေ့လာကြီးကြပ်သုံးသပ်ပါမည်။ မိမိတို့ဒေသတွင် ECCD ဆိုင်ရာ ဆောင်ရွက်နိုင်မှုများ၊ ECCD ဆိုင်ရာလိုအပ်နေမှုများကို သုံးလတစ်ကြိမ်နှင့်

တစ်နှစ်တစ်ကြိမ် အစီရင်ခံပါမည်။ မြို့နယ်အလိုက် နှစ်စဉ်ကလေးသူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များကို စုစည်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ECCD နှစ်ပတ်လည်အစီအစဉ် ပြင်ဆင်ရာတွင်လည်း လိုအပ်သောနည်းပညာ ပံ့ပိုးကူညီမှုပေးပါမည်။ ရန်ပုံငွေရှာသောလုပ်ငန်းများ လုပ်ဆောင်ပြီးဘတ်ဂျက်နှင့် ငွေကြေးသုံးစွဲမှုဆိုင်ရာ အစီရင်ခံစာရေးရာတွင် လမ်းညွှန်မှုပေးပါမည်။ ECCD ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို လျင်လျင်မြန်မြန်တိုးချဲ့ဆောင်ရွက်သလို အရည်အသွေးရှိရန်လည်း အားထုတ်ပါမည်။ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ရွာအဆင့်များအကြား အထက်အောက်နှင့် အဆင့်တူအတွင်း ညှိနှိုင်းဆောင်ရွက်မှုများအားကောင်းအောင်ဆောင်ရွက်ပါမည်။ မိမိဒေသအတွင်း လုပ်ငန်းကြီးကြပ်ခြင်းနှင့် ECCD ဆိုင်ရာသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် ECCD-MIS ပုံမှန်လည်ပတ်မှုကို ကြီးကြပ်လေ့လာ သုံးသပ်ပါသည်။

## ၅.၁၀.၆။ ခရိုင်နှင့် မြို့နယ်အဆင့် ECCD ကော်မတီများ

၄၀၂။ ခရိုင်နှင့် မြို့နယ်တိုင်းတွင် ခရိုင်၊ မြို့နယ်အဆင့် ECCD ကော်မတီတစ်ရပ်စီကို ဖွဲ့စည်းပါမည်။ ယင်းကော်မတီတွင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသော ခရိုင် သို့မဟုတ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးအရာရှိက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် မြို့နယ်အဆင့် ဖွဲ့စည်းပုံများ ထူထောင်ပြီးသောအခါ) လူမှုဝန်ထမ်းဦးစီးဌာနက ဦးစီးအရာရှိက အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ပါမည်။ ယင်းကော်မတီတွင် အဖွဲ့ဝင်များအဖြစ် ခရိုင်နှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် ခရိုင်/မြို့နယ်ပညာရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ၊ ECCD လုပ်ငန်းများ အဓိကတာဝန်ယူဆောင်ရွက်သူများ၊ CRC ကော်မတီက ဦးဆောင်သူများ၊ ECCD ဆိုင်ရာ လုပ်ငန်းများကို ခရိုင်နှင့်မြို့နယ်အတွင်း ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများက ဦးဆောင်သူများပါဝင်ပါမည်။ ခရိုင်နှင့် မြို့နယ်အဆင့် ECCD ကော်မတီများသည် အနည်းဆုံး တစ်လတစ်ကြိမ်နှင့် လိုအပ်လျှင်လိုအပ်သလို တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရပါမည်။ မြို့နယ်နှင့်ခရိုင်အဆင့်တွင်ရှိသော အဖွဲ့အစည်းများက ကော်မတီတွင်ပါဝင်မည့် မိမိတို့ကိုယ်စားလှယ်၏အမည်စာရင်းကို တင်သွင်းပါမည်။

၄၀၃။ ခရိုင်/မြို့နယ်အဆင့် ECCD ကော်မတီများသည် မိမိတို့ဒေသအတွင်း ECCD ဆိုင်ရာမူဝါဒ၊ အကောင်ထည်ဖော်ရေးကို ကြီးကြပ်ခြင်း၊ မိမိဒေသအတွင်းတွင် ECCD ဆိုင်ရာ အောင်မြင်မှုများနှင့် လိုအပ်ချက်များကို သုံးလတစ်ကြိမ်နှင့် တစ်နှစ်တစ်ကြိမ် အစီရင်ခံစာတင်ခြင်း၊ ရပ်ရွာများကတင်ပြလာသော နှစ်စဉ် ECCD အစီအစဉ်များကိုစုစည်း၍ ခရိုင်နှင့်မြို့နယ်အစီအစဉ် ရေးဆွဲပြင်ဆင်ရာတွင် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း၊ ကလေးအခွင့်အရေးများဆိုင်ရာ ကော်မတီနှင့်ပူးပေါင်းပြီး ကလေးနှင့်မိခင်များ၏ အခွင့်အရေးအပြည့်အဝရရှိရေးအတွက် မြှင့်တင်ဆောင်ရွက်ခြင်း၊ ဒေသအတွင်းတွင် ရန်ပုံငွေရှာဖွေသောလုပ်ငန်းများဆောင်ရွက်ခြင်း၊ ငွေကြေးသုံးစွဲမှုဆိုင်ရာအစီရင်ခံစာရေးရာတွင် လမ်းညွှန်ပေးခြင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းနှင့် တိုးချဲ့

ဆောင်ရွက်ခြင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်နှင့် ရပ်ရွာအဆင့်တို့တွင် အထက်အောက်နှင့် အဆင့်တူ အတွင်း ညှိနှိုင်းဆက်သွယ်မှု အားကောင်းရန်ဆောင်ရွက်ခြင်း၊ ခရိုင်နှင့် မြို့နယ်အတွင်း ECCD ဆိုင်ရာလုပ်ငန်း ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ ECCD ဆိုင်ရာ သတင်းအချက်အလက် များ စီမံခန့်ခွဲမှုစနစ် လည်ပတ်နေမှုကို ကြီးကြပ်သုံးသပ်ခြင်းများ ပြုလုပ်ရပါမည်။

### ၅.၁၀.၇။ ရပ်ရွာအဆင့် ECCD ကော်မတီများ

၄၀၄။ ရပ်ရွာတိုင်းတွင် ရပ်ရွာအဆင့် ECCD ကော်မတီတစ်ခုစီ ဖွဲ့စည်းထားပါမည်။ ယင်း ကော်မတီ တွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မူလတန်းကျောင်းအုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ပါမည်။ ယင်းကော်မတီတွင် အဖွဲ့ဝင်များအဖြစ် ရပ်ရွာခေါင်းဆောင်များ၊ ဆယ်အိမ်စု၊ ရာအိမ်စုမှူးများ၊ ရပ်ရွာအခြေပြုအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရပ်ရွာအတွင်း ECCD ဝန်ဆောင်မှုပေးနေသောအဖွဲ့အစည်းများ၊ မိဘများ၊ ပြုစုစောင့်ရှောက်သူများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဝန်ဆောင်မှုပေးသူများ၊ ကျောင်းအုပ်များ၊ ဆရာများ၊ ကျောင်း ကျန်းမာရေးဝန်ထမ်းများ စသည်တို့ပါဝင်ပါမည်။ ယင်းကော်မတီများသည် အနည်းဆုံးတစ်လ တစ်ကြိမ်နှင့် လိုအပ်လျှင်လိုအပ်သလို တွေ့ဆုံပါမည်။ ရပ်ရွာအဆင့်အဖွဲ့များနှင့်အုပ်စုများက ကော်မတီတွင်ပါဝင်မည့်ကိုယ်စားလှယ်၏အမည်ကို တင်သွင်းပါမည်။

၄၀၅။ ရပ်ရွာအဆင့် ECCD ကော်မတီများသည် ရပ်ရွာအဆင့် ECCD အခြေအနေကို လေ့လာ ဆန်းစစ်မှု ပြုလုပ်ပါမည်။ ရပ်ရွာတွင် ECCD ဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ရေးကို ကြည့်ရှု လေ့လာသုံးသပ်ပါမည်။ ECCD ဆိုင်ရာ လုပ်ငန်းအားလုံးတွင် အားလုံးပါဝင်နိုင်ရေးကို



*ရပ်ရွာအဆင့် ECCD ကော်မတီများသည် မူကြိုနှင့် အခြား ECCD ဝန်ဆောင်မှုများ ထူထောင်ရန်အတွက် အလွန်အရေးပါသည်*

မြှင့်တင်ပေးပါမည်။ မိဘများ ECCD အတွက် ဝန်ဆောင်မှုပေးသူများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပါမည်။ လိုအပ်နေသော ECCD ဆိုင်ရာ ဝန်ဆောင်မှုအသစ်များကိုလည်း ဆောင်ရွက်ပေးပါမည်။ မြို့နယ် ECCD ကော်မတီသို့ သုံးလပတ်နှင့် နှစ်ပတ်လည် အစီရင်ခံစာများပေးပို့ပါမည်။ ယင်းအစီရင်ခံစာများတွင် ရပ်ရွာအတွင်း ECCD လုပ်ငန်းအောင်မြင်မှုများနှင့် လိုအပ်ချက်များကို ဖော်ပြပါမည်။ ရပ်ရွာအဆင့် တစ်နှစ်တာ ECCD လုပ်ငန်းအစီအစဉ်ကို ခရိုင်နှင့် မြို့နယ်သို့ တင်ပြပါမည်။ ရပ်ရွာအတွင်း ရန်ပုံငွေရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ပါမည်။ ငွေကြေးဆိုင်ရာ သုံးစွဲမှုအစီအရင်ခံစာ ရေးသားရာတွင် လမ်းညွှန်မှုပေးပါမည်။ ECCD ဆိုင်ရာ ဝန်ဆောင်မှုများ အရည်အသွေးမြှင့်တင်ခြင်းနှင့် တိုးချဲ့ဆောင်ရွက်ခြင်းများ ပြုလုပ်ပါမည်။ ရပ်ရွာအတွင်းဆောင်ရွက်ထားသော ECCD လုပ်ငန်းတွေ့အကြုံများကို အခြားရပ်ရွာနှင့် မြို့နယ်များသို့ မျှဝေပါမည်။ ECCD ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် လုပ်ငန်းလည်ပတ်ပုံကို ကြီးကြပ်ကွပ်ကဲပါမည်။ ရပ်ရွာအတွင်း ECCD လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် ECCD ဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ်လည်ပတ်ပုံကို လေ့လာသုံးသပ်ချက်ခြင်းပြုလုပ်ပါမည်။ ရပ်ရွာအတွင်း လိုအပ်သော သတင်းအချက်အလက်များ ကောက်ယူပြီး သက်ဆိုင်ရာ ခရိုင်/မြို့နယ် ECCD ကော်မတီသို့ အစီရင်ခံပါမည်။

### ၅.၁၀.၈။ ECCD လုပ်ငန်းအဖွဲ့နှင့် ကော်မတီများအတွက် လက်စွဲစာစောင်များ၊ သင်တန်းနှင့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ

၄၀၆။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့က အဖွဲ့တစ်ခုချင်းစီအတွက် လုပ်ငန်းဆောင်ရွက်မှုလက်စွဲစာစောင်တစ်ခုကို ပြင်ဆင်ပါမည်။ ယင်းလက်စွဲတွင် လုပ်ငန်းသတ်မှတ်ချက်များ၊ လုပ်ငန်းအတွက်လမ်းညွှန်မှုများ၊ ကွန်ရက်ထူထောင်ဆောင်ရွက်ရန် လမ်းညွှန်မှုများ၊ အထက်အောက်နှင့် အဆင့်တူအတွင်း အားကောင်းသောညှိနှိုင်းဆောင်ရွက်မှုဖြစ်ရန် ညွှန်ကြားမှုများ၊ သတင်းအချက်အလက်များမျှဝေခြင်း၊ ECCD မူဝါဒဆိုင်ရာ အသိပညာပေး မော်ဂျူး (Module) များ၊ အစီရင်ခံစာတင်ပြခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ ညွှန်ကြားချက်များ၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ တတ်သိပညာရှင်အဖွဲ့များ၊ ဖောင်ဒေးရှင်းများ၊ အဆင့်မြင့်တက္ကသိုလ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအကြား တရားဝင်သဘောတူညီချက်ပုံစံများ စသည်တို့ ပါဝင်ပါမည်။ တိုးတက်ပြောင်းလဲလာသောလိုအပ်ချက်များနှင့်ကိုက်ညီအောင် လက်စွဲစာစောင်များကို နှစ်နှစ်တစ်ကြိမ် ပြင်ဆင်မွမ်းမံပါမည်။

၄၀၇။ အဆင့်အသီးသီးရှိ ECCD ကော်မတီနှင့် ကော်မတီဝင်များကို လုပ်ငန်းဆောင်ရွက်တတ်စေရန် ပြင်ဆင်ပေးသည့်အနေဖြင့် သင်တန်းနှင့်အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ နှစ်စဉ်ပြုလုပ်သောအခါ ယင်းလက်စွဲစာစောင်များကို အသုံးချပါမည်။ အမျိုးသားအဆင့် ECCD မူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့က ယင်းသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ဦးဆောင်ပါမည်။ နောက်တစ်ဆင့် ဆင့်ပွားပြန်လည်သင်တန်းပေးနိုင်ရန် လိုအပ်သောသင်တန်းဆရာများကို

အမျိုးသားအဆင့် မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့က လေ့ကျင့်ပေးပါမည်။ အဆင့်အသီးသီးက ယင်းသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ဝိုင်းဝန်းကူညီပါမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ခရိုင်၊ မြို့နယ်အဆင့်တွင်လည်းကောင်း၊ ခရိုင်၊ မြို့နယ်များက ရပ်ရွာအဆင့် သင်တန်းများတွင်လည်းကောင်း ဝိုင်းဝန်းကူညီပါမည်။ ကော်မတီအဖွဲ့ဝင်များနှင့် လမ်းညွှန်မှုများသည် အခါအားလျော်စွာ ပြောင်းနိုင်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာအဆင့်တို့တွင် ကော်မတီဝင်များကို တစ်နှစ်တစ်ကြိမ် ပြန်လည်သင်တန်းပေးရန် လိုအပ်ပါသည်။

## ၅.၁၀.၉။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ECCD နှင့် ပတ်သက်သော အဓိကအခန်းကဏ္ဍများ

၄၀၈။ ECCD ဆိုင်ရာမူဝါဒကို အပြည့်အဝထောက်ခံအကောင်အထည်ဖော်ရန် ဥပဒေပြုရေးနှင့် အဆိုပြုလွှာတင်ရေးတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သည် အလွန်အရေးကြီးသော အခန်းကဏ္ဍများမှ ပါဝင်ပါသည်။ လွှတ်တော်၏ အခန်းကဏ္ဍအရ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် ပါဝင်ပါသည်။ (Engle, P; Nelson, Garner, G နှင့် Vargas- Baron, E, ၂၀၁၁)

- (က) ECCD ဆိုင်ရာမူဝါဒ ရေးဆွဲရေးတွင် ပါဝင်ခြင်းနှင့် မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊
- (ခ) ECCD မူဝါဒနှင့် ငါးနှစ်တာမဟာဗျူဟာအစီအစဉ်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် တိုက်တွန်းအားပေးရန်၊
- (ဂ) ECCD ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲအတည်ပြုရန်၊
- (ဃ) ECCD လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု နှစ်စဉ်တိုးမြှင့်ရေး၊
- (င) အဆင့်တိုင်းတွင် ကဏ္ဍပေါင်းစုံပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နိုင်မှုအတွက် ဖွဲ့စည်းပုံနှင့် စနစ်များကိုထူထောင်ပြီး လက်တွေ့အကောင်အထည်ဖော်ခြင်းကို အားပေးမြှင့်တင်ရန်၊
- (စ) ရပ်ရွာများတွင် ဘက်စုံပူးပေါင်းပါဝင်သော ECCD ဆိုင်ရာဝန်ဆောင်မှုများကို စီစဉ်ပေးခြင်းနှင့် အထောက်အကူပေးခြင်း၊
- (ဆ) ECCD ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုထိန်းသိမ်းရန်နှင့် တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုအပြည့်အဝရှိရန် ဆောင်ရွက်ခြင်း။

၄၀၉။ ECCD မူဝါဒနှင့်အညီ ဥပဒေသစ်ရေးဆွဲရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ပြီး အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့၏ အကူအညီဖြင့် အောက်ပါလွှတ်တော်ကော်မတီများကို ECCD ဆိုင်ရာမူဝါဒနှင့်ကိုက်ညီသောဥပဒေများကို ရေးဆွဲရန် တိုက်တွန်းအားပေးပါမည်။

## ပြည်သူ့လွှတ်တော်

(က) ဥပဒေကြမ်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းကော်မတီ၊

(ဂ) အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊

(င) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊

(စ) စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊

(ဆ) အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊

(ဇ) ကျန်းမာရေးမြှင့်တင်မှုကော်မတီ၊

(ဈ) ပညာရေးမြှင့်တင်မှုကော်မတီ၊

(ည) တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၊

(ဋ) လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊

(ဌ) ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ။

## အမျိုးသားလွှတ်တော်

(က) ဥပဒေကြမ်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းကော်မတီ၊

(ဂ) အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊

(ဃ) အလုပ်သမားရပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေးကော်မတီ၊

(င) အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၊

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊

(ဆ) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊

(ဇ) ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ၊

(ဈ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၊

(ည) တိုင်းရင်းသားရေးရာကော်မတီ၊

(ဋ) အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၊

(ဌ) ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပဋိပက္ခဖြေလျှော့ရေးကော်မတီ၊

(ဍ) မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ။

# အခန်း (၆)
# ECCD အတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်



Photo by Dr. Emily Vargas-Barón

# အခန်း (၆)

# ECCD အတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်

## ၆.၁။ ECCD တွင် အမျိုးသားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း

၄၁၀။ ECCD ဆိုင်ရာမူဝါဒ၏ ရည်မှန်းချက်ပန်းတိုင်များနှင့် ဦးတည်ရည်ရွယ်ချက်များ ပြည့်ဝစေရန် မြန်မာနိုင်ငံသည် ECCD လုပ်ငန်းများနှင့် ဝန်ဆောင်မှုများအတွက် ရင်းနှီးမြှုပ်နှံမှု လျင်မြန်စွာ တိုးမြှင့်ပါမည်။ အထူးသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့က ထည့်ဝင်သောရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပါမည်။ လက်ရှိအခြေအနေတွင် ယင်းဝန်ကြီးဌာနများသည် ECCD ဆိုင်ရာ ဝန်ဆောင်မှုများ သို့မဟုတ် လုပ်ငန်းများကို ထောက်ပံ့ရာတွင် အဓိကကျသော ဝန်ကြီးဌာနများ ဖြစ်ပါသည်။ ECCD ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပံ့ပိုးမှုပေးသော အခြားအစိုးရအဖွဲ့အစည်းများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ဖြစ်ပါသည်။

၄၁၁။ များပြားလှသော ခရိုင်၊ မြို့နယ်နှင့်ရပ်ရွာများသည် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့်ပစ္စည်းများကို ပံ့ပိုးပေးခဲ့ကြပြီး အချို့ဆိုလျှင် တတ်နိုင်သမျှအစွမ်းကုန်ထိ ပံ့ပိုးပေးခဲ့ကြပါသည်။ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့များ နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အချို့ကလည်း ECCD လုပ်ငန်းများအတွက် အထောက်အကူများ ပေးခဲ့ပါသည်။ သို့သော်ယင်းတို့မှာ ECCD ဆိုင်ရာ လက်ရှိနှင့် အနာဂတ်လိုအပ်ချက်များနှင့် ECCDစနစ် ရေရှည်တည်တံ့စေရန်အတွက် လုံလောက်ခြင်းမရှိသေးပါ။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု သံသရာကို ကျော်လွှားရန်နှင့် နိုင်ငံ၏အဓိကကျသော မဟာဗျူဟာမြောက် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ပေါက်မြောက်စေရန် လိုအပ်သော နိုင်ငံသားကောင်းများပေါ်ထွန်းလာရန် အစိုးရက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပေးရန်လိုအပ်ပါသည်။

## ၆.၂။ ECCD အတွက် အထောက်အပံ့ပြုမည့် အမျိုးသားရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များ

၄၁၂။ ECCD ဝန်ဆောင်မှုများနှင့် လုပ်ငန်းများအတွက် ကဏ္ဍအလိုက်နှင့် နိုင်ငံတော် စုစုပေါင်း ဘတ်ဂျက်ကို တိုးမြှင့်ထူထောင်ခြင်းဖြင့် ၂၀၂၀ ခုနှစ်တွင် GDP ၏ အနည်းဆုံး ၂ ရာခိုင်နှုန်းပြည့်အထိ တိုးမြှင့်အသုံးပြုထူထောင်သွားပါမည်။ ဤရည်မှန်းချက်ပြည့်မီစေရန် ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လူမှုရေးနှင့် ကလေးသူငယ်

ကာကွယ်စောင့်ရှောက်ရေး စသည့်ကဏ္ဍများအတွက် နိုင်ငံတော်ဘတ်ဂျက်ကို များစွာတိုးမြှင့်ရန် အရေးကြီးပါသည်။

၄၁၃။ အခြားအဓိကကျသည့်ဝန်ကြီးဌာနများအတွက် ECCD ဆိုင်ရာ ရည်မှန်းချက်များကို အောက်တွင်ဖော်ပြထားပါသည်။ ရည်မှန်းချက်များပြည့်မီသည်အထိ ဘတ်ဂျက်များကို ကာလအပိုင်းအခြားအလိုက် အရစ်ကျတိုးမြှင့်ပေးသွားမည်ဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီစေမည့် နှစ်စဉ် သီးသန့်ဘတ်ဂျက်များကို ECCD မဟာဗျူဟာ အစီအစဉ်များတွင် တင်ပြသွားပါမည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၄၁၄။ လက်ရှိအခြေအနေတွင် လူမှုဝန်ထမ်းဦးစီးဌာနက ECCD လုပ်ငန်းများအတွက် အသုံးပြုသော ဘတ်ဂျက်မှာ (၅၁၆,၃၅၁,၀၃၅)ကျပ် ဖြစ်ပါသည်။ အကြမ်းဖျင်းအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသုံးစရိတ်၏ ၁၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ ECCDလုပ်ငန်းများအတွက် လူမှုဝန်ထမ်းဦးစီးဌာနကသုံးစွဲနေသော ဘတ်ဂျက်အများစုမှာ အခြားပြင်ပဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် အခြားနိုင်ငံအချင်းချင်း နှစ်ဦးနှစ်ဖက်သဘောတူညီမှုအရ ပံ့ပိုးပေးနေသောငွေဖြစ်ပါသည်။ ထို့အပြင် အစိုးရမဟုတ်သော ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့များ၊ ဘာသာရေးအခြေပြုအဖွဲ့များ၊ အသင်းများနှင့် ဖောင်ဒေးရှင်းများက ပံ့ပိုးထည့်ဝင်မှုများလည်း ပါဝင်သည်။ ရပ်ရွာနှင့် မိဘများသည် ကလေးသူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်အများစုကိုကျခံရသော်လည်း ယခုထည့်ဝင်သော ငွေကြေးနှင့် ပစ္စည်းထက် ပိုပြီးထည့်ဝင်နိုင်ခြင်း မရှိကြတော့ပါ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာန၏နည်းပညာပံ့ပိုးပူးပေါင်းမှုဖြင့် မွေးစမှ သုံးနှစ်အရွယ်ထိ ကလေးများအတွက် အရေးကြီးသောဝန်ဆောင်မှုများ ပေးပါသည်။ ထိုဝန်ကြီးဌာန နှစ်ခုသည် သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများအတွက် မူကြိုပညာရေးကိုလည်း ဆောင်ရွက်ပေးပါသည်။ ဝန်ကြီးဌာန နှစ်ခုသည် လက်ရှိဆောင်ရွက်ပေးနေသော မူကြိုပညာရေး ဝန်ဆောင်မှုကို အရည်အသွေးထိန်းရင်း အမြန်ဆုံးတိုးချဲ့ဆောင်ရွက်နိုင်စေရန် ပူးပေါင်းဆောင်ရွက်ပါမည်။

၄၁၅။ လူမှုဝန်ထမ်းဦးစီးဌာနသည် မိဘအသိပညာပေးလုပ်ငန်း၊ မိခင်ဝိုင်း၊ မူကြိုကျောင်းများနှင့် ကလေးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် အထောက်အကူပေးရန် တာဝန်ရှိသည်နှင့် အညီ ECCDမဟာဗျူဟာအစီအစဉ်များတွင်ပါဝင်မည့် မျှော်မှန်းဦးတည်ချက်များကို အကောင် အထည်ဖော်နိုင်ရန် လက်ရှိ ECCD လုပ်ငန်းအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနကထည့်ဝင်သောဘတ်ဂျက်ကို အလျင်အမြန်တိုးမြှင့်ပေးရန်လိုပါသည်။

၄၁၆။ ကလေးငယ်များဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် အရေးကြီးသည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ်တွင် အနည်းဆုံး နှစ်စဉ်ဘတ်ဂျက်၏ ၂၈ ရာခိုင်နှုန်းကို ECCD လုပ်ငန်းအတွက် အသုံးပြုပါမည်။တိုးမြှင့်ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများတွင် မွေးစမှငါးနှစ်အရွယ်ကလေးများနှင့် ၎င်းတို့၏ မိဘများ အတွက် မိဘအသိပညာပေးလုပ်ငန်း၊ မိခင်ဝိုင်းများ၊ မူကြိုပညာရေး၊ လူမှုရေး ကာကွယ် စောင့်ရှောက်မှုနှင့် ကလေးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပါဝင်သည်။

၄၁၇။ နိုင်ငံတော်အစိုးရ၏ လူမှုရေးအကာအကွယ်ပေးမှုဆိုင်ရာ အစပျိုးလုပ်ငန်းအစီအစဉ်နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ECCD လုပ်ငန်းသည် လူမှုကာကွယ်ရေးလုပ်ငန်းအတွက် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ယင်းလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်လာသည်နှင့်အမျှ လူမှုကာကွယ်ရေး ခေါင်းစဉ်အောက်တွင် ECCD လုပ်ငန်းအတွက် ထပ်ဆောင်းပံ့ပိုးငွေများရလာမည် ဖြစ်ပါသည်။

၄၁၈။ နောင်အနာဂတ်တွင် နွမ်းပါးသောမိသားစုများနှင့် ဒုက္ခရောက်နေသော အခြေအနေကြုံကြိုက်နေရသော ဦးတည်အုပ်စုဝင်မိသားစုများကို သတ်မှတ်ချက်နှင့်ဖြစ်စေ၊ အချို့အတွက် သတ်မှတ်ချက်ကင်း၍ဖြစ်စေ ငွေကြေးထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။ ECCD ဆိုင်ရာမူဝါဒအရ အသက်ရှစ်နှစ်အောက်ကလေးရှိသော မိသားစုများအနေဖြင့် သတ်မှတ်ချက်အရ ငွေကြေးထောက်ပံ့မှုရယူရာတွင် ECCD ဆိုင်ရာ ပညာရေး၊ ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး ဝန်ဆောင်မှုများရယူရန်နှင့် မိသားစုပညာပေးလုပ်ငန်းအစီအစဉ်နှင့် အခြားပံ့ပိုးမှုများကို ရယူရန် စသည့်သတ်မှတ်ချက်များကို လိုက်နာရပါမည်။ တစ်ချိန်တည်းမှာပင် လိုအပ်ချက်ရှိနေသော မိသားစုများက လူမှုဝန်ထမ်းဦးစီးဌာန၏ ECCD ဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ရန်ပုံငွေအလုံအလောက်ပံ့ပိုးပေးပါမည်။

## ပညာရေးဝန်ကြီးဌာန

၄၁၉။ ပညာရေးဝန်ကြီးဌာနက ၂၀၁၂–၂၀၁၃ ခုနှစ်တွင် ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး လုပ်ငန်းများအတွက် အသုံးပြုခဲ့သော ဘတ်ဂျက်ပမာဏနှင့် ရာခိုင်နှုန်းကို ဖော်ထုတ်ပါမည်။ ECCDဝန်ဆောင်မှုလုပ်ငန်းအလိုက် ပြည်တွင်းပြည်ပမှရရှိသော ထောက်ပံ့မှုစာရင်းကို ပြုစုပါမည်။ ECCD ဝန်ဆောင်မှုလုပ်ငန်းများအတွက် နှစ်စဉ်ပညာရေးဘတ်ဂျက်မှ အသုံးပြုသောဘတ်ဂျက် ရာနှုန်းမှာ ပညာရေးကဏ္ဍများအတွက် မျှော်မှန်းထားသော ရာခိုင်နှုန်းဖြစ်သည့် ၁၀ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်း ထက် များစွာနည်းနေဟန်ရှိပါသည်။

၄၂၀။ ပညာရေးဝန်ကြီးဌာနသည် ပညာရေးအတွက်ရရှိသော စုစုပေါင်းဘတ်ဂျက်မှ ECCD လုပ်ငန်းအတွက်သုံးစွဲသော ဘတ်ဂျက်အချိုးကို တဖြည်းဖြည်း တိုးမြှင့်ပါမည်။ ၂၀၂၀ ပြည့်နှစ်တွင် ပညာရေးဘတ်ဂျက်တစ်ခုလုံး၏ ၁၂ ရာခိုင်နှုန်းကို ECCD လုပ်ငန်းများအတွက် ပံ့ပိုးပေးရန် လျာထားပါမည်။

၄၂၁။ ထိုဦးတည်ရည်မှန်းချက်ပြည့်ဝရန်နှင့် ဤမူဝါဒတွင် ဖော်ပြထားသောနည်းပညာပိုင်းဆိုင်ရာ ဦးဆောင်မှုပေးနိုင်ရန်နှင့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ရှေးဦးအရွယ်ကလေးနှင့် မူကြို ပညာရေး သီးသန့်ဘတ်ဂျက်တစ်ခုကို ပညာရေးဝန်ကြီးဌာနအောက်တွင် မွေးစမှ ငါးနှစ်အရွယ် ကလေးများနှင့် ၎င်းတို့၏မိဘများအတွက် ထူထောင်ပေးပါမည်။

၄၂၂။ ပညာရေးဝန်ကြီးဌာနသည် မွေးစမှ သုံးနှစ်အရွယ် ကလေးများဖွံ့ဖြိုးရေးနှင့် သူတို့၏ မိဘများအတွက် ပညာရေးဝန်ဆောင်မှုများပေးရာတွင် နည်းပညာဆိုင်ရာဦးဆောင်မှုအတွက်နှင့် မူကြိုပညာရေးဝန်ဆောင်မှုများအတွက် ထိုဘတ်ဂျက်ကို အသုံးပြုပါမည်။ ဝန်ဆောင်မှုလုပ်ငန်း များမှာ မိဘအသိပညာပေးလုပ်ငန်း၊ အိမ်ပြင်ပတွင်ထွက်၍ အလုပ်လုပ်နေရသော မိခင်များ၏ မွေးကင်းစအရွယ်ကလေးနှင့် လမ်းလျှောက်တတ်ခါစကလေးများအတွက် လသားအရွယ်မှ သုံးနှစ် အရွယ်အထိ ပြုစုပေးသော နေ့ကလေးထိန်းဌာနများ၊ မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် အိမ်တိုင်ရာရောက်ကူညီစောင့်ရှောက်မှုပေးခြင်း စသည်တို့တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ နည်းပညာပံ့ပိုးပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး ECI ဝန်ဆောင်မှုများ၊ သုံးနှစ်မှ လေးနှစ်အရွယ်ကလေးအားလုံး အကျုံးဝင်သော မူကြို ပညာရေးဝန်ဆောင်မှု၊ အသက်ငါးနှစ်မှစ၍ အိမ်နှင့် မူကြိုကျောင်းက မသင်မနေရ လူတိုင်း အကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းကျောင်းသို့ အကူးအပြောင်းချောမွေ့ရေးဆိုင်ရာလုပ်ငန်း များ ပါဝင်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန တို့နှင့်ပူးပေါင်း၍ စံသတ်မှတ်ချက်များ၊ လုပ်နည်းလုပ်ဟန်များကို ချမှတ်ပေးပါမည်။ ထို့ပြင် နေ့ကလေးထိန်းဌာနများ၊ မူကြိုကျောင်းများ၊ သူငယ်တန်းနှင့် မူလတန်းကျောင်းများတွင် အသုံးပြုသော သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်နည်းများကိုလည်း ကြီးကြပ် လမ်းညွှန်မှု ပြုလုပ်ပါမည်။ ပညာရေးကဏ္ဍအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်း အားလုံးအတွက် ကြီးကြပ်လမ်းညွှန်ပေးပါမည်။

၄၂၃။ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ဆီလျော်သော တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံသည့် မိဘအသိပညာပေးဝန်ဆောင်မှုလုပ်ငန်းများ အထူးသဖြင့် မွေးစမှ (၃၆)လ အရွယ်ကလေးများ၏ မိဘများအတွက် ရန်ပုံငွေထောက်ပံ့မှုကို အလေးထားဆောင်ရွက်ပါမည်။ ECCD ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများသည် သာတူညီမျှမှုရှိရန်နှင့် ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ဆီလျော်ပြီး အရည်အသွေးမြင့်သော ECCD ဆိုင်ရာ ဝန်ဆောင်မှုများတိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ ကလေးများအားလုံးရရှိစေရန် ပညာရေးဝန်ကြီးဌာနက သေချာစွာဆောင်ရွက်ပါမည်။ (၆၁)လမှ (၇၂)လအရွယ် သို့မဟုတ် ငါးနှစ်အရွယ်ကလေးများသည် သူငယ်တန်းကို တက်ရောက်ပြီး အရည်အသွေးမြင့်သော ကလေးဗဟိုပြုပညာရေးကို ရရှိကြပါလိမ့်မည်။ မူလတန်းကျောင်းများတွင် အရည်အသွေးမြင့်သော သင်ယူမှုအခွင့်အလမ်းများရရှိရေးနှင့် မိဘများပူးပေါင်းပါဝင်ဆောင်ရွက်မှု ကောင်းစွာရရှိရန် ဆက်လက်ပံ့ပိုးပေးသွားပါမည်။

## ကျန်းမာရေးဝန်ကြီးဌာန

၄၂၄။ ကျန်းမာရေးအလုံးစုံလွှမ်းခြုံမှု (Universal Health Care) ရည်မှန်းချက်ပြည့်မီရန်အတွက် GDP ၏ အနည်းဆုံး ၄ ရာခိုင်နှုန်း–၅ ရာခိုင်နှုန်း ကို အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသည် အားထုတ် နေပါသည်။ ဆင်းရဲပြီးထိခိုက်နစ်နာလွယ်သူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ် များအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ဦးစားပေးဆောင်ရွက်ပါမည် (MoH –၂၀၁၂အေ)။ အချိန်ကာလသတ်မှတ်ချက်ကိုမူ မချမှတ်ရသေးပါ။

၄၂၅။ ကျန်းမာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်နှင့်တကွ ဆက်နွယ်နေသော ကျန်းမာရေးဆိုင်ရာ ဘတ်ဂျက်များထဲမှ မိခင်၊ မွေးကင်းစကလေးနှင့် ကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးချဲ့ရန် ဦးစားပေးဆောင်ရွက်ပါမည်။ ထို့အတွက် ၂၀၁၂ ခုနှစ်တွင် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ပြေစာအစီအစဉ် (Voucher Scheme)ကို စမ်းသပ်နေပါသည် ( MoH –၂၀၁၂အေ)။

၄၂၆။ ကျန်းမာရေးဝန်ကြီးဌာနအတွက် အသုံးပြုသောဘတ်ဂျက်တွင် မိခင်၊ မွေးကင်းစကလေးနှင့် ကလေးသူငယ်ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အခြား ECCD လုပ်ငန်းများနှင့် ဝန်ဆောင်မှုများအတွက်ရရှိနေသော ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အရင်းအမြစ်များမှရရှိသောဘတ်ဂျက်ကိုလည်း ဖော်ထုတ်ပါမည်။ မိခင်၊ မွေးကင်းစကလေးနှင့် ကလေးသူငယ်ကျန်းမာရေးအတွက် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှု၊ အာဟာရပြည့်ဝရေး နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဝန်ဆောင်မှုများကို ဖွံ့ဖြိုးမှုနည်းသော မြို့ပြနှင့် ကျေးရွာများအားလုံး တွင် ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးလုပ်ငန်းဆိုင်ရာအခြေခံအဆောက်အအုံတိုးချဲ့ရေးကိုလည်း ဦးစားပေးအလေးထားဆောင်ရွက်ပါမည်။

## ၆.၃။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ အတွက်ပံ့ပိုးမှု

၄၂၇။ ECCD ဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာအစီအစဉ်နှင့် နှစ်စဉ်ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များကို ပြည့်ပြည့်ဝဝအကောင်ထည်ဖော်နိုင်ရန် အမျိုးသားအဆင့် ECCD မူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ထူထောင်ရန်မှာ အရေးကြီးပါသည်။ ယင်းအဖွဲ့အတွက် အရေးကြီးသောဘတ်ဂျက်ကို မဟာဗျူဟာအစီအစဉ်တွင် ဖော်ပြပါမည်။

၄၂၈။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့အတွက် လိုအပ်သော ဘတ်ဂျက်ကို နှစ်စဉ်ချမှတ်ပေးပါမည်။ ယင်းဘတ်ဂျက်သည် ခုနှစ်ဦး သို့မဟုတ် ခုနှစ်ဦးထက်ပိုသော ကျွမ်းကျင်ဝန်ထမ်းများ၏ လစာနှင့် အကျိုးခံစားခွင့်များ၊ သင်ကြားရေး ဆိုင်ရာ အထောက်အကူပစ္စည်းများ ပြုစုထုတ်လုပ်ဖြန့်ဖြူးခြင်း၊ အခြားထောက်ပံ့ပစ္စည်းများ၊

ခရီးသွားလာစရိတ်များ၊ ရုံးသုံးပစ္စည်းကိရိယာများနှင့် ပရိဘောဂများ၊ ပြန်ကြားဆက်သွယ်ပညာပေးလုပ်ငန်းများ စသည်တို့အတွက် အကျုံးဝင်ပါသည်။

၄၂၉။ ထိုအဖွဲ့အတွက် ထပ်မံလိုအပ်သော ထောက်ပံ့မှုများကို ECCD လုပ်ငန်းအတွက် ထူထောင်မည့် *"မြန်မာ့ ECCD ရန်ပုံငွေ"* က လည်းကောင်း (အောက်တွင်ကြည့်ပါ)၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နှစ်ဦးနှစ်ဖက်သဘောတူ ပူးပေါင်းဆောင်ရွက်သောမိတ်ဖက်အဖွဲ့အစည်းများ၊နိုင်ငံပေါင်းစုံ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများကလည်းကောင်း၊ ဖောင်ဒေးရှင်းများနှင့် ကော်ပိုရေးရှင်းများ၏ပံ့ပိုးမှုများကလည်းကောင်း နှစ်စဉ်ရယူပါမည်။

## ၆.၄။ ECCD လုပ်ငန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များနှင့် မြို့နယ်များအတွက် ဘတ်ဂျက်များ

၄၃၀။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချဆောင်ရွက်သည့်စနစ်တစ်ရပ်ကို ပြီးပြည့်စုံစွာ ဖော်ဆောင်မှုအတွက် နိုင်ငံတော်အစိုးရသည် ဆောင်ရွက်နေဆဲဖြစ်ပြီး ECCD ဝန်ဆောင်မှုလုပ်ငန်းများလည်းပါဝင်လာပါမည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ခရိုင်များ၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်ကော်မတီများသည် ECCD လုပ်ငန်းများနှင့်ပတ်သက်၍ ဆရာလစာအတွက် ငွေကြေးထောက်ပံ့မှု၊ အဆောက်အအုံဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းမှု၊ လိုအပ်သောပစ္စည်းနှင့် အစားအစာထောက်ပံ့မှုများ ပြုလုပ်ခဲ့ပါသည်။ အဆောက်အအုံများဆောက်လုပ်ရာတွင် လုပ်အားပံ့ပိုးခြင်း၊ ဒေသထွက်ဆောက်လုပ်ရေးပစ္စည်းများပံ့ပိုးခြင်းလည်း ပြုလုပ်ကြပါသည်။ ECCD လုပ်ငန်းအစီအစဉ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် သင်တန်းပေးခြင်း၊ လုပ်ငန်းကြီးကြပ်ခြင်းနှင့် ကွန်ရက်ဆက်သွယ်မှုဆိုင်ရာလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးပါသည်။

၄၃၁။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချ၍ မိမိဒေသအလိုက် တာဝန်ယူလုပ်ဆောင်မှုအစီအစဉ်များအသေးစိတ် ပြင်ဆင်လာသည်နှင့်အမျှ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာများအတွက် ဘတ်ဂျက် ထပ်ဆောင်းထောက်ပံ့မှု ရရှိလာမည်ဖြစ်ပြီး ဒေသအတွင်းက အလားတူထည့်ဝင်မှု (လူ၊ ငွေကြေး၊ ပစ္စည်းအားဖြင့် ထောက်ပံ့ရေး)ဆိုင်ရာ လမ်းညွှန်ချက်များလည်းပါဝင်ပါမည်။ ထိုအချိန်တွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်နှစ်စဉ်ဘတ်ဂျက်၏ အနည်းဆုံးအနေဖြင့် ငါးရာခိုင်နှုန်းကို ECCD ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုပါမည်။ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာ ECCD ကော်မတီများ က ယင်းငွေကိုစီမံခန့်ခွဲပါမည်။ ထိုအဖွဲ့များက နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့်ငွေကြေးသုံးစွဲမှုဆိုင်ရာ အစီရင်ခံစာများ၊ ပံ့ပိုးမှုများကဒေသဆိုင်ရာ ECCD လုပ်ငန်းများအပေါ်အကျိုးသက်ရောက်မှုများ ကို ဖော်ပြသည့်အစီရင်ခံစာများကို တင်ပြပါမည်။ ထိုအစီရင်ခံစာများကိုအဆင့်တိုင်းတွင် တစ်နှစ်တာအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ဘတ်ဂျက်ကိုပြင်ဆင်ရာတွင် အသုံးပြုပါမည်။

## ၆.၅။ မြန်မာ့ ECCD ရန်ပုံငွေ

၄၃၂။ အစိုးရကထောက်ပံ့သောဘတ်ဂျက်အပြင် မြန်မာ့ ECCD ရန်ပုံငွေကို ထူထောင်ပါမည်။ ECCDဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်အောက်တွင် ဖော်ပြထားသော မဟာဗျူဟာ (၁၀)ခု တွင် ပါဝင်သော အစီအစဉ်အသစ်များ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းများအတွက် ပြည့်ပြည့်ဝဝ အထောက်အကူရရန်၊ မြန်မာ့ ECCD ရန်ပုံငွေကို ထူထောင်ခြင်းဖြစ်ပါသည်။

၄၃၃။ မြန်မာ့ ECCD ရန်ပုံငွေထူထောင်ရန် ဖြစ်နိုင်မည့်အရင်းအမြစ်များအခြေအနေကို လေ့လာ ကာ ငွေကြေးစီမံခန့်ခွဲရေးနည်းလမ်းများကို စဉ်းစားသတ်မှတ်ပြီး အရင်းအမြစ်များစွာက ထောက်ပံ့ငွေရရှိရန် ကြိုးပမ်းပါမည်။ မြန်မာ့ ECCD ရန်ပုံငွေကို ထူထောင်ရာတွင် မြန်မာနိုင်ငံ အစိုးရက ကနဦးထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ ပံ့ပိုးပြီး အခြားသော အပြည်ပြည် ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကလည်း တူညီသောငွေ ထည့်ဝင်ပါမည်။ ထို့ပြင် အခြား ထောက်ပံ့မှုများရရှိရန် အောက်ပါအရင်းအမြစ်များမှလည်း ရှာယူပါမည်–

(က) အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့များ၊

(ခ) အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းများ၊ ကော်ပိုရေးရှင်းများ၊ အစားအစာ အဝတ် အထည်နှင့် ပရိဘောဂစတိုးဆိုင်ကြီးများ၊

(ဂ) ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများ၏ လစာ အခြေပြု ၍ ကလေးဖွံ့ဖြိုးရေးအတွက် ထည့်ဝင်မည့်အခွန်များ (၆.၆ ကိုကြည့်ပါ)၊

(ဃ) သဘာဝအရင်းအမြစ်များ ထုတ်လုပ်သုံးစွဲမှုမှ စည်းကြပ်အခွန်ငွေ၊

(င) စက်ရုံထုတ်ကုန်ပစ္စည်းများအပေါ်မှ ပြည်ပတင်ပို့မှုအခွန်၊

(စ) ဆေးနှင့်မူးယစ်ဆေး(အရက်)မှ ယစ်မျိုးခွန်၊

(ဆ) စီးပွားရေးလုပ်ငန်းများမှ လှူဒါန်းခြင်း၊ အငှားယာဉ်၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် အခြားသောအသင်းအဖွဲ့များမှ အလှူထည့်ဝင်ငွေများ၊

(ဇ) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းကို အားပေး ထောက်ခံသည့် စီးပွားရေးလုပ်ငန်းများမှ အမြတ်ခွန် (အခွန်) ကောက်ခံမှု လျှော့ပေး ခြင်း၊

(ဈ) မေတ္တာစေတနာဖြင့် လှူဒါန်းသော အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များ၊

(ည) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အောင်ဘာလေထီ ရောင်းချခြင်း၊ သို့မဟုတ် လက်ရှိထီရောင်းချမှု ဝင်ငွေမှ အချိုး ရာခိုင်နှုန်းတစ်ခုကို ECCD အတွက် ပံ့ပိုးခြင်း၊

(ဌ) နှစ်စဉ်အထူးရန်ပုံငွေရှာဖွေမှု အစီအစဉ်များ၊ ဥပမာ လေလံတင်ရောင်းချပွဲ၊ ညစာစားပွဲနှင့် အခြားသောရန်ပုံငွေရှာဖွေရေးပွဲများကျင်းပခြင်း။

## ၆.၆။ လစာကုန်ကျစရိတ် အခြေပြုအခွန်

၄၃၄။ လစာကုန်ကျစရိတ် အခြေပြုအခွန် (Payroll Tax) ၏ ၃ ရာခိုင်နှုန်း ကို ECCD လုပ်ငန်းဝန်ဆောင်မှုအတွက်သာ အသုံးပြုရန် ရည်ရွယ်၍ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာလုပ်ငန်းများမှ သတ်မှတ်ကောက်ခံပါမည်။ ဤအခွန်ကို ဝန်ထမ်းတစ်ဦးချင်းစီ၏လစာမှ ကောက်ယူခြင်းမပြုဘဲ ကုမ္ပဏီ၏ဝန်ထမ်းများ လစာကုန်ကျစရိတ်စာရင်းအပေါ် အခြေခံကာ ကောက်ခံမည်ဖြစ်ပြီး မြန်မာ့ ECCD ရန်ပုံငွေအတွက် ဖွင့်လှစ်ထားသောဘဏ်စာရင်းသို့ တိုက်ရိုက်လွှဲပြောင်းပေးပါမည်။ အမျိုးသားအဆင့်ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့က ထိုရန်ပုံငွေကို စီမံခန့်ခွဲရပါမည်။ ကိုလံဘီယာနိုင်ငံတွင် ECCD လုပ်ငန်းအတွက် ပံ့ပိုးငွေအများစုမှာ အလားတူ လစာအခြေပြုအခွန် (Payroll Tax) မှရရှိကြောင်း သိရှိရပါသည် (Vargas-Barón,၂၀၀၆)။

## ၆.၇။ ECCD ဌာနများနှင့် ဝန်ဆောင်မှုများအတွက် ပံ့ပိုးခြင်း အစီအစဉ်

၄၃၅။ ရပ်ရွာအဆင့် ECCD လုပ်ငန်းများကို တာဝန်ယူပြီး ငွေကြေးနှင့် ပစ္စည်းများပံ့ပိုးသော စနစ်ကို ထူထောင်ပါမည်။ ဘဏ်များ၊ အာမခံကုမ္ပဏီများ၊ ကားအရောင်းအဝယ်ပြုလုပ်သူများ၊ စတိုးဆိုင်ကြီးများနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအားဖိတ်ခေါ်ပြီး လိုအပ်ချက်များသောရပ်ရွာများမှ ရပ်ရွာအခြေပြု ECCD လုပ်ငန်းအတွက် ရေရှည်ထောက်ပံ့မှုများပေးရန် နှိုးဆော်ပါမည်။

## ၆.၈။ ECCD အတွက် အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှု

၄၃၆။ ECCD လုပ်ငန်းအစီအစဉ်များအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအပြင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် မိတ်ဖက်အဖွဲ့များကိုလည်း အဓိကကျသော လုပ်ငန်းများအတွက် ထပ်ဆောင်းအကူအညီထောက်ပံ့မှုများပေးရန် ဖိတ်ခေါ်ပါမည်။ အထူးသဖြင့် အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ထူထောင်မှု၊ ဆန်းသစ်တီထွင်မှုများပြုလုပ်မှု၊ ရှေ့ပြေးအစီအစဉ်များ စမ်းသပ်လုပ်ကိုင်မှု၊ လုပ်ငန်းသုံးအထောက်အကူပြုပစ္စည်းများထုတ်လုပ်မှု၊ သင်တန်းအစီအစဉ်များဆောင်ရွက်မှု၊ သုတေသနပြုလုပ်မှု၊ သင်တန်းနှင့် ဆွေးနွေးပွဲများပြုလုပ်မှု၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ သင်တန်းများအတွက် ပံ့ပိုးမှု၊ လုပ်ငန်းကြီးကြပ်မှု၊ သုံးသပ်အကဲဖြတ်မှုနှင့် ECCDဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ်တစ်ရပ် တည်ထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီရန် ဖိတ်ခေါ်ပါမည်။

## ကုလသမဂ္ဂအဖွဲ့များနှင့် နိုင်ငံပေါင်းစုံသဘောတူဆောင်ရွက်သော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များ

၄၃၇။ ECCD လုပ်ငန်းစတင်ရန်နှင့် ဆက်လက်ပံ့ပိုးရန်အတွက် ကုလသမဂ္ဂအဖွဲ့များ၊ အပြည်ပြည် ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေးကို အကူညီပေးသောမိတ်ဖက်အဖွဲ့များကို ဖိတ်ခေါ်ပါမည်။ ဖိတ်ခေါ်မည့် အဖွဲ့များတွင် အောက်ပါအဖွဲ့များပါဝင်ပါမည်–

(က) အာဆီယံ (ASEAN)

(ခ) အာရှဖွံ့ဖြိုးရေးဘဏ်(ADB)

(ဂ) ဥရောပကော်မရှင် (European Commission)

(ဃ) ဥရောပသမဂ္ဂ( European Union)

(င) ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)

(စ) AIDS၊ အဆုတ်ရောဂါနှင့် ငှက်ဖျားတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ Global Fund

(ဆ) ပညာရေးအတွက် ကမ္ဘာ့တစ်လွှားပူးပေါင်းမိတ်ဖက်အဖွဲ့ (Global Partnership for Education) (ယခင်က Fast Track Initiative ဟုခေါ်ပါသည်။)

(ဇ) HIV / AIDS အတွက် ကုလသမဂ္ဂပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (UNAIDS)

(ဈ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)

(ည) ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)

(ဋ) သည်ယူနီယန် (IUATLD)

(ဌ) အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ (SEAMEO)

(ဍ) ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)

(ဎ) ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)

(ဏ) ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ် (UNEP)

(တ) ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေးအစီအစဉ် (UN Habitat)

(ထ) ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)

(ဒ) ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)

(ဓ) ကမ္ဘာ့ဘဏ် (World Bank)

(န) ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)

(ပ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)

## နှစ်နိုင်ငံသဘောတူဆောင်ရွက်သောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ

၄၃၈။ ECCD ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များတွင် ဖော်ပြထားသော ECCD ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပံ့ပိုးကူညီရန် နှစ်နိုင်ငံသဘောတူဆောင်ရွက်သော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများကို ဖိတ်ကြားပြီး မေတ္တာရပ်ခံပါမည်။ ၎င်းတို့မှာ–

(က) ဩစတြေးလျ

(ခ) ဩစတြီးယား

(ဂ) ဘယ်လ်ဂျီယံ

(ဃ) ကနေဒါ

(င) တရုတ်

(စ) ဒိန်းမတ်

(ဆ) ဂျာမနီ

(ဇ) အိုင်ယာလန်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအထောက်အပံ့အဖွဲ့ (Irish Aid)

(ဈ) ဂျပန် (MoFA နှင့် JICA)

(ည) ကိုရီးယား

(ဋ) နော်ဝေနှင့် မသန်စွမ်းသူများအတွက် နော်ဝေအဖွဲ့အစည်း (NAD)

(ဌ) နယ်သာလန်

(ဍ) ဆွီဒင်

(ဎ) ဆွစ်ဇာလန်

(ဏ) ဗြိတိန်နိုင်ငံ၏အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန (DFID)

(တ) အမေရိကန်ပြည်ထောင်စုအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)

## အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် ကော်ပိုရေးရှင်းများ

၄၃၉။ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများသည် ECCD ဆိုင်ရာဝန်ဆောင်မှုများအတွက် ပံ့ပိုးမှုများကို တစိုက်မတ်မတ်ဆောင်ရွက်ပေးကြပါသည်။ အနာဂတ်တွင် အခြားအဖွဲ့အစည်းများလည်း ပါဝင်ကူညီပေးကြပါမည်။ နိုင်ငံတကာမှ ထောက်ပံ့မှု ပံ့မှန်ရရှိနေသော (ပြည်တွင်း) အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုလည်း တစ်ဖက်တွင် ထည့်သွင်းဖော်ပြထားပါသည်–

- Action Contre la Faim (ACF)
- Adventist Development and Relief Agency (ADRA)
- Aide Medicale International (AMI)
- Asian Harm Reduction Network
- Association of Freancosis-Xavier Bagnoud (AFXB)
- Association of Medical Doctors of Asia (AMDA)
- Association of Southeast Asian Nations (ASEAN)
- Burnet Institute Australia
- CARE Myanmar
- CARITAS
- Catholic Relief Services (CRS)
- Clinton Foundation, HIV and AIDS Initiative
- Christian Aid
- Cooperation and Svilu – ppo onlus (CESVI)
- Humanitarian Services International (HIS)
- Latter Day Saints Charities, USA
- Karuna Myanmar Social Services
- Kachin Baptist Convention
- Karen Baptist Convention
- The Leprosy Mission International (Myanmar)
- Malteser, Germany
- Marie Stopes International (MSI)
- Médecins du Monde (MDM)
- Médecins Sans Frontières (MSF)
- Merlin
- Metta Development Foundation (MDF)
- Myanmar Anti-Narcotics Association
- Myanmar Baptist Convention

- Myanmar Health Assistance Association
- Myanmar Maternal and Child Welfare Association
- Myanmar Nurses and Midwives Association
- Myanmar Red Cross Society
- Myanmar Women's Affairs Association
- Open Society Foundations (OSF)
- Oxfam
- Pact Myanmar
- Partners International Solidarity Organisation
- Plan International
- Population Services International (PSI)
- Progetto Continenti
- Pyin Nya Tazaung Association
- Ratana Metta Organisation
- Red Cross Society
- Rotary International
- Save the Children
- Singapore International Foundation
- Summer Institute of Linguistics (SIL)
- SOS Children's Villages
- Terre des Hommes (TDH)
- Tearfund
- World Concern
- World Vision International
- Yinthway Foundation
- Young Women's Christian Association နှင့်အခြားအဖွဲ့များ။

## အပြည်ပြည်ဆိုင်ရာအဆင့်မြင့်ပညာရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ

၄၄၀။ အချို့နိုင်ငံခြားတက္ကသိုလ်များကို ဖိတ်ကြားပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ပူးပေါင်းကာ ECCD ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပါမည်။ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များ၊ ဆေးတက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေး တက္ကသိုလ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြားတက္ကသိုလ်တို့နှင့် ECCDဆိုင်ရာ လက်တွဲဆောင်ရွက်နိုင်ရန် အဆင့်မြင့်ပညာမိတ်ဖက်အဖွဲ့အစည်းများကို တစိုက်မတ်မတ် ရှာဖွေဖော်ထုတ်၍ ဆောင်ရွက်ပါမည်။

## ၆.၉။ ECCD လုပ်ငန်းအတွက်နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်

၄၄၁။ ECCD ဆိုင်ရာ မဟာဗျူဟာအစီအစဉ် (၂၀၁၄ မှ ၂၀၁၈) ခုနှစ်နှင့် နောင်လာမည့် ငါးနှစ်တာ မဟာဗျူဟာအစီအစဉ်များတွင် ဆောင်ရွက်မည့်လုပ်ငန်းတိုင်းအတွက် အသေးစိတ်ဘတ်ဂျက် တွက်ချက်ခန့်မှန်းမှု ပါဝင်ပါမည်။ ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် နှစ်စဉ်လုပ်ငန်းအစီအစဉ်များနှင့် ကုန်ကျစရိတ်လေ့လာမှုများကို ဆောင်ရွက်ပါမည်။ ၎င်းတို့သည် မဟာဗျူဟာအစီအစဉ်တွင်ဖော်ပြထားသော အထွေထွေဘတ်ဂျက်ကို သုံးသပ်၍ လိုအပ်သော ပြောင်းလဲမှုပြုလုပ်ရန် အထောက်အကူဖြစ်ပါသည်။ ECCD ဆိုင်ရာ မဟာဗျူဟာအစီအစဉ်များသည် ငါးနှစ်တာကာလတိုင်းအတွက် ECCD လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မျှော်မှန်းချက်များချမှတ်ခြင်း၊ အမှန်တကယ် ရင်းနှီးမြှုပ်နှံထားမှုကို တိုင်းတာခြင်းတို့အတွက် လမ်းညွှန်ပေးနေသော အထောက်အထားတစ်ခုဖြစ်ပါမည်။

၄၄၂။ အမျိုးသားအဆင့် ECCD ကော်မတီ၏ လမ်းညွှန်မှုနှင့်တကွ ECCD အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် ECCD နှစ်စဉ်လုပ်ငန်းအစီအစဉ်ကို ဖော်ဆောင်ပါမည်။ ယင်းအစီအစဉ်တွင် နှစ်စဉ် ECCD လုပ်ငန်းအတွက်ဘတ်ဂျက်နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်လည်း ပါဝင်ပါမည်။

၄၄၃။ ECCD ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများတွင် လုပ်ငန်းအစီအစဉ်များအတွက် ထည့်ဝင်မှု၊ ရလဒ်များနှင့် အကျိုးသက်ရောက်မှုများကို ဖော်ပြပါမည်။ ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်များနှင့်ပတ်သက်သည့်အခြေအနေကိုလည်း ထည့်သွင်းဖော်ပြပါမည်။

၄၄၄။ ECCD ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာပါ လုပ်ငန်းအခြေအနေလိုအပ်ချက်များ ပြည့်မီစေရန် ECCD အတွက် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကိုရေးဆွဲပါမည်။ လုပ်ငန်းတိုးချဲ့ခြင်း၊ ပိုမိုကောင်းမွန်ရန် ဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အရည်အသွေးအာမခံချက်ရှိစေခြင်း၊ သာတူညီမျှရှိစေခြင်းနှင့် လုပ်ငန်းအသစ်များ တိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံမှု

အစီအစဉ်များတွင် ပြည်တွင်းနှင့်ပြည်ပမှ ငွေကြေး၊ နည်းပညာနှင့် လုပ်ငန်းသဘာဝအရ အခြား ထောက်ပံ့မှုအမျိုးမျိုး ပါဝင်ပါမည်။

# အခန်း (၇)

# အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် ECCD ပေါင်းစပ်ညှိနှိုင်းမှုအစီအစဉ်



Photo by Myo Thame

## အခန်း (၇)

# အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် ECCD ပေါင်းစပ်ညှိနှိုင်းမှုအစီအစဉ်

၄၄၅။ ကဏ္ဍအလိုက်နှင့် ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုမြင့်မားရေးအတွက် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများကြားတွင် အားကောင်းသော ညှိနှိုင်းဆောင်ရွက်မှု ထူထောင်ရန်လိုအပ်ပါသည်။

၄၄၆။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ် ရေးဆွဲရာတွင် အမျိုးသားအဆင့် ECCD အဖွဲ့အစည်းများကဦးဆောင်ပါမည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များတွင် နိုင်ငံပေါင်းစုံသဘောတူဆောင်ရွက်သော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များ၊ နှစ်နိုင်ငံသဘောတူဆောင်ရွက်သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍဆိုင်ရာဖောင်ဒေးရှင်းများနှင့် ကော်ပိုရေးရှင်း၊ ဖောင်ဒေးရှင်း များ ပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့များနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေးတို့ကို အလေးထားပြီး ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပါမည်။ အဖွဲ့အစည်းများအချင်းချင်းပူးပေါင်းဆောင်ရွက်ရန်ကဏ္ဍများကို ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီမှု ရယူခြင်းဖြင့် ECCD ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှု အကြားအလပ်မရှိစေရန် ဆောင်ရွက်နိုင်ပြီး လုပ်ငန်းထပ်နေမှုများ၊ နားလည်မှုလွဲမှားမှုများ ဖြစ်ပေါ်ခြင်းမှ ရှောင်ရှားနိုင်ပါ သည်။

၄၄၇။ အမျိုးသားအဆင့် ECCD ကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုအောက်တွင် ECCD အပြည် ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီကိုဖွဲ့စည်းပါမည်။ ဤကော်မတီသည် ECCD လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း များအကြား ပေါင်းစပ်ညှိနှိုင်းရေး၊ နှစ်စဉ်အစီအစဉ်တစ်ခုကို ဖော်ဆောင်ပါမည်။

၄၄၈။ အမျိုးသားအဆင့် ECCD ကော်မတီသည် ECCD အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကော်မတီနှင့် နှစ်စဉ်တွေ့ဆုံ၍ ဦးစားပေးပံ့ပိုးရမည့် နယ်ပယ်များကိုတင်ပြပါမည်။ ထိုဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် လိုအပ်သောပံ့ပိုးကူညီမှုပြုလုပ်နိုင်ရန် မိတ်ဖက် အဖွဲ့အစည်းများကို ဖိတ်ခေါ်ပါမည်။

၄၄၉။ ECCDလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု၊ ပေါင်းစပ်ညှိနှိုင်းရေး နှစ်စဉ်အစီအစဉ်တွင် ECCD ဆိုင်ရာ မဟာဗျူဟာအစီအစဉ်များနှင့် နှစ်စဉ်လုပ်ငန်းအစီအစဉ်များတွင် ဖော်ပြထားသော ECCD

ဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များအတွက် ဖြစ်နိုင်ခြေရှိသော ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ငန်းများ ပါဝင်ပါသည်။

၄၅၀။ ECCD အပြည်ပြည်ဆိုင်ရာမိတ်ဖက်ကော်မတီနှင့် တွေ့ဆုံပွဲများကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ပြုလုပ်ပါမည်။ တစ်နှစ်တာအတွင်း မိတ်ဖက်အဖွဲ့များသည် အမျိုးသားအဆင့် ECCD အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့နှင့်လည်းကောင်း၊ အချို့သော ECCD ဝန်ဆောင်မှု လုပ်ငန်းများနှင့်လည်းကောင်း တွဲဖက်၍ဆောင်ရွက်ပါမည်။ အမျိုးသားအဆင့် ECCD မူဝါဒ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် လုပ်ငန်းများကိုအထောက်အကူပြုရန်၊ အဖွဲ့အစည်းများ အချင်းချင်း တရားဝင်သဘောတူညီမှုရရှိရန် အကူအညီပေးပါမည်။ အမျိုးသားအဆင့် ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့သည် လုပ်ငန်းများအစီအစဉ်အတိုင်းဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ လုပ်ငန်းအစီအစဉ်များ အရည်အသွေးပြည့်ဝမှုအတွက် ကြီးကြပ်အကဲဖြတ်မှုအစီအစဉ် ရှိ၊ မရှိ၊ လုပ်ငန်းအစီအစဉ်နှင့်ငွေကြေးအရ တာဝန်ယူလုပ်ဆောင်မှုရှိ၊ မရှိတို့ကို ကြီးကြပ်ပါမည်။ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့များက ECCD လုပ်ငန်းအတွက် ပံ့ပိုးမှုဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာများကို အမျိုးသားအဆင့် ECCD ကော်မတီထံ ပေးပို့ပါမည်။

# အခန်း (၈)
# နိဂုံး



# အခန်း (၈)

# နိဂုံး

၄၅၁။ ECCD ဆိုင်ရာမူဝါဒတွင် ချမှတ်ထားသော အနာဂတ်မျှော်မှန်းချက်၊ တာဝန်ခံယူမှု၊ အဓိကရည်မှန်းချက်များနှင့် ဦးတည်ရည်ရွယ်ချက်များပေါက်မြောက်စေရန် ဤမူဝါဒကို အပြည့်အဝ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရှိ ကလေးများအတွက် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သတ်မှတ်မည်ဆိုသည့် လေးနက်သော ခံယူချက်၊ ကတိကဝတ် လိုအပ်ပါသည်။ မူဝါဒရေးရာနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်မှု အားလုံးကို လမ်းညွှန်မှုပေးမည့် အမျိုးသားအဆင့် ECCD အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ကို လည်း ထူထောင်ပြီး အပြည့်အဝပံ့ပိုးပေးရန်လိုပါသည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ECCDဆိုင်ရာဝန်ဆောင်မှုများကို ကဏ္ဍအသီးသီးတွင်တိုးမြှင့်ခြင်း၊ အလျင်အမြန်တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး အားကောင်း၍ စဉ်ဆက်မပြတ်သော ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းခြင်း၊ အစီအစဉ်ရေးဆွဲခြင်းလည်းဖြစ်ပေါ်လာမည် ဖြစ်သည်။

၄၅၂။ ဤ ECCD မူဝါဒအကောင်အထည်ဖော်ဆောင်ရန် ပြည်တွင်း၊ အာဆီယံဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့များ ရေရှည်ပူးပေါင်းဆောင်ရွက်ရန် လိုပါသည်။ ထိုကဲ့သို့ ပူးပေါင်း ဆောင်ရွက်ခြင်းများ၊ မိတ်ဖက်ပြုခြင်းများအားဖြင့် အမျိုးသားအဆင့် ECCD ဆိုင်ရာ ခေါင်းဆောင် များသည် လက်ရှိလုပ်ငန်းများကို တိုးမြှင့်ခြင်း၊ လုပ်ငန်းအသစ်များဆောင်ရွက်ခြင်းကို ဆောင်ရွက် ပေးနိုင်ပြီး မြန်မာနိုင်ငံရှိ ကလေးများအားလုံး အစွမ်းအစနှင့် အလားအလာများ အစွမ်းကုန် ဖွံ့ဖြိုးလာကာ အားထားနိုင်သော မြန်မာနိုင်ငံသားများဖြစ်လာစေမည် ဖြစ်ပါသည်။



Photo by Aye Aye Yee

*ECCD မူဝါဒညှိနှိုင်းဆွေးနွေးပွဲ၊ ရန်ကုန်မြို့၊ ၂၀၁၂ ခုနှစ်*

# အခန်း (၉)
# နောက်ဆက်တွဲ



Photo by Myo Thame

# အခန်း (၉)

# နောက်ဆက်တွဲ

## နောက်ဆက်တွဲ (၁)

## ရည်ညွှန်းကိုးကားချက်


ASEAN Secretariat. (2007). *Early Childhood Care and Development (ECCD) Directory of Resources, 2007: Profile of Agencies, Organisation and Institutions: Union of Myanmar*. Manila, The Philippines: Association of Southeast Asian Nations (ASEAN) and Council for the Welfare of Children.

ASEAN Secretariat. (2011). *ASEAN Strategic Framework for Social Welfare and Development.* (2001-2015). Jakarta, Indonesia: Association of Southeast Asian Nations.

Ball, J. (2011). *Enhancing Learning of Children from Diverse Language Backgrounds:*

*Mother Tongue-Based Bilingual or Multilingual Education in the Early Years*. Paris, France: UNESCO.

Banks, C. (August 2011). *An Evaluation of "Strengthening Juvenile Justice in Myanmar."* Yangon, Myanmar: UNICEF and Australian Aid.

Bernard van Leer Foundation. (2006). *Guide for General Comment 7: "Implementation of Child's Rights in Early Childhood."* The Hague, Netherlands: Bernard van Leer Foundation.

Burger, K. (2010). "How does early childhood care and education affect cognitive development? An international review of the effects of early interventions for children from different social backgrounds."*Early Childhood Research Quarterly* 25 (2010) 140–165.

Clarke, D. J. (2010). *Independent Evaluation of UNICEF Education Programme, Improving Access to Quality Basic Education in Myanmar (2006-2010): Final Report*. Yangon, Myanmar: UNICEF.

De los Angeles, F. (2004). *Early Childhood Care and Education: South-East Asia: Working for Access, Quality and Inclusion in Thailand, the Philippines and Viet Nam. Bangkok*. Thailand: UNICEF Regional Office and Asia-Pacific Programme of Education for All (APPEAL).

Dubble, C. (2006). *Community-based Psychosocial Care and Support for Vulnerable Children in Myanmar: A Strategy Paper for Building a Protective Framework for Children in Vulnerable Situations*. Yangon, Myanmar: UNICEF.

Engle, P., Nelson Garner, G. and Vargas-Barón, E. (2011). *Early Childhood Development: What Parliamentarians Need to Know and Do*. Geneva, Switzerland: UNICEF.

Grantham McGregor, S., Cheung, Y. B., Cueto, S., Glewwe, P., Richter, L., and Strupp. (2007). "Child development in developing countries 1: Developmental potential in the first 5 years for children in developing countries." Lancet: 369:60-70.

Heckman, J. J. (30 June 2006). "Skill Formation and the Economics of Investing in Disadvantaged Children." *Science*, Vol. 312, pp. 1900-1902.

Heckman, J. J. (23 June 2007). "Investing in Disadvantaged Young Children Is Good Economics and Good Public Policy." Testimony before the Joint Economic Committee, Washington, DC.

International Bureau of Education. (2011). *World Data on Education: Myanmar*. Geneva, Switzerland: UNESCO/IBE. http://www.ibe.unesco.org/fileadmin/user_upload/Publications/WDE/2010/pdf-versions/Myanmar.pdf

International Labour Organisation. (2009 ). Maternity Protection Database. http://www.ilo.org/travaildatabase/servlet/maternityprotection

Khin Ma Ma Swe and Soe Thein. (2012). "Monitoring Social Sector Budgets: What we know about social sector spending in Myanmar," PowerPoint presentation. Nay Pyi Taw, Myanmar: UNICEF.

The Leprosy Mission Myanmar. (2011). "Statistic Report for People with Disability (Child, age 1-18) for year 2010-2011." Yangon, Myanmar: Leprosy Mission Myanmar.

Ministry of Education. (2003). *National Education for All Plan of Action (2003- 2015).* Yangon, Myanmar: Ministry of Education.

Ministry of Education. (2007). *EFA Mid-Decade Assessment Report*. Yangon: Ministry of Education. http://www.unescobkk.org/fileadmin/user_upload/efa/EFA_MDA/Myanmar_MDA/ EFA_MDA_PartI_forWeb.pdf

Ministry of Education. (October 2008). *Country Report: Myanmar Education Development Strategy Focusing on Inclusive Education*. Nay Pyi Taw, Myanmar: Ministry of Education.

Ministry of Forestry. (August 2009). *National Sustainable Development Strategy for Myanmar*. Nay Pyi Taw, Myanmar: Ministry of Forestry.

Ministry of Health. (2006). *Report on Behaviour Surveillance Survey of Youth in Project Townships of DHP and MRCS*. Yangon, Myanmar: Department of Health Planning and Myanmar Red Cross Society.

Ministry of Health. (2009a). *National Health Accounts, Myanmar (2008-2009).* Nay Pyi Taw, Myanmar: Ministry of Health and World Health Organization.

Ministry of Health. (2009b). *Five-Year Strategic Plan for Reproductive Health, 2009-2013*. Nay Pyi Taw, Myanmar: Ministry of Health.

Ministry of Health. (2010a).*Five-Year Strategic Plan for Child Health Development in Myanmar* (2010-2014). Nay Pyi Taw, Myanmar: Ministry of Health.

Ministry of Health and Ministry of Social Welfare, Relief and Resettlement. (2010). "Myanmar Country Report to the 8th ASEAN and Japan High Level Officials Meeting on caring societies: Poverty alleviation with a focus on vulnerable people through strengthening collaboration between health services and the social welfare." Tokyo, Japan: Ministry of Health and Ministry of Social Welfare, Relief and Resettlement.

Ministry of Health. (2011a). *Myanmar National Strategic Plan and Operational Plan on HIV and AIDS, 2011-2015*. Nay Pyi Taw, Myanmar: Department of Health.

Ministry of Health. (2011b). *Health in Myanmar: Myanmar Health Care System*. Nay Pyi Taw, Myanmar: Ministry of Health.

Ministry of Health. (2011c). *National Malaria Control Project*. Nay Pyi Taw, Myanmar: Ministry of Health.

Ministry of Health, Department of Health, Environmental Division. (2012). *Five-year Strategic Plan on Water Supply, Sanitation and Hygiene (2012-2016)*. Nay Pyi Taw: Ministry of Health.

Ministry of Health and National AIDS Programme. (2012). *Global AIDS Response Progress Report: Myanmar*. Nay Pyi Taw, Myanmar: National AIDS Programme.

Ministry of Health. (2012a). *Health in Myanmar*. Nay Pyi Taw, Myanmar: Ministry of Health.

Ministry of Health. (2012b). "Inaugural Speech by H.E Union Health Minister at the Technical Consultation Meeting on Universal Health Coverage in Myanmar." Nay Pyi Taw, Myanmar: Ministry of Health

Ministry of Health. (2012c). Expanded Program on Immunization, Multi Year Plan, 2012-2016. Nay Pyi Taw, Myanmar: Ministry of Health.

Ministry of Health. (July 2012). "Universal Health Coverage in Myanmar: Technical Consultation on Issues and Challenges." Nay Pyi Taw, Myanmar: Ministry of Health.

Ministry of Home Affairs. (2011). *Myanmar Five-Year National Plan of Action to Combating Human Trafficking: 2011 Annual Progress Report*. Nay Pyi Taw, Myanmar: Ministry of Home Affairs.

Ministry of Immigration and Population, Department of Population. (2009). *Country Report on 2007 Fertility and Reproductive Health Survey*. Nay Pyi Taw, Myanmar: MoIP.

MICS and Ministry of National Planning and Economic Development. (2010). *Myanmar Multiple Indicator Cluster Survey 2009-2010: Selected Indicators*. Nay Pyi Taw, Myanmar: MoNPED, Ministry of Health and UNICEF.

Ministry of National Planning and Economic Development. (July 2012). *Situation Analysis of Children in Myanmar*. Nay Pyi Taw, Myanmar: MoNPED and UNICEF.

Ministry of Social Welfare, Relief and Resettlement, National Committee on the Rights of the Child. (2006). *Myanmar National Plan of Action for Children, 2006-2015*. Yangon, Myanmar: Ministry of Social Welfare, Relief and Resettlement.

Ministry of Social Welfare, Relief and Resettlement. (2009a). *Myanmar Action Plan on Disaster Risk Reduction (MAPDRR) 2009-2015*. Nay Pyi Taw, Myanmar: Ministry of Social Welfare, Relief and Resettlement.

Ministry of Social Welfare, Relief and Resettlement (2009b). *Report on the "Seminar on Pre-School Education in Myanmar: Strengthening the Foundation in the Early Years."* Department of Social Welfare, Singapore International Foundation and Save the Children in Myanmar.

Ministry of Social Welfare, Relief and Resettlement, Department of Relief and Resettlement. (2010a). *Myanmar National progress report on the implementation of the Hyogo Framework for Action (2009-2011) – interim*. Nay Pyi Taw, Myanmar: Ministry of Social Welfare, Relief and Resettlement.
http://www.preventionweb.net/english/countries/asia/mmr/

Ministry of Social Welfare, Relief and Resettlement. (2010b). *First Myanmar National Disability Survey 2010*. Nay Pyi Taw, Myanmar: Department of Social Welfare and Leprosy Mission International, Myanmar.

Ministry of Social Welfare, Relief and Resettlement, Department of Social Welfare. (2010c).*Myanmar National Plan of Action for Persons with Disabilities 2010-2012*. Nay Pyi Taw, Myanmar: Ministry of Social Welfare, Relief and Resettlement.

Ministry of Social Welfare, Relief and Resettlement, Department of Social Welfare. (August 2011a). *The Situation of Children in Residential Care Facilities in Myanmar*. Nay Pyi Taw, Myanmar: Ministry of Social Welfare, Relief and Resettlement and UNICEF/Myanmar.

Ministry of Social Welfare, Relief and Resettlement, Department of Social Welfare. (2011b). *Minimum Standards of Care and Protection for Children in Residential Facilities*. Nay Pyi Taw, Myanmar: Government of the Republic of the Union of Myanmar.

Ministry of Social Welfare, Relief and Resettlement. (2012). *Conference Report, East Asia and Pacific Region, Social Protection Conference: A Call to Action*. Nay Pyi Taw, Myanmar: Government of the Republic of the Union of Myanmar.

Multi-Donor Education Fund and UNICEF Myanmar. (January 2012) *Myanmar Quality Basic Education Programme (QBEP) Programme Design Document, January 2012-December 2015*. Yangon, Myanmar: UNICEF.

Multi-Donor Education Fund and UNICEF Myanmar. (January 2012) *Myanmar Quality Basic Education Programme (QBEP) Programme Document, Annexes to Chapter 1: Analysis and Rationale*, Myanmar: UNICEF. Yangon, Myanmar: UNICEF.

Multi-Donor Education Fund and UNICEF Myanmar. (January 2012) *Myanmar Quality Basic Education Programme (QBEP) Programme Document, Annexes to Chapter 2: Programme Description*. Yangon, Myanmar: UNICEF.

Multi-Donor Education Fund and UNICEF Myanmar. (January 2012) *Myanmar Quality Basic Education Programme (QBEP) Programme Document, Annexes to Chapter 3: Governance, Management and Implementation Arrangements*. Yangon, Myanmar: UNICEF.

Mundhek, Alice. (2005). *A Study of Institutions Caring for Children Deprived of Parental Care: Myanmar – 2004/2005*. Yangon, Myanmar: UNICEF.

Myanmar Police Force. (December, 2010). *The Directive on Child Friendly Police Procedures*. Nay Pyi Taw, Myanmar: Myanmar Police Force.

Myanmar Red Cross Society. (2010). *Plan 2010-2011*. Yangon, Myanmar: MRCS.

Naing, K.M. (2006). *Assessment of Urinary Iodine Levels among School-age Children in Myanmar* (Urinary Iodine Excretion Survey, 2006). Yangon, Myanmar: UNICEF.

Nishino, Y. (10 August 2012). "Budget/Public Finance and Children's Rights." PowerPoint presentation. Naypyitaw, Myanmar: UNICEF.

President of Myanmar. (30 March 2011). "Guidance of the Head of State (10 Points Education Policies." Nay Pyi Taw, Myanmar: Government of the Republic of the Union of Myanmar.

Pyinnya Tazaung Association. (February 2012). *Project Cooperative Agreement Early Childhood Development Project: Project Final Report, March 2011-February 2012).* Yangon, Myanmar: Pyinnya Tazaung Association.

Republic of the Union of Myanmar. (2006). *Third and Fourth National Report on the Implementation of the Convention on the Rights of the Child 2001-2006).* Nay Pyi Taw, Myanmar: Government of the Republic of the Union of Myanmar.

Republic of the Union of Myanmar. (July 2012). *Country Report on ASEAN Seminar-Workshop on Early Childhood Care and Development Systems Development, Manila, Philippines*. Nay Pyi Taw, Myanmar, Ministry of Social Welfare, Relief and Resettlement.

Save the Children. (2004). *Early Childhood Development: A Positive Impact, A Study from Myanmar of the Effects for Children, their Families and Communities*. Yangon, Myanmar: Save the Children's Myanmar Field Office.

Save the Children. (2009). *Early Childhood Care and Development: A Strategic Approach to ECCD*. Yangon, Myanmar: Save the Children's Myanmar Field Office.

Save the Children. (2010). *Added Value! A study of the impact of ECCD on household incomes and livelihood opportunities: Studying the economic impact on households of the Save the Children ECCD programme in Myanmar through field research in Theinni, Nyaungshwe and Kani.* Yangon, Myanmar: Save the Children's Myanmar Field Office.

Seel, A and Aung Tin. (2010). *Early Learning Opportunities for Children: A Transitions Initiative, Mid-Term Evaluation Report*. Yangon, Myanmar: Save the Children.

Selby, D and Kagawa, F. (2012). *Disaster Risk Reduction in School Curricula: Case Studies from Thirty Countries*. Geneva, Switzerland: UNICEF and UNESCO

Soe Thein. (2012). "Monitoring Social Sector Budgets: A Child's View of the Myanmar Economy," PowerPoint presentation. Nay Pyi Taw, Myanmar: UNICEF.

Supreme Court. (2012). *The Directive on Child Friendly Court Procedures*. Nay Pyi Taw, Myanmar: Supreme Court.

Thein Lwin, Khin Nwe Oo and Arnold, C. (2004). *Myanmar ECD Impact Study*. Westport, CT: Save the Children USA.

Thein Lwin. (2007-2008). *Medium Term Study on the Impact of the Integrated Early Childhood Development Network Project*. Yangon, Myanmar: UNICEF.

Thein Lwin. (2011).*Transition Curriculum Impact Study*. Yangon, Myanmar: Save the Children.

Thein Lwin. (2012).*Report on ECCD Consultation Workshops*. Yangon, Myanmar: UNICEF.

UNESCO. (2012). *World Atlas of Gender Equality in Education*. Paris, France: UNESCO

UNESCO and International Bureau of Education. (2011). *World Data on Education: Myanmar*. Geneva, Switzerland: International Bureau of Education.

UNESCO and UNICEF. (2012). *Disaster Risk Reduction in School Curricula: Case Studies from Thirty Countries*. Geneva, Switzerland: UNICEF and UNESCO.

UNESCO and UNICEF. (2012). *Asia-Pacific End of Decade Notes on Education for All, EFA Goal One: Early Childhood Care and Education*. Bangkok, Thailand: UNICEF/EAPRO and UNESCO/ROSA.

UNESCO and UNESCO Institute of Statistics. (2011-2012). Educational Database on Myanmar and "UIS Statistics in Brief: General Profile Myanmar." Paris, France: UNESCO and UIS.

UNFPA. (2010). *Executive Summary: Report on the Situation Analysis of Population and Development, Reproductive Health and Gender in Myanmar*. Yangon, Myanmar: UNFPA.

UNICEF. (2007). *Assessment of Early Childhood Development and its Impact on Children, Parents and Communities in Myanmar: The Most Significant Change Approach.* Yangon, Myanmar: UNICEF/Myanmar Country Office.

UNICEF. (2007 and 2010). ChildInfo - Monitoring the Situation of Children and Women. Yangon. Myanmar: UNICEF. http://www.childinfo.org/vitamina_trends.php

UNICEF. (2010). *Country Programme Document 2011-2015*. Yangon, Myanmar: UNICEF Country Office.

UNICEF. (2011a). *Country Office Annual Report for Myanmar*. Bangkok, Thailand: UNICEF EAPRO and New York.

UNICEF. (2011b). *Myanmar Multiple Indicator Cluster Survey, 2009-2010.* Yangon, Myanmar: UNICEF/Myanmar.

UNICEF. (2011c). *Water, Sanitation and Hygiene for Schoolchildren in Emergencies*. New York, USA: UNICEF.

UNICEF. (2011d). *Knowledge, Attitude and Practice Study into Water, Sanitation and Hygiene in 24 Townships of Myanmar*. Yangon, Myanmar: UNICEF/Myanmar Country Office.

UNICEF. (2011e). *WASH in Schools: Monitoring Package*. Bangkok, Thailand: UNICEF/EAPRO.

UNICEF. (July 2012a). Statistics on UNICEF/Myanmar website. http://www.unicef.org/infobycountry/myanmar_statistics.html

UNICEF. (2012b). *Situation Analysis of Early Childhood Care and Development in Myanmar*. Yangon, Myanmar: UNICEF/Myanmar.

UNICEF (September 2012). *Mid-Year Progress Report on Quality Basic Education Programme, January-June 2012*. Yangon, Myanmar: UNICEF/Myanmar

United Nations. (1989). *Convention on the Rights of the Child*. Geneva, Switzerland: Office of the United Nations Commissioner for Human Rights.

United Nations. (2010). *Country Assessment Report: Country Profile of the Union of Myanmar, Medium Term Report*. Yangon, Myanmar: United Nations Special Representative.

United Nations. (2012). *Report on Millennium Development Goals Indicators*. New York, USA: United Nations. http://mdgs.un.org/unsd/mdg/Default.aspx

United Nations. (2012) *UN Strategic Framework for Myanmar (2012-2015) and Results Matrix.* Nay Pyi Taw, Myanmar: United Nations.

United Nations. (3 February 2012). *Consideration of reports submitted by States parties under article 44 of the Convention on the Rights of the Child: Concluding observations: Union of Myanmar*. Geneva, Switzerland: Office of the United Nations High Commissioner for Human Rights.

Vargas-Barón, E. (2005). *Planning Policies for Early Childhood Development: Guidelines for Action*. Paris, France: UNESCO, UNICEF, ADEA, Red Primera Infancia. (English, French, Spanish and Russian).

Vargas-Barón, E. (2006). "Payroll Taxes for Child Development: Lessons from Colombia," UNESCO Policy Brief on Early Childhood. Paris, France: UNESCO.

Vargas-Barón, E. (2012). "Why Should Myanmar Invest in Early Childhood Development?" Nay Pyi Taw, Myanmar: UNICEF Country Office Myanmar.

Walker, S. P., Gardner, J. M., Lozoff, B., Wasserman, G. A., Pollitt, E., Carter, J. A. (2007). "Child Development: risk factors for adverse outcomes in developing countries" in *Lancet*, Vol. 369: 145 – 157.

World Bank. (2011). World databank; World Development Indicators (WDI) and Global Development Finance (GDF). Washington, DC: World Bank. http://databank.worldbank.org/ddp/home.do

World Health Organisation. (Annual). *Global Health Observatory and Myanmar: Health Profile*. Geneva, Switzerland: WHO. http://apps.who.int/ghodata/

World Health Organisation. (2008a). *WHO Country Cooperation Strategy, 2008-2011*. Yangon, Myanmar: World Health Organisation.

World Health Organisation. (2008b). *Global Burden of Disease. 2004 Update*. Geneva, Switzerland: World Health Organisation.

Yinthway Foundation. (2011). *Report on Strengthening Child Centered Approach in Monastic & Community Schools Project*. Yangon, Myanmar: Yinthway Foundation. (Many other annual and project reports are available from Yinthway.)

Zin, M. M. (2005). *Report on National Survey of Micronutrients, 2004-2005*. Yangon, Myanmar: Ministry of Health.

# နောက်ဆက်တွဲ(၂)

## Acronyms

| | |
|---|---|
| ADB | Asian Development Bank |
| AIDS | Acquired Immuno-Deficiency Syndrome |
| ART | Anti-Retroviral Therapy (for HIV and AIDS) |
| ARV | Anti-Retrovirals |
| ASEAN | Association of Southeast Asian Nations |
| CBO | Community Based Organisation |
| CCT | Conditional Cash Transfers |
| CEDAW | Convention on the Elimination of all Forms of Discrimination Against Women |
| CESR | Comprehensive Education Sector Review |
| CFS | Child Friendly Schools |
| C-IMCI | Community Integrated Management of Childhood Illness |
| CPMIS | Child Protection Management Information System |
| CRC | Convention on the Rights of the Child |
| CRPD | Convention on the Rights of Persons with Disabilities |
| CRS | Catholic Relief Services |
| CSO | Central Statistical Organisation |
| CT | Cash Transfers |
| DEPT | Department of Education Planning and Training |
| DfID | Department for International Development (of the United Kingdom) |
| DMERB | Department of Myanmar Education Research Bureau |
| DoMR | Department of Medical Research |
| DSW | Department of Social Welfare |
| EC | European Commission |
| ECCD | Early Childhood Care and Development |
| ECCD MIS | Early Childhood Care and Development Management Information System |

| | |
|---|---|
| ECD | Early Childhood Development |
| ECI | Early Childhood Intervention |
| EFA | Education for All |
| EGRA | Early Grade Reading Assessment |
| EICC | ECCD International Cooperation Committee |
| EIS | Early Intervention Specialists |
| EMIS | Education Management Information System |
| EPI | Expanded Programme on Immunisation |
| EU | European Union |
| FAO | Food and Agricultural Organisation |
| FBO | Faith-Based Organisation |
| FDA | Food and Drug Administration |
| GDP | Gross Domestic Product |
| GFATM | Global Fund to Fight AIDS, Tuberculosis and Malaria |
| HCCD | Healthy Child Care and Development Package |
| HIV and AIDS | Human Immuno-Deficiency Virus and Acquired Immuno-Deficiency Syndrome |
| HMIS | Health Management Information System |
| ICT | Information and Communication Technologies |
| IFBO | International Faith-Based Organisation |
| IFSP | Individualised Family Service Plan |
| IIE | Institute of International Education |
| IMCI | Integrated Management of Childhood Illnesses |
| IMF | International Monetary Fund |
| INGO | International Non-Governmental Organisation |
| ITNS | Impregnated Treated Bed Nets |
| JICA | Japan International Cooperation Agency |
| KAP | Knowledge, Attitudes and Practices |
| MAPDRR | Myanmar Action Plan on Disaster Risk Reduction |
| MC | Mother Circle |
| MCC | Myanmar Council of Churches |

| | |
|---|---|
| MDF | Metta Development Foundation |
| MNCH | Maternal, Newborn and Child Health |
| MDEF | Multi-Donor Education Fund |
| MDF | Metta Development Foundation |
| MDG | Millennium Development Goals |
| M&E | Monitoring and Evaluation |
| MICS | Multiple Indicator Cluster Survey |
| MIS | Management Information System |
| MMCWA | Myanmar Maternal and Child Welfare Association |
| MNTN | Myanmar Nutrition Technical Network |
| MoBA | Ministry of Border Affairs |
| MoC | Ministry of Culture |
| MoE | Ministry of Education |
| MoFA | Ministry of Foreign Affairs (of Japan, Belgium, others) |
| MoF | Ministry of Finance |
| MoH | Ministry of Health |
| MoHA | Ministry of Home Affairs |
| MoI | Ministry of Information |
| MoIP | Ministry of Immigration and Population |
| MoJ | Ministry of Justice |
| MoL | Ministry of Labour, Employment and Social Security |
| MoNPED | Ministry of National Planning and Economic Development |
| MoRA | Ministry of Religious Affairs |
| MoSWRR | Ministry of Social Welfare, Relief and Resettlement |
| MRCS | Myanmar Red Cross Society |
| MSF | Médecins Sans Frontières |
| NAD | Norwegian Association of the Disabled |
| NAP | National AIDS Programme |
| NDC | National Documentation Centre |
| NGO | Non-Governmental Organisation |

| | |
|---|---|
| OSF | Open Society Foundations |
| OVC | Orphans and Vulnerable Children |
| PEM | Protein-Energy Malnutrition |
| PLHA | Persons Living with HIV & AIDS |
| PMCT | Preventing Mother-to-Child Transmission (of HIV infection) |
| PRS | Poverty Reduction Strategy |
| PRSP | Poverty Reduction Strategy Paper |
| SC | Save the Children |
| SCU | Supreme Court of the Union |
| SEAMEO | Southeast Asian Ministers of Education Organisation |
| SIL | Summer Institute of Linguistics |
| STI | Sexually Transmitted Infections |
| TBA | Traditional Birth Attendants |
| TOR | Terms of Reference |
| TCRC | Township Child Rights Committee |
| TDH | Terre des Hommes |
| UAGO | Union Attorney General's Office |
| UHC | Universal Health Coverage |
| UIS | UNESCO Institute of Statistics |
| UDNR | University for the Development of the National Races of the Union |
| UN | United Nations |
| UNAIDS | United Nations Agency for International Development |
| UNDP | United Nations Development Programme |
| UNEP | United Nations Environment Programme |
| UNESCO | United Nations Education, Scientific and Cultural Organisation |
| UN-Habitat | United Nations Human Settlements Programme |
| UNICEF | United Nations Children's Fund |
| UNFPA | United Nations Population Fund |
| USAID | United States Agency for International Development |
| WASH | Water and Sanitation and Hygiene |

| | |
|---|---|
| WFP | World Food Programme |
| WHO | World Health Organisation |
| WVI | World Vision International |
| YCDC | Yangon City Development Committee |

# နောက်ဆက်တွဲ(၃)

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ်

### ဒေါက်တာ သိန်းလွင်၊ အမျိုးသားအကြံပေးအရာရှိ

ဇူလိုင်လမှ ၇ ရက်မှ ၃၁ ရက်အထိ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၁၁)ခုကို စီစဉ်၍ ကဏ္ဍပေါင်းစုံမှ စိတ်ပါဝင်စားသူများ၏ ပူးပေါင်းပါဝင်မှုဖြင့် (၁၁)နေရာတွင် ကျင်းပခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် လေးခုနှင့် မြို့နယ်အဆင့်တွင် ခုနစ်ခုတို့ ဖြစ်ပါသည်။

ဇယား (၁) လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအစီအစဉ်

| စဉ် | ရက်စွဲ | နေရာ | မှတ်ချက် |
|---|---|---|---|
| | ၁၇.၇.၂၀၁၂ | ရန်ကုန် | လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရန် ကြိုတင်ပြင်ဆင်ခြင်း၊ ကူညီပံ့ပိုးသူများအား တာဝန်ခွဲဝေချထားခြင်း၊ ဆွေးနွေးပွဲကာလအတွင်း ဆောင်ရွက်မည့် အစီအစဉ်များဖြစ်သော လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းအကြောင်းရင်း၊ ရည်မှန်းချက်နှင့် လုပ်ငန်းများကို ဆွေးနွေးခြင်း။ |
| ၁ | ၁၈.၇.၂၀၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ | တိုင်းဒေသကြီးဝန်ကြီးဒေါက်တာမြင့်သိန်း (ရန်ကုန်တိုင်း) က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ |
| ၂ | ၂၀.၇.၂၀၁၂ | မွန်ပြည်နယ် မော်လမြိုင်မြို့ | ပြည်နယ်ဝန်ကြီးဒေါက်တာတိုးတိုးအောင် (မွန်ပြည်နယ်) က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ |
| ၃ | ၂၀.၇.၂၀၁၂ | မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ | တိုင်းဒေသကြီးဝန်ကြီးဦးအောင်ဆန်း (မန္တလေးတိုင်း)က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ |
| ၄ | ၂၂.၇.၂၀၁၂ | စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ | တိုင်းဒေသကြီးဝန်ကြီးဒေါက်တာမြင့်သိန်း (စစ်ကိုင်းတိုင်း) က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ |
| ၅ | ၂၂.၇.၂၀၁၂ | မွန်ပြည်နယ် သံဖြူဇရပ်မြို့ | သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်နိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ |
| ၆ | ၂၄.၇.၂၀၁၂ | မွန်ပြည်နယ် သထုံမြို့ | ပြည်နယ်ဝန်ကြီးဦးထွန်းလှိုင် (မွန်ပြည်နယ်) က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ |

| ဇယား (၁) လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် | | | |
|---|---|---|---|
| စဉ် | ရက်စွဲ | နေရာ | မှတ်ချက် |
| ၇ | ၂၄.၇.၂၀၁၂ | စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ | နေပြည်တော်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ |
| ၈ | ၂၆.၇.၂၀၁၂ | စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ | လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ |
| ၉ | ၂၇.၇.၂၀၁၂ | ရှမ်းပြည်နယ် တောင်ကြီးမြို့ | ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ |
| ၁၀ | ၂၉.၇.၂၀၁၂ | ရှမ်းပြည်နယ် ရှာင်မြို့ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ |
| ၁၁ | ၃၁.၇.၂၀၁၂ | ရှမ်းပြည်နယ် ပင်လောင်းမြို့ | ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က အဖွင့်အမှာ စကား ပြောကြားခဲ့ပါသည်။ |



Photo by Khin Saw Nyunt

*မူဝါဒရေးဆွဲရာတွင် ကဏ္ဍပေါင်းစုံ အလွှာအသီးသီးမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် မူဝါဒအကောင်အထည်ဖော်ခြင်းတွင် အထောက်အပံ့ဖြစ်စေခြင်း၊ ECCD မူဝါဒညှိနှိုင်းဆွေးနွေးပွဲ၊ မုံရွာမြို့၊ ၂၀၁၂*

## တက်ရောက်သူများ

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ၁၁ ခုတွင် တက်ရောက်ခဲ့သူများအား အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**ဇယား (၂) လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ၁၁–ခုတွင် တက်ရောက်သူများစာရင်း**

| စဉ် | ရက်စွဲ | နေရာ | ပြည်နယ်/ တိုင်းဒေသကြီး | ဌာန/ အဖွဲ့အစည်း | ကျား | မ | ပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ၁၈.၇.၂၀၁၂ | ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး | ၃၀ | ၁၉ | ၄၂ | ၆၁ |
| ၂ | ၂၀.၇.၂၀၁၂ | မော်လမြိုင်မြို့ | မွန်ပြည်နယ် | ၂၅ | ၂၁ | ၃၂ | ၅၃ |
| ၃ | ၂၀.၇.၂၀၁၂ | မန္တလေးမြို့ | မန္တလေးတိုင်းဒေသကြီး | ၂၁ | ၂၁ | ၃၀ | ၅၁ |
| ၄ | ၂၂.၇.၂၀၁၂ | မုံရွာမြို့ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅ | ၂၃ | ၂၆ | ၄၉ |
| ၅ | ၂၂.၇.၂၀၁၂ | သံဖြူဇရပ်မြို့ | မွန်ပြည်နယ် | ၂၀ | ၁၈ | ၃၇ | ၅၅ |
| ၆ | ၂၄.၇.၂၀၁၂ | သထုံမြို့ | မွန်ပြည်နယ် | ၂၅ | ၃၀ | ၂၅ | ၅၅ |
| ၇ | ၂၄.၇.၂၀၁၂ | ကနီမြို့ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈ | ၂၃ | ၂၂ | ၄၅ |
| ၈ | ၂၆.၇.၂၀၁၂ | ရေဦးမြို့ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇ | ၂၀ | ၃၀ | ၅၀ |
| ၉ | ၂၇.၇.၂၀၁၂ | တောင်ကြီးမြို့ | ရှမ်းပြည်နယ် တောင်ပိုင်း | ၂၄ | ၂၅ | ၃၆ | ၆၁ |
| ၁၀ | ၂၉.၇.၂၀၁၂ | ရွာငံမြို့ | ရှမ်းပြည်နယ် တောင်ပိုင်း | ၂၀ | ၂၆ | ၂၇ | ၅၃ |
| ၁၁ | ၃၁.၇.၂၀၁၂ | ပင်လောင်းမြို့ | ရှမ်းပြည်နယ် တောင်ပိုင်း | ၁၉ | ၁၉ | ၃၁ | ၅၀ |
| | **စုစုပေါင်း** | | | **၂၃၄** | **၂၄၅** | **၃၃၈** | **၅၈၃** |

# နောက်ဆက်တွဲ(၄)

## ကဏ္ဍပေါင်းစုံပါဝင်သော ECCD မူဝါဒရေးဆွဲရေးဦးဆောင်ကော်မတီ

| စဉ် | အမည် | ရာထူး/ဌာန | ဝန်ကြီးဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးစိုးကြည် | ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ဉက္ကဋ္ဌ |
| ၂ | ဦးအောင်ထွန်းခိုင် | ဒု-ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ဒု-ဉက္ကဋ္ဌ |
| ၃ | ဒေါ်ခင်မာထွေး | ညွှန်ကြားရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄ | ဒေါက်တာ လှမြင့် | ညွှန်ကြားရေးမှူး ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅ | ဒေါက်တာ မာမာဆွေ | ညွှန်ကြားရေးမှူး ကျန်းမာရေးစီမံကိန်းဦးစီးဌာန | ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးစန်းဝေ | ညွှန်ကြားရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးအောင်မျိုး | ညွှန်ကြားရေးမှူး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးမြင့်ဆွေ | ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးဝင်းအောင် | ညွှန်ကြားရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀ | ဒေါ်ဆွေဆွေနိုင် | ညွှန်ကြားရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁ | ဒေါ်တင်မာထွေး | ညွှန်ကြားရေးမှူး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး/ ဌာန | ဝန်ကြီးဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁၂ | ဒေါ်သွေးသွေးချစ် | ညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၃ | ဦးအောင်မြတ်ကျော် | လက်ထောက်ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၄ | ဦးမောင်ညြ | ညွှန်ကြားရေးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန | လုဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၅ | ဒေါ်မြတ်မြတ်ကျော် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၁၆ | ဒေါ်သဇင်နွယ် | အတွင်းရေးမှူး | မြန်မာနိုင်ငံမိခင်နှင့်ကလေး<br>စောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၁၇ | ဒေါက်တာ အေးအေးရီ | ECCD ကျွမ်းကျင်သူ | UNICEF | အဖွဲ့ဝင် |
| ၁၈ | ဦးအောင်ကျော်မိုး | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး<br>နှင့်ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | အတွင်း<br>ရေးမှူး |
| ၁၉ | ဒေါ်ခင်မေနု | ဒု–ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး<br>နှင့်ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | တွဲဖက်<br>အတွင်း<br>ရေးမှူး |



Photo by Dr. Emily Vargas-Barón

*ကဏ္ဍပေါင်းစုံပါဝင်သောECCD မူဝါဒရေးဆွဲရေးဦးဆောင်ကော်မတီ*

# နောက်ဆက်တွဲ(၅)

## ကဏ္ဍပေါင်းစုံပါဝင်သော ECCD မူဝါဒရေးဆွဲရေးလုပ်ငန်းအဖွဲ့

| စဉ် | အမည် | ရာထူး/ဌာန | ဝန်ကြီးဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးအောင်ကျော်မိုး | ညွှန်ကြားရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဒေါ်ခင်မေနု | ဒု-ညွှန်ကြားရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃ | ဒေါ်အေးအေးမွန်ဦး | လက်ထောက်ညွှန်ကြားရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန | ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄ | ဒေါ်နီနီစန်း | ဒု-ညွှန်ကြားရေးမှူး ပညာရေးသုတေသနဦးစီးဌာန | ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅ | ဒေါက်တာမြင့်မြင့်သန်း | ဒု-ညွှန်ကြားရေးမှူး ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးအုန်းမြင့် | ဒု-ညွှန်ကြားရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇ | ဒေါ်သီလွင်မြင့် | လက်ထောက်ညွှန်ကြားရေးမှူး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန | နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစိုးမြင့် | ဦးစီးအရာရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉ | ဒေါ်နီလာသန်း | ဦးစီးအရာရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀ | ဦးဇော်ဇော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁ | ဒေါ်ရီရီချို | လက်ထောက်ညွှန်ကြားရေးမှူး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၂ | ဒေါ်သီသီမာ | ဒု-ညွှန်ကြားရေးမှူး | ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၁၃ | ဒေါ်ချိုချိုမာ | လက်ထောက်စာရင်းကိုင် ငွေစာရင်းဌာန | မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး/ဌာန | ဝန်ကြီးဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁၄ | ဦးအေးမြင့်သန်းဌေး | ပညာရေးဆိုင်ရာ အကြံပေးအရာရှိ | Save the Children | အဖွဲ့ဝင် |
| ၁၅ | ဒေါ်မေယုအောင် | ECCDကျွမ်းကျင်သူ | World Vision International | အဖွဲ့ဝင် |
| ၁၆ | ဒေါ်နွယ်နွယ်အောင် | ဒါရိုက်တာ | ရင်သွေးဖောင်ဒေးရှင်း | အဖွဲ့ဝင် |
| ၁၇ | ဦးသာအောင်ကျော် | စီမံချက်မန်နေဂျာ | ပညာတန်ဆောင်အဖွဲ့ | အဖွဲ့ဝင် |
| ၁၈ | ဒေါ်အန်းဂျူလီ | ဒါရိုက်တာ ဓမ္မပညာဌာန | Myanmar Baptist Convention | အဖွဲ့ဝင် |
| ၁၉ | ဒေါ်လားဆေးဝါး | ဒါရိုက်တာ ဓမ္မပညာဌာန | Karen Baptist Convention | အဖွဲ့ဝင် |
| ၂၀ | သိက္ခာတော်ရ ဆရာတော် ဦးနော်ဘောက် | သိက္ခာတော်ရ ဆရာတော် | Kachin Baptist Convention | အဖွဲ့ဝင် |
| ၂၁ | စစ္စတာ အဲလစ်ဇဘက်ချစ်ပုံ | စီမံချက်မန်နေဂျာ Social Services | Karuna Myanmar | အဖွဲ့ဝင် |
| ၂၂ | ဒေါ်အေးအေးဖြူ | စီမံချက်ညှိနှိုင်းရေး အရာရှိ | Metta Development Foundation | အဖွဲ့ဝင် |
| ၂၃ | ဒေါ်ဇင်မာဝင်း | စီမံချက်အရာရှိ | The Leprosy Mission International | အဖွဲ့ဝင် |
| ၂၄ | ဒေါ်နန်းကေခိုင်စိုး | ပံ့ပိုးကူညီသူ | Phoenix | အဖွဲ့ဝင် |
| ၂၅ | ဦးသိန်းဆွေ | စီမံချက်မန်နေဂျာ | ရတနာ့မေတ္တာအဖွဲ့ | အဖွဲ့ဝင် |
| ၂၆ | ဒေါက်တာ ရဲမြင့် | စီမံချက်မန်နေဂျာ | မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| ၂၇ | ဒေါက်တာညွန့်ညွန့်သိမ်း<br><br>ဒေါက်တာချစ်ကိုကို | Child Protection ကျွမ်းကျင်သူ<br>Child Protection အရာရှိ | UNICEF | အဖွဲ့ဝင် |
| ၂၈ | ဒေါက်တာ ပပဝင်းထင် | HIV အရာရှိ | UNICEF | အဖွဲ့ဝင် |
| ၂၉ | ဒေါက်တာ နီနီလွင် | Health အရာရှိ | UNICEF | အဖွဲ့ဝင် |
| ၃၀ | ဒေါက်တာမြသန်းထွန်း | WASH အရာရှိ | UNICEF | အဖွဲ့ဝင် |
| ၃၁ | ဒေါ်ခင်စောညွန့် | ECCD အရာရှိ | UNICEF | အဖွဲ့ဝင် |
| ၃၂ | ဒေါ်မြမာလာစိုး | လက်ထောက်ညွှန်ကြားရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |

Photo by Dr. Emily Vargas-Barón



*ကဏ္ဍပေါင်းစုံပါဝင်သော ECCD မူဝါဒရေးဆွဲရေးလုပ်ငန်းအဖွဲ့*

